ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်မောင်းလက်စွဲ

pennsylvania
DEPARTMENT OF TRANSPORTATION
Bureau of Driver Licensing
www.dmv.pa.gov

PUB 95 (3-19) Burmese version

မော်တော်ဆိုင်ကယ်၊ ယာဉ်များနှင့် လမ်းမျှဝေအသုံးပြုခြင်း

ယနေ့မော်တော်ဆိုင်ကယ်စီးနင်းသူများမှာ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် အနီးဝန်းကျင်တွင် နေထိုင်သူများဖြစ်သည်။ မော်တော်ဆိုင်ကယ်စီးနင်းသူများသည် လမ်းမကြီးများပေါ်တွင် အခြားယာဉ်မောင်းများကဲ့သို့ပင် အလားတူ အခွင့်အရေးများနှင့် တာဝန်များရှိပါသည်။ မော်တော်ကားမောင်းနှင်သူများသည် ဤအချက်ကို သတိပြုသင့်ပြီး မော်တော်ဆိုင်ကယ်နှင့် အလွန်နီးကပ်စေရန် ကြိုးစားခြင်း သို့မဟုတ် မော်တော်ဆိုင်ကယ်မောင်းနှင်သူများထံမှ လမ်းအသုံးပြုခွင့်ရရှိရန် ကြိုးစားခြင်းများ မပြုလုပ်သင့်ပါ။

နှစ်စဉ် ပင်ဆယ်ပေးနီးယားပြည်နယ် လမ်းမများတွင် မော်တော်ဆိုင်ကယ်တိုက်မှုပေါင်း 4,000 နီးပါးခန့်ဖြစ်ပွားလေ့ရှိပါသည်။ ယင်းတို့အနက်မှ ထက်ဝက်ခန့်မှာ မော်တော်ဆိုင်ကယ်တစ်စီးနှင့် အခြားယာဉ်အမျိုးအစားတစ်ခုတို့ တိုက်မိခြင်းဖြစ်သည်။ ထို့အပြင် ဤယာဉ်တိုက်မှုများ၏ သုံးပုံနှစ်ပုံခန့်နီးပါးမှာ မော်တော်ဆိုင်ကယ်မောင်းသူကြောင့်မဟုတ် ဘဲအခြားယာဉ်မောင်းနှင်သူကြောင့်ဖြစ်သည်။

<u>မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို သတိပြုပါ</u> မော်တော်ဆိုင်ကယ်များမှာ သေးငယ်ပြီး မြင်ရခက်ခဲနိုင်သည်။ မော်တော်ဆိုင်ကယ်များသည် အခြားယာဉ်များထက်ပို၍ ကောက်ကြောင်းသေးငယ်သောကြောင့် အနီးသို့ချဉ်းကပ်လာသော မော်တော်ဆိုင်ကယ်တစ်စီး၏ အမြန်နှုန်းနှင့် အကွာအဝေးကို ဆုံးဖြတ်ရန်ပိုမို ခက်ခဲစေနိုင်သည်။

မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ကျွမ်းကျင်စွာထိန်းသိမ်းမောင်းနှင်နိုင်စွမ်းကို ကြိုတင်ပြင်ဆင်ထားပါ။ မော်တော်ယာဉ်မောင်းနှင်သူများအတွက် အသေးအဖွဲ စိတ်အနောင့်အယှက်ဖြစ်စရာ လမ်းအခြေအနေများသည် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် အကြီးစားအန္တရာယ်များ ဖြစ်စေတတ်သည်။

<u>နောက်မှလိုက်သည့် အကွာအဝေး ပိုထားပါ</u> မော်တော်ဆိုင်ကယ်တစ်စီးနောက်မှ လိုက်လာသည့်ခါ သုံး သို့မဟုတ် လေးစက္ကန့်ခန့် ခွာ၍လိုက်ပါ။ သို့မှသာ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ အဆင်ပြေပြေမောင်းနှင်နိုင်ရန် သို့မဟုတ် အရေးပေါ်ရပ်တန့်နိုင်ရန် လုံလောက်သော အချိန်ရရှိစေမည်ဖြစ်သည်။ ခြောက်သွေ့သော အခြေအနေများတွင် မော်တော်ဆိုင်ကယ်များသည် အခြားယာဉ်တစ်စီးထက် ပို၍လျင်မြန်စွာ ရပ်တန့်နိုင်သည်။

<u>သင်၏ ရည်ရွယ်ချက်များကို အချက်ပြပါ</u> လမ်းကြောင်းမပြောင်းမီ သို့မဟုတ် ယာဉ်ကြောမပေါင်းမီ မော်တော်ဆိုင်ကယ်မောင်းနှင်သူအား ယာဉ်ကြောစီးဆင်းမှုအား မျှော်လင့်ထားပြီး စိတ်ချရသော လမ်းကြောင်းနေရာတစ်ခုရှာဖွေထားရန် သင်၏ ရည်ရွယ်ချက်များကို အချက်ပြပါ။

မော်တော်ဆိုင်ကယ်တစ်စီးရှိ မှီတ်တုတ် အကွေ့အချက်ပြမီးကြောင့် လုည့်စားမခံရပါ ဘူးနှင့် – မော်တော်ဆိုင်ကယ် အချက်ပြမီးများသည် အများအားဖြင့် ကိုယ်တိုင်ပိတ်သွားခြင်းမရှိတတ်ဘဲ တစ်ခါတစ်ရံ မောင်းနှင်သူများက ၎င်းတို့ကို ပိတ်ရန်မေ့လျော့ နေတတ်သည်။ သင်ရှေ့ဆက်မသွားမီ မော်တော်ဆိုင်ကယ်ကို ကွေ့မည်ကို သေချာသည်အထိ စောင့်ပါ။

<u>မော်တော်ဆိုင်ကယ်ကို လေးစားပါ</u> မော်တော်ဆိုင်ကယ်သည် လမ်းမထက်ရှိ အခြားမည်သည့်ယာဉ်နှင့်မဆို အလားတူအခွင့်အရေးရှိသော အရွယ်အစားပြည့်ယာဉ်တစ်စီးဖြစ်သည်။ မော်တော်ဆိုင်ကယ်မောင်းနှင်သူအား လမ်းကြောင်းအကျယ်အပြည့် ရရှိပါစေ။ ယာဉ်ကြောတစ်ခုတွင် ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီးအတွက် နေရာအလုံ အလောက်ရှိ သကဲ့သို့ ထင်ရနိုင်သော်လည်း မော်တော်ဆိုင်ကယ်သည် အန္တရာယ်ကင်း ကင်းဖြင့် ရွေ့လျားနိုင်မည့် နေရာအကျယ်အဝန်းလိုအပ်သည်ကို မှတ်ထားပါ။ လမ်းကြောင်းကို မျှမသုံးပါနှင့်။

<u>ဤအန္တရာယ်များသော အခြေအနေများတွင် ယာဉ်တိုက်မှု အများဆုံး ဖြစ်နိုင်ချေရှိသည်</u> -

<u>ဘယ်ကွေ့များ</u>
မော်တော်ဆိုင်ကယ် တိုက်မှုများအားလုံး၏ ထက်ဝက်နီးပါးခန့်တွင် အခြားယာဉ်တစ်စီးပါဝင်တတ်သည်။ 40 ရာခိုင်နှုန်းခန့်မှာ မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ရှေ့တွင် အခြားယာဉ်တစ်စီးက ဘယ်ဘက်သို့ကွေ့သည့်အခါများတွင် ဖြစ်စေနိုင်သည်။

<u>ယာဉ်၏ မျက်ကွယ်နေရာ</u>
မှတ်ထားပါ- မော်တော်ဆိုင်ကယ်မောင်းနှင်သူများသည် ၎င်းတို့၏ သေးငယ်သည့် အရွယ်အစားကြောင့် ယာဉ်၏ မျက်ကွယ်နေရာတွင် မမြင်ရဘဲရှိနေတတ်သည် သို့မဟုတ် လျှပ်တပြက်ကြည့်မိပါက မတွေ့ရသည်များ ရှိတတ်သည်။ ယာဉ်လမ်းကြောင်းတစ်ခုအတွင်းသို့ မဝင်မီ သို့မဟုတ် မထွက်မီနှင့် လမ်းဆုံနေရာများတွင် မှန်များနှင့် မျက်ကွယ်နေရာများကို စစ်ဆေးခြင်းဖြင့် မော်တော်ဆိုင်ကယ်ရှိမရှိကို အမြဲစစ်ဆေးကြည့်ပါ။

<u>အန္တရာယ်များသည့် လမ်းအခြေအနေများ</u>
မော်တော်ဆိုင်ကယ် မောင်းနှင်သူများသည် လမ်းပေါ်ရှိ ချိုင့်ခွက်၊ ကျောက်စရစ်ခဲ၊ စိုနေသော သို့မဟုတ် ချော်နေသော မျက်နှာပြင်များ၊ စက္ကြီဆက်ကြောင်းများ၊ ရထားဖြတ်လမ်းများနှင့် မြောင်းဖော်ထားသော စက္ကြီစသည့် လမ်းနှင့် ယာဉ်ကြောအခြေအနေများအရ လမ်းကြောင်းတစ်ခုအတွင်း အမြန်နှုန်းပြောင်းလဲခြင်း၊ ၎င်းတို့၏အနေအထားပြုပြင်ခြင်းများရှိတတ်သည်။

<u>ရာသီဥတု အခြေအနေများ</u>
လမ်းမျက်နှာပြင် စိုစွတ်နေခြင်း သို့မဟုတ် ရေခဲများဖုံးနေပါက မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၏ ဘရိတ်အုပ်ခြင်းနှင့် မောင်းနှင်ခြင်းစွမ်းရည်များကို ထိခိုက်စေနိုင်သည်။

<u>အားကောင်းသော လေ</u>
မောင်းနှင်သူမှ ပြင်ဆင်ထားခြင်းမရှိပါက အားကောင်းသော လေပြင်းတစ်ချက်သည် မော်တော်ဆိုင်ကယ်တစ်စီးအား လမ်းကြောင်းတစ်ခုလုံး၏ တစ်ဖက်ဆီသို့ ရွှေ့သွားစေနိုင်သည်။ အခြားလမ်းကြောင်းရှိ ကြီးမားသော ကုန်တင်ယာဉ်ကြီးများမှ လေပြင်းများသည် လက်တွေ့အန္တရာယ်ဖြစ်လာစေနိုင်သည်။

<u>ကြီးမားသော ယာဉ်များ</u>
အလုံပိတ်မော်တော်ယာဉ် သို့မဟုတ် ကုန်ကားကဲ့သို့ ကြီးမားသော ယာဉ်တစ်စီးသည် မော်တော်ဆိုင်ကယ်တစ်စီးအား ယာဉ်မောင်းတစ်ဦး၏ မြင်ကွင်းမှ ပိတ်ဆို့ထားနိုင်သည်။ မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် ရုတ်တရက် မည်သည့်နေရာမှမသိဘဲ ပေါ်လာသည်ဟု ထင်ရနိုင်သည်။

လမ်းမကို မျှဝေအသုံးပြုခြင်းသည် မော်တော်ယာဉ်မောင်းနှင်သူများနှင့် မော်တော်ဆိုင်ကယ်များသည် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကို သိရှိကြောင်း ကောင်းမွန်သည့် ဖော်ပြချက်တစ်ခုဖြစ်သည်။ ရန်လိုသော အပြုအမူများကို ထိန်းချုပ်ကာ ယာဉ်များအား ပင်ကိုသိစိတ်၊ လောကဝတ်နှင့် ဥပဒေတို့နှင့်အညီ မောင်းနှင်ပါက မော်တော်ယာဉ် မောင်းနှင်သူများနှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများသည် လမ်းမများထက်တွင် အတူတကွ မောင်းနှင်နိုင်မည်ဖြစ်သည်။

နိဒါန်း

ဤလက်စွဲစာအုပ်သည် သင့်အား ဘေးကင်းလုံခြုံသည့် ယာဉ်မောင်းတစ်ဦးဖြစ်လာစေဖို့ရာ ကူညီပေးရန် စီစဉ်ရေးဆွဲထားပါသည်။ **ၛင်းသည် ယာဉ်မောင်းခြင်းနှင့်ဆိုင်သော ပင်ဆယ်ဗေးနီးယား ဥပဒေများစွာကို ကိုယ်စားပြုပါသည်။ ၛင်းကို ဥပဒေများအတွက် ယေဘုယျ လမ်းညွှန်တစ်ခုအနေဖြင့် အသုံးပြုသင့်သော်လည်း ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်မောင်းများနှင့် ယာဉ်များအပေါ် သက်ရောက်မှုရှိသော ဥပဒေများပါဝင်သည့် ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်ဥပဒေအတွက် အစားထိုးလမ်းညွှန်တစ်ခုအဖြစ် အသုံးမပြုသင့်ပါ။ ဤလက်စွဲတွင် ပါဝင်သော အချက်အလက်များသည် ပြောင်းလဲနိုင်ဖွယ်ရှိကြောင်းကိုလည်း မှတ်သားထားသင့်ပါသည်။**

ဤလက်စွဲ၏ ရည်ရွယ်ချက်မှာ သင် ယာဉ်မောင်းစာမေးပွဲဖြေဆိုရန်နှင့် ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်မောင်းလိုင်စင်ရရှိရန်အတွက် ပြင်ဆင်နိုင်ရန်ဖြစ်သည်။ သို့သော် ဤလက်စွဲတွင် ဖော်ပြထားသည့် လမ်းနှင့်ယာဉ်ကြောဆိုင်ရာ အခြေခံစည်းမျဉ်းများမှာ ပင်ဆယ်ဗေးနီးယားပြည်နယ် ဥပဒေမှ အသိအမှတ်ပြုထားသည့် ယာဉ်အမျိုးအစား သုံးမျိုးနှင့်သာ သက်ဆိုင်ပါသည် - စက်ဘီး၊ မြင်းလှည်းများနှင့် မော်တော်ယာဉ်များ။ ဥပမာ - စက်ဘီးမောင်းနှင်သူများသည် မော်တော်ယာဉ်မောင်းနှင်သူများကဲ့သို့ပင် မီးနီများတွင် ရပ်တန့်ရန်လိုအပ်မည်ဖြစ်သည်။

သင်သည် ယာဉ်မောင်းသင်ကြားနေသည်ဆိုပါက ဤလက်စွဲစာအုပ်သည် ယာဉ်မောင်းစာမေးပွဲဖြေရန်အတွက် လေ့လာရန် လိုအပ်သည့် အချက်အလက်များအားလုံးကို သင့်အားပေးမည်ဖြစ်သည်။ သင့်တွင် ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်မောင်းလိုင်စင်တစ်ခုရှိပြီးဖြစ်လျှင် သင်မေ့နေနိုင်သည့် စည်းမျဉ်းအချို့ကို ပြန်လည်သုံးသပ်ကြည့်ရန် သို့မဟုတ် သင်ယာဉ်မောင်းလိုင်စင် ရရှိချိန်မှစ၍ အသစ်ဖြစ်နေသော သို့မဟုတ် ပြောင်းလဲထားသော စည်းမျဉ်းအချို့ကိုလေ့လာရန်အတွက်လည်း ဤလက်စွဲကို အသုံးပြုနိုင်ပါသည်။

အရေးတကြီးမှတ်ယူရန် -

သင်၏ ဗဟုသုတစစ်ဆေးမှုစာမေးပွဲ မဖြေဆိုမီ သင်သည် စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက်လျှောက်လွှာ (DL-180) ကို ဖြည့်စွက်ထားရန် လိုအပ်သည်။
သင်သည် အသက် 18 နှစ်အောက်ဖြစ်ပါက သင်၏ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိဘ သို့မဟုတ် အုပ်ထိန်းသူ သဘောတူညီချက် ပုံစံ (DL-180TD) ကို ဖြည့်စွက်ရမည်။
ပုံစံနှစ်ခုစလုံးကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် www.dmv.pa.gov တွင် စာမျက်နှာထိပ်ဆုံးရှိ လျှောက်လွှာများနှင့် ထုတ်ပြန်ကြေငြာချက်များလင့်ခ်အောက်တွင် တွေ့နိုင်ပါသည်။

မောင်းနှင်ခြင်းသည် အခွင့်ထူးတစ်ခုဖြစ်ပြီး ရပိုင်ခွင့်တစ်ခုမဟုတ်ပါ။ ဤအခွင့်ထူးသည် တာဝန်ဝတ္တရားများစွာနှင့်အတူ လာလေ့ရှိသည်။ အလွန်အရေးကြီးသည့် တာဝန်တစ်ခုမှာ သင်သည် သောက်စားခြင်းနှင့် မောင်းနှင်ခြင်းကို မည်သည့်အခါမှ ဧ ရာနှောခြင်းမပြုသင့်ပါ။

သင်နှင့်အနီးဆုံးတွင်ရှိသည့် ယာဉ်မောင်းလိုင်စင်ဌာန၏ လုပ်ငန်းလည်ပတ်သည့် နေ့ရက်များနှင့် နာရီများအတွက် လတ်တလောအဖြစ်ဆုံး ပုံစံများ၊ ထုတ်ပြန်ကြေငြာချက်များနှင့် အချက်အလက်မှတ်တမ်းများကို ဒေါင်းလုတ်ဆွဲရန် သို့မဟုတ် သင်၏ လက်တွေ့မောင်းနှင်မှု အရည်အချင်းစစ်စာမေးပွဲ အရိန်သတ်မှတ်ခြင်းအပါအဝင် PennDOT အွန်လိုင်းဝန်ဆောင်မှု များ ရရှိအသုံးပြုရန်အတွက် PennDOT ယာဉ်မောင်းနှင့် ယာဉ်ဝန်ဆောင်မှုများ ဝက်ဘ်ဆိုက်www.dmv.pa.gov တွင် ဝင်ရောက်ကြည့်ရှုပါ

ဘေးကင်းလုံခြုံသော ယာဉ်မောင်းတစ်ဦးဖြစ်လာစေရန်နှင့် ကျွန်ုပ်တို့၏ လုပသော ပြည်နယ်အတွင်း သင်၏ ယာဉ်မောင်းနှင်ရေးအခွင့်ထူးအား ကျေနပ်ပျော်ရွှင်စွာ ခံစားနိုင်ရန် ဤလက်စွဲစာစောင်အား ဂရုတစိုက် သေချာစွာဖတ်ရှုပြီး လမ်းစည်းကမ်းများအား လေ့လာလေ့ကျင့်ပါ။

ဤထုတ်ဝေမှုသည် ရောင်းချရန်အတွက် မဟုတ်ပါ

မာတိကာဇယား

အခန်း 1 - စီးပွားဖြစ်မဟုတ်သော
သင်မောင်းခွင့်ပြုချက်ဆိုင်ရာ အချက်အလက်များ 1
သင်မောင်းခွင့်ပြုချက်လျှောက်ထားခြင်း..... 1
ကိုယ်အင်္ဂါအစိတ်အပိုင်းလှုံ့ဆါနိုးသူ သတ်မှတ်ချက် 2
စစ်မှုထမ်းဟောင်း သတ်မှတ်ချက် 2
လူမှုဖူလုံရေး နံပါတ် အချက်အလက် 3
ပင်ဆယ်ဗေးနီးယား အမြင်စံနှုန်းများ 3
ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်မောင်းလိုင်စင်လိုအပ်သူများ 3
သက်ငယ်သင်မောင်း ခွင့်ပြုချက်ဆိုင်ရာ အချက်အလက်များ..... 3
သက်ငယ်ယာဉ်မောင်းများ၏ လိုင်စင်ဆိုင်ရာ အချက်အလက်များ..... 3
သင်သည် မည်သည့်ယာဉ်မောင်းလိုင်စင်အမျိုးအစား လိုအပ်သနည်း..... 4
ယာဉ်မောင်းလိုင်စင်အမျိုးအစားများ..... 4
စစ်ဆေးမှုများ 5
ဗဟုသုတစစ်ဆေးမှု 5
လက်တွေ့စစ်ဆေးမှု 5
အခန်း 2 - အချက်ပြများ၊ အမှတ်အသားများနှင့်
စည်းကြီးအမှတ်အသားများ..... 7
အချက်ပြများ..... 7
အနီ၊ အဝါနှင့် အစိမ်းမီးပွိုင့်အမှတ်များ
နှင့်ပြားများ 7
မှိတ်တုတ်အချက်ပြမီးများ 8
အလုပ်မလုပ်သော မီးပွိုင့်များ..... 8
ကုန်းလျှောလမ်း အချက်ပြမီးများ..... 8
လမ်းအသုံးပြုမှုထိန်းချုပ်ရေး အချက်ပြများ..... 8
လမ်းလျှောက်သွားလာသူများအတွက် အချက်ပြများ..... 9
ကျောင်းနယ်မြေအချက်ပြများ 9
ရထားဖြတ်လမ်းအချက်ပြများ 9
အမှတ်အသားများ 10
စည်းကမ်းထိန်းသိမ်းရေး အမှတ်အသားများ 10
သတိပေး သင်္ကေတများ 13
လမ်းညွှန်အမှတ်အသားများ 19
စည်းကြီးအမှတ်အသားများ..... 22
အခန်း 2 သုံးသပ်ချက် မေးခွန်းများ 23
အခန်း 2 သုံးသပ်ချက် အဖြေများ 30
အခန်း 3 - ယာဉ်မောင်းသင်ကြားခြင်း..... 31
လုံခြုံရေးကို ဦးစားပေးရွေးချယ်ခြင်း 31
ယာဉ်စစ်ဆေးမှုများ - မောင်းနှင်ရန်ပြင်ဆင်ခြင်း 31
ယာဉ်မောင်းဆိုင်ရာ အကြောင်းရင်းများ..... 32
သတိမမူမိခြင်း 32
ကျန်းမာရေးဆိုင်ရာ အကြောင်းရင်းများ..... 33
အရက်သေစာနှင့် မောင်းနှင်ခြင်း..... 33
မူးယစ်ဆေးဝါးနှင့် မောင်းနှင်ခြင်း..... 34
နေ့စဉ် ယာဉ်မောင်းနှင်မှု အရည်အချင်းများ..... 35
နေရာစီမံခြင်း 35
အမြန်နှုန်းစီမံခြင်း 38
ကွေ့ခြင်း၊ ပေါင်းခြင်းနှင့် ဖြတ်သွားခြင်း 44
လမ်းဆုံများကို ဖြတ်မောင်းခြင်း 47
ကွေ့များကို ဖြတ်မောင်းခြင်း..... 51
အဝေးပြေးလမ်းမများနှင့် လမ်းဆုံလမ်းမကြီးများကို ဖြတ်မောင်းခြင်း..... 52
ယာဉ်ရပ်နားခြင်း 52
အပြိုင်ယာဉ်ရပ်နားခြင်းဆိုင်ရာ
အကြံပြုချက်များ..... 53
အထူးအခြေအနေများနှင့် အရေးပေါ်အခြေအနေများ..... 54
လုပ်ငန်းခွင်နေရာများ 54
ရထားဖြတ်လမ်းများ..... 55
ခြေကျင်လျှောက်သူများ၊ စက်ဘီးစီးနင်းသူများ၊
မော်တော်ဆိုင်ကယ် စီးနင်းသူများနှင့်/ စက်တပ်ယာဉ်မောင်းနှင်သူများနှင့်
လမ်းမအား မျှဝေအသုံးပြုခြင်း 55
ကုန်တင်ကားများ၊ ဘတ်စ်ကားများနှင့် လမ်းမအား မျှဝေအသုံးပြုခြင်း 56
ကျောင်းကားများ..... 58
အရေးပေါ်ယာဉ်များ/အခြေအနေများ..... 59
အရေးပေါ်အခြေအနေဦးစားပေး ဥပဒေ..... 59
မြင်းလှည်းများနှင့် မြင်းစီးသူများ 59
အမိုးဖွင့်ကုန်ကားပေါ်မှ ခရီးသည်များ 59
နှင်းရှင်းယာဉ်များ 60
ယာဉ်မောင်းနှင်ခြင်းကြောင့်ဖြစ်သည့် ဒေါသအား ကိုင်တွယ်ဖြေရှင်းခြင်း.... 60
ယာဉ်မောင်းနှင်ရေးဆိုင်ရာ အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းခြင်း . 60
အသုဘ ယာဉ်တန်းများ 64
အခန်း 3 သုံးသပ်ချက် မေးခွန်းများ..... 65
အခန်း 3 သုံးသပ်ချက် အဖြေများ..... 78
အခန်း 4 – ယာဉ်မောင်းနှင်ခြင်း
မှတ်တမ်းအချက်အလက်များ 79
ပင်ဆယ်ဗေးနီးယားပြည်နယ်၏ ပွိုင့်စနစ်..... 79
ရဲမှ သင့်ကိုတားလျှင် ဘာလုပ်ရမည်နည်း..... 80
ယာဉ်တိုက်မှုများ..... 81
ထွက်ပြေးခြင်း သို့မဟုတ် ရဲအား ရှောင်တိမ်းခြင်း..... 81
အရက်သေစာ သို့မဟုတ် မူးယစ်စေတတ်သောပစ္စည်းများသုံးစွဲပြီး
မောင်းနှင်ခြင်း 81
အသက်မပြည့်သေးဘဲ အရက်သေစာသောက်စားခြင်း..... 84
ယာဉ်မောင်းလိုင်စင် တရားဝင်သဘောတူညီချက် (DLC) 84
အခန်း ၄ သုံးသပ်ချက်မေးခွန်းများ 86
အခန်း ၄ သုံးသပ်ချက်အဖြေများ 88
အခန်း 5 - ဥပဒေရေးရာနှင့် ဆက်စပ်ပြဿနာများ. 89
အမည် သို့မဟုတ် နေရပ်လိပ်စာပြောင်းလဲခြင်းအတွက်
လိုအပ်သော အသိပေးအကြောင်းကြားချက် 89
ထိုင်ခုံခါးပတ်ဥပဒေ..... 89
ကလေးလုံခြုံရေးကားထိုင်ခုံ ဥပဒေ..... 90
ကလေးငယ်များနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် လုံခြုံရေး အကြံပြုချက်များ... 90
လေအိတ်လုံခြုံရေး အချက်အလက်များ..... 91
မသန်စွမ်းမှုများရှိသည့် အမေရိကန်လူမျိုးများ အက်ဥပဒေ (ADA)..... 91
မသန်စွမ်းမှုများရှိသူများအတွက် ယာဉ်ရပ်နားရန်နေရာများ 92
အမှိုက်ပစ်ချမှုဆန့်ကျင်ရေး ဥပဒေ..... 92
ယာဉ်အွန်ဂျာယပ်ကင်းရှင်းရေးနှင့် ထုတ်လွှတ်မှုစစ်ဆေးချက်..... 92
ဘေးကင်းလုံခြုံစွာ ဖြတ်သွားခြင်း (စက်ဘီးများ)..... 92
စာသားပေးပို့ခြင်း 93
အွန်ဂျာယ်အခြေအနေများ၏ ယာဉ်ကြောထိန်းချုပ်ရေးကိရိယာ
ယာဉ်ကြောထိန်းချုပ်ရေး ကိရိယာများကို လိုက်နာခြင်း ဥပဒေ..... 93
အခန်း 6 - ကိုးကားချက်များ 94
လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းနှင့် အထူးပွိုင့်စာမေးပွဲ ရက်ချိန်းများ 94
စီးပွားဖြစ်မောင်းနှင်ခြင်းမဟုတ်သော ယာဉ်မောင်းလိုင်စင် တတိယအင်အားစု
စစ်ဆေးမှုအစီအစဉ် 94
ဌာနဆိုင်ရာ ပုံစံများနှင့် ထုတ်ပြန်ကြေငြာချက်များ 94
ပြည်နယ်နှင့်စီရင်စု မြေပုံများ 94
အခြားအချက်လက်များ - 94
511PA..... 94
ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်ခြင်း..... 95

အခန်း 1
စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက်ဆိုင်ရာ အချက်အလက်များ

ဤအခန်းသည် ပင်ဆယ်ဗေနီးယား သင်မောင်းခွင့်ပြုချက်တစ်ခု ရယူရာတွင် သိရှိထားရန်လိုအပ်သည့် အချက်အလက်များကို ဖော်ပြထားပါသည်။
ဖော်ပြမည့်အကြောင်းအရာ ကဏ္ဍများတွင် ပါဝင်သည်မှာ -

- သင်မောင်းခွင့်ပြုချက်လျှောက်ထားခြင်း
- စစ်ဆေးမှု

သင်မောင်းခွင့်ပြုချက်တစ်ခုအတွက် လျှောက်ထားခြင်း

သင်သည် ပင်ဆယ်ဗေနီးယားပြည်နယ်တွင် ယာဉ်တစ်စီး မောင်းနှင်ခြင်းမပြုမီ သင်မောင်းခွင့်ပြုချက်တစ်စောင် ရယူထားရန်လိုအပ်သည်။ သင်သည် သင်၏ ယာဉ်မောင်းလိုင်စင်ရယူရန် အမြင်အာရုံ၊ ဗဟုသုတနှင့် လက်တွေ့မောင်းနှင်စစ်ဆေးမှုများ ဖြေဆိုအောင်မြင်ထားရန်လိုသည်။ စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက်လျှောက်လွှာ (DL-180) သည် လက်တွေ့စစ်ဆေးသည့်နေ့ရက်မှ တစ် (1) နှစ်အထိ အကျုံးဝင်သည် - သို့သော် လက်တွေ့စစ်ဆေးသည့်နေ့ရက်သည် သင်၏ 16 နှစ်ပြည့်မွေးနေ့မှ ခြောက် (6) လ စောသည့် နေ့ရက်မဖြစ်ရပါ။

သင်သည် အသက် 16 နှစ် သို့မဟုတ် 16 နှစ်အထက်ဖြစ်လျှင် သင်၏ စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက်တစ်ခုရရှိရန် အောက်တွင်ဖော်ပြထားသည့် အဆင့်များအတိုင်း လိုက်နာဆောင်ရွက်ပါ။ သင့်အသက် 16 နှစ်ပြည့်မွေးနေ့မတိုင်မီတွင် သင့်ခွင့်ပြုချက်ကို လျှောက်ထားခွင့်မရနိုင်ပါ။

1. ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် www.dmv.pa.gov တွင် စာမျက်နှာထိပ်ဆုံးရှိ လျှောက်လွှာများနှင့် ထုတ်ပြန်ကြေငြာချက်များလင့်ခ်အောက်တွင် တွေ့ရှိနိုင်သည့် စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက်လျှောက်လွှာကို ဖြည့်စွက်ပါ။
2. သင်၏ ကျန်းမာရေးစောင့်ရှောက်သူသည် စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက်လျှောက်လွှာ (DL-180) ၏ ကျောဘက်ကို ဖြည့်စွက်ရမည်ဖြစ်သည်။ လျှောက်လွှာကို သင်၏ 16 နှစ်ပြည့်မွေးနေ့ထက် ခြောက် (6) လ စောၗ ဖြည့်စွက်ခြင်းမပြုရပါ။ အချက်အလက်များအားလုံး ဖြည့်စွက်ရမည်။
3. ယာဉ်မောင်းလိုင်စင်စစ်ဆေးသူသည် စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက်လျှောက်လွှာ (DL-180) ပါ အချက်အလက်များသည် ဆေးဘက်ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်နိုင်ခြင်းမရှိလျှင် သင်၏ သင်တန်းသားခွင့်ပြုချက်ကို ဆိုင်းငံ့ထားနိုင်သည်။ သင်သည် အခြားဆေးစစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်နိုင်ပါသည်။ သင့်တွင် သင်၏ယာဉ်မောင်းနှင်နိုင်စွမ်းကို ဆိုးဆိုးရွားရွားထိခိုက်စေနိုင်သည့် အခြေအနေတစ်ခုရှိလျှင် သင်သည် နှစ်ယောက်ထိန်း သင်မောင်းခွင့်ပြုချက်တစ်ခုရရှိရန် လိုအပ်ပြီး လက်မှတ်ရနည်းပြတစ်ဦးနှင့် ယာဉ်မောင်းနည်းကို သင်ကြားရန်လိုအပ်သည်။
4. သင်သည် အသက် 18 နှစ်အောက်ဖြစ်လျှင် သင်၏ မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိရှိန်တွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦးမှ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် www.dmv.pa.gov စာမျက်နှာထိပ်ဆုံးရှိ လျှောက်လွှာများနှင့် ထုတ်ပြန်ကြေငြာချက်များလင့်ခ်အောက်တွင်လည်း တွေ့ရှိနိုင်သည့် မိဘ သို့မဟုတ် အုပ်ထိန်းသူ သဘောတူညီချက် ပုံစံ (DL-180TD) ကိုဖြည့်စွက်ပေးရမည်ဖြစ်သည်။ **<u>မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိရှိန်တွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦးသည် လျှောက်ထားသူနှင့် အဖော်မလိုက်ပေးနိုင်ပါက DL-180TD အား မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိရှိန်တွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦးမှ စာရျုပ်စာတမ်းဆိုင်ရာ သက်သေခံရှေ့နေတစ်ဦး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပေးရမည်။**</u>** တိကျမှန်ကန်သော အထောက်အထားလိုအပ်မည်ဖြစ်ပြီး မျိုးရိုးအမည်များ ကွဲလွဲနေပါက တော်စပ်ပုံသက်သေခံချက် လိုအပ်မည်ဖြစ်သည်။ သင်သည် အသက် 18 နှစ်အထက်ဖြစ်လျှင် နေထိုင်ခြင်းအတွက် အထောက်အထားနှစ်ခု (2) တင်ပြရန်လိုအပ်သည် -
   - လက်ရှိအိမ်အသုံးစရိတ် ငွေတောင်းခံလွှာများ (ရေ၊ ဓာတ်ငွေ့၊ လျှပ်စစ်၊ ဖုန်း/ရုပ်သံလိုင်း၊ အစရှိသဖြင့်)။
   - အွန်မုတ်တမ်းများ။
   - အိမ်ငှားစာချုပ်များ။
   - W-2 ပုံစံ။
   - လက်ရှိလက်နက်ပါမစ် (အမေရိကန် နိုင်ငံသားများသာ)။
   - အပေါင်စာရွက်စာတမ်းများ

လက်စွဲစာအုပ်ကို လေ့လာပြီး အထက်ပါအဆင့်များအတိုင်း ဆောင်ရွက်ပြီးနောက် ဗဟုသုတစာမေးပွဲဖြေဆိုရန် အဆင်သင့်ဖြစ်ပြီဆိုပါက **ယာဉ်မောင်းလိုင်စင်ဌာနသို့ အောက်ပါတို့ကို ယူဆောင်သွားပါ** -

- သင်ဖြည့်စွက်ထားပြီးဖြစ်သည့် စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက်လျှောက်လွှာ (DL-180)။
  ဤပုံစံကို စာတိုက်မှမပို့ပါနှင့်။ သင်သည် အသက် 18 နှစ်အောက်ဖြစ်ပါက သင်ဖြည့်စွက်ထားသည့် မိဘနှင့်အုပ်ထိန်းသူသဘောတူညီချက်ပုံစံကို (DL-180TD) လည်း ယူဆောင်ခဲ့ပါ။
- မွေးသက္ကရာဇ်နှင့် သက်သေခံအထောက်အထား။ ဤစာရွက်စာတမ်းများသည် မူရင်းစာရွက်စာတမ်းများ ဖြစ်ရမည် (မိတ္တူများလက်**မ**ခံပါ)
- သင်၏လူမှုဖူလုံရေးကတ်။
- လျှောက်ထားခကြေး။ (မှတ်သားရန် - လက်ခံနိုင်သည့် ငွေပေးချေမှုပုံစံ(များ)အတွက် ပုံစံနောက်ကျောကို ကိုးကားပါ)

ကျေးဇူးပြု၍ မှတ်သားရန် - မှတ်သားရန်မှာ ယင်းသည် သင်၏ မွေးသက္ကရာဇ်ကို သက်သေပြရန် အသုံးပြုမည့် အထောက်အထားပုံစံများကို လျှောက်ထားခကြေးနှင့်အတူ စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက် လျှောက်လွှာ ((DL-180) ၏ကျောဘက်တွင် ဖော်ပြထားပါသည်။

သင်သည် သင့်အမြင်အာရုံကို သင်၏ HCP သို့မဟုတ် မျက်စိဆရာဝန်နှင့် စစ်ဆေးထားခြင်းမရှိပါက ယာဉ်မောင်းလိုင်စင်ဌာနတွင် သင့်အမြင်အာရုံကို စစ်ဆေးရပါမည်။ သင်သည် မျက်မှန် သို့မဟုတ် မျက်ကပ်မှန်တပ်ဆင်ပါက ၎င်းတို့ကို သင်နှင့်အတူ တပါတည်းယူဆောင်ခဲ့ပါ။ ထို့နောက် သင်သည် ဤလက်စွဲစာအုပ်နောက်ပိုင်းတွင် ဖော်ပြထားသည့် သင်္ကေတများ၊ ဥပဒေများ၊

ယာဉ်မောင်းစည်းကမ်းများနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကျင့်သုံးမှုများနှင့်ပတ်သက်သည့် စစ်ဆေးမှုကို ဖြေဆိုရမည် ဖြစ်သည်။ ဗဟုသုတစစ်ဆေးမှု အောင်မြင်ပါက စစ်ဆေးသူသည် သင့်အား သင်မောင်းခွင့်ပြုချက်တစ်ခု ထုတ်ပေးမည်ဖြစ်သည်။ ယင်းမှာ တစ် (1) နှစ် အကျုံးဝင်မည်ဖြစ်သည်။ သင်၏ သင်မောင်းခွင့်ပြုချက်လက်ခံရရှိပါက သင်သည် ယာဉ်မောင်းလေ့ကျင့်မှုကို စတင်နိုင်မည်ဖြစ်သည်။ PennDOT သည် ငယ်ရွယ်သော ယာဉ်မောင်းများအား မိမိတို့၏ လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းကို သင်မောင်းခွင့်ပြုချက်တွင် ဖော်ပြထားသော အကျုံးဝင်သည့်နေ့စွဲမတိုင်မီတွင် ပြုလုပ်ကြရန် တိုက်တွန်းထားပါသည်။

သင်သည် အသက် 18 နှစ်အောက်ဖြစ်ပါက သင်သည် လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း မတိုင်မီတွင် 10 နာရီထက်မနည်းသော ညအချိန်မောင်းနှင်ခြင်းနှင့် 5 နာရီထက်မနည်းသော ဆိုးရွားသည့် ရာသီဥတုအတွင်း မောင်းနှင်ခြင်းအပါအဝင် အနည်းဆုံး 65 နာရီရှိသည့် ယာဉ်မောင်းစွမ်းရည်ပျိုးထောင်ခြင်းကိုပြီးမြောက်ထားရန် လိုအပ်သည်။ ဤသင်တန်းသည် ဘေးကင်းလုံခြုံသော ယာဉ်မောင်းသူကောင်းတစ်ဦးဖြစ်လာစေရန် လိုအပ်သည့် ကျွမ်းကျင်မှုများအားလုံးကို သင်ကြားပေးရန် ကူညီပေးမည်ဖြစ်သည်။

မှတ်ထားရန် - အနည်းဆုံး အသက် 21 နှစ်အရွယ်ရှိ မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိမိုနိုတွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦးဖြစ်ပြီး ယာဉ်မောင်းလိုင်စင်တစ်ခု ကိုင်ဆောင်ထားသည့် လိုင်စင်ရယာဉ်မောင်းတစ်ဦးသည် သင့်ကား၏ ရှေ့ထိုင်ခုံတွင် သင်နှင့်အတူ တစ်ချိန်လုံးရှိနေရန် လိုအပ်သည်။ ထို့အပြင် အသက် 18 နှစ်အောက်ယာဉ်မောင်းများသည် ကားထဲတွင် ထိုင်ခုံခါးပတ်အရေအတွက်ထက်ပိုသည့် ခရီးသည်များ တင်ဆောင်မောင်းနှင်ခြင်းမပြုရပါ။

သင်သည် သင့်အား ခွင့်ပြုချက်ထုတ်ပေးသည့်နေ့စွဲမှ မဖြစ်မနေစောင့်ဆိုင်းရန်လိုအပ်သည့် ခြောက် (6) လ စောင့်ဆိုင်းပြီး 10 နာရီထက်မနည်းသော ညအချိန်မောင်းနှင်ခြင်းနှင့် 5 နာရီထက်မနည်းသော ဆိုးရွားသည့် ရာသီဥတုအတွင်း မောင်းနှင်ခြင်းအပါအဝင် အနည်းဆုံး 65 နာရီရှိသည့် ယာဉ်မောင်းစွမ်းရည်ပျိုးထောင်ခြင်းကို ပြီးမြောက်ထားကြောင်း လက်မှတ်ထိုးထားသည့် အသိအမှတ်ပြုကတ်ပြားတစ်ခုရရှိပြီးပါက သင်သည် လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းကို ဖြေဆိုနိုင်မည်ဖြစ်သည်။ သင်၏ သင်မောင်းခွင့်ပြုချက် သက်တမ်းကုန်သွားလျှင် သို့မဟုတ် လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းကို သုံးကြိမ်ကြိုးစားပြီးသည့်တိုင် မအောင်ခဲ့လျှင် သင်သည် စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက် (DL-31) ဇယားကွက်လွှာတစ်စောင်ကို ပေါင်းထည့်ရန်/ထပ်တိုးရန်/အစားထိုးရန်/ပြောင်းလဲရန်/အမှန်ပြင်ရန် အတွက် ရယူနိုင်ပါသည်။

သင်သည် သင်၏ သင်မောင်းခွင့်ပြုချက်ကို ပင်ဆယ်ဗေးနီးယားပြည်နယ်အပြင်ဖက်တွင် မောင်းနှင်ခြင်းအတွက် အသုံးပြုမည်ဆိုပါက သင်၏ သင်မောင်းခွင့်ပြုချက်ကို အကျုံးဝင်သည်ဟု ယူဆကြောင်းသေချာစေရန် သင်၏ အာမခံကုမ္ပဏီနှင့် အခြားပြည်နယ်၏ ပို့ဆောင်ရေးဌာနတို့ကို စုံစမ်းကြည့်ရှုပါ။

သင်၏ သင်မောင်းခွင့်ပြုချက်ပေါ်ရှိ အချက်အလက်တစ်ခုခု မမှန်ကန်ပါက စစ်ဆေးမှုပြုလုပ်ရန် ယာဉ်မောင်းလိုင်စင်ဌာနသို့ လာရောက်သည့်အခါ သင်၏ စစ်ဆေးသူထံသို့ မှန်ကန်သော အချက်အလက်အထောက်အထားကို ယူဆောင်လာပါ။

သင်သည် ဗဟုသုတစစ်ဆေးမှု ကျရှုံးပါက စစ်ဆေးသူသည် သင့်အား စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက်လျှောက်လွှာ (DL-180) နှင့် သင်၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ သဘောတူညီချက်ပုံစံ (DL-180TD) ကို ပြန်လည်ပေးသွားမည်ဖြစ်သည်။ သင်သည် စစ်ဆေးမည့်နေရာမည်သည့်နေရာတွင်ဖြစ်စေ ဗဟုသုတစစ်ဆေးမှုကို မည်သည့်နေ့တွင်မဆို တစ်ကြိမ်တည်းသာ ဖြေဆိုနိုင်ပါသည်။ သင်သည် နောက်တစ်ကြိမ်စစ်ဆေးခံရမည်ဆိုပါက ၎င်းတို့ကို သင်နှင့်အတူ ယူဆောင်သွားရန်လိုအပ်မည်ဖြစ်သောကြောင့် သင့်ပုံစံများကို လုံခြုံသောနေရာတွင် သိမ်းဆည်းထားပါ။

ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ သတ်မှတ်ချက်

သင်၏ ပင်ဆယ်ဗေးနီးယားယာဉ်မောင်း လိုင်စင်ကို အသစ်ပြန်လုပ်သည့်အခါတိုင်း သင်၏ယာဉ်မောင်းလိုင်စင်တွင် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ သတ်မှတ်ချက်ကို ဖော်ပြလိုခြင်းရှိမရှိ ဖေးမြန်းခံရမည်ဖြစ်သည်။ ဓာတ်ပုံလိုင်စင်ဌာနသို့ မသွားမီ ကျေးဇူးပြု၍ ဆုံးဖြတ်ပါ။ ဓာတ်ပုံလိုင်စင်ဌာနတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူအဖြစ် သတ်မှတ်ဖော်ပြခြင်းကို "လက်ခံသည်"ဟု ပြောလိုက်ပါက သင်၏ ယာဉ်မောင်းလိုင်စင်တွင် "ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ" ဟူသော စကားလုံးများ ပေါ်နေမည်ဖြစ်သည်။
အသက် 18 နှစ်အောက် လျှောက်ထားသူများသည် ၎င်းတို့၏ ယာဉ်မောင်းလိုင်စင်တွင် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ သတ်မှတ်ချက် ဖော်ပြရန် တောင်းခံရယူနိုင်သည်။ သို့သော်လည်း ၎င်းတို့သည် မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိမိုနိုတွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦး၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်တစ်ခုရှိရန် လိုအပ်မည်ဖြစ်သည်။ ၎င်းတို့က မိဘ သို့မဟုတ် အုပ်ထိန်းသူ သဘောတူညီချက်ပုံစံ (DL-180TD) ရှိ သင့်လျော်သော အကွက်တွင် အမှန်ခြစ်ပြီး သဘောတူကြောင်း ပြနိုင်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် တစ်ရှူးလှူဒါန်းခြင်းဆိုင်ရာ အချက်အလက်များအတွက် 1-877-DONOR-PA ကို ဆက်သွယ်ပါ။
သင်၏ ယာဉ်မောင်းမှတ်တမ်းတွင် "ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ" သတ်မှတ်ချက်ကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် www.dmv.pa.gov မှတစ်ဆင့်လည်း ထည့်သွင်းနိုင်ပါသည်။ ဤဝန်ဆောင်မှုလိုင်းမှတစ်ဆင့် သင့်ယာဉ်မောင်းလိုင်စင်နှင့်အတူ သယံဇာတသွားနိုင်မည့် ကတ်တစ်ကတ်ကို ပရင့်ထုတ်ထားနိုင်သည့် အခွင့်အရေးတစ်ခုရရှိပါလိမ့်မည်။

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းမှု နားလည်သိရှိရေးဆိုင်ရာ ရန်ပုံငွေ (ODTF)

သင်သည် ပြည်နယ်အုပ်ချုပ်ရေးမှူး Robert P. Casey အထိန်းအမှတ် ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် တစ်ရှူးလှူဒါန်းမှု နားလည်သိရှိရေးဆိုင်ရာ ရန်ပုံငွေကို လှူဒါန်းရန် အခွင့်အရေးရှိပါသည်။ ယင်းရန်ပုံငွေမှာ ပြည်နယ်တစ်ဝှမ်းရှိ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသည့် အစီအစဉ်အမျိုးမျိုးကို ၎ ထောက်ပံ့ပေးရန်နှင့် ဤအစီအစဉ်များနှင့်ပတ်သက်သည့် အများပြည်သူဆိုင်ရာ အချက်အလက်များ ၎ ထောက်ပံ့ပေးရန်အတွက် ရန်ပုံငွေများကို ဖန်တီးပေးပါသည်။ သင်သည် ဤရန်ပုံငွေတွင် ထည့်ဝင်လှူဒါန်းလိုပါက သင်၏ ယာဉ်မောင်းလိုင်စင်ပုံစံတွင် အမှတ်အသားတစ်ခု ပြုလုပ်ပါ။ သင်သည် ပုံစံအား PennDOT သို့ ၎ ပးပို့သည့်အခါ ဤလှူဒါန်းငွေကို ယာဉ်မောင်းလိုင်စင်ကြေးနှင့်ပေါင်းပြီး သင်၏ ၎ ငွေပေးချေမှုတွင် ထည့်သွင်းပေးရန်လိုအပ်သည်။

စစ်မှုထမ်းဟောင်း သတ်မှတ်ချက်

သင်သည် သင်၏ ယာဉ်မောင်းလိုင်စင်တွင် စစ်မှုထမ်းဟောင်းသတ်မှတ်ချက်ကို ထည့်သွင်းနိုင်သည့် အခွင့်အရေးရှိပါသည်။ ယင်းမှာ သင်သည် အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့၏ စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားပါသည်။ ထိုသို့ထည့်သွင်းနိုင်ရန် သင်သည် အရန်တပ် သို့မဟုတ် နိုင်ငံတော် ၎ စာင့်ရှောက်ရေးတပ် အပါအဝင် အမေရိကန်လက်နက်ကိုင်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့ရမည်ဖြစ်ပြီး ဂုဏ်သိက္ခာညှိုးနွမ်းစေသော အခြေအနေမျိုးဖြင့်မဟုတ်သော အလုပ်မှထွက်ခြင်း သို့မဟုတ် အလုပ်မှရပ်နားခြင်း ဖြစ်ရန်လိုအပ်သည်။

စစ်မှုထမ်းဟောင်းရန်ပုံငွေ (VTF)

သင်သည် VTF သို့ အခွန် ကျသင့်ငွေမတွက်မီ ထုတ်နှုတ်နိုင်သော အလှူငွေတစ်ခု ထည့်ဝင်နိုင်မည့်အခွင့်အရေးရှိပါသည်။ သင်၏ ထည့်ဝင်ငွေသည် ပင်ဆယ်ဗေးနီးယား စစ်မှုထမ်းဟောင်းများ၏ မိသားစုများအတွက် အစီအစဉ်များနှင့် စီမံချက်များအတွက် ပံ့ပိုးမှုများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ဤထပ်ဆောင်းအလှူငွေသည် လိုင်စင်ကြေးတွင် ပါဝင်ခြင်းမရှိသောကြောင့် သင်၏ ငွေပေးချေမှုတွင် လှူဒါန်းမည့် ပမာဏကို ကျေးဇူးပြု၍ ထည့်သွင်းပေးစေလိုပါသည်။ သင်၏ ထည့်ဝင်ငွေကို စနစ်တကျစီမံနိုင်ရန်အတွက် ပုံစံပေါ်ရှိ သက်ဆိုင်ရာ အကွက်တွင်လည်း အမှန်ခြစ်နိုင်ပါသည်။

လူမှုဖူလုံရေးနံပါတ် အချက်အလက်များ

ဌာနအနေဖြင့် ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်ဥပဒေ၏ အပိုဒ် 1510(a) နှင့်/သို့မဟုတ် 1609(a)(4) အရ လူမှုဖူလုံရေးနံပါတ် ၊ အရပ်အမြင့်နှင့် မျက်လုံးအရောင်တို့ကို ရရှိရန်လိုအပ်သည်။ ဤအချက်အလက်များကို ယာဉ်မောင်းလိုင်စင်အတုလုပ်ခြင်းကို လျှော့ချရန်ကြိုးပမ်းသည့်အနေဖြင့် ခွဲခြားသည့်အချက်အလက်များအဖြစ် အသုံးပြုမည်ဖြစ်သည်။ သင်၏ လူမှုဖူလုံရေးနံပါတ်သည် သင့်အစိုးရ ယာဉ်မောင်းမှတ်တမ်း၏ အစိတ်အပိုင်းတစ်ရပ်မဟုတ်ပါ။ အစိုးရဥပဒေအရ ပြည်နယ်လိုင်စင်အရာရှိများအား သက်သေခံအထောက်အထား ရည်ရွယ်ချက်အတွက် လူမှုဖူလုံရေးနံပါတ်ကို အသုံးပြုခြင်းကို ခွင့်ပြုထားသည်။ သင်၏ လူမှုဖူလုံရေးနံပါတ်ကို သင်၏ သင်မောင်းခွင့်ပြုချက် သို့မဟုတ် ယာဉ်မောင်းလိုင်စင်ပေါ်တွင် ဖော်ပြထားမည်မဟုတ်ပါ။

ပင်ဆယ်ဗေးနီးယားပြည်နယ် အမြင်အာရုံစံနှုန်းများ

သင်သည် မျက်လုံးတစ်ဖက်ဖက်တွင် အမြင်အာရုံချို့တဲ့နေလျှင်ပင် ယာဉ်မောင်းလိုင်စင်တစ်ခု ရရှိနိုင်ပါသေးသည်။ သို့သော် သင်သည် မျက်မှန် သို့မဟုတ် မျက်ကပ်မှန်တပ်ရန် လိုအပ်နိုင်ပြီး နေ့အလင်းရောင်တွင် မောင်းနှင်ရန် ကန့်သတ်ထားခြင်း သို့မဟုတ် ဘေးကြည့်မှန်များတပ်ဆင်ထားသည့် ယာဉ်များတွင်သာ မောင်းနှင်ရန် ခွင့်ပြုထားပါသည်။
သင့်အမြင်အာရုံသည် အမြင်အာရုံစံနှုန်းများနှင့် ပြည့်မီခြင်းမရှိပါက စစ်ဆေးသူသည် သင့်အား မျက်စိစစ်ဆေးမှုပုံစံ (DL-102) တစ်ခု ပေးမည်ဖြစ်သည်။ သင်သည် မျက်စိဆရာဝန်၊ မျက်စိကုသမှု ပညာရှင် သို့မဟုတ် မိသားစုဆရာဝန်အား သင့်အမြင်အာရုံကို စစ်ဆေးခိုင်းပြီး ဤပုံစံကို ဖြည့်စွက်ပါ။ ပုံစံကို ဖြည့်စွက်ပြီးသည့်အခါ စစ်ဆေးမှုဆက်လက်ပြုလုပ်ရန်အတွက် ယာဉ်မောင်းလိုင်စင်ဌာနသို့ ပြန်လည်ပေးပို့ရမည်။

မည်သူသည် ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်မောင်းလိုင်စင်တစ်ခု လိုအပ်မည်နည်း။

- ၎င်းတို့နိုင်ငံမှအကျိုးဝင်သော နိုင်ငံခြားယာဉ်မောင်းလိုင်စင်တစ်ခု ကိုင်ဆောင်ထားသူများသည် အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်လာသည့်နေ့မှ တစ်နှစ်အတွင်းဖြစ်စေ၊ ၎င်းတို့၏ နိုင်ငံခြားလိုင်စင်သက်တမ်းကုန်ဆုံးချိန်အထိဖြစ်စေ အရင်လာသည့်သက်တမ်းအတွင်း ပင်ဆယ်ဗေးနီးယားပြည်နယ်အတွင်း မောင်းနှင်ခွင့်ရှိသည်။ နိုင်ငံတကာ ယာဉ်မောင်းခွင့်ပြုချက်များကို လေးလေးနက်နက်ထောက်ခံပါသော်လည်း မဖြစ်နေလိုအပ်သည်မဟုတ်ပါ။ လက်တွေ့မောင်းနှင်ခြင်း သို့မဟုတ် ဗဟုသုတစစ်ဆေးမှု မလိုဘဲ အကျိုးဝင်သော စီးပွားဖြစ်မဟုတ်သည့် ယာဉ်မောင်းလိုင်စင်တစ်ခု လွှဲပြောင်းပေးရန် ခွင့်ပြုထားသည့် ပြင်သစ်၊ ဂျာမန်၊ ကိုရီးယားနှင့် ထိုင်ဝမ်နိုင်ငံများကြားတွင်ရှိသည့် အပြန်အလှန် သဘောတူစာချုပ်များ၊ သို့သော် အမြင်အာရုံစစ်ဆေးမှုကို ပြုလုပ်မည်ဖြစ်သည်။ (ဟွာတိုရီကို၊ ပြင်သစ် သို့မဟုတ် ဂျာမနီနိုင်ငံများမှ ယာဉ်မောင်းလိုင်စင် လွှဲပြောင်းပေးခြင်းသည် တစ်နေ့တည်းတွင် လုပ်ဆောင်၍မရပါ။)

- ပင်ဆယ်ဗေးနီးယားပြည်နယ်တွင်နေထိုင်ပြီး အနည်းဆုံး အသက် 16 နှစ်ရှိကာ မော်တော်ယာဉ်မောင်းနှင်လိုသူများ။

- ပင်ဆယ်ဗေးနီးယားပြည်နယ်သို့ ပြောင်းရွှေ့လာပြီး ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် နေထိုင်သူအဖြစ် အခြေချနေသူများ - သင်သည် အခြားပြည်နယ် သို့မဟုတ် ကနေဒါနိုင်ငံမှ အကျိုးဝင်သော ယာဉ်မောင်းလိုင်စင်တစ်ခု ကိုင်ဆောင်ထားသူဖြစ်ပါက သင်သည် ပင်ဆယ်ဗေးနီးယားပြည်နယ်သို့ ပြောင်းရွှေ့ပြီး သင်၏ ပြည်နယ်ပြင်ပယာဉ်မောင်းလိုင်စင်ကို ပြန်လည်အပ်နှံပြီးနောက် ရက်ပေါင်း 60 အတွင်း ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်မောင်းလိုင်စင်တစ်ခု ရရှိရန်လိုအပ်ပါသည်။

- ပင်ဆယ်ဗေးနီးယားပြည်နယ်တွင်နေထိုင်ကြောင်း တရားဝင်လိပ်စာရှိသည့် အမေရိကန်ပြည်ထောင်စုမှ လူများ - ယင်းတို့တွင် စစ်ဘက်မဟုတ်သည့်ယာဉ်များမောင်းနှင်ရန် ယာဉ်မောင်းလိုင်စင်တစ်ခုရှိရမည့် ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် စခန်းစိုက်သည့် အရန်တပ်ဖွဲ့မှ အဖွဲ့ဝင်များပါဝင်သည်။

သက်ငယ်သင်မောင်းများ၏ ခွင့်ပြုချက်ဆိုင်ရာ အချက်အလက်များ

သင်တို့၏ သင်မောင်းခွင့်ပြုချက်ကို သင်တို့၏ ကနဦးသင်မောင်းခွင့်ပြုချက်ပေါ်တွင် ရိုက်နှိပ်ထားသည့် ထုတ်ပေးသည့်နေ့စွဲမှ တစ် (1) နှစ်အတွင်း အကျိုးဝင်မည်ဖြစ်သည်။ ဤအချိန်အတွင်း သင်သည် အသက် 18 နှစ်အောက်ဖြစ်လျှင် ယာဉ်မောင်းနှင်ခွင့်များနှင့်ပတ်သက်၍ ကန့်သတ်ချက်အချို့ရှိသည်။ ၎င်းတို့မှာ -

- သင်သည် အနည်းဆုံး အသက် 21 နှစ်အရွယ်ရှိမိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိချိန်တွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦးဖြစ်ပြီး ယာဉ်မောင်းလိုင်စင်တစ်ခု ကိုင်ဆောင်ထားသည့် လိုင်စင်ရယာဉ်မောင်းတစ်ဦး၏ ကြီးကြပ်မှုဖြင့်သာ မောင်းနှင်ရမည်။ ကြီးကြပ်ပေးသည့် ယာဉ်မောင်းသည် ဘေ့ရှ့ခုံတွင် ထိုင်ရမည်။

- သင်မောင်းနှင်နေစဉ်အတွင်း ထိုင်ခုံခါးပတ်ရှိသည့် အရေအတွက်ထက်ပိုသော ခရီးသည်များကို တင်ဆောင်မောင်းနှင်၍မရပါ။

သက်ငယ်ယာဉ်မောင်းများ၏ လိုင်စင်ဆိုင်ရာ အချက်အလက်များ

သက်ငယ်သင်မောင်းခွင့်ပြုချက်ကဲ့သို့ပင် သက်ငယ်ယာဉ်မောင်းလိုင်စင်နှင့်ပတ်သက်၍ ကန့်သတ်ချက်အချို့ ရှိပါသည်။ ၎င်းတို့မှာ -

- သင်သည် မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိချိန်တွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦး သင်နှင့်အတူမပါရှိဘဲ ည 11 နာရီမှ မနက် 5 နာရီ အတွင်း မောင်းနှင်ခြင်းမပြုရပါ။

  သို့သော်လည်း သင်သည် အစိုးရ သို့မဟုတ် အလုပ်ခန့်ဆောင်မှုတစ်ခုခုတွင် ပါဝင်ဆောင်ရွက်နေပြီး ဧစတနာ့ဝန်ထမ်းဝီးသတ်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်လျှင် သို့မဟုတ် ထိုအချိန်များတွင် အလုပ်လုပ်ကိုင်နေသည်ဆိုလျှင် ည 11 နာရီနှင့် မနက် 5 နာရီအကြား မောင်းနှင်နိုင်ပါသည်။ ဤဖြစ်ရပ်များတွင် သင်သည် သင်၏ အလုပ်ရှင်၊ ကြီးကြပ်သူ သို့မဟုတ် ဝီးသတ်ဦးစီးထံမှ သင်၏ ဖြစ်လာနိုင်ဖွယ်ရှိသည့် လုပ်ရှားဆောင်ရွက်မှုများ၏ အချိန်ဇယားကို ဖော်ပြထားသည့် ရှေ့နေ လက်မှတ်ရေးထိုးထားသည့် ကျမ်းကျိန်လွှာ သို့မဟုတ် ခွင့်ပြုချက် အထောက်အထားတစ်ခု ယူဆောင်လာရန်လိုသည်။ ဤရှေ့နေလက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာကို သင်၏ ယာဉ်မောင်းလိုင်စင်နှင့်အတူ သိမ်းဆည်းထားသင့်သည်။

- သင်မောင်းနှင်နေစဉ်အတွင်း ထိုင်ခုံခါးပတ်ရှိသည့် အရေအတွက်ထက်ပိုသော ခရီးသည်များကို တင်ဆောင်မောင်းနှင်၍မရပါ။

- သင်သည် မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိချိန်တွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦး သင်နှင့်အတူမပါရှိဘဲ မိသားစုဝင်အရင်းအချာမဟုတ်သည့် အသက် 18 နှစ်အောက် ခရီးသည် တစ် (1) ဦးထက်ပို၍ တင်ဆောင်မောင်းနှင်ခြင်းမပြုရပါ။ သက်ငယ်လိုင်စင်ဖြင့် ခြောက်လကြာမောင်းနှင်ပြီးနောက် မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိချိန်တွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦး သင်နှင့်အတူမပါရှိဘဲ သုံး (3) ဦးထက်မပိုသော မိသားစုဝင်အရင်းအချာမဟုတ်သည့် အသက် 18 နှစ်အောက် ခရီးသည်အထိ တင်ဆောင်မောင်းနှင်နိုင်ကြောင်း ကန့်သတ်မှုကို တိုးပေးခဲ့သည်။ သင်သည် ယာဉ်တိုက်မှုတစ်ခုတွင် တစ်စိတ်တစ်ဒေသ သို့မဟုတ် အပြည့်အဝ တာဝန်ရှိသူတစ်ဦးဖြစ်ခဲ့ပါက သို့မဟုတ် ယာဉ်မောင်းစည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်ခဲ့ဖူးသူဖြစ်ခဲ့ပါက တိုးပေးသော အကန့်အသတ် သည် သက်ငယ်ယာဉ်မောင်းတစ်ဦးနှင့် သက်ဆိုင်ခြင်းမရှိပါ။

- သင်သည် ၇ိုင့် ခြောက် (6) ခုဖြစ်စေ၊ ယင်းထက်ပိုသော ၇ိုင့်များဖြစ်စေရခဲ့လျှင် သို့မဟုတ် တစ်နာရီလျှင် 26 မိုင်ဖြစ်စေ၊ သတ်မှတ်အမြန်နှုန်းထက်ပိုမောင်းလျှင်ဖြစ်စေ ကျူးလွန်ခဲ့ဖူးသူဖြစ်လျှင် သင်သည် ရက် 90 မဖြစ်မနေ ဆိုင်းငံ့ခံရမည်ဖြစ်သည်။

- သင်သည် အောက်ပါအခြေအနေများနှင့်ကိုက်ညီပါက - သက်ငယ်ယာဉ်မောင်းလိုင်စင်တစ် (1) နှစ်ကိုင်ဆောင်ပြီးပါက ပုံမှန် ယာဉ်မောင်းလိုင်စင်တစ်ခု ရရှိနိုင်ပါသည်-
  - PA ပညာရေးဌာနမှ ထောက်ခံထားသည့် ယာဉ်မောင်းနည်းပြသင်တန်း အောင်မြင်ပြီးဖြစ်ရမည်။
  - တစ်နှစ်အတွင်း ကားတိုက်မှုတစ်ခုတွင် တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အပြည့်အဝဖြစ်စေ ပါဝင်ပတ်သက်ဖူးသူ**မဖြစ်**ရပါ။
  - တစ်နှစ်အတွင်း ပင်ဆယ်ဗေနီးယားယာဉ်ဥပဒေမှ မည်သည့်ဥပဒေကိုမဆို ဖောက်ဖျက်ခြင်း**မ**ရှိစေရ။
  - သင့် မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိချိန်တွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်၏ သဘောတူညီမှုရရှိထားရမည်။

သင်သည် ဤလိုအပ်ချက်များနှင့်ကိုက်ညီပါက သက်ငယ်ယာဉ်မောင်းလိုင်စင်မှ ပုံမှန် စီးပွားဖြစ်မဟုတ်သော ယာဉ်မောင်းလိုင်စင် (DL-59) သို့ ပြောင်းလဲရန် လျှောက်လွှာတစ်စောင် တင်သွင်းခြင်းဖြင့် ပုံမှန်ယာဉ်မောင်းလိုင်စင်တစ်ခု လျှောက်ထားနိုင်ပါသည်။ သင်၏ သက်ငယ်ယာဉ်မောင်းလိုင်စင်သည် သင်အသက် 18 နှစ်ပြည့်သည့်အခါ ပုံမှန်ယာဉ်မောင်းလိုင်စင်အဖြစ်အလိုအလျောက် ဖြစ်လာပါလိမ့်မည်။

သင်သည် မည်သည့်ယာဉ်မောင်းလိုင်စင်အမျိုးအစား လိုအပ်သနည်း

ပင်ဆယ်ဗေနီးယားပြည်နယ်တွင် ယာဉ်မောင်းလိုင်စင်များကို သင်မောင်းနှင်မည့် ယာဉ်အမျိုးအစားနှင့် အုပ်စုအလိုက် ထုတ်ပေးမည်ဖြစ်သည်။ ထို့ကြောင့် သင့်တွင်ရှိရမည့် ယာဉ်မောင်းလိုင်စင်အမျိုးအစားသည် သင်မောင်းနှင်မည့်အမျိုးအစားပေါ်တွင် အတိအကျ မူတည်ပါသည်။ ၎ယဘုယျအားဖြင့်ပြောရမည်ဆိုလျှင် ပင်ဆယ်ဗေနီးယား ယာဉ်မောင်းလိုင်စင်အတွက် ၎လျှောက်ထားသူအများစုသည် ပုံမှန်ခရီးသည်တင်ကားများ၊ ပစ္စည်းသယ်ကား သို့မဟုတ် အလုပ်တက်ကား ၎မောင်းနှင်သူများဖြစ်ပါသည်။ **ဤလက်စွဲစာအုပ်သည် ဤယာဉ်အမျိုးအစားသုံးမျိုးနှင့် အကျုံးဝင်သည့် စီးပွားဖြစ်မဟုတ်သော အမျိုးအစား C ယာဉ်မောင်းလိုင်စင်တစ်ခု ရရှိရန်လိုအပ်သည့် အချက်အလက်များပေးရန် ဒီဇိုင်းဆွဲထားပါသည်။**

ယာဉ်မောင်းလိုင်စင် အမျိုးအစားများ

- **အမျိုးအစား A (အနည်းဆုံး အသက် 18 နှစ်)** ကြိုးဖြင့်ဆွဲယူခံရသည့် ယာဉ်(များ) သည် ပေါင် 10,000 ထက်ကျော်လွန်သည့် ဝန်ပါအလေးချိန် 26,001 ပေါင် သို့မဟုတ် ယင်းနှင့်အထက်ရှိသော ယာဉ်အတွဲတစ်ခုခုကို မောင်းနှင်လျှင် လိုအပ်သည်။ ဥပမာ - အပန်းဖြေယာဉ်၊ ဆွဲသည့်ယာဉ်သည် ပေါင် 11,000 ရှိပြီး အဆွဲခံရသည့်ယာဉ်သည် 15,500 ပေါင်ရှိသည် (စုစုပေါင်းယာဉ်တွဲ အလေးချိန် 26,500 ပေါင်)။

- **အမျိုးအစား B (အနည်းဆုံး အသက် 18 နှစ်) -** ပေါင် 26,000 ထက်ပိုသော မည်သည့်တစ်စီးတည်းယာဉ်ကိုမဆို မောင်းနှင်လျှင် လိုအပ်သည်။ ဥပမာ - 26,001 ပေါင် သို့မဟုတ် ယင်းထက်ပိုသော လူနေအိမ်အဖြစ်သုံးသည့်ကား။

- **အမျိုးအစား C (အနည်းဆုံး အသက် 16 နှစ်)** - အမျိုးအစား C ယာဉ်မောင်းလိုင်စင်ကို အမျိုးအစား M အရည်အချင်းရှိရန်လိုအပ်ပြီး အမျိုးအစား A သို့မဟုတ် အမျိုးအစား B သတ်မှတ်ချက်များနှင့် မကိုက်ညီသူများမှလွဲ၍ မည်သည့်ယာဉ်ကိုမဆို မောင်းနှင်နိုင်စွမ်းရှိကြောင်း လက်တွေ့ပြသခဲ့သည့် အသက် 16 နှစ်နှင့် 16 နှစ်အထက်ရှိသူများကို ထုတ်ပေးမည်ဖြစ်သည်။ အမျိုးအစား C ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားပြီး မီးသတ်အကြီးအကဲမှလည်းကောင်း၊ ကယ်ဆယ်ရေး သို့မဟုတ် အရေးပေါ်အဖွဲ့အကြီးအကဲထံမှလည်းကောင်း ခွင့်ပြုချက်လက်မှတ်ရရှိထားသော မီးသတ်တပ်ဖွဲ့ဝင် သို့မဟုတ် ကယ်ဆယ်ရေး သို့မဟုတ် အရေးပေါ်တပ်ဖွဲ့မှ အဖွဲ့ဝင်အား ထိုမီးသတ်ဌာန၊ ကယ်ဆယ်ရေး သို့မဟုတ် အရေးပေါ် တပ်ဖွဲ့ သို့မဟုတ် စည်းပင်သာယာရေးအဖွဲ့မှ မှတ်ပုံတင်ထားသော မည်သည့်မီးသတ်ယာဉ် သို့မဟုတ် အရေးပေါ်ယာဉ်ကိုမဆို မောင်းနှင်ခွင့်ပြုသည်။ အမျိုးအစား C လိုင်စင်ကိုင်ဆောင်ထားသူသည် အလိုအလျောက် ဂီယာစနစ်နှင့် ဆလင်ဒါ အင်ဂျင်အရွယ်အစား 50 ကုဗစင်တီမီတာ သို့မဟုတ် ယင်းအောက်ရှိသော မော်တာတပ်ဆိုင်ကယ် သို့မဟုတ် အမိုးပါ သုံးဘီးဆိုင်ကယ်တစ်စီးကို မောင်းနှင်ခွင့်ရှိသည်။

- **အမျိုးအစား M (အနည်းဆုံး အသက် 16 နှစ်) -** အမျိုးအစား M ယာဉ်မောင်းလိုင်စင်ကို မော်တော်ဆိုင်ကယ် သို့မဟုတ် မော်တာပါ ဆိုင်ကယ်မောင်းနှင်နိုင်သည့် အသက် 16 နှစ်နှင့် 16 နှစ်အထက်ရှိသူများအတွက် ထုတ်ပေးပါသည်။ လူတစ်ယောက်သည် မော်တော်ဆိုင်ကယ် သို့မဟုတ် မော်တာပါ ဆိုင်ကယ်သာမောင်းနှင်တတ်ပါက ၎င်းတို့ကို အမျိုးအစား M ယာဉ်မောင်းလိုင်စင် ထုတ်ပေးမည်ဖြစ်သည်။ သင်သည် မော်တာပါဆိုင်ကယ်တစ်ခုနှင့်ပတ်သက်၍ စစ်ဆေးမည်ဆိုလျှင် ယာဉ်မောင်းလိုင်စင်ပေါ်တွင် ကန့်သတ်ချက် "8" ပေါ်နေမည်ဖြစ်သည်။ ဤကန့်သတ်ချက်သည် သင့်အား မော်တော်ဆိုင်ကယ်မောင်းနှင်ခြင်းကို တားမြစ်ထားမည်ဖြစ်သည်။ သင်သည် နှစ် (2) ဘီးထက်ပိုသော မော်တော်ဆိုင်ကယ်တစ်စီးတွင် စစ်ဆေးမည်ဆိုလျှင် သင့်ယာဉ်မောင်းလိုင်စင်ပေါ်တွင် ကန့်သတ်ချက် "9" ပေါ်နေမည်ဖြစ်သည်။ ဤကန့်သတ်ချက်သည် သင့်အား နှစ်ဘီးတပ်မော်တော်ဆိုင်ကယ် မောင်းနှင်ခြင်းကို တားမြစ်ထားမည်ဖြစ်သည်။ မော်တော်ဆိုင်ကယ် သတင်းအချက်အလက်စတာရှိ PennDOT ဒရိုင်ဘာနှင့်ယာဉ်များ ဝန်ဆောင်မှုဝက်ဘ်ဆိုက်ရှိ ပင်ဆယ်ဗေနီးယား မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လက်စွဲ (PUB 147) သို့မဟုတ် စက်တပ်ယာဉ်၊ မော်တာတပ် ဆိုင်ကယ်များနှင့် မော်တော်ဆိုင်ကယ်အချက်အလက်များကို ကိုးကားပါ။

- **စီးပွားဖြစ် အမျိုးအစား A ၊ B သို့မဟုတ် C -** စီးပွားဖြစ်ယာဉ်မောင်းလိုင်စင်တစ်ခုလိုအပ်သည့် ယာဉ်မောင်းများသည် စစ်ဆေးမှုများအတွက် ပြင်ဆင်ရန်လိုအပ်သော အသေးစိတ်အချက်အလက်များပါဝင်သည့် ပင်ဆယ်ဗေးနီးယားပြည်နယ် စီးပွားဖြစ် ယာဉ်မောင်းလက်စွဲ (PUB 223) ကိုရယူထားသင့်သည်။ ဤလက်စွဲကို စီးပွားဖြစ်ယာဉ်မောင်း အချက်အလက်စင်တာရှိ PennDOT ယာဉ်မောင်းနှင့် ယာဉ်ဝန်ဆောင်မှုဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည်။

စစ်ဆေးမှုများ

ဗဟုသုတစစ်ဆေးမှု

ဗဟုသုတစစ်ဆေးမှုသည် ယာဉ်ကြောအချက်ပြများ၊ ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်မောင်းနှင့်မှုဆိုင်ရာ ဥပဒေများနှင့် ဘေးကင်းလုံခြုံသော ယာဉ်မောင်းနှင်ခြင်း အလေ့အထများနှင့်ပတ်သက်သည့် သင်၏ နားလည်သဘောပေါက်မှုကို တိုင်းတာစစ်ဆေးမည်ဖြစ်သည်။ ပြည်နယ်တစ်ခွင်ရှိ ယာဉ်မောင်းလိုင်စင် ဌာနများအားလုံးတွင် ဗဟုသုတစစ်ဆေးမှုကို အောက်ပါဘာသာစကားများဖြစ်သည့် စပိန်၊ အာရေဗျ၊ တရုတ် (မန်ဒရင်း)၊ ပြင်သစ်၊ ဟင်ဒီ၊ ကိုရီးယား၊ ရုရှား၊ ယူကရိန်း၊ ဗီယက်နမ်၊ အင်္ဂလိပ်၊ မြန်မာ၊ ဂရိ၊ အီတာလျံ၊ ဂျပန်၊ နီပေါ၊ ပိုလန်၊ ဆိုမာလီနှင့် အူရဒူဘာသာစကားအလိုက် တောင်းဆိုမှုအရ စာဖြင့်သာမက အသံဖြင့်လည်း စစ်ဆေးမှုခံယူနိုင်ပါသည်။ သင်သည် ဗဟုသုတစစ်ဆေးမှု ကျရုံးခဲ့ပါက အောက်ပါအလုပ်ဖွင့်ရက်တွင် ပြန်လည်ဖြေဆိုရန် ခွင့်ပြုထားပါသည်။ **အကျိုးဝင်သော သင်မောင်းခွင့်ပြုချက်တစ်ခု မရရှိနိုင်မီ ဤစစ်ဆေးမှုကို အောင်အောင်မြင်မြင် ဖြေဆိုပြီးထားရန်လိုအပ်သည်။**

ဗဟုသုတစစ်ဆေးမှုတွင် အမှန်ရွေးချယ်ရမည့် မေးခွန်း 18 ခုပါဝင်ပါသည်။ ဤစစ်ဆေးမှုကို အောင်မြင်ရန် မေးခွန်း 15 ခုကို မှန်ကန်စွာဖြေဆိုရန် လိုအပ်မည်။
ဖြစ်နိုင်သည့် ယာဉ်မောင်းနှင်မှုဆိုင်ရာ အခြေအနေများကို ဆယ်ကျော်သက်ယာဉ်မောင်း အချက်အလက်ဌာနနှင့် ဆယ်ကျော်သက်ယာဉ်မောင်း အချက်အလက်ဌာနအောက်ရှိ ဤလက်စွဲစာစောင်၏ အွန်လိုင်းပုံစံရှိ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် (www.dmv.pa.gov/Driver-Services/Teen- Drivers/Pages/default.aspx#.VpAM5aMo670) တွင် ရရှိနိုင်ပါသည်။
သင်သည် ညာဘက်ရှိ QR ကုတ်များကို အသုံးပြုခြင်းဖြင့် PA ယာဉ်မောင်းလိုင်စင် အစမ်းစစ်ဆေးမှုကို ဒေါင်းလုတ်ရယူနိုင်ပါသည်။

သင့် Android™ အတွက် Google Play မှ တိုက်ရိုက်ဒေါင်းလုတ်ဆွဲနိုင်ပါသည် - https://play.google.com/store/apps/details?id=com.nicusa.pdt

PA ယာဉ်မောင်းလိုင်စင် အစမ်းစစ်ဆေးမှု အပ်ပလီကေးရှင်း

သင်၏ iOS Device™ အတွက် App Store မှ တိုက်ရိုက်ဒေါင်းလုတ်ဆွဲနိုင်ပါသည် - https://itunes.apple.com/us/app/pa-drivers-license-practice/id925842053?mt=8

လက်တွေ့မောင်းနှင်မှု စစ်ဆေးခြင်း

သင်သည် အသက် 18 နှစ်အောက်ဖြစ်လျှင် ကျွန်ုပ်တို့၏ လူငယ် ယာဉ်မောင်းများအား ၎င်းတို့၏ ကျွမ်းကျင်မှု စစ်ဆေးခြင်းကို ခြောက် (6) လ ကြိုတင်၍ ရက်ချိန်းစီစဉ်ရန် ခွင့်ပြုထားပါသည်။ လူငယ်ယာဉ်မောင်းများအား ကြိုတင်စီစဉ်ပြီး တတ်နိုင်သမျှ စောစော ရက်ချိန်းရယူထားရန် တိုက်တွန်းလိုပါသည်။ လူငယ်ယာဉ်မောင်းများအား ဤအခွင့်အရေးကို လက်ဦးမှုရယူထားရန် အကြံပြုလိုပါသည်။

စီးပွားဖြစ်မဟုတ်သော လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းကို ဖြေဆိုရန်အတွက် ရက်ချိန်းရယူရန်လိုအပ်သည်။ သင်၏ လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းကို ယာဉ်မောင်းနှင့် ယာဉ်ဝန်ဆောင်မှု ဝက်ဘ်ဆိုက် www.dmv.pa.gov. မှတစ်ဆင့် ရက်ချိန်းရယူနိုင်ပါသည်။ သင်သည် အင်တာနက်အသုံးပြု၍ မရပါက 1-800-423-5542 သို့ဖုန်းဆက်ခြင်းဖြင့် သင့်ယာဉ်မောင်းစစ်ဆေးမှုအတွက် ရက်ချိန်းရရှိနိုင်ပါသည်။

ထို့အပြင် PennDOT သည် ဈေးကွက်နှင့်သုံးစွဲသူလိုအပ်ချက်အလိုက် သတ်မှတ်သော နှုန်းထားတစ်ခုဖြင့် ကျွမ်းကျင်မှုများ စစ်ဆေးရာ၌ ကြီးကြပ်ရန် တတိယအင်အားစုလုပ်ငန်းများကို အသိအမှတ်ပြု ထောက်ခံချက်ပေးထားပါသည်။ တတိယအင်အားစုစစ်ဆေးသူများအားလုံးသည် PennDOT မှ အသိအမှတ်ပြုထားသူများဖြစ်ပြီး စစ်ဆေးမှုများမှာ PennDOT ယာဉ်မောင်းလိုင်စင်ဌာနတစ်ခုမှ စစ်ဆေးမှုများနှင့် ထပ်တူညီမည်ဖြစ်သည်။ သင့်နယ်မြေတွင် ပူးပေါင်းပါဝင်လျက်ရှိသော လုပ်ငန်းများစာရင်းကို www.dmv.pa.gov တွင် ကြည့်ရှုနိုင်ပါသည်။

သင်၏ လက်တွေ့စစ်ဆေးမှု မဖြေဆိုမီ အောက်ပါအမျိုးအမည်တို့ကို စစ်ဆေးသူထံ တင်ပြရန်လိုအပ်သည်။
(အမျိုးအမည်များအားလုံး အကျုံးဝင်ရန်လိုအပ်ပြီး သင်လက်တွေ့စစ်ဆေးမှုပြုလုပ်ရန်အတွက် အသုံးပြုမည့် ယာဉ်အတွက် ဖြစ်ရန်လိုအပ်သည်။)

- သင်၏ အကျုံးဝင်သော သင်မောင်းခွင့်ပြုချက်။
- သင်သည် အသက် 18 နှစ်အောက်ဖြစ်လျှင် 65 နာရီကြာ ယာဉ်မောင်းလေ့ကျင့်သင်တန်းအတွက် လက်မှတ်ရေးထိုးထားသော မိဘ သို့မဟုတ် အုပ်ထိန်းသူ အသိအမှတ်ပြုပုံစံ (DL-180C)
- လက်တွေ့ယာဉ်မောင်းစစ်ဆေးမှုပြုလုပ်ရန်အတွက် သင်စီစဉ်ထားသည့် ယာဉ်၏အကျုံးဝင်သော မှတ်ပုံတင်ကတ်။
- ၎င်းယာဉ်သည်လက်ရှိတွင် အာမခံထားသည့် အထောက်အထား။
- သင်နှင့်အတူ ယာဉ်မောင်းလိုင်စင်ဌာနသို့ အဖော်လိုက်ပေးမည့် အနည်းဆုံး အသက် 21 နှစ်ရှိသူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူ၊ မိဘမရှိချိန်တွင် ကြီးကြပ်ပေးမည့်သူ သို့မဟုတ် အသက် 18 နှစ် သို့မဟုတ် 18 နှစ်အထက် အိမ်ထောင်ဖက်တစ်ဦး၏ အကျုံးဝင်သော ယာဉ်မောင်းလိုင်စင်။

သင်သည် အထက်ပါ မူရင်းစာရွက်စာတမ်းများ (မိတ္တူမဟုတ်) ယူဆောင်လာခြင်းမရှိလျှင် သင်ဖြေဆိုနိုင်မည်မဟုတ်ပါ။

စစ်ဆေးမှုမစတင်မီ ယာဉ်မောင်းလိုင်စင် စစ်ဆေးသူသည် သင့်ယာဉ်တွင် အကျုံးဝင်သော မှတ်ပုံတင်ကတ်၊ လက်ရှိအာမခံ၊ အကျုံးဝင်သော ပြည်နယ်စစ်ဆေးမှု စတစ်ကာနှင့် လိုအပ်ပါက အကျုံးဝင်သည့် ထုတ်လွှတ်မှုစတစ်ကာတို့ ရှိမရှိ စစ်ဆေးပါမည်။ သင့်ကားပေါ်ရှိ မီးများ၊ ဟွန်း၊ ဘရိတ်များ၊ လေကာမှန် ရေသုတ်တံများ၊ အကွေ့အချက်ပြများ၊ မှန်များ၊ တံခါးများ၊ ထိုင်ခုံများ၊ တာယာများ ကောင်းမွန်စွာ အလုပ်လုပ်ခြင်းရှိမရှိနှင့် လုံခြုံရေးစံနှုန်းများ ပြည့်မီခြင်းရှိမရှိ သေချာစေရန်လည်း စစ်ဆေးမည်ဖြစ်သည်။ သင့်ယာဉ်၏ အစိတ်အပိုင်းတစ်ခုခုသည် လုံခြုံမှုရှိမရှိ သို့မဟုတ် ပြည်နယ်စစ်ဆေးရေး လိုအပ်ချက်များနှင့် ပြည့်မီခြင်းမရှိဟု ဆုံးဖြတ်ပါက သင့်အား လက်တွေ့မောင်းနှင်ခြင်း စစ်ဆေးမှုကို ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။ သင့်ကားတွင် ထိုင်ခုံခါးပတ် တပ်ဆင်ထားပါက ၎င်းတို့ကို သန့်ရှင်းပြီး သုံးစွဲရန်အတွက် အသင့်ဖြစ်အောင်ပြုလုပ်ထားပါ။ လက်တွေ့မောင်းနှင်မှုစစ်ဆေးစဉ်အတွင်း သင်နှင့် စစ်ဆေးသူတို့သည် ၎င်းတို့ကို တပ်ဆင်ထားရန်လိုအပ်မည်ဖြစ်သည်။

သင့်ယာဉ်သည် ဤစစ်ဆေးမှုကို အောင်မြင်ပါက စစ်ဆေးသူသည် သင် ဘေးကင်းလုံခြုံစွာ မောင်းနှင်နိုင်ခြင်းရှိမရှိ သိရှိရန် သင့်အားစစ်ဆေးမည်ဖြစ်သည်။

သင်သည် အွန်လာရာယ်ရှိစွာ မောင်းနှင်လျှင်၊ ဥပဒေချိုးဖောက်လျှင်၊ ယာဉ်တိုက်မှုဖြစ်စေလျှင်၊ စစ်ဆေးသူ၏ ညွှန်ကြားချက်ကို မလိုက်နာလျှင် သို့မဟုတ် ယာဉ်မောင်းအမှားများစွာ ပြုလုပ်လျှင် လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း ကျရှုံးမည်ဖြစ်သည်။

စစ်ဆေးသူသည် လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းမပြုလုပ်မီ သင့်အား အောက်ပါတို့ကို ပြုလုပ်ခိုင်းနိုင်ပါသည် -

- **ယာဉ်ထိန်းချုပ်မှုများ -** ဟွန်း၊ မီးများ (ပါကင်မီး၊ ရှေ့မီးသီးကြီး အလင်းမြှင့်၊ အလင်းလျှော့ခြင်း၊ အကွေ့အချက်ပြများ)၊ လေကာမှန် ရေသုတ်တံများ၊ ပါကင် (အရေးပေါ်) ဘရိတ်၊ အွန်လာယ်အချက်ပြမီး၊ နင်းခွေစက် စသည်တို့ကို အသုံးပြုခြင်း။ ယာဉ်ထိန်းချုပ်မှုတစ်ခုခုကို မှန်ကန်စွာပြုလုပ်နိုင်ခြင်းမရှိပါက လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း ကျရှုံးမည်ဖြစ်သည်။
- **အပြိုင်ရပ်ခြင်း -** သင့်ယာဉ်ကို 24 ပေရှည်၍ ရှစ် (8) ပေ ကျယ်သောနေရာတစ်ခုရှိ တိုင် နှစ်(2)တိုင်ကြားတွင် ရပ်ပါ။ သင့်ယာဉ်တစ်ခုလုံးသည် ထိုနေရာအတွင်း လုံးဝရှိရမည်ဖြစ်ပြီး သင့်ယာဉ်၏ ရှေ့ပိုင်း သို့မဟုတ် နောက်ပိုင်းသည် တိုင်တစ်ခုခုနှင့် ထိနေခြင်း၊ ဆေးခြယ်ထားသောမျဉ်းကို ကျော်သွားခြင်း သို့မဟုတ် လမ်းဘေးကပ်တုံးပေါ်သို့ တက်သွားခြင်း သို့မဟုတ် ကျော်သွားခြင်းတို့ မဖြစ်ရပါ။ သင်သည် သုံးကြိမ် (3) ကြိမ်ထက်မပိုသော ချိန်ညှိမှုကို အသုံးပြု၍ သင့်ကားကို တစ်ကြိမ်အောင်အောင်မြင်မြင်ရပ်ရမည်။

မှတ်သားရန် - အဆင့်မြင့် ကားရပ်နားလမ်းညွှန်စနစ်တပ်ဆင်ထားသော ယာဉ်များ (ကိုယ်တိုင်ပါကင်ထိုးနိုင်သော ယာဉ်များ)ကို စစ်ဆေးရန်အတွက် အသုံးပြုနိုင်သည်။ သို့သော် ကိုယ်တိုင်ပါကင်ရပ်နားသည့် အစီအစဉ်ကို ပိတ်ထားရမည်ဖြစ်ပြီး လက်တွေ့မောင်းနှင်မှု စစ်ဆေးနေစဉ်အတွင်း ဖွင့်ထားရန်ခွင့်မပြုပါ။

လက်တွေ့မောင်းနှင်မှုစစ်ဆေးနေစဉ်တွင် စစ်ဆေးသူတစ်ဦးတည်းသာ လိုက်ပါရပါမည်။ လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း စတင်သည်နှင့် မည်သည့်နေရာသို့ မောင်းနှင်ရမည်၊ မည်သည့် ကိုင်တွယ်မောင်းနှင်မှုကို ပြုလုပ်ရမည်ကို သင့်အား ပြောကြားမည်။ **သင်ရှင်းကပ်ရာ လမ်းကြောင်းကို အနီးကပ်ဂရုစိုက်ပြီး သတိပေးအမှတ်အသားများ၊ ရပ်နားရန် အမှတ်အသားများနှင့် မီးပွိုင့်များကို လိုက်နာရမည်။** စစ်ဆေးသူသည် သင်ယာဉ်ကိုမည်သို့ ထိန်းချုပ်သည်၊ အခြားယာဉ်မောင်းများနှင့်ဆက်သွယ်ရန် အကွေ့အချက်ပြများကို မည်သို့အသုံးချသည် သို့မဟုတ် စစ်ဆေးနေစဉ်အတွင်း လိုအပ်လာနိုင်သည့် အခြားယာဉ်ထိန်းချုပ်မှုတစ်ခုခုကို မည်သို့အသုံးပြုသည်တို့ကို မှတ်သားထားမည်ဖြစ်သည်။

သင်သည် PENNDOT ယာဉ်မောင်းလိုင်စင်ဌာန၏ လက်တွေ့မောင်းနှင်စစ်ဆေးမှု အောင်မြင်ခဲ့လျှင် ထိုအချိန်တွင် သင်၏ ယာဉ်မောင်းလိုင်စင် ရရှိမည်ဖြစ်သည်။

သင်သည် အောက်ပါတို့ကြောင့် လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း ကျရှုံးနိုင်သည် -

(ဤအကြောင်းအရာတို့မှာ လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း ကျရှုံးရသည့် ဖြစ်နိုင်ချေရှိသော အကြောင်းပြချက် နမူနာအချို့ဖြစ်သည်)

- ယာဉ်ထိန်းချုပ်မှုတစ်ခုခုကို အသုံးမပြုနိုင်ခြင်း
- ယာဉ်ဥပဒေတစ်ခုခုကို ချိုးဖောက်ခြင်း (ရပ်နားရမည့်အမှတ်အသားကို လိုက်နာရန်ပျက်ကွက်ခြင်း)
- အွန်လာယ်ရှိစွာ သို့မဟုတ် အဆင်အခြင်မဲ့စွာ မောင်းနှင်ခြင်း
- ဘေးကင်းလုံခြုံသော မောင်းနှင်ရေးအလေ့အထများတွင် အမှားများ ပြုလုပ်ခြင်း
- စစ်ဆေးသူမှပေးသော ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း
- ယာဉ်တိုက်မှုတစ်ခုဖြစ်စေခြင်း
- အကွေ့အချက်ပြများ အသုံးမပြုခြင်း

သင်သည် အသက် 18 နှစ်အောက်ဖြစ်ပြီး လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း ကျရှုံးခဲ့လျှင် ပင်ဆယ်ဗေးနီးယားပြည်နယ် ဥပဒေအရ နောက်တစ်ကြိမ်လက်တွေ့မောင်းနှင်မှု စစ်ဆေးခြင်း မပြုလုပ်မီ ခုနစ် (၇) ရက်စောင့်ဆိုင်းရန်လိုအပ်သည်။ ပြန်လည်ဖြေဆိုရန် ဤသို့ဆိုင်းငံ့ထားခြင်းသည် သင်၏ ယာဉ်မောင်းစွမ်းရည်ကို လေ့ကျင့်ရန်နှင့် တိုးတက်စေရန်အတွက် အချိန်ပေးခြင်းဖြစ်သည်။ သင်သည် သင်မောင်းခွင့်ပြုချက် သက်တမ်းမကုန်မီ လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းကို အောင်မြင်အောင်ပြုလုပ်နိုင်မည့် အခွင့်အရေး သုံး (3) ခုရှိသည်။ တတိယအကြိမ်မြောက် ကျရှုံးပြီးနောက်တွင် သင်မောင်းခွင့်ပြုချက်ကို သက်တမ်းတိုးရန် ထပ်မံလျှောက်ထားရန်လိုအပ်သည်။

သုံး (3) ကြိမ်ကြိုးစားပြီးသည့်တိုင် လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း မအောင်မြင်လျှင် သို့မဟုတ် သင်၏ သင်မောင်းခွင့်ပြုချက် သက်တမ်းကုန်ဆုံးလျှင် သင်သည် စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက် (DL-31) လျှောက်လွှာတစ်စောင်ကို ပေါင်းထည့်ရန်/ထပ်တိုးရန်/အစားထိုးရန်/ပြောင်းလဲရန်/အမှန်ပြင်ရန် အတွက် ရယူနိုင်ပါသည်။ သင်သည် လက်တွေ့စစ်ဆေးသည့်နေ့မှ သုံး (3) နှစ်အတွင်း လက်တွေ့မောင်းနှင်ခြင်းစစ်ဆေးမှု မခံယူခဲ့လျှင် သို့မဟုတ် မအောင်မြင်ခဲ့လျှင် နောက်ထပ် စီးပွားဖြစ်မဟုတ်သော သင်မောင်းခွင့်ပြုချက် လျှောက်လွှာ (DL-180) တစ်စောင်ထပ်မံလျှောက်ထားရမည်ဖြစ်ပြီး ဗဟုသုတစစ်ဆေးမှုကို ပြန်လည်ဖြေဆိုရန်လိုအပ်မည်ဖြစ်သည်။

အခန်း 2 -
အချက်ပြများ၊ အမှတ်အသားများနှင့် စကြီ့အမှတ်များ

ဤအခန်းသည် ပင်ဆယ်ဗေးနီးယား လမ်းမများအကြောင်း သင်သိရန်လိုအပ်သည့် အချက်အလက်များကို ဖော်ပြထားပါသည်။ ၎င်းတွင်ပါဝင်သည်မှာ -

- အချက်ပြ များ
- အမှ တ်အ
- စကြီ့အမှတ်အသားများ

အချက်ပြများ



မီးပွိုင့်များကို ယာဉ်နှင့် လမ်းလျှောက်သွားလာသူများ၏ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်ရန် လမ်းဆုံလမ်းခွများတွင် မီးပွိုင့်များ တပ်ဆင်ထားပါသည်။ မီးပွိုင့်များကို ထောင်လိုက်သော်လည်းကောင်း၊ အလျားလိုက်သော်လည်းကောင်း တပ်ဆင်ထားပါသည်။ ထောင်လိုက်ထားပါက အနီသည် အမြဲအပေါ်ဆုံးတွင် ရှိပြီး အစိမ်းသည် အောက်ဆုံးတွင် ရှိပါသည်။ အလျားလိုက်စီစဉ်ထားပါက အနီသည်အမြဲ ဘယ်ဘက်တွင်ရှိပြီး အစိမ်းသည် ညာဘက်တွင်ရှိပါသည်။

မီးပွိုင့် မီးနီ၊ မီးဝါ၊ မီးစိမ်းနှင့် မြား

ငြိမ်နေသော မီးနီကို တွေ့လျှင် အမှတ်အသားလုပ်ထားသော ရပ်နားရန်မျဉ်း သို့မဟုတ် လူကူးမျဉ်းကြားကို မဖြတ်မီ ရပ်တန့်ရမည်။ မည်သည့်မျဉ်းမှ မမြင်ပါက လမ်းဆုံကို မဝင်မီ ရပ်တန့်ရမည်။ သင်မောင်းနှင်ခြင်းမပြုမီ မီးစိမ်းကို စောင့်ရမည်။

လမ်းဆုံတွင် **မီးနီတွင်မကွေ့ရအမှတ်အသား** မရှိပါက မီးနီပြချိန်တွင် ညာဘက်သို့ကွေ့နိုင်သည်။ သင်သည် ဦးစွာရပ်တန့်ရမည်ဖြစ်ပြီး ခြေကျင်လျှောက်သူများနှင့် အခြားယာဉ်ကြောများအတွက် လမ်းပေးရန် ကြည့်ရှုရမည်။

သင်သည် သင်သည် ဘယ်ဘက်ယာဉ်ကြောတွင် ရှိနေပြီး တစ်လမ်းမောင်းလမ်းပေါ်မှ ဘယ်ကွေ့ပြီး အခြားတစ်လမ်းမောင်းလမ်းတစ်ခုပေါ်သို့သွားလျှင် မကွေ့ရဟူသော အမှတ်အသားမရှိပါက မီးနီတွင် ရပ်တန့်ပြီးနောက် ဘယ်ဘက်သို့ ကွေ့နိုင်သည်။ သင်သည် ဦးစွာရပ်တန့်ရမည်ဖြစ်ပြီး ခြေကျင်လျှောက်သူများနှင့် အခြားယာဉ်ကြောများအတွက် လမ်းပေးရန် ကြည့်ရှုရမည်။

ငြိမ်နေသော မီးဝါသည် မကြာမီ ငြိမ်နေသော မီးနီပေါ်လာမည်ဖြစ်ကြောင်း သင့်အား အသိပေးသည်။ သင်သည် လမ်းဆုံတစ်ခုဆီသို့ ဦးတည်မောင်းနေချိန်တွင် မီးဝါပေါ်လာပါက အရှိန်လျှော့ပြီး ရပ်တန့်ရန် ပြင်ထားရမည်။ သင်သည် လမ်းဆုံအတွင်းရှိနေလျှင် သို့မဟုတ် လမ်းဆုံအတွင်း မဝင်မီ အန္တရာယ်ကင်းကင်း မရပ်တန့်နိုင်လျှင် ဂရုတစိုက် ဖြတ်မောင်းသွားပါ။

ငြိမ်နေသော မီးစိမ်းသည် လမ်းရှင်းပါက မီးပွိုင့်ကို ဖြတ်မောင်းသွား၍ရသည်ဟူသည့် သဘောဖြစ်သည်။ အမှတ်အသားတစ်ခုခုမှ မကွေ့ရဟု မပြောထားပါက ညာသို့မဟုတ် ဘယ်သို့လည်း ကွေ့နိုင်သည်၊ သို့သော် ကွေ့သည့်အခါ လမ်းဆုံအတွင်းရှိ အခြားယာဉ်များနှင့်ခြေကျင်လျှောက်သူများကို လမ်းပေးရမည်။

ငြိမ်နေသော အနီရောင်မြားသည် သင် ရပ်တန့်ရမည်ဖြစ်ပြီး မြားပြထားရာဘက်ဆီသို့ မကွေ့ရဟူသည့် သဘောဖြစ်သည်။ သင်စမမောင်းမီ အစိမ်းရောင်မျဉ်း သို့မဟုတ် လျှပ်တပြက်လင်းသည့် အဝါရောင်မြားကို စောင့်ဆိုင်းရန်လိုသည်။ ငြိမ်နေသော မီးနီအတွက် ခွင့်ပြုသည့် မီးနီတွင်ကွေ့နိုင်သည် အလားတူအမှတ်အသားကို ငြိမ်နေသော အနီရောင်မြားအတွက်လည်း ခွင့်ပြုသည်။

ငြိမ်နေသော အဝါရောင်မြားသည် အစိမ်းရောင်မြားမှ ခွင့်ပြုသည့် ရွှေ့လျားမှုကို ဆိုလိုသည် သို့မဟုတ် မှိတ်တုတ် အဝါရောင်မြားသည် အဆုံးသတ်တော့မည်ဖြစ်ပြီး မကြာမီ အနီရောင်သို့ ပြောင်းလဲမည်ဖြစ်ကြောင်း အချက်ပြခြင်းဖြစ်သည်။ သင်သည် လမ်းဆုံသို့မဝင်မီ အရှိန်လျှော့ပြီး လုံးဝရပ်တန့်ရန် ပြင်ဆင်သင့်သည်။ သင်သည် လမ်းဆုံအတွင်း ရောက်နေလျှင် သို့မဟုတ် လမ်းဆုံသို့မဝင်မီ အန္တရာယ်ကင်းကင်းမရပ်နိုင်လျှင် သင်သည် ရှေ့မှမြားဖြင့် စတင်ထားသည့် အကွေ့ကို သတိဖြင့်ကွေ့နိုင်သည်။

ငြိမ်နေသော အစိမ်းရောင်မြားသည် သင်သည် မြားပြရာဘက်သို့ ကွေ့နိုင်သည်ဟူသည့် သဘောဖြစ်သည်။ သင်သည် အစိမ်းရောင်မြားအဆင့်အတွင်း ကွေ့မည်ဆိုလျှင် လာမည့်ယာဉ်ကြောကို မီးနီဖြင့် တားထားသောကြောင့် သင်ကွေ့လျှင် "အကာအကွယ်ရှိမည်" ဖြစ်သည်။ အစိမ်းရောင်မြားသည် မီးစိမ်းအဖြစ်ပြောင်းသွားပါက သင်သည်ထိုဦးတည်ဘက်အတိုင်း ဆက်လက်ရှိနေနိုင်မည်ဖြစ်သော်လည်း ခြေကျင်လျှောက်သူများနှင့် လာမည့်ယာဉ်ကြောအား ဦးစွာလမ်းပေးရမည်ဖြစ်သည်။

မှိတ်တုတ်မီးအချက်ပြများ

မှိတ်တုတ်မီးနီသည် ရပ်တန့်ရန် အမှတ်အသားနှင့်**အဓိပ္ပါယ်** တူညီသည်။ သင်သည် လုံးဝရပ်တန့်ရမည်ဖြစ်သည်။ ထို့နောက် လမ်းနှစ်ဖက်စလုံးကို ကြည့်ပြီး လမ်းဆုံတွင် ရှင်းလင်း မှသာ ရှေ့ဆက်သွားပါ။

မှိတ်တုတ်မီးဝါသည် **သတိ**ဆိုသည့် အဓိပ္ပါယ်ဖြစ်သည်။ အရှိန် လျှော့၍ ကြည့်ပြီး ဂရုတစိုက် လုပ်ဆောင်ပါ။

အဝါရောင် မှိတ်တုတ်မီးများ
ဆိုသည်မှာ မြားပြထားသည့်ဘက်ဆီသို့ သင် သတိနှင့် ကွေ့ရမည်ဖြစ်သည်။ သို့သော် သင်သည် ချဉ်းကပ်လာနေ သော ယာဉ်များနှင့် လမ်းလျှောက်သွားလာသူများကို ပထမ ဦးစားပေးရပါမည်။ အဝါရောင် မှိတ်တုတ်မီးများလင်းနေချိန် အတွင်း သင် ကွေ့လိုက်သောအခါ လာနေသော ယာဉ်ကြောတွင် မီးစိမ်းနေသဖြင့် သင့်၏ ကွေ့ပတ်မှုသည် လုံခြုံမှုမရှိပါ။

ပျက်နေသော မီးပွိုင့်များ

ပျက်နေသောမီးပွိုင့် အချက်ပြမီးများကို လမ်းလေးဘက်လုံး **ရပ်နားခြင်း**သင်္ကေတတစ်ခုကဲ့သို့ ပြင်ဆင်ရပါမည်။

ကုန်းလျှောလမ်း အချက်ပြမီးများ

အချို့အဝေးပြေးအဝင် ကုန်းလျှောလမ်းများတွင် ကုန်းလျှောလမ်းအဆုံး၌ မီးစိမ်းနှင့် မီးနီတစ်လှည့်စီ ငြိမ်သက်စွာလင်းနေသော ယာဉ်ကြောအချက်ပြမီးများ ရှိပါသည်။ ကုန်းလျှောလမ်း အချက်ပြမီးများကို ယာဉ်ကြော အလွန်ပိတ်နေသော အဝေးပြေးလမ်းမများသို့ ဝင်ရောက်လာသည့် ယာဉ်သွားလာမှုကို ထိန်းချုပ်ရန်နှင့် ပုံမှန်အားဖြင့် ကားအလွန်ကျဉ်ချိန်များအတွင်း အချက်ပြရန်အတွက် အသုံးပြုလေ့ရှိသည်။ သင်သည် အဝေးပြေးလမ်းမပေါ်သို့ မဝင်မီ မီးစိမ်းကို စောင့်ရမည်ဖြစ်သည်။ တစ်လမ်းသွား ကုန်းလျှောလမ်းများပေါ်မှ မီးစိမ်း တစ်ကြိမ်လင်းသည့် အခါတိုင်း အဝေးပြေးလမ်းပေါ်သို့ ကားတစ်စီး (1) သာ ဝင်ရပါမည်။ လမ်းကြောင်းအမြောက်အများရှိသည့် ကုန်းလျှောလမ်းများတွင် လမ်းကြောင်းတစ်ခုစီအတွက် ကုန်းလျှောလမ်း အချက်ပြမီတာတစ်ခုစီ ရှိရပါမည်။ **အဝေးပြေးလမ်းမပေါ်သို့ သင်ဝင်လျှင် မီးစိမ်းမှ ကာကွယ်ပေး မည်မဟုတ်ပါ — သင်သည် အဝေးပြေးလမ်းမပေါ်သို့ ဝင်ရန် ယာဉ်ကြောတွင် အန္တရာယ်ကင်းသည့် နေရာလွတ်ကို ဆက်လက် ရှာဖွေရပါမည်။**

လမ်းကြောင်း အသုံးပြုထိန်းချုပ်ရေး အချက်ပြမီးများ

ယာဉ်ကြောကို ထိန်းချုပ်ရန်အတွက် အထူးအချက်ပြမီးများကို လမ်းကြောင်းများအပေါ်တည့်တည့်တွင်လည်း တပ်ဆင်ကောင်း တပ်ဆင်ထားမည်ဖြစ်သည်။ အများအားဖြင့် ၎င်းတို့ကို အဝေးပြေးဂိတ်များ၊ တံတားများ၊ ဥမင်လိုဏ်ခေါင်းများနှင့် မြို့ကြီးများရှိ ယာဉ်ကြောအမြောက် အများပါသည့် လမ်းမများတွင် ကားကျပ်ချိန်များအတွင်း မြို့အဝင် သို့မဟုတ် အထွက် ယာဉ်ကြောပိတ်ဆို့မှုကို ပြေလျော့စေရန်အတွက် သီးခြားလမ်းကြောင်းတစ်ခုမှ အခြားလမ်းကြောင်းတစ်ခုသို့ ပြောင်းလဲရန် အသုံးပြုပါသည်။ အောက်ပါအချက်ပြမီးများမှာ လမ်းသွယ်တစ်ခု သို့မဟုတ် အဝေးပြေးလမ်းမမှ မည်သည့်လမ်းကြောင်းများကို အသုံးပြုရ မည်ကို ပြသပေးပါသည်။

ယာဉ်ကြောလမ်းကြောင်းပေါ်တွင် ငြိမ်သက်စွာလင်းနေသော အောက်ကိုညွှန်ပြနေသည့် အစိမ်းရောင်မြားမှာ သင့်အနေဖြင့် လမ်းကြောင်းကို အသုံးပြုနိုင်သည်ဟု ဆိုလိုပါသည်။

ယာဉ်ကြောလမ်းကြောင်းပေါ်တွင် ငြိမ်သက်စွာလင်းနေသော အဝါရောင် "X" မှာ ထိုလမ်းကြောင်း၏ ဦးတည်ရာဘက်မှာ ပြောင်းပြန်ဖြစ်တော့မည်ဖြစ်၍ သင့်အနေဖြင့် လမ်းကြောင်းကို လွှဲရမည်ဟု ဆိုလိုပါသည်။ ထိုလမ်းကြောင်းမှ ဘေးကင်းစွာထွက်ခွာရန် အသင့်ပြင်ဆင်ပါ။

လမ်းကြောင်းအပေါ်မှာ ငြိမ်သက်စွာလင်းနေသော အနီရောင် "X" မှာ ဤယာဉ်ကြောလမ်းကြောင်းကို သင့်အား အသုံးပြုခွင့် မပေးထားပါဟု ဆိုလိုပါသည်။

လမ်းကြောင်းအပေါ်မှာ ငြိမ်သက်စွာလင်းနေသော တစ်ဖက်သွား ဘယ်ကွေ့မြှားမှာ သင့်အနေဖြင့် ထိုလမ်းကြောင်းပေါ်တွင် ရှိနေလျှင် ဘယ်ဘက်သို့သာ ကွေ့ရမည်ဟု ဆိုလိုပါသည်။

လမ်းကြောင်းအပေါ်မှာ ငြိမ်သက်စွာလင်းနေသော နှစ်ဖက်သွား ဘယ်ကွေ့မြှားမှာ သင့်အနေဖြင့် ထိုလမ်းကြောင်းပေါ်တွင် ရှိနေလျှင် ဘယ်ဘက်သို့သာ ကွေ့ရမည်ဟု ဆိုလိုသော်လည်း ထိုလမ်းကြောင်းကို ဆန့်ကျင်ဖက်ယာဉ်ကြောမှ ချဉ်းနင်းဝင်ရောက်လာသော ဘယ်ကွေ့ယာဉ်မောင်းနှစ်ဦး အသုံးပြုနိုင်ပါသည်။

လမ်းလျှောက်သွားလာသူဆိုင်ရာ အချက်ပြမီးများ

လမ်းလျှောက်သွားလာနေသူများသည် ယာဉ်ကြောနှင့် လမ်းလျှောက်သွားလာသူဆိုင်ရာ အချက်ပြမီးများကို လေးစားလိုက်နာရမည်။ သင် လေးစားလိုက်နာရမည့် လမ်းလျှောက်သွားလာသူဆိုင်ရာ အချက်ပြမီးများမှာ **လမ်းကူးပါ** နှင့် **လမ်းမကူးရ** မီးများ သို့မဟုတ် မီးလင်းနေသော လမ်းလျှောက်နေသည့် လူရုပ်ပုံ (လမ်းကူးနိုင်သည်ဟု ဆိုလိုသည်) နှင့် မြှောက်ထားသည့်လက်ပုံ (လမ်းမကူးရဟု ဆိုလိုသည်) တို့ဖြစ်သည်။ လမ်းဆုံလမ်းခွတွင် လမ်းလျှောက်သွားလာသူဆိုင်ရာ အချက်ပြမီး တစ်စုံတစ်ရာမရှိပါက လမ်းလျှောက်သွားလာသူများသည် မီးနီ၊ မီးဝါနှင့် မီးစိမ်းတို့ကို လိုက်နာရမည်။

တစ်ခါတစ်ရံတွင် လမ်းလျှောက်သွားလာသူများသည် ယာဉ်ကြောနှင့် လမ်းလျှောက်သွားလာသူဆိုင်ရာ အချက်ပြမီး များနှင့်ပတ်သက်၍ ၎င်းတို့စောင့်ထိန်းရမည့် တာဝန်များကို သတိမထားမိကြပါ။ အချက်ပြမီးများကို မလိုက်နာသည့် လမ်းလျှောက်သွားလာသူ များအတွက် သတိရှိပါ။ လမ်းလျှောက်သွားလာသူများကို အမြဲဦးစားပေးပါ။

ငြိမ်သက်စွာလင်းနေသော **လမ်းကူးမီး** သို့မဟုတ် လမ်းလျှောက်နေသည့် လူရုပ်ပုံ ပေါ်လာ သည့်အခါ စတင်ဖြတ်ကူးပါ။ သို့သော် လမ်းအသုံးပြုခွင့်ကို ဥပဒေနှင့်အညီ မလိုက်နာဘဲ ကျွေ့နေသောယာဉ်များကို သတိထားပါ။

လမ်းမကူးရ မှိတ်တုတ်မီး လင်းလာသောအခါ သို့မဟုတ် မြှောက်ထားသည့်လက်ပုံ မှိတ်တုတ်မီးလင်းလာသည့် အခါ -

a. သင်သည် လမ်းထဲတွင် ရောက်နေပါကလမ်းဖြတ်ကူးခြင်းကို ရပ်တန့်ပါ။

b. ပလက်ဖောင်းဆုံးနေပါက **ကူးဖြတ်ရန် မစတင်ပါနှင့်။**

ငြိမ်သက်စွာလင်းနေသော **လမ်းမကူးရ** စာသား သို့မဟုတ် ငြိမ်သက်စွာလင်းနေသော မြှောက်ထားသည့်လက် ပြသနေပါက လမ်းမကူးပါနှင့်။

မျက်မမြင် လမ်းလျှောက်သွားလာသူများ

မျက်မမြင်လမ်းလျှောက်တုတ် ကိုင်ဆောင်၍ သို့မဟုတ် လမ်းပြခွေးတစ်ကောင်ဖြင့် လမ်းလျှောက်နေသော မျက်မမြင် လမ်းလျှောက်သွားလာသူတစ်ဦးအနီးတွင် မောင်းနှင်သောအခါ သင်အနေဖြင့် အရှိန်လျှော့ပြီး လမ်းအသုံးပြုခွင့်ကို အမြဲဦးစားပေးကာ သတိဖြင့် ဆောင်ရွက်ပါ။ လမ်းလျှောက်သွားလာသူများအား ထိခိုက်ဒဏ်ရာ သို့မဟုတ် အန္တရာယ်မဖြစ်အောင် ကာကွယ်ရန်အတွက် သင်၏ယာဉ်ကို ရပ်တန့်ရန် အသင့်ပြင်ထားပါ။

ကျောင်းနယ်မြေ အချက်ပြမီးများ

ကျောင်းနယ်မြေ အချက်ပြမီးများမှာ ကျောင်းနယ်မြေအတွင်း အမြန်နှုန်းကန့်သတ်ထားသည့် သင်္ကေတများ ကပ်နှိပ်ထားသော အဝါရောင် အချက်ပြမှိတ်တုတ်မီးများ ဖြစ်သည်။ အဝါရောင် အချက်ပြမှိတ်တုတ်မီးများ လင်းနေချိန် သို့မဟုတ် သင်္ကေတတွင် ဖော်ပြထားသည့် အချိန်ကာလအတွင်း သင်သည် တစ်နာရီ 15 မိုင်နှုန်းထက်ကျော်၍ မမောင်းရ။ ကျောင်းနယ်မြေအတွင်း သတ်မှတ်ထားသည့် အမြန်နှုန်းထက် ကျော်လွန်နေလျှင် ယာဉ်မောင်းမှတ်တမ်းတွင် ပွိုင့် သုံး (3) ခု ရရှိမည်ဖြစ်ပြီး ဒဏ်ငွေလည်း ဆောင်ရမည်ဖြစ်သည်။

ရထားဖြတ်လမ်း အချက်ပြများ

ယာဉ်မောင်းသူများသည် ရထားဖြတ်လမ်းသင်္ကေတကို ဖြတ်သန်း၍ ရထားလမ်းဆီချဉ်းကပ်လာသည့်အခါ သတိရှိရမည်ဖြစ်သည်။ ရထားဖြတ်လမ်းများကို အချိန်တိုင်း သတိဖြင့် ချဉ်းကပ်ရပါမည်။ သင်သည် လမ်းနစ်ဖက်စလုံးကို အမြဲကြည့်ရှုရမည်ဖြစ်ပြီး ရထားလမ်းများကို မဖြတ်သန်းမီ ချဉ်းကပ်လာနေသော ရထားအသံများ သို့မဟုတ် အချက်ပြအသံများကို နားထောင်ရပါမည်။

ရထားဖြတ်လမ်းသင်္ကေတများနှင့် အချက်ပြများကို လိုက်နာပါ

သင့်အနေဖြင့် ရထားချဉ်းကပ်လာနေကြောင်း အချက်ပြ သည့်အခါတိုင်း ရထားဖြတ်လမ်းများတွင် ရပ်တန့်ရပါမည်။ ထိုအချက်ပြချက်များမှာ အနီရောင်မှိတ်တုတ်မီးများ၊ ဂိတ်ဖြတ်လမ်း အတားအဆီးကို နိမ့်ထားခြင်း။ အလံလွှင့် အချက်ပြခြင်း သို့မဟုတ် ရထား၏အသံဖြင့် အချက်ပြ သတိပေးခြင်းတို့ ပါဝင်ပါသည်။ မည်သည့်ဂိတ်တွင်မဆို ရှေ့သို့ ဖြတ်မသွားပါနှင့် သို့မဟုတ် အနီးအနားသို့ သွားရန် မကြိုးစားပါနှင့် သို့မဟုတ် ချဉ်းကပ်လာသော ရထားအချက်ပြမှုတစ်စုံတစ်ရာကိုမှ လျစ်လျူမရှုပါနှင့်။ ရထားဖြတ်လမ်းတွင် မည်သည့်အချက်ပြမီးမှ မရှိပါက ရထားချဉ်းကပ်လာသံကို မြင်ရ သို့မဟုတ် ကြားရရန် သင့်အနေနှင့် အရှိန်လျှော့၍ ရပ်တန့်ဖို့ ပြင်ဆင်သင့်သည်။

အချက်ပြချက်များအားလုံး ပြီးဆုံးသွားပြီး ရထားဖြတ်လမ်းဆီသို့ ချဉ်းကပ်လာနေသည့် ရထားများမရှိဟု သိရှိသည့်အခါမှသာ သတိဖြင့် ဆက်သွားပါ။

သင့်အနေဖြင့် ရထားချဉ်းကပ်လာနေပြီး အချက်ပြအသံများ ကြားရပါက သို့မဟုတ် ရထားကို ထင်ထင်ရှားရှားမြင်တွေ့ရပြီး ရထားဖြတ်လမ်းတွင် အန္တရာယ်ရှိနိုင်သည့်အလားအလာ ရှိပါက ရပ်တန့်သင့်ပါသည်။

ရထားလာသည်ဖြစ်စေ မလာသည်ဖြစ်စေ သင်၏ယာဉ်ကို ရထားလမ်းပေါ်တွင် မရပ်တန့်ပါနှင့်။ ယာဉ်လမ်းကြောအချက်ပြမီး၊ ရပ်တန့်ရေး သင်္ကေတ သို့မဟုတ် အခြားမည်သည့်အကြောင်း တစ်ခုခုကြောင့်မဆို ယာဉ်များတန်းစီစောင့်နေပါက သင်၏ယာဉ်ကို ရထားလမ်းနှင့် လုံးဝလွတ်ကင်းသည့်နေရာတွင် သေချာရပ်တန့်ပါ။

အဝေးပြေလမ်း- ရထားလမ်း လမ်းဆုံတွင် အန္တရာယ်ကင်းစွာ မည်သို့ဖြတ်သန်းမည်နှင့် ပတ်သက်သည့် အချက်အလက်များ အတွက် အခန်း 3 ကို ရှုပါ။

သင်္ကေတများ

သင်္ကေတများကို အခြေခံအမျိုးအစား သုံး (3) မျိုးဖြင့် ပိုင်းခြားထားသည်။ စည်းကမ်းပိုင်းဆိုင်ရာ၊ သတိပေးရေးဆိုင်ရာနှင့် ညွှန်ပြရေးဆိုင်ရာ သင်္ကေတများ။ အမျိုးအစားတစ်ခုစီအတွင်းရှိ သင်္ကေတအများအပြားများမှာ အထူးပုံသဏ္ဌာန်နှင့် အရောင်အဆင်း ရှိပါသည်။

စည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတများ

စည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတများမှ သင့်အား ဥပဒေအရ မည်သည်ကို လိုက်နာဆောင်ရွက်ရမည် သို့မဟုတ် မည်သည် ကို မလုပ်ဆောင်ရ စသည်တို့ကို ပြောပြပေးသည်။ ဤသင်္ကေတများပေါ်တွင် ပြဋ္ဌာန်းထားသော စည်းကမ်းများမှ သင့်အား အမြန်နှုန်းကန့်သတ်ချက်များ၊ ယာဉ်ကြောလမ်းညွှန်၊ ယာဉ်ကွေ့ခြင်းဆိုင်ရာ ကန့်သတ်မှုများ၊ ယာဉ်ရပ်နားခြင်းဆိုင်ရာ ကန့်သတ်မှုများ စသည်တို့ကို ညွှန်ကြားပေးပါသည်။ စည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတများပေါ်မှ စာသားများကို မလိုက်နာလျှင် သင်သည် ဥပဒေကို ချိုးဖောက်သည့်အတွက် ဒဏ်တပ်ခံရမည်၊ ယာဉ်မောင်းမှတ်တမ်းတွင် ပွိုင့်များ ရရှိမည်ဖြစ်သည်။ သင်သည် စည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတများပေါ်မှ စာသားများကို မလိုက်နာလျှင် မိမိကိုယ်ကိုနှင့် သူတစ်ပါး၏ ဘေးကင်းလုံခြုံမှုကိုပါ အန္တရာယ်ဖြစ်စေသည် - ဥပမာ - ယာဉ်ရပ်တန့်ရေးသင်္ကေတနေရာတွင် မရပ်တန့်ခြင်း၊ ကျော်တက်ရန် အန္တရာယ်မကင်းသော်လည်း အခြားကားတစ်စီးကို ကျော်တက်ခြင်း၊ ဖော်ပြထားသည့် အမြန်နှုန်းထက်ကျော်၍ မောင်းနှင်ခြင်း သို့မဟုတ် တစ်လမ်းသွားလမ်းပေါ်တွင် မမှန်မကန် မောင်းနှင်ခြင်း။

အများအားဖြင့် စည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတများမှာ **မြန်နှုန်းကန့်သတ်ထားသည့်** သင်္ကေတများကဲ့သို့ အဖြူ၊ အမဲ ဒေါင်လိုက် ထောင့်မှန်စတုဂံများ သို့မဟုတ် စတုရန်းပုံများ ဖြစ်သည်။ စည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတအချို့မှာ စက်ပိုင်းကို မျှင်းဖြတ်ထားသည့် **ဘယ်မကွေ့ရ** သင်္ကေတကဲ့သို့ အဖြူ၊ အမဲနှင့် အနီများဖြင့် ဖြစ်သည်။ အခြားစည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတများမှာ **ရပ်တန့်ပါ၊ ဦးစားပေးပါ၊ မဝင်ရ**နှင့် **လမ်းမှား**သင်္ကေတများကဲ့သို့ အနီနှင့် အဖြူ ဖြစ်သည်။

ရပ်တန့်ပါ သင်္ကေတမှာ သင် အဝေးပြေးလမ်းမပေါ်တွင် တွေ့မြင်နိုင်သည့် အဌဂံပုံ (အနား 8 နားပါသည့်) သင်္ကေတတစ်ခုသာ ဖြစ်သည်။ **ရပ်တန့်ပါ** သင်္ကေတရှိသည့် လမ်းဆုံတစ်ခုတွင် သင်သည် ယာဉ်ကို အပြည့်အဝရပ်နားပြီး သင် ထပ်မသွားမီ လမ်းဆုံတွင် ရှင်းလင်းမှုရှိမရှိသိရှိရန် လမ်းလျှောက်သွားလာသူများနှင့် ဖြတ်သန်းသွားနေသည့်ယာဉ်ကြောကို စစ်ဆေးပါ။ အပြည့်အဝမရပ်တန့်ဘဲ အရှိန်လျှော့သွားခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။

သင်သည် လူကူးမျဉ်း သို့မဟုတ် ရပ်တန့်ရမည့် မျဉ်းကြောင်း (ထိပ်ဆုံးအဖြူရောင် မျဉ်းကြောင်း) ကို မြင်တွေ့သောအခါ ပထမဆေးသုတ်ထားသောမျဉ်းကြောင်းကို သင်၏ယာဉ်ဦး မရောက်မီ ရပ်တန့်ပါ။ ယာဉ်အသွားအလာကို မမြင်ရပါက လမ်းလျှောက်သွားလာသူ များကို ဦးစားပေးပြီး သင် ထင်ထင်ရှားရှားမြင်နိုင်သည်အထိ မျဉ်းကြောင်းကို ဂရုတစိုက် တရွေ့ရွေ့ကျော်ပါ။ ယာဉ်အသွားအလာနှင့် လမ်းလျှောက်သွားလာသူများကို စစ်ဆေးကြည့်ပြီး လမ်းဆုံရှင်းလင်းသည့်အခါ ရှေ့ဆက်သွားပါ။

ဤသင်္ကေတကို ရပ်တန့်ရေးသင်္ကေတများနှင့်အတူ ပေါင်းစပ်၍လည်း အသုံးပြုပါသည်။ ဤသင်္ကေတမှ ယာဉ်မောင်းသူများအား မရပ်တန့်ဘဲ ညာဘက် ကို ကွေ့သွားစေရန် လမ်းဖွင့်ပေးပါသည်။

လမ်းလေးဘက်ဆုံရပ်တန့်ရေး သင်္ကေတဆိုသည်မှာ လမ်းဆုံတစ်ခုမှာ လေးဘက်လုံးရပ်တန့်ရေး သင်္ကေတများ ရှိရမည်။ လေးဘက်လေးတန်မှလာသော ယာဉ်များအားလုံး ရပ်တန့်ရမည်။ လမ်းဆုံသို့ ရောက်ရှိရန် ပထမရောက်ရှိလာသည့်ယာဉ်သည် ပထမဆုံး ရှေ့သို့ သွားသင့်သည်။ အကယ်၍ လမ်းဆုံသို့ ယာဉ်နှစ်စီး တစ်ချိန်တည်းပြိုင်တူ ရောက်ရှိလာလျှင် ဘယ်ဘက်မှ ယာဉ်မောင်းသည် ညာဘက်မှ ယာဉ်မောင်းအား ဦးစားပေးရမည်။ တစ်စီးနှင့်တစ်စီး မျက်နှာချင်းဆိုင်နေပါက ဖြစ်နိုင်သည့် အချိုးအကွေ့များကို ကြည့်၍ နှစ်စီးစလုံး သတိဖြင့် ရှေ့ဆက်မောင်းနှင်နိုင်သည်။

ဦးစားပေးရေး သင်္ကေတများမှာ တြိဂံပုံ (3 နားပါပုံ) ဖြစ်သည်။ သင်သည် ဤသင်္ကေတကို မြင်တွေ့သည့်အခါ အရှိန်လျှော့၍ ယာဉ်အသွားအလာကို စစ်ဆေးကာ လမ်းလျှောက်သွားလာသူ မျိုနှင့် ချည်းနင်းဝင်ရောက်လာသောယာဉ်များကို လမ်းအသုံးပြုခွင့်ပေးပါ။ သင်သည် လိုအပ်သည့်အချိန်တွင် ရပ်တန့်ပေးရမည်။ ပုံမှန်ယာဉ်ကြောစီးဆင်းမှုကိုမစွက်ဖက်ဘဲ အန္တရာယ်ကင်းစွာ လုပ်ဆောင်နိုင်သည့်အခါ ဆက်သွားပါ။ သင်သည် **ရပ်တန့်ရေး** သို့မဟုတ် **ဦးစားပေးရေး** သင်္ကေတရှိ သည့် နေရာတစ်ခုခုတွင် ရှေ့ဆက်မသွားမီ မီးပွိုင့်တွင် လုံလောက်သော နေရာလွတ်ရှိရမည်ဖြစ်ကြောင်း မှတ်သားထားပါ။

ဤသင်္ကေတကို ဦးစားပေးရေး သင်္ကေတနှင့်အတူ တွဲ၍ တစ်လမ်းသွားတံတား သို့မဟုတ် ခုံးကျော်တံတား အောက်လမ်းနေရာတွင် ယာဉ်မောင်းသူများအား တစ်လမ်း သွားလမ်းတွင် မျက်နှာချင်းဆိုင်ယာဉ်ကို လမ်းအသုံးပြုခွင့် ဦးစားပေးရန် လိုအပ်ကြောင်း သတိပေးရန် အသုံးပြုထားပါ သည်။

ရထားလမ်း ကြက်ခြေခတ် သင်္ကေတ ဤသင်္ကေတအား ကားလမ်းကို ဖြတ်သန်းသွားသည့် ရထားဖြတ်လမ်းတွင် ကပ်ထားပါသည်။ သင်သည် ကြက်ခြေခတ်သင်္ကေတကို **ဦးစားပေး**သင်္ကေတကဲ့သို့ မှတ်ယူသင့်ပြီး ရထားချည်းကပ်လာနေခြင်းရှိမရှိ သိရှိရန် အရှိန်လျှော့ကာ ရပ်တန့်ဖို့ ပြင်ဆင်သင့်သည်။ ရထားလမ်းကို ဘေးကင်းလုံခြုံစွာ ဖြတ်သန်းရေးနှင့်ပတ်သက်၍ အချက်အလက် ပိုမိုသိရှိလိုပါက အခန်း 3 ကို ရှုပါ။

မဝင်ရနှင့် လမ်းမှားသကေ်တများသည် အဖွဲ့တစ်ခုက၏သို့ အလုပ်လုပ်သည်။ **မဝင်ပါရ** သကေ်တကို တစ်လမ်းသွားလမ်းများနှင့် ကုန်းလျှောလမ်းများအစတွင် ထားရှိပါသည်။ ဤသကေ်တကို သင် မြင်တွေ့သောအခါ ထိုလမ်း သို့မဟုတ် ကုန်းလျှောလမ်းပေါ်မှ သင် ဦးတည်သွားနေသောနေရာဘက်သို့ ဖြတ်မမောင်းပါနှင့်။

လမ်းမှား သကေ်တများကို တစ်လမ်းသွားလမ်း သို့မဟုတ် ကုန်းလျှောလမ်း အောက်ဘက်အဆုံးတွင် ကပ်ထားပါသည်။ အကယ်၍ သင်သည် ထိုလမ်း သို့မဟုတ် ကုန်းလျှောလမ်းပေါ်သို့ မတော်တဆ ကွေ့မိပါက သင် သတိပြုမိစေရန် ယင်းသကေ်တများကို ထိုနေရာတွင် ကပ်ပေးခြင်းဖြစ်သည်။

တစ်လမ်းသွား သကေ်တဆိုသည်မှာ ယာဉ်များကို သကေ်တ ညွှန်ပြထားသည့်ဘက်သို့သာ သွားခွင့်ပြုထားပါသည်။ အကယ်၍ သင်သည် တစ်လမ်းသွားလမ်းပေါ်တွင် ကွေ့ပြီး ဆန့်ကျင်ဘက်ဆီသို့ သွားပါက သင်သည် ကားခေါင်းချင်းတိုက်ခံရမည့် အလားအလာရှိပါသည်။

ခွဲထွက်သွားသော အဝေးပြေးလမ်းမ

ဤသကေ်တမှာ သင်ရောက်ရှိနေသောလမ်းမနှင့် ခွဲထွက်သွားသော အဝေးပြေးလမ်း ဆုံမှတ် ဖြစ်သည်။ ခွဲထွက်သွားသော အဝေးပြေးလမ်းသည် အလယ်မျဉ်း သို့မဟုတ် သံဘောင်အကာဖြင့် ပိုင်းခြားထားသည့် တစ်လမ်းသွားလမ်းမကြီးနှစ် (2)ခု ဖြစ်သည်။ ပထမလမ်းမတွင် သင်သည် ညာဘက်ကိုသာ ကွေ့နိုင်မည်ဖြစ် ပြီး ဒုတိယလမ်းမတွင် ဘယ်ဘက်ကိုသာ ကွေ့နိုင်မည်ဖြစ် သည်။

ထရပ်ကားများ မဝင်ရ

စက်ဘီးမဝင်ရ

လူမကူးရ

ထရပ်ကား မဝင်ရ၊ စက်ဘီး မဝင်ရနှင့် လူမကူးရ

ထရပ်ကားများ၊ စက်ဘီးများမောင်းနှင်သူများနှင့် လမ်းလျှောက်သွားလာသူများအနေဖြင့် ဤသကေ်တများ ကပ်ထားသည့် လမ်းများကို အသုံးမပြုရ။

ေအာက္ပါသေက၊တမ်းကို အခ်ိန္အပိုင္း အျခားတစ္ခု သို့ မဟုတ္ အခ်ိန္တိုင္း အခ်ိဳ့သာလုပ္ေဆာင္မ မ်ားကို တားျမစ္ထားသည့္ေနရာတြင္ ထားရွိပါသည္။

ဂယက်ကွေ့ မကွေ့ရ

ဤသကေ်တသည် ဂယက်ကွေ့ ကွေ့ခြင်းကို တားမြစ်ထားသည်။ ဆန့်ကျင်ဘက်နေရာသို့ သွားရန် တစ်ပတ်လည်မကွေ့ပါနှင့်။

ညာမကွေ့ရ

ဤသကေ်တမှ ညာဘက်ကွေ့ခြင်းကို တားမြစ်ထားကြောင်း ညွှန်ပြထားသည်။ ဤလမ်းဆုံတွင် ညာဘက်ကို မကွေ့ပါနှင့်။

ဘယ်မကွေ့ရ

ဤသကေ်တမှ ဘယ်ဘက်ကွေ့ခြင်း တားမြစ်ထားကြောင်း ညွှန်ပြထားသည်။ ဤလမ်းဆုံတွင် ဘယ်ဘက်ကို မကွေ့ပါနှင့်။

ယာဉ်မရပ်ရ

သင်သည် ဤသကေ်တ ကပ်ထားသောနေရာများတွင် ယာဉ်ရပ်နားခြင်း မပြုရ။

မဖြတ်ရ

ဤသကေ်တကို ဦးတည်ဘက်တစ်ခုတည်းကို သွားနေ သော မည်သည့်ယာဉ်အမျိုးအစားမှ ဖြတ်သန်းခွင့်မရှိသည့် နေရာများတွင် ထားရှိနိုင်ပါသည်။ ၎င်းကို **ဖြတ်မသွားရန်ယမ်မြေ** ("သတိပေးသကေ်တများ"အဖြစ် ညွှန်းဆို) ဟု ရေးထားသော အဝါရောင်တံခွန်ပုံသကေ်တနှင့် အတူတွဲ၍ မကြာခဏအသုံးပြုလေ့ရှိသည်။

အောက်ပါ **လမ်းကြောင်းအသုံးပြုထိန်းချုပ်ရေး သကေ်တများ (လမ်းညွှန်)** ကို ထိုလမ်းတွင် မည်သည့်မောင်းနှင်မှု(များ) ကို ခွင့်ပြုထားကြောင်းပြသရန် ထိန်းချုပ်ပေးသည့် ယာဉ်ကြော လမ်းကြောင်းအပေါ် လမ်းဆုံများ၌ သို့မဟုတ် လမ်းဆုံများ အနီးတွင် တပ်ထားပေးထားပါသည်။

ဤသကေ်တမှ ဘယ်ဘက်လမ်းကြောင်း လမ်းဆုံထိပ်တွင် ရှိသော ယာဉ်သည် ဘယ်ဘက်သို့ ကွေ့ရမည်ဖြစ်ပြီး ကပ်ရပ် လမ်းကြောင်း ပေါ်တွင်ရှိသော ယာဉ်သည် ဘယ်ဘက်သို့ ကွေ့နိုင် သို့မဟုတ် တည့်တည့်သွားနိုင်သည်ကို ညွှန်ပြပါသည်။

အလယ်လမ်းကြောင်း ဘယ်သို့သာ ကွေ့ရန်

ဤသကေ်တမှ မည်သည့်ဘက်မှမဆို ဘယ်ဘက်သို့ ကွေ့နေသည့် ယာဉ်များ သီးသန့်အသုံးပြုရန်အတွက် အရန်ထားသည့် လမ်းကြောင်းကို ညွှန်ပြပေးပြီး ယာဉ်သွားနေချိန် သို့မဟုတ် ဖြတ်သန်းနေချိန်တွင် အသုံးပြုမည်မဟုတ်ပါ။

လမ်းကြောင်းအသုံးပြုထိန်းချုပ်ရေး သင်္ကေတများ *(ဆက်ရန်)*

ဘယ် သို့မဟုတ် ညာ ကွေ့



တည့်တည့်သွား သို့မဟုတ် ညာကွေ့

ညာကွေ့ သီးသန့်

ဘယ်ကွေ့ သီးသန့်

အကယ်၍ သင်သည် ဤကဲ့သို့သော သင်္ကေတများဖြင့် ထိန်းချုပ်ထားသည့် လမ်းကြောင်းထဲသို့ ရောက်ရှိနေပါက သင်သည် မြားဖြင့် ညွှန်ပြထားသည့် မည်သည့်ဘက်ကိုမဆို သွားနိုင်သည်။

အကယ်၍ သင်သည် လမ်းဆုံတစ်ခုသို့ရောက်ရှိချိန်တွင် အကွေ့ပြုမြားနှင့် "သီးသန့်" ဟူသော စကားလုံးပါသည့် သင်္ကေတတစ်ခုဖြင့် ထိန်းချုပ်ထားသည့် လမ်းကြောင်းထဲသို့ ရောက်ရှိနေပါက သင်သည် ကွေ့ရမည်ဖြစ်သည်။ အကယ်၍ လမ်းမှား၍ တစ်ဖက်ကွေ့ လမ်းကြောင်းတစ်ခုသို့ ရောက်ရှိနေပင်လျှင် သင်သည် မြားဖြင့် ညွှန်ပြထားသည့် ဘက်သို့သာလျှင် သွားနိုင်ပါသည်။

ညာကပ်
ဤသင်္ကေတများမှ ယာဉ်မောင်းများအား လမ်းလယ်ကျွန်း သို့မဟုတ် လမ်းခွဲဘောင် ညာဘက်သို့ ကပ်မောင်းရန် မိန့်ညွှန်ပေးပါသည်။

ညာကွေ့ အချက်ပြ
ဤသင်္ကေတအား အချက်ပြမှ ညာကွေ့ ရွှေ့လျားမှုများကို ထိန်းချုပ်ထားကြောင်း ပြသရန် ယာဉ်ကြောအချက်ပြမီးနားတွင် ကပ်ထားပါသည်။

မြန် **နှုန်းကန့်သတ်ထားသည့်** သင်္ကေတမှ ထိုသင်္ကေတ ကပ်ထားသည့် အဝေးပြေး လမ်းမခံနိုင်ရည် စံအခြေအနေများအရ အများဆုံးတရားဝင် အမြန်နှုန်းကို ညွှန်ပြပေးပါသည်။ သင်၏ဘေးကင်းလုံခြုံမှုသည် ဆိုးဝါးသော အခြေအနေများအလိုက် ဖော်ပြထားသည့် အမြန်နှုန်းထက် ပို၍အရှိန်လျှော့မောင်းနှင်ခြင်းအပေါ် မူတည်နေပါသည်။

ဆယ်ကျော်သက်ရွယ် ယာဉ်တိုက်မှု အချက်အလက်
"အခြေအနေများအရ အလွန်အလျင်အမြန်မောင်းနှင်ခြင်းသည်" 16 နှစ် 17 နှစ် ယာဉ်မောင်းများ ယာဉ်တိုက်မှုများ ဖြစ်ပွားရသည့် နံပါတ် 1 အကြောင်းအရင်းတစ်ခု ဖြစ်သည်။

သင်သည် ဤသင်္ကေတများ ကပ်ထားသည့် လမ်းဆုံတစ်ခုတွင် အနီရောင်မီး လင်းနေချိန်အတွင်း ကွေ့နိုင်ပါ။ သင်သည် အစိမ်းရောင်မီး လင်းလာသည့်အချိန်ကို စောင့်ဆိုင်းရပါမည်။

အဝါရောင် မှိတ်တုတ်မီးမြား လင်းလာသောအခါ ဘယ်ကွေ့ကို ဦးစားပေးပါ
ဤသင်္ကေတသည် အဝါရောင် မှိတ်တုတ်မီး လင်းလာသောအခါ ဘယ်ကွေ့ခြင်းကို ခွင့်ပြုထားကြောင်း ဖော်ပြသည်။ သို့သော် သင်သည် သွားနေသော ယာဉ်များကို ဦးစားပေးရမည်။ ဤသင်္ကေတကို အဝါရောင် မှိတ်တုတ်မီးမြား လင်းနေသောအချိန် ဘယ်ကွေ့ခြင်းမှာ လုံခြုံမှုမရှိကြောင်း ယာဉ်မောင်းများအား သတင်းပေးရန် ဘယ်ကွေ့ယာဉ်ကြောအချက်ပြမီးအနီး လမ်းဆုံများတွင် အများအားဖြင့် တပ်ဆင်ထားပါသည်။

မီးစိမ်းလင်းလာသောအခါ ဘယ်ကွေ့ကို ဦးစားပေးပါ
ဤသင်္ကေတမှာ ဘယ်ကွေ့ခြင်းကို ခွင့်ပြုထားကြောင်း ဖော်ပြထားသည်။ သို့သော် သင်သည် သွားနေသော ယာဉ်များကို ဦးစားပေးရမည်။ ၎င်းကို စက်ပိုင်းပုံအစိမ်းရောင် အချက်ပြမီး မီးလင်းနေသော အချိန် ဘယ်ကွေ့ခြင်းမှာ လုံခြုံမှုမရှိကြောင်း ယာဉ်မောင်းများအား အသိပေးရန် ဘယ်ကွေ့ယာဉ် ကြောအချက်ပြမီးအနီး လမ်းဆုံများ တွင် အများအားဖြင့် တပ်ဆင်ထားပါ သည်။

မျက်နှာချင်းဆိုင် ယာဉ်ကြော ဆက်လက်မီးစိမ်းနေခြင်း
ဤသင်္ကေတကို သင့်အချက်ပြမီး အနီရောင်ပြောင်းသွားပြီး နောက် မျက်နှာချင်းဆိုင် ယာဉ်များ ဆက်လက် သွားမည့်နေရာတွင် ကပ်ထားပါသည်။

သီးသန့်သတ်မှတ်ထားသည့် ယာဉ်ရပ်နား နေရာ
ဤသင်္ကေတမှာ အဖြူ အမဲမဟုတ်သော်ငြားလည်း ၎င်းမှာ စည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတ ဖြစ်သည်။ ယင်းမှာ မသန်စွမ်းသူများ သို့မဟုတ် အပြင်းအထန် မသန်စွမ်း စစ်မှုထမ်းဟောင်းများအတွက် သီးသန့်ယာဉ်ရပ်နားရာ ဇရိယာများဖြစ်ကြောင်း သတ်မှတ်ထားသည်။ ဤနေရာများတွင် ရပ်နားထားသည့် ယာဉ်များတွင် တရားဝင် ခွင့်ပြုထားသည့် မှတ်ပုံတင်နံပါတ်ပြားများ သို့မဟုတ် ယာဉ်ရပ် နားကတ်များ ကပ်ထားရမည်။ တရားဝင်ခွင့်ပြုမထားသည်ယာဉ်များ ဤနေရာများတွင် ရပ်နားထားလျှင် ဒဏ်တပ်ခံရမည် သို့မဟုတ် ရွှေ့ပြောင်း စရိတ်ပေးဆောင်ရမည်။

သတိပေး သင်္ကေတများ

သတိပေး သင်္ကေတများသည် သင့်အား ရှေ့ လမ်းမ ပေါ်မှ သို့မဟုတ် အနီးအနားမှ အခြေအနေများကို ပြောပြပါသည်။ ၎င်းတို့မှ သင့်အား လမ်းမအခြေအနေများနှင့်ပတ်သက်၍ ဖြစ်နိုင်ဖွယ်ရှိသောအွန္တရာယ်များ သို့မဟုတ် ပြောင်းလဲမှုများ အကြောင်းကို သတိပေးပါသည်။ ၎င်းတို့ကို အနေအထားတစ်ခုမတိုင်မီ ကပ်ထား၍ ရှေ့မှာ မည်သည်တို့ရှိနေသည်ကို စစ်ဆေးရန်နှင့် မည်သို့ တုံ့ပြန်ရ မည်ကို ဆုံးဖြတ်ရန် သင့်မှာ အချိန်ရှိမည်ဖြစ်ပြီး လိုအပ်ပါက အရှိန်လျှော့ပါ သို့မဟုတ် လမ်းလွှဲပါ။ သတိပေး သင်္ကေတများကို အများအားဖြင့် နောက်ခံ အဝါရောင်ပေါ်တွင် အမဲရောင် သင်္ကေတများ သို့မဟုတ် စကားလုံးများပါသည့် စိန်ပွင့်သဏ္ဌာန်ပုံ ဖြစ်သည်။

ဖြတ်မသွားရ နယ်မြေ

ဤပုံမှာ တံခွန်ပုံသတိပေးသင်္ကေတစ်ခုသာ ဖြစ်သည်။ ဤသင်္ကေတသည် ဖြတ်မသွားရ နယ်မြေ၏အစပိုင်းကို သတ်မှတ်ဖော်ပြပေးပြီး ယာဉ်မောင်းကို မျက်နှာချင်းဆိုင်၍ လမ်း၏ဘယ်ဘက်ခြမ်းတွင် ကပ်ထားပါသည်။



V သဏ္ဌာန် လမ်းအွန္တရာယ်ပြ သင်္ကေတများ

လမ်း၏ဘယ်ဘက် သို့မဟုတ် ညာဘက်သို့ အကွေ့အကောက်ကဲ့သို့ လမ်း၏ဦးတည်ဘက် ရုတ်တရက်အပြောင်းအလဲ ရှိပါသည်။ လမ်းမသည် V သဏ္ဌာန် လမ်းအွန္တရာယ်ပြ သင်္ကေတ ညွှန်ပြသည့်ဘက်သို့ ကွေ့သွားပါသည်။ ၎င်းကို လမ်းအကွေ့အကောက်အတွက် အသုံးပြုသောအခါ သာလွန်အကွေ့အကောက် သတိပေးသင်္ကေတ ရှိနိုင်ပြီး အကွေ့အကောက်လမ်းတလျောက် V သဏ္ဌာန် လမ်းအွန္တရာယ်ပြ သင်္ကေတအများအပြား ထားရှိနိုင်ပါသည်။

ဘယ်အကွေ့

ရှေ့တွင် လမ်းသည် ဘယ်ဘက်သို့ ကွေးကောက်သွားသည်။ သင်သည် အရှိန်လျှော့ရန် လိုအပ်ပြီး သင်သွားနေသော လမ်းအလယ်တွင်နေကာ ဘယ်ဘက်သို့ကွေးသော အကွေ့အတိုင်း မောင်းနှင်ရန် ပြင်ဆင်ပါ။

ညာအကွေ့

ရှေ့တွင် လမ်းသည် ညာဘက်သို့ ကွေးကောက်သွားသည်။ သင်သည် ညာဘက်သို့ကွေးသော အကွေ့အတိုင်း မောင်းနှင်ရ မည်ဖြစ်သဖြင့် သင်သည် အရှိန်လျှော့ရန် လိုအပ်ပြီး သင်၏ ယာဉ်ကို သင်သွားနေသောလမ်း၏အလယ်မှ ညာဘက်သို့ အနည်းငယ် နေရာယူပါ။

ရုတ်တရက် ဘယ်အကွေ့

ရှေ့တွင် လမ်းသည် ဘယ်ဘက်သို့ ရုတ်တရက် ကွေးကောက်သွားသည်။ သင်သည် သိသိသာသာအရှိန်လျှော့ရန် လိုအပ်ပြီး သင်ရောက်နေသော လမ်းအလယ်တွင်နေကာ ရုတ်တရက် ဘယ်ဘက်သို့ ကွေးသော အကွေ့အတိုင်း မောင်းနှင်ရန် ပြင်ဆင်ပါ။ အချို့သောရုတ်တရက် အကွေ့သင်္ကေများ၌ သင်္ကေတပေါ်တွင် သို့မဟုတ် ၎င်းအောက်တွင် ဖော်ပြထားသည့် အကြံပြုထားသော အမြန်နှုန်း ပါရှိပါသည်။

ရုတ်တရက် ညာအကွေ့

ရှေ့တွင် လမ်းသည် ညာဘက်သို့ ရုတ်တရက် ကွေ့ကောက်သွားသည်။ သင်သည် သိသိသာသာအရှိန်လျှော့ရန် လိုအပ်ပြီး သင်၏ ယာဉ်ကို သင်သွားနေသော လမ်း၏အလယ်မှ ညာဘက်သို့ အနည်းငယ် နေရာယူပြီး ရုတ်တရက်ကွေးသော ညာအကွေ့အတိုင်း မောင်းနှင်ရန် ပြင်ဆင်ပါ။ အချို့သောရုတ်တရက် အကွေ့သင်္ကေများ၌ သင်္ကေတပေါ်တွင် သို့မဟုတ် ၎င်းအောက်တွင် ဖော်ပြထားသည့် အကြံပြုထားသော အမြန်နှုန်း ပါရှိပါသည်။



အကွေ့အကောက် တည်ရှိနေပုံ

ရှေ့တွင် လမ်းသည် ပထမ၌ တစ်ဖက်ကို ကွေးသွားပြီးနောက် တွင် အခြားတစ်ဖက်သို့ ပြန်ကွေးကောက်သွားသည် (အကွေ့အကောက် နှစ် (2) ခု တည်ရှိပုံ)။ အရှိန်လျှော့ချပြီး အကွေ့အကောက်တည်ရှိနေသည့်ပုံအတိုင်း မောင်းနှင်ရန် ပြင်ဆင်ပါ။



ညာ၊ ဘယ် ရုတ်တရက်အကွေ့

ရှေ့တွင် လမ်းသည် ပထမ၌ တစ်ဖက်သို့ ရုတ်တရက် ကွေ့သွားပြီး နောက်တွင် အခြားတစ်ဖက်သို့ ပြန်ကွေ့ကောက်သွားသည်။ သိသိသာသာအရှိန်လျှော့ချပြီး အကွေ့အကောက်တည်ရှိနေ သည့်ပုံအတိုင်း မောင်းနှင်ရန် ပြင်ဆင်ပါ။

အကွေ့အကောက်များသော လမ်း (အကွေ့အကောက် အစီအရီ)
ဤသင်္ကေတသည် ရှေ့ကလမ်းမပေါ်တွင် အစဉ်လိုက် အကွေ့အကောက် သုံးခု (3) သို့မဟုတ် အများအပြားရှိကြောင်း ဖော်ပြသည်။

ဦးတည်ဘက်တစ်ခုပြ မြားကြီးပုံ
ရှေ့တွင် လမ်းသည် ထောင့်မှန်ကျကျ လမ်းကြောင်း ပြောင်းသွားသည်။ ထိုသို့ ထူးကဲသောအကွေ့အကောက်သို့ မရောက်မီ လမ်းဆုံတွင် ကွေ့ရန်အတွက် သင် လိုအပ်သည့် ပမာဏအထိ အရှိန်လျှော့ပါ။

လမ်းမပေါ် သို့ဝင်သော လမ်းအကွေ့
အဓိကလမ်းမကြီးသည် ညာဘက်က ဝင်ရောက်လာသော ခွဲလမ်းနှင့်အတူ ဘယ်ဘက်သို့ ကွေ့သွားပါသည်။ လမ်းဆုံသို့ အထူးသတိထား၍ ချဉ်းကပ်ပါ။ အကယ်၍ သင် အလွန်အလျင်အမြန်မောင်းနှင်ပါက အဓိက လမ်းမပေါ်သို့ ဝင်ရန် ပြင်ဆင်နေသော ယာဉ်မောင်းသည် လမ်းအကွေ့မှ ချဉ်းနှင်းဝင်ရောက်လာသော သင့်အား မတွေ့နိုင်သဖြင့် ယာဉ်တိုက်မှုကို ရှောင်ကြဉ်ရန် သင့်အတွက် နေရာအနည်းငယ်သာ ချန်ထားပြီး သင်၏ရှေ့တည့်တည့်မှ ဖြတ်မောင်းသွားနိုင်သည်။

ထရပ်ကား မှောက်လဲခြင်း
ဤသင်္ကေတသည် အရှိန်အဟုန်နှင့် မောင်းနှင်လာ သော ထရပ်ကားများ မှောက်လဲနိုင်သော အကွေ့အကောက် များကို ဖော်ပြပေးပါသည်။

အကြံပြုထားသော အမြန်နှုန်း သင်္ကေတများ
ဤသင်္ကေတကို စိန်ပွင့်သဏ္ဌာန်ပုံ သတိပေးသင်္ကေတနှင့်အတူ အသုံးပြုနိုင်သည်။ ရှေ့ရှိ ရုတ်တရက် ဘယ်အကွေ့အကောက်တွင် သင် မောင်းနှင်သင့်သည့် အမြင့်ဆုံးအမြန်နှုန်းမှာ တစ်နာရီ 25 မိုင်နှုန်း ဖြစ်သည်။

ယာဉ်ကြော ပေါင်းဆုံခြင်း
အခြားလမ်းမတစ်ခု သို့မဟုတ် ကုန်းလျှောလမ်းတစ်ခုမှ ယာဉ်ကြောသည် သင်၏လမ်းကြောင်းနှင့် ပေါင်းဆုံသွားနိုင် သည်ကို သင့်အား ဖော်ပြရန် ဤသင်္ကေတကို အဓိကလမ်းမတွင် ကပ်ထားပါသည်။ ဤဥပမာတွင် ယာဉ်ကြောသည် သင်၏လမ်းကြောင်းပေါ်သို့ ညာဘက်မှ ဝင်ရောက်လာသည့်ပုံ ဖြစ်သည်။ ဝင်ရောက်လာသော ယာဉ်သည် အဓိကလမ်းမပေါ်တွင်ရှိနှင့် နေပြီးသော ယာဉ်ကို ဦးစားပေးရမည်။

ထပ်တိုးလမ်း
ဤသင်္ကေတကို လမ်းကြောင်းနှစ်ခု ဆုံတွေ့သည့်နေရာ အကြိုနေရာတွင် ထားရှိပါသည်။ ၎င်းမှာ ဝင်ရောက်လာသောယာဉ်သည် လမ်းမမှာ ထပ်တိုးထား သော မီးကြောင်းအသစ်ကို အသုံးပြုသည့်အတွက် ပေါင်းဆုံ ရန် မလိုအပ်ပါ။

လမ်းပေါင်းသည့် ဧရိယာ
တစ်ချို့ယာဉ်များရှိနေပြီး သင့်လမ်းကို ဖြတ်သန်းသွား သဖြင့် သင်သည် အခြားလမ်းကြောင်းတစ်ခုနှင့် ပေါင်းဆုံသွား မည်ဖြစ်ကြောင်း သတိပေးရန် ဤသင်္ကေတကို အသုံးပြုသည်။

ခွဲထွက်သွားသောအဝေးပြေလမ်းမ အစ

ရှေ့တွင် ဝေးပြေးလမ်းမသည် လမ်းနှစ်သွယ် တစ်လမ်းသွား လမ်းမများပါ ခွဲထွက်သွားသော အဝေးပြေးလမ်းမ ဖြစ်လာပြီး ကြားခံ သို့မဟုတ် ပိုင်းခြားပစ္စည်းဖြင့် ခွဲထားသည့်ယာဉ်ကြောသည် ဆန့်ကျင်ဘက်သို့ သွားကြ သည်။ ပိုင်းခြားပစ္စည်း သို့မဟုတ် ကြားခံ၏ ညာဘက်သို့ ကပ်မောင်းပါ။

ခွဲထွက်သွားသောအဝေးပြေလမ်းမ အဆုံး

သင် သွားနေသော ခွဲထွက်သွားသောအဝေးပြေလမ်းမ သည် ရှေ့တွင် ဆုံးသည်။ သင်သည် နှစ်လမ်းသွား ယာဉ်ကြောပါသည့် လမ်းမပေါ်သို့ ရောက်ရှိမည် ဖြစ်သည်။ ဗဟိုလိုင်း၏ ညာဘက်သို့ ကပ်မောင်းပြီး လာနေသော ယာဉ်ကြောကို ကြည့်ပါ။

ရှေ့တွင် နှစ်လမ်းသွားယာဉ်ကြော

တစ်လမ်းသွားလမ်းကလေး သို့မဟုတ် လမ်းမသည် ရှေ့တွင် ဆုံးသည်။ သင်သည် ဆန့်ကျင်ဘက်နေရာများသို့ သွားနေသော လမ်း (2) သွယ်ပါ ယာဉ်ကြောပေါ်တွင် သွားနေသည်။ ဗဟိုလိုင်း၏ ညာဘက်၌ သင်၏လမ်းကြောင်းတွင် ဆက်သွားပါ။ ဤသင်္ကေတကို လမ်းနှစ်သွယ်ပါလမ်းမတစ်လျှောက် နေရာလွတ်များတွင် ထားရှိနိုင်ပါသည်။

လမ်းကြောင်းအဆုံး

ဤသင်္ကေတများမှ သင့်အား လမ်းကြောင်း အမြောက်အများရှိသောလမ်းမမှ လမ်းကြောင်းတစ်ခု (1) ရှေ့တွင် ဆုံးမည်ကို ပြောသည်။ ဤဥပမာများတွင် ညာဘက်ရှိယာဉ်ကြောလမ်းကြောင်းသည် ဘယ်ဘက်သို့ ပေါင်းဆုံသွားသည်။

လမ်းဆုံ သင်္ကေတများ

အောက်ပါသင်္ကေတများသည် လမ်းဆုံအမျိုးအစားများကို ဖော်ပြသည်။ သင့်အား လမ်းမများ တစ်ခုနှင့်တစ်ခု မည်သို့ ပေါင်းဆုံသည်ကို ကြိုတင်ပြသခြင်းအားဖြင့် သင်္ကေတများမှ သင် သွားနေသော လမ်းမသည် လမ်းဆုံကိုဖြတ်၍ ဆက်လက်တည့်တည့်မသွား ကြောင်း သင့်အား အသိပေးမည်ဖြစ်သည်။ သင်္ကေတများမှ သင့်အား အခြားယာဉ်များ ရှေ့လျားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကိုလည်း သတိပေးပါသည်။ ဤကဲ့သို့သော လမ်းဆုံအမျိုးအစားများအားလုံးကို ရှေ့ကို ကြိုကြည့်ပြီး လိုအပ်လျှင် အရှိန်လျှော့ရန် ပြင်ဆင်လျက် အထူးသတိထားရ ချင်းကပ်ပါ။

ကန့်လန်ဖြတ်လမ်းမ

လမ်းခွဲ

"T" ပုံသဏ္ဌာန်လမ်းဆုံ

"Y" ပုံသဏ္ဌာန်လမ်းဆုံ

အဝိုင်းပုံ လမ်းဆုံ

ဦးတည်ဘက်နစ်ခုပြ မြားကြီး

သင့်အား ဘယ်ဘက် သို့မဟုတ် ညာဘက်သို့သာ ကွေ့ရမည် ဖြစ်ကြောင်း ပြောဆိုရန် T-ပုံသဏ္ဌာန်လမ်းဆုံ အဝေးဆုံးတစ် နေရာတွင် ဤသင်္ကေတကို ကပ်ထားသည်။ သင်ရောက်ရှိနေသောလမ်းမသည် လမ်းဆုံကိုဖြတ်၍ ဆက်လက်တည့်တည့်မသွားပါ။

ရှေ့တွင် တံတားကျဉ်း သို့မဟုတ် ခုံးကျော်တံတားအောက်လမ်း

တံတား သို့မဟုတ် ခုံးကျော်တံတားအောက် လမ်းကြောင်း တိုင်းသည် ကျဉ်းမြောင်းလာပြီး ယင်းနေရာတွင် လမ်းပခုံး မရှိပါ။ သင်သည် အရှိန်လျှော့ရန် လိုအပ်ပြီး သင်၏လမ်းကြောင်းပေါ် တွင် ရှိမရှိ သေချာစစ်ဆေးပါ။ ဆန့်ကျင်ဘက်လမ်းကြောင်းတစ်ခု ချဉ်းကပ်လာနေသော ယာဉ်မောင်းတစ်ဦးတွင် ယာဉ်ကြီးခြင်း သို့မဟုတ် သင့်လမ်း ကြောင်း၏ တစ်စိတ်တစ်ဒေသကို နေရာယူထားပါက ထိုဧရိယာ ရှင်းလင်းသည်အထိ စောင့်ပါ။

စိုစွတ်သောအခါ လမ်းချော်ခြင်း

အထူးသဖြင့် လမ်းချော်ခြင်းသည် စိုစွတ်သောအခါသမယ တွင် ဖြစ်တတ်သည်။ စိုစွတ်သောရာသီဥတုတွင် သင်၏အရှိန်ကို လျှော့ပြီး ယာဉ်တစ် ခု တစ်စီးအကွာအဝေးကို များထားပါ။ အလျင်အမြန် အရှိန်မတင်ပါနှင့် သို့မဟုတ် ဘရိတ် မဖမ်းပါနှင့်။ အလွန်အရှိန်လျှော့ပြီး ကွေ့ပါ။

သမင် ဖြတ်သန်းခြင်း

ဤသင်္ကေတကို သမင်များ မကြာခဏ ဖြတ်သန်းနေသည့် ဧရိယာများနှင့် သမင်များနှင့် ယာဉ်တိုက်မှု ဖြစ်ပေါ်တတ်သော နေရာများတွင် ကပ်ထားပါသည်။

လမ်းနှင့် ခုံးကျော်တံတားအောက် အနိမ့် ခွင့်ပြုချက်

ဤသင်္ကေတကို ခုံးကျော်တံတားအောက်လမ်းပေါ်တွင် သို့မဟုတ် ဥမင်လိုဏ်ခေါင်း သို့မဟုတ် ကားဂိုဒေါင်အဝတွင် ထားနိုင်ပါသည်။ အကယ်၍ ယာဉ်က သင်္ကေတပေါ်တွင် ဖော်ပြထားသည့် အမြင့်ထက် မြင့်နေပါက မဝင်ပါနှင့်။

လမ်းပခုံး သင်္ကေတများ

ဤသင်္ကေတများကို လမ်းမထက်နိမ့်သော လမ်းပခုံးရှိရာနေရာများ သို့မဟုတ် (ကျောက်မခင်းထားသော) အပျော့စားလမ်းပခုံးရှိသည့်နေရာများတွင် ထားပါသည်။ **လမ်းပခုံး အနိမ့်** သင်္ကေတကို လမ်းမျက်နှာပြင်ထက် လမ်းပခုံး သုံးလက်မ (3) နိမ့်သော နေရာများတွင် အသုံးပြုပါသည်။ **လမ်းပခုံးပေါ်သို့ ဘီးကျွံကျခြင်း** သင်္ကေတကို ပြင်းပြင်းထန်ထန် ဘီးကျွံကျနိုင်သည့်အခြေအနေများ တွင်ပင်လျှင် အသုံးပြုပါသည်။

သင်သည် လမ်းမပေါ်မှ လမ်းလွှဲသွားပြီး ဘီးတစ်လုံး (1) လမ်းပခုံးအနိမ့် သို့မဟုတ် အပျော့စားလမ်းပခုံးပေါ်သို့ ကျရောက်သွားပါက လမ်းမပေါ်သို့ ပြန်လည်ရောက်ရှိရန် ဘရိတ်ကို ဆောင့်မနင်းပါနှင့် သို့မဟုတ် အရှိန်နှင့် မမောင်းပါ နှင့် —သင့်ယာဉ် အလွယ်တကူ ဟန်ချက်ပျက်နိုင်သည်။ ပလက်ဖောင်းပေါ်သို့ ဘီးကျွံကျခြင်းမှ အန္တရာယ်ကင်းစွာ မည်သို့ ပြန်လည်မောင်းနှင်ရမည်နှင့်ပတ်သက် အချက်အလက် ပိုမိုသိရှိလိုပါက အခန်း 3 ကို ရှုပါ။

တောင်တက်/တောင်ဆင်း

ရှေ့တွင် အလွန်မတ်စောက်သည့် တောင်ကုန်းရှိသည်။ အရှိန်လျှော့ပြီး သင်၏မြန်နှုန်းကို ထိန်းရန်နှင့် ဘရိတ်ကြိုးများ ကို ပေါက်ပြဲခြင်း စုတ်ပြဲခြင်းမရှိအောင် ကာကွယ်ရန် အနိမ့်ဆုံး ဂီယာသို့ ပြောင်းရန် အသင့်လုပ်ပါ။

ရှေ့တွင် ယာဉ်ကြောအချက်ပြမီး ရှိခြင်း

ရှေ့က လမ်းဆုံးတွင် ယာဉ်ကြောအချက်ပြမီး ရှိပါသည်။ သင်သည် တောင်ကုန်း သို့မဟုတ် လမ်းအကွေးအကောက်များကြောင့် အချက်ပြမီးကို မြင်နိုင်မည် မဟုတ်ပါ။ အချက်ပြမီး နီနေလျှင် (သို့မဟုတ် အချက်ပြမီး အစိမ်းရောင်သို့ ယခုမှပြောင်းလျှင်) ရှေ့တွင် ယာဉ်တန်းကြီးတစ်ခု ရပ်တန့် နေနိုင်သည်။ ဤသင်္ကေတ ကို သင်မြင်တွေ့ရသည့်အခါ အရှိန်လျှော့ပြီး လိုအပ်လျှင် ရပ်တန့်ဖို့ ပြင်ဆင်ပါ။

ရှေ့တွင် ရပ်တန့်သင်္ကေတရှိခြင်း

ရှေ့က လမ်းဆုံတွင် ရပ် **တန့်** သင်္ကေတ ရှိသည်။ သင်သည် လမ်းအကွေးအကောက်၊ တောင်ကုန်း သို့မဟုတ် သင်၏မြင်ကွင်းကို တစ်ခုခု ပိတ်ဆို့ထားသော ကြောင့် ၎င်းကို မြင်နိုင်မည်မဟုတ်ပါ။ ရှေ့က ရပ်တန့်သင်္ကေတနေရာတွင် သင် မမြင်ရနိုင်သည့် ယာဉ်တန်းကြီးတစ်ခု **ရပ်တန့်ကောင်း** ရပ်တန့်နေနိုင်သည်။ သင် ဤသင်္ကေတကို မြင်တွေ့ရသည့်အခါ ရပ်တန့်ရန်အတွက် အရှိန်လျှော့ပါ။

ရှေ့တွင် စက်ဘီး ဖြတ်လမ်း

ရှေ့တွင် စက်ဘီးစီးသူများ သင်၏လမ်းကြောင်းကို ဖြတ်သန်းကောင်း ဖြတ်သန်းနေမည်။ လိုအပ်ပါက အရှိန်လျှော့ရန် အသင့်ပြင်ဆင်ထားပါ။ ဤသင်္ကေတတွင် (ပုံတွင် ပြထားသည့်အတိုင်း) အဝါရောင် နောက်ခံ အရောင် သို့မဟုတ် ဖန်မီးချောင်းကဲ့သို့ လင်းလက်နေ ဌ သာ စိမ်းဝါရောင် နောက်ခံအရောင်တစ်ခုခု ရှိနိုင်ပါသည်။

ရှေ့တွင် ရထားဖြတ်လမ်း ရှိခြင်း

သင်သည် ရထားဖြတ်လမ်းကို ချဉ်းကပ်လာနေသည်။ သင် ဤသင်္ကေတကို မြင်တွေ့ရသည့်အခါ ရထားအသံကို နားထောင်ပါ။ ဤသင်္ကေတကို လိုအပ်ပါက ရထားလမ်းပေါ်သို့မရောက်မီ ကြိုတင်ရပ်တန့်နိုင်ရန်အတွက် လုံလောက်သည့်အကွာအဝေး တွင် ထားရှိပါသည်။ ရထားလမ်းကို ဘေးကင်းလုံခြုံစွာ ဖြတ်သန်းရေးနှင့်ပတ်သက် ၍ အချက်အလက် ပိုမိုသိရှိလိုပါက အခန်း 3 ကို ရှုပါ။



အဆင့်မြင့် လမ်းဆုံ/ရထားဖြတ်လမ်း သင်္ကေတ

ဆုံနေသည့်လမ်းတွင် လမ်းဆုံမှ အနည်းငယ်အကွာအဝေးတွင် ရထားဖြတ်လမ်း ရှိသည်။ သင်သည် ဆုံနေသောလမ်းပေါ်သို့ ကွေ့ရန်စီစဉ်နေပါက၊ ရထားချဉ်းကပ်လာနေပါက ရပ်တန့်ဖို့ အသင့်ပြင်ဆင်ထားပါ။

စက်ဘီး/မော်တော်ယာဉ် မျှဝေအသုံးပြုသည့်လမ်း

လမ်းကျဉ်းသည့်နေရာများ (လမ်းပခုံး၊ လမ်းကလေး မရှိ) တွင် လမ်းကို ဝေမျှသုံးစွဲဖို့ စက်ဘီးစီးသူများအတွက် လုံလောက်သောနေရာ ပေးရန် ယာဉ်မောင်းသူတစ်ဦးဖြစ်သော သင့်ကို သတိပေးရန် အသုံးပြုပါသည်။

လူကူးလမ်း

သတ်မှတ်ထားသော လူကူးလမ်း သို့မဟုတ် သင်၏လမ်း ကို လမ်းလျှောက်သွားလာသူများ ဖြတ်ကူးနိုင်သည့်နေရာ မတိုင်မီတွင် အသုံးပြုပါသည်။ လိုအပ်ပါက အရှိန်လျှော့ရန် သို့မဟုတ် ရပ်တန့်ရန် အသင့်ပြင်ဆင်ထားပါ။ ဤသင်္ကေတတွင် (ပုံတွင် ပြထားသည့်အတိုင်း) အဝါရောင် နောက်ခံအရောင် သို့မဟုတ် ဖန်မီးချောင်းကဲ့သို့ လင်းလက်နေ သော စိမ်းဝါရောင် နောက်ခံအရောင်တစ်ခုခု ရှိနိုင်ပါသည်။

ကျောင်း

ဤပုံမှာ လမ်းမပေါ်တွင် အသုံးပြုသော ပဋ္ဌဂံပုံ သင်္ကေတစ်ခု ဖြစ်သည်။ အဓိပ္ပါယ်မှာ သင်သည် ကျောင်းနယ်မြေသို့ ချဉ်းကပ်ဝင်ရောက် နေပါသည်။ ဤသင်္ကေတကို အောက်သို့ညွှန်ပြသည့်မြားနှင့်အတူတွဲသုံးပါ က သင်သည် ကျောင်းနယ်မြေထဲကို ရောက်နေသည်ဟု ဆိုလိုသည်။ သင်သည် အရှိန်လျှော့ပြီး ကလေးငယ်များ လမ်းဖြတ်နေသည် ကို စောင့်ကြည့်၍ လိုအပ်လျှင် ရပ်တန့်ပါ။ ဤသင်္ကေတတွင် (ပုံတွင် ပြထားသည့်အတိုင်း) အဝါရောင် နောက်ခံအရောင် သို့မဟုတ် ဖန်မီးချောင်းကဲ့သို့ လင်းလက်နေ သော
စိမ်းဝါရောင် နောက်ခံအရောင်တစ်ခုခု ရှိနိုင်ပါသည်။

မြင်းလှည်း

ဤသင်္ကေတကို အနှေးသွားမြင်းလှည်းဖြတ်သန်းနေသည့် သို့မဟုတ် မော်တော်ယာဉ်များနှင့် လမ်းကို ဝေမျှအသုံးပြုနေ သည့် ဧရိယာများတွင် ကပ်ထားပါသည်။

လမ်းမနှင့်ကပ်ရပ် အရာဝတ္ထုများ

လမ်းမအစွန်နှင့်နီးသော အရာဝတ္ထုများတွင် တစ်ခါတစ်ရံ၌ ဖြစ်ပွားနိုင်ခြေရှိသောအန္တရာယ်ကို ယာဉ်မောင်းများအား သတိပေးရန်အတွက် လမ်းညွှန်အမှတ်အသား ပြုလုပ်ထားရန် လိုအပ်ပါသည်။ ၎င်းတွင် ခုံးကျော်တံတားအောက်လမ်း ဒေါက်တိုင်များ၊ တံတားအဆုံးများ၊ သံဘောင်အကာများနှင့် အခြားပုံစံများ ပါဝင်ပါသည်။ အချို့ဖြစ်ရပ်များတွင် ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုမပါဝင်သော် လည်း ဘီးကျွံခြင်း သို့မဟုတ် လမ်းမဖြောင့်တန်းမှု ရုတ်တရက် ပြောင်းလဲမှုကဲ့သို့ လမ်းအခြေအနေကြောင့် ဖြစ်တတ်ပါသည်။ ထိုကဲ့သို့သောလမ်းဘေး အရာဝတ္ထုများနှင့် အခြေအနေများ အား အောက်ပါလမ်းညွှန်အမှတ်အသားများဖြင့် အွန္တရာယ်ကို ရှောင်ကြဉ်ရန် သင် သွားရမည့်ဘက်ကို ထောင့်ဖြတ်မျဉ်းစင်း များနှင့် ဖော်ပြထားပါသည်။



ညာဘက်အွန္တရာယ်ရှိ၍
ဘယ်သို့ ကပ်မောင်းပါ



အလယ်တွင် အွန္တရာယ်ရှိ၍ ဘယ်
သို့မဟုတ် ညာဘက်သို့ ကပ်မောင်းပါ

ဘက်ဘက်အွန္တရာယ်ရှိ၍
ညာသို့ ကပ်မောင်းပါ

အလုပ်နယ်မြေ သင်္ကေတများ (အလုပ်နယ်မြေနှင့် ဆောက်လုပ်ရေး နယ်မြေ သင်္ကေတများ)

အလုပ်နယ်မြေ သင်္ကေတများမှာ ပုံမှန်အားဖြင့် သတိပေး သင်္ကေတများကဲ့သို့ စိန်ပွင့်သဏ္ဌာန်ပုံ ဖြစ်သော်လည်း အမဲရောင်စာလုံးများနှင့် အဝါရောင်နောက်ခံအရောင်အစား အမဲရောင်စာလုံးများနှင့် လိမ္မော်ရောင်နောက်ခံအရောင်ကို အသုံးပြုထားသည်။ ဤသင်္ကေတများမှ အလုပ်သမားများ သို့မဟုတ် ကိရိယာတန် ဆာပလာများ လမ်းပေါ် သို့မဟုတ် လမ်းအနီးတွင် ရှိနေနိုင်သည့် လမ်းထိန်းသိမ်းရေး၊ ဆောက်လုပ်ရေး သို့မဟုတ် ဝန်ဆောင်လုပ်ငန်းဇရိယာများကို ဖော်ပြပေးသည်။ သတိထားပြီး ဤသင်္ကေတများကို သင် မြင်တွေ့သည့်အခါ အရှိန်လျော့ပါ။

အလုပ်နယ်မြေတစ်လျှောက် သွားလာနေချိန် တွင် တစ်နေ့တာ၏ မည်သည့်အချိန်အခါတွင်ဖြစ်စေ ရှေ့မီး ထွန်းပါ။ ၎င်းမှာ **အလုပ်လုပ်ကိုင်နေသော အလုပ်နယ်မြေ များ အတွက်သာမက** အလုပ်နယ်မြေများအားလုံးတို့ အတွက် ဥပဒေဖြစ်သည်။ ရှေ့မီးအသုံးပြုခြင်းသည် အဝေးပြေးလမ်းလုပ်သားများ အပြင် အခြားယာဉ်များကိုပါ ပို၍မြင်နိုင်ပါသည်။ အလုပ်နယ်မြေတွင် ယာဉ်ကြောချိုးဖောက်မှုကြောင့် သင့်ကားကို ရဲဖမ်းပြီး သင့်ကား၏ ရှေ့မီးကို မဖွင့်ထားသည်ကို တွေ့ပါက ထပ်ဆောင်း 25 ဒေါ်လာ ဒဏ်တပ်ခံရနိုင်ပါသည်။

ဤ**အလုပ်နယ်မြေ**သင်္ကေတများကို အလုပ်လုပ်ကိုင်နေသော အလုပ်နယ်မြေအစနှင့် အဆုံးတွင် ထားရှိပါသည်။ အလုပ်လုပ်ကိုင်နေသောနယ်မြေမှာ အလုပ်နယ်မြေတစ်စိတ် တစ်ပိုင်းဖြစ်ပြီး ဆောက်လုပ်ရေး၊ ထိန်းသိမ်းရေး သို့မဟုတ် ဝန်ဆောင်လုပ်ငန်း လုပ်သားများ လမ်းမပေါ်တွင် သို့မဟုတ် ဖွင့်ထားသော ခရီးသွားလမ်းကြောင်းဘေးဘက်ရှိ အဝေးပြေး လမ်းမ လမ်းပခုံးပေါ်တွင် ရှိနေတတ်ပါသည်။

ရှေ့တွင် လမ်းပြင်နေခြင်း

ဤသင်္ကေတမှ သင့်အား ရှေ့တွင် လမ်းပြုပြင်မှုရှိနေ သည်ကို အသိပေးသည့်အပြင် အရှိန်လျော့ရန် သင့်အား သတိပေးပါသည်။

ရှေ့တွင် လမ်းကြောင်းပိတ်ထားသည်

ဤသင်္ကေတမှ သင့်အား သက်ဆိုင်ရာလမ်းကြောင်း တစ်ခုကို ရှေ့၌ သတ်မှတ်အကွာအဝေးတစ်နေရာတွင် ပိတ်သွားမည်ဖြစ် ကြောင်း အသိပေးသည်။

ရှေ့တွင် အလုပ်သမားများ ရှိသည်

အလုပ်သမားများသည် လမ်းမပေါ်တွင် သို့မဟုတ် လမ်းမ နှင့် အလွန်နီးသည့်နေရာတွင် ရှိနိုင်သဖြင့် ထိုဇရိယာအတွင်း ခရီးသွားစဉ် အထူးဂရုစိုက်ပါ။

ရေကြီး၍ လမ်းပိတ်ထားသည်

ဤသင်္ကေတမှ ရေကြီးရေလျှံမှုကြောင့် ရှေ့တွင် လမ်း ပိတ်ထားကြောင်း သင့်အား အသိပေးသည်။ သင်သည် အခြားလမ်းကြောင်းတစ်ခုကို အသုံးပြုရပါမည်။ ရေကြီးရေလျှံနေသောလမ်းနှင့် သင် တွေ့ကြုံရပါက မည်သို့ ပြုလုပ်ရမည်နှင့် ပတ်သက်၍ အခန်း 3 ကို ရှုပါ။

သင် သိရှိခဲ့ပါသလား။

အဝေးပြေးလမ်း လုပ်သားများတွင် အလုပ်နယ်မြေများ၌ အရှိန် ဖြင့် သို့မဟုတ် အွန်လာရယ်ရှိစွာမောင်းနှင်သည့် ယာဉ်မောင်းများ အား ရဲထံသို့ သတင်းပေးရန် အကြောင်းကြားပုံစံများ ရှိပါသည်။ ထို့နောက် ရဲများမှ ဆင့်စာတစ်စောင် ထုတ်ပေးပြီး ရလဒ်အနေဖြင့် ဒဏ်ငွေနှင့် ပွိုင့်များ တပ်ခံရနိုင်ပါသည်။

ရှေ့တွင် အလုပ်လွှင့် အချက်ပြသူရှိသည် (ရှေ့တွင် လမ်းဆောက်လုပ်နေသည်)

ဘယ်ဘက်မှ သင်္ကေတသည် အလုပ်လွှင့်အချက်ပြသူမှ ရှေ့က ယာဉ်ကြောကို ထိန်းချုပ်ထားကြောင်း ပြသည်။ ညာဘက်မှာ ဖော်ပြထားသည့်အတိုင်း အလုပ်လွှင့် အချက်ပြသူ များသည် သင့်အား ရပ်တန့်ပါ သို့မဟုတ် အရှိန်လျော့ပါ အချက်ပြရန် လော်တက်ပုံ **ရပ်တန့်ပါ**နှင့် **အရှိန်လျော့ပါ** တုတ် ချောင်း သို့မဟုတ် အနီရောင်အလံကို အသုံးပြုပါသည်။ အလုပ်နယ်မြေထဲသို့ ချဉ်းကပ်သွားလာသည့်အခါ အလုပ်လွှင့် အချက်ပြသူများကို အထူးဂရုစိုက်ပါ။

ယာဉ်များ ရပ်တန့်ပြီး စောင့်ဆိုင်း ရမည်

ယာဉ်များ ဖြေးဖြေးသွား ရမည်

လျှပ်စစ်မီးမြား ဘုတ်ပြားများ

လမ်းမပေါ်တွင် သို့မဟုတ် ယာဉ်များပေါ်တွင် တပ်ဆင်ထား သော ကြီးမားသောလျှပ်စစ်မှိတ်တုတ်မီးများ လင်းလနေသည့် ဘုတ်ပြားများ (ညာ သို့မဟုတ် ဘယ်သို့ ရွှေ့/ကူးပြောင်းပါ) မှ ချဉ်းကပ်လာသော ယာဉ်မောင်းများအား လမ်းပိတ်ထားမှုများ ကို အသိပေးပါသည်။ ဤသင်္ကေတမတိုင်မီ သင်၏ကူးပြောင်းမှုကို ကောင်းစွာ စတင်ပါ။ ဘယ်ဘက်မှ ညာဘက်အစွန်ဆုံးအထိ ပုံများတွင် ပြထားသော အချက်တစ်ခုခုကို ပြသနေသည့် မြားဘုတ်ပြား (သတိ) မှ သွားနေသည့်လမ်းကြောင်းဘေးဘက် အရှေ့တွင် အလုပ်နယ်မြေ ရှိကြောင်း ဖော်ပြပါသည်။ အထူးသတိထား၍ မောင်းနှင်ပါ။



လမ်းကြောင်းဖော်ပေးသည် ကိရိယာများ

စည်ပိုင်းပုံများ၊ မြှန်ပုံများ၊ ကတော့ချွန်ပုံများနှင့် ဒေါင်လိုက်မျဉ်း ဘုတ်ပြားများမှာ သင့်အား ယာဉ်ကြောပြောင်းလဲမှု ပုံစံများကို ညွှန်ပြရန်နှင့် လမ်းပြုပြင်မှုနှင့် ဆက်နွယ်နေသော အန္တရာယ်များမှ ရှောင်ကြဉ်ရန် အလုပ်နယ်မြေများတွင် အသုံးပြုသည့် ကိရိယာများ ဖြစ်သည်။



အညွှန်း သင်္ကေတများ

အညွှန်း သင်္ကေတများမှ လမ်းဆုံလမ်းမများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပေးပြီး မြို့တော်များနှင့် မြို့ကြီးများဆီ သို့ ညွှန်ပြပေးကာ အဝေးပြေးလမ်းမတစ်လျှောက် အလေးထားရမည့် ဗွိုင့်များကို ညွှန်ပြပါသည်။ အညွှန်း သင်္ကေတများသည် သင့်အား ဆေးရုံ၊ ဆေးခန်းများ၊ ဝန်ဆောင်မှုဌာနများ၊ စားသောက်ဆိုင်များနှင့် မိုတယ်များကို ရှာတွေ့စေရန် ကူညီပေးသည်။ အများအားဖြင့် ဤသင်္ကေတများမှာ ရေပြင်ညီထောင့်မှန်စတုဂံ ပုံများ ဖြစ်သည်။

အဝေးပြေးလမ်း/အမြန်လမ်း အညွှန်း သင်္ကေတများ

အောက်ပါသင်္ကေတ သုံးခုမှာ အဝေးပြေးလမ်း/အမြန်လမ်း အညွှန်း သင်္ကေတ နမူနာများ ဖြစ်သည်။ ၎င်းတို့မှာ အဖြူရောင်စာသားများနှင့် အစိမ်းရောင် နောက်ခံ အရောင် ဖြစ်သည်။ အဝေးပြေးလမ်း/အမြန်လမ်း သင်္ကေတအများအပြားမှာ အလားတူနည်းလမ်းအတိုင်း ကပ်ထားပါသည်။ ဥပမာ - အများအားဖြင့် ကြိုတင်သတိပေးသင်္ကေတ တစ်ခုပြီး အခြားကြိုတင်သတိပေးသင်္ကေတတစ်ခု ရှိပါသည်။ တတိယမြောက်သင်္ကေတမှာ ထွက်ပေါက်တွင် ကပ်ထားပါသည်။ အဝေးပြေးလမ်းမများတွင် အမြန်နှုန်း မြင့်မားခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုကြောင့် ယာဉ်မောင်းများမှာ သင်္ကေတ တစ်ခုတည်းကို မမြင်ဘဲလွဲသွားနိုင်သည့်အတွက်ကြောင့် သင်္ကေတအများအပြားရှိရန် လိုအပ်ပါသည်။ ယာဉ်မောင်းများအနေဖြင့် ထွက်ပေါက်သို့ သွားရန် လမ်းကြောင်းတစ်ခု သို့မဟုတ် လမ်းကြောင်းအများအပြား ပြောင်းလဲရန် လိုအပ်မည်ဖြစ်သည်။

ထွက်ပေါက် နံပါတ်များ

ထွက်ပေါက်နံပါတ်များသည် မိုင်အချက်ပြ အညွှန်းများနှင့် တူညီသည်။ ဤပြောင်းလဲမှုသည် ယာဉ်မောင်းသူများအား ထွက်ပေါက်များ ကြား အကွာအဝေးများကို အလျင်အမြန် တွက်ချက်နိုင်စေရန် ကူညီပေးသည်။ ဥပမာ - ထွက်ပေါက် 95 နှင့် ထွက်ပေါက် 20 ကြား အကွာအဝေးမှာ 75 မိုင် ဖြစ်သည်။

ထွက်ပေါက်သီးသန့် စာသားပါ အဝါရောင်ဘုတ်ပြားမှာ အဝေးပြေးလမ်း သင်္ကေတတစ်ခု ဖြစ်သည်။ သင်္ကေတအောက် ရှိ လမ်းကြောင်းသည် အကူးအပြောင်းလမ်းအတိုင်း ဆက်မသွားဘဲ လမ်းကြောင်းမှာ ကုန်းလျှောလမ်းပုံစံ ဖော်ဆောင်လာရန် လမ်းမမှ ထွက်ခွာသွားဖြစ်သည်။ သင်သည် **ထွက်ပေါက်သီးသန့်** ကပ်ထားသောလမ်းကြောင်းထဲ သို့ ရောက်နေပါက လမ်းကြောင်း ပြောင်းနိုင်သည် သို့မဟုတ် ဤလမ်းကြောင်းထဲတွင် ဆက်နေပါက အဝေးပြေးလမ်းမ ပေါ်သို့ ထွက်ခွာရမည်။

ဤသည်မှာ သင် အဝေးပြေးလမ်းမ မည်သည့်ဘက်သို့ ထွက်ခွာရမည်ကို ဖော်ပြပေးမည့် အကြံပြုချက်အချို့ဖြစ်သည်။

လမ်းကြောင်း 22 အတွက် ထွက်ပေါက် 13 သည် အဝေးပြေးလမ်းမ၏ ဘယ်ဘက်ခြမ်းတွင် ရှိမည်။

ထွက်ပေါက် 7 အဝေးပြေး လမ်းမ၏ ညာဘက်ခြမ်းတွင် ရှိမည်။

- အဝေးပြေးလမ်းမ၏ **ဘယ်**ဘက်တွင် ထွက်ပေါက်ရှိပါက အစိမ်းရောင်ထောင့်မှန်စတုဂံသင်္ကေတ ပေါ်က သေးငယ်သော အစိမ်းရောင်**ထွက်ပေါက်** နံပါတ်သင်္ကေတသည် သင်္ကေတ၏ **ဘယ်**ဘက်အပေါ်တွင် ရှိမည်။
- အဝေးပြေးလမ်းမ၏ **ညာ**ဘက်တွင် ထွက်ပေါက်ရှိပါက အစိမ်းရောင်ထောင့်မှန်စတုဂံသင်္ကေတပေါ်က သေးငယ်သော အစိမ်းရောင်**ထွက်ပေါက်** နံပါတ်သင်္ကေတသည် သင်္ကေတ၏ **ညာ**ဘက်အပေါ်တွင် ရှိမည်။
- သင်္ကေတတွင် အဖြူရောင်မြှားရှိပါက ထိုမြှားသည် ထွက်ပေါက်ဘက်သို့ ညွှန်ပြနေမည်ဖြစ်သည်။

ပြည်နယ်ချင်းဆက် အဝေးပြေးလမ်းမ နံပါတ်စနစ်

အနီ၊ အဖြူနှင့် အပြာရောင်ဒိုင်းခွက်သင်္ကေတမှ အဝေးပြေးလမ်းမှာ ပြည်နယ်စပ်ကြားမှာ ရှိနေကြောင်း ဖော်ပြသည်။ ယာဉ်မောင်းသူများ ရင်းနှီးကျွမ်းဝင်မှုမရှိသော ဧရိယာများတွင် ၎င်းတို့၏လမ်းကြောင်းကို ကူညီရှာဖွေနိုင်ရန် အထူးသဖြင့် ဤပြည်နယ်စပ်များကို နံပါတ်ပေးထားပါသည်။ လမ်းကြောင်းမှာ အမိကအားဖြင့် အရှေ့နှင့် အနောက် သို့မဟုတ် တောင်နှင့် မြောက်ဘက်သို့ သွားနေကြောင်းနှင့် လမ်းကြောင်းမှာ အမေရိကန်ပြည်ထောင်စု အရှေ့ဘက်၊ အလယ်ပိုင်း သို့မဟုတ် အနောက်ဘက်မှာ ရှိနေကြောင်း ပြသရန် ကုဒ်နံပါတ်ကို အသုံးပြုထားပါသည်။

ပြည်နယ်စပ် နံပါတ်စနစ် အဓိပ္ပါယ်ဖော်ခြင်း။ ပြည်နယ်ချင်းဆက်ပြဒိုင်ခွက်ဌာနရှိသော နံပါတ်များကို မည်သို့ တိုးတက်အောင်လုပ်ထားကြောင်း သင် နားလည်သောအခါ မောင်းနှင်သွားလာမှုအတွက် ကြီးမားသောအထောက်အကူ ဖြစ်နိုင်ပါသည်။ ၎င်းတို့မှာ အများအားဖြင့် ဤပုံစံအတိုင်း ဖြစ်သည် -

- ဂဏန်းတစ်လုံး သို့မဟုတ် နှစ်လုံးပါ ပြည်နယ်စပ်ပြ **စုံကိန်း**များ မှာ အများအားဖြင့် အရှေ့- အနောက် လမ်းကြောင်းများ ဖြစ်သည်။ တစ်နိုင်ငံလုံးအရ နံပါတ်များမှာ တောင်ဘက် I-10 မှ မြောက်ဘက်သို့ I-94 အထိ ကြီးလာပါသည်။ ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ပြည်နယ်၏ တောင်ဘက်ပိုင်း မှာ I-76 ရှိပြီး I-80 မှာ မြောက်ဘက်ပိုင်းတွင် ရှိသည်။
- ဂဏန်းတစ်လုံး သို့မဟုတ် နှစ်လုံးပါ ပြည်နယ်စပ်ပြ **မကိန်း**များ မှာ အများအားဖြင့် မြောက်-တောင်ဘက် လမ်းကြောင်းများ ဖြစ်သည်။ နံပါတ်များမှာ အနောက်ဘက်ကမ်းရိုးတန်း I-5 မှ အရှေ့ဘက် ကမ်းရိုးတန်းသို့ I-94 အထိ ကြီးလာပါသည်။ ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ပြည်နယ်၏ အနောက်ဘက် ပိုင်းမှာ I-79 ရှိပြီး I-80 မှာ အရှေ့ဘက်ပိုင်းတွင် ရှိသည်။
- ဂဏန်းသုံးလုံးပါ ပြည်နယ်စပ် အဝေးပြေးလမ်းမများမှာ အခြားအဓိကအဝေးပြေးလမ်းမများနှင့် ချိတ်ဆက်သည်။ ဂဏန်းသုံးလုံး (3) ပါကိန်း၏ ပထမကိန်းမှာ **စုံကိန်း**ဖြစ်နေ ပါက အဝေးပြေးလမ်းမသည် အများအားဖြင့် ဗီလာဒဲလ်ဖီးယား မြို့မှ I-276 ကဲ့သို့ ပြည်နယ်စပ် အဝေးပြေးလမ်းမများ နှစ်ဖက်စလုံးနှင့် ချိတ်ဆက်သည်။ အကြိမ်ပေါင်းများစွာ ထိုလမ်းကြောင်းများမှာ "စက်ပိုင်းပုံ လမ်းများ" သို့မဟုတ် "မြို့ပတ်လမ်းများ" အဖြစ် လူသိများသည်။
- ဂဏန်းသုံးလုံး (3) ပါကိန်း၏ ပထမကိန်းမှာ **မကိန်း**ဖြစ်နေ ပါက အဝေးပြေးလမ်းမသည် အများအားဖြင့် အခြားပြည်နယ် စပ် အဝေးပြေးလမ်းမတစ်ဖက် (1) နှင့် ချိတ်ဆက်နေသော "လမ်းသွယ်" လမ်းကြောင်းဖြစ်ပြီး ဝီလျံစပို့(တ်)မြို့မှ I-180 ကဲ့သို့ မြို့တော်ထဲသို့ သွားသည်။

မိုင် အချက်ပြအညွှန်းများ

မိုင် အချက်ပြအညွှန်းများကို ပြည်နယ်ထဲသို့ ဝင်လာသောယာဉ်လမ်းကြောင်းမှာ ပြည်နယ်နယ်စပ်ဒေသများ သို့ ဆက်မသွားလျှင် ပြည်နယ်ထဲသို့ ဝင်ရောက်လာသည့် နေရာမှစ၍ သို့မဟုတ် ၎င်းလမ်းအစမှစ၍ မိုင်အရေအတွက် များကို ညွှန်ပြရန် အချို့အဝေးပြေးလမ်းမများတွင် အသုံးပြုထားပါသည်။ နံပါတ်များမှာ ပြည်နယ်၏အနောက်ဘက်တွင် အရှေ့မှ အနောက်လမ်းများနှင့် တောင်ဘက်ပိုင်းတွင် မြောက်မှတောင် လမ်းမများအတွက် သုညမှ စသည်။ သင် အရှေ့ သို့မဟုတ် မြောက်ဘက်သို့ သွားလေလေ နံပါတ် များ ကြီးလာမည်ဖြစ်ပြီး အနောက် သို့မဟုတ် တောင်ဘက်သို့ သွားလေလေ ငယ်လာမည်ဖြစ်သည်။ ဥပမာ - သင်သည် အနောက်ဘက် ပြည်နယ်စပ်လမ်းအမှတ် I-80 မှ ပင်ဆဲဗေးနီးယားပြည်နယ်သို့ ဝင်ရောက်လာသောအခါ မိုင် အချက်ပြအညွှန်းများသည် မိုင် 1 မှ စပြီး အရှေ့ဘက်သို့ သွားလေလွေ ပိုကြီးလာမည်ဖြစ်သည်။ မိုင် အချက်ပြအညွှန်းများ မည်သို့ဖတ်ရမည်ကို သိရှိထားခြင်း သည် သင် မည်သည့်နေရာတွင် ရောက်နေသည်ကာ တိတိကျကျ သိရှိနိုင်အောင် ကူညီပေးနိုင်မှာဖြစ်ပြီး လမ်းပေါ်တွင် အကူ အညီ လိုအပ်၍ ဖုန်းခေါ်လျှင် ခန့်မှန်းခြေနေရာကို ပေးနိုင်မည် ဖြစ်သည်။

လမ်းကြောင်း အချက်ပြအညွှန်းများ

အောက်ပါသင်္ကေတများမှ သင် သွားနေသောလမ်း ကြောင်းကို ညွှန်ပြပေးသည်။

လမ်းကြောင်း အချက်ပြအညွှန်းမှ လမ်းမှာ **ယူအက်စ် ယာဉ်ကြောလမ်း 22** ဖြစ်ကြောင်း သင့်အား ညွှန်ပြသည်။

သပ်ပုံ အချက်ပြအညွှန်းမှ လမ်းမှာ **ပင်ဆယ်ဗေးနီးယား ယာဉ်ကြောလမ်း 39** ဖြစ်ကြောင်း သင့်အား ညွှန်ပြသည်။

ဤလမ်းကြောင်း အချက်ပြအညွှန်းပေါ်ရှိ **လမ်းဆုံပြ နံပါတ်ပြား**မှ သင့်မှာ ယူအက်စ် ယာဉ်ကြောလမ်း 22 လမ်းဆုံးကို ချဉ်းကပ်လာနေကြောင်း ညွှန်ပြသည်။

ဤလမ်းကြောင်း အချက်ပြအညွှန်းပေါ်ရှိ **လမ်းညွှန်ပြ နံပါတ်ပြား**မှ သင့်မှာ ယူအက်စ် ယာဉ်ကြောလမ်း 22 မှ အနောက်ဘက်သို့ သွားနေကြောင်း ညွှန်ပြသည်။

ဤလမ်းကြောင်း အချက်ပြအညွှန်းပေါ်ရှိ **ဖြည့်စွက် မြား**မှ သင့်မှာ ယူအက်စ် ယာဉ်ကြောလမ်း 22 အနောက်ဘက်သို့ ဆက်သွားရန် ညာဘက်အကွေ့ကို ချဉ်းကပ်နေကြောင်း ညွှန်ပြသည်။

လမ်းကြောင်း အချက်ပြအညွှန်း သင်္ကေတနှင့် လမ်းနှင့် မရင်းနှီးသူ "သို့" သင်္ကေတနှင့် **ဖြည့်စွက် မြား**ဆိုသည်မှာ သင်သည် ယူအက်စ် ယာဉ်ကြောလမ်း 22 သွားလိုလျှင် ရှေ့သို့ ဆက်သွားရမည်ဟု ဆိုလိုသည်။

ဝန်ဆောင်မှု သင်္ကေတများ

အောက်ပါသင်္ကေတများမှာ ဝန်ဆောင်မှု သင်္ကေတများ နမူနာ ဖြစ်ပါသည်။ သင်္ကေတများမှာ စတုရန်းပုံ သို့မဟုတ် ထောင့်မှန်စတုဂံပုံ ရှိပြီး အဖြူရောင်စာသား သို့မဟုတ် အမှတ်အသားများပါ နောက်ခံအပြာရောင် ဖြစ်သည်။ ၎င်းတို့မှ နောက်ရပ်တန့်မည့်နေရာမှ ဝန်ဆောင်မှု အမျိုးမျိုး၏ တည်နေရာကို ညွှန်ပြပါသည်။

ဆေးရုံ

တယ်လီဖုန်း

အစားအစာ

ဓါတ်ငွေ့

ဒီဇယ်

တည်းခိုရာ

ကမ္ဘာလှည့်ခရီးသည်များအတွက် စီမံထားသည့် လမ်းညွှန်သင်္ကေတများ



ဤသင်္ကေတများမှာ စတုရန်းပုံ သို့မဟုတ် ထောင့်မှန်စတုဂံပုံ ရှိပြီး အဖြူရောင်စာသားများပါသည့် အပြာ သို့မဟုတ် အညိုနောက်ခံ အရောင်ဖြင့် ဖြစ်နိုင်သည်။ ဤသင်္ကေတများမှ ယာဉ်မောင်းများအား ပြတိုက်များ၊ သမိုင်းဝင် အထင်ကရအဆောက်အအုံများ သို့မဟုတ် ပြည်နယ် သို့မဟုတ် အမျိုးသား ပန်းခြံများကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် နေရာများကို ညွှန်ပြပါသည်။

လမ်းမျက်နှာပြင် အချက်ပြအညွှန်းများ

လမ်းအများစုတွင် လမ်း၏ဗဟို၊ သွားရမည့်လမ်း ကြောင်းများ သို့မဟုတ် လမ်းအစွန်များကို ပြသရန် တာရှည်ခံ အချက်ပြအညွှန်းများ ရှိပါသည်။ လမ်း၏ဗဟိုကို ညွှန်ပြသော အချက်ပြအညွှန်းများမှာ မျဉ်းသေ သို့မဟုတ် မျဉ်းပြတ်များ ဖြစ်သည်။ ဤလမ်းမျက်နှာပြင် အချက်ပြအညွှန်းများမှလည်း အထူးအသုံး ပြုလမ်းကြောင်းကို ညွှန်ပြပါသည်။ အဝါရောင်မျဉ်းများသည် ဆန့်ကျင်ဘက်သို့ သွားနေသော ယာဉ်ကြောကို ပိုင်းဖြတ်သည်။ အဝါရောင်မျဉ်းများကို နှစ်လမ်းသွားလမ်းများ၏ ဗဟိုကို သတ်မှတ်ရန်အတွက်နှင့် ခွဲထွက်သွားသောအဝေးပြေးလမ်းမ များ၊ တစ်လမ်းသွားလမ်းများနှင့် ကုန်းလျှောလမ်းများ၏ ဘယ်ဘက်အစွန်းကို သတ်မှတ်ရန်အတွက် အသုံးပြုသည်။ အဖြူရောင် မျဉ်းသေမျဉ်းများသည် တူညီသောဦးတည်ဘက် ကို သွားနေသော ယာဉ်ကြောလမ်းများကို ပိုင်းဖြတ်ပေးသည်။ အဖြူရောင် မျဉ်းသေမျဉ်းများကို လမ်း၏ညာဘက်အစွန်း သတ်မှတ်ရန်အတွက်လည်း အသုံးပြုသည်။

ယေဘုယျဥပဒေတစ်ခုအနေဖြင့် မျဉ်းပြတ်ယာဉ်ကြောမျဉ်းများ ကို ဖြတ်သွားနိုင်သော်လည်း မျဉ်းသေမျဉ်းများကို သတ်မှတ် ထားသော အကွေ့နေရာမှ လွဲ၍ ဖြတ်မသွားရပါ။ မတူညီသော လမ်းမျက်နှာပြင် အချက်ပြအညွှန်း နမူနာအချို့နှင့် ၎င်းတို့၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်သည် -



အဝါရောင်မျဉ်းပြတ်တစ်ကြောင်းတည်း ဗဟိုမျဉ်းသည် နှစ်လမ်းသွား၊ လမ်းနှစ်ကြောပါလမ်း၏ ဗဟိုကို ညွှန်ပြပါသည်။ ဘေးအွန္တရာယ် ကင်းရှင်းသည့် အခြေအနေများရှိပါက နှစ်ဘက်စလုံး၌ လမ်းဖြတ်သန်းမှုကို ခွင့်ပြုထားသည်။ လမ်းဖြတ်သန်းသည့်အခါ သင့်အနေဖြင့် လာနေသည့် ယာဉ်ကြောနှင့် သက်ဆိုင်သည့် လမ်းကြောင်းကို အသုံးပြုရမည်။



အဝါရောင် မျဉ်းသေ ဗဟိုမျဉ်းနှစ်ကြောင်းမှ နှစ်လမ်းသွား လမ်း၏ ဗဟိုကို ညွှန်ပြပါသည်။ ၎င်းကို **မဖြတ်သန်းရ** သင်္ကေတဖြင့် သတ်မှတ်မထားသော် လည်း လမ်းတစ်ဖက်ဖက်မှသွားနေသော ယာဉ်ကြောကိုဖြတ်၍ ဖြတ်သန်းခြင်းကို ဤသို့သတ်မှတ်ထားသော လမ်းမများတွင် ခွင့်မပြုပါ။



ဗဟိုမျဉ်း အဝါရောင်မျဉ်းသေနှင့် အဝါရောင်မျဉ်းပြတ် ပေါင်းစပ်ခြင်းမှလည်း နှစ်လမ်းသွားလမ်း၏ ဗဟိုကို ညွှန်ပြသည်။ မျဉ်းပြတ်မှာ သင့်လမ်းဘက်မှ ရှိနေပြီး ဘေးအွန္တရာယ် ကင်းရှင်းသည့် အခြေအနေများရှိပါက သင် ဖြတ်သန်းနိုင် သည်။ သို့သော် မျဉ်းသေမျဉ်းမှာ သင့်လမ်းဘက်မှ ရှိနေသော အခါ မဖြတ်သန်းနိုင်ပါ။

ဤကဲ့သို့ သတ်မှတ်ထားသောပုံစံများကို ယာဉ်ကြောသုံးလမ်းပါလမ်း သို့မဟုတ် ယာဉ်ကြောငါးလမ်းပါ အဝေးပြေးလမ်းများတွင် တွေ့နိုင်ပါသည်။ အပြင်ဘက် အဝါရောင်မျဉ်းသေဗဟိုမျဉ်းမှာ သင့်အနေဖြင့် အလယ်လမ်းကို ဖြတ်သန်းရန် အသုံးမပြုနိုင်ဟု ဆိုလိုသည်။ အတွင်းဘက် အဝါရောင်မျဉ်းပြတ်နှင့် အဝါရောင် မျဉ်းသေ ဗဟိုမျဉ်းများမှ တစ်ဖက်ဖက်မှသွားနေသော ယာဉ်များမှာ ဘယ်ကွေ့ရန်အတွက်သာ အလယ်လမ်းကြောင်းကို အသုံးပြုနိုင်ကြောင်း ညွှန်ပြသည်။ ဗဟိုအကွေ့လမ်းကြောင်းများကို အွန္တရာယ်ကင်းစွာ အသုံးပြုခြင်းနှင့်ပတ်သက်သော အချက်အလက်များအတွက် အခန်း 3 ကို ရှုပါ။



အလယ်မျဉ်း (အလယ်မှပိုင်းဖြတ်ထားသောမျဉ်းများ) ယာဉ်ကြောများစွာပါဝင်သော အဝေးပြေးလမ်းမများသည် ဖော်ပြထားသည့်အတိုင်း အမှတ်အသားလုပ်ထားပါသည်။ အဖြူရောင်မျဉ်းပြတ်များသည် တစ်လမ်းတည်းသွားနေသော ယာဉ်များမှ အသုံးပြုနိုင်သည့် လမ်းကြောများကို ပြသည်။ သင်သည် အဖြူရောင်မျဉ်းပြတ်များကို ဖြတ်သန်းနိုင်သည် (ဖြတ်မည့်လမ်းကြောရှင်းလင်းစေရန် ပြုလုပ်ပါ) သို့သော် သင်သည် အဝါရောင် အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို ဖြတ်သန်း၍မရပါ။ ယာဉ်ကြောသည် အဝါရောင်အလယ်မျဉ်းဘယ်ဘက်ရှိ ယာဉ်ကြောနှင့် ဆန့်ကျင်ဘက်သို့ သွားနေသည်။



ဤပုံစံသည် အသုံးပြုအလယ်မျဉ်း (အလယ်မှပိုင်းဖြတ်ထားသောမျဉ်းများ) ပါဝင်သည့် အဝေးပြေးလမ်းမများပေါ်တွင် အသုံးပြုသည်။ လမ်း၏ ညာဘက်စွန်းကို အဖြူရောင်မျဉ်းသေဖြင့် အမှတ်အသားလုပ်ထားသည်။ တစ်ဘက်စီ၏ ဘယ်ဘက်စွန်းကို အဝါရောင်မျဉ်းသေဖြင့် အမှတ်အသားလုပ်ထားသည်။ တစ်ဘက်စီအတွက် ယာဉ်ကြောများကို ဖြတ်သွားနိုင်သည့် အဖြူရောင်မျဉ်းပြတ်များဖြင့် အမှတ်အသားလုပ်ထားသည်။

စကြံ့အမှတ်အသားများတွင် စကြံ့ပေါ်တွင် ဆေးခြယ်ထားသော စကားလုံးများနှင့် စည်းကမ်းများနှင့် သတိပေးအမှတ်အသားများပေါ်တွင် ဖော်ပြထားသည့် မက်ဆေ့ချ်များကို အားဖြည့်ပေးထားသည့် မြားများပါဝင်သည်။ ဥပမာများတွင် **ရပ်**အမှတ်အသားတစ်ခုရှိသည့် လမ်းဆုံမရောက်မီတွင် **ရှေ့တွင်ရပ်** ဟူသော စာလုံး၊ **လမ်းပေးပါ** သို့မဟုတ် လမ်းကြောင်းတစ်လျှောက်ရှိ ဆေးသုတ်ထားသော အဖြူရောင် တြိဂံများ၊ ကျောင်းနယ်မြေတစ်ခုမရောက်မီ **ကျောင်း**ဟူသော စကားလုံး၊ ရထားဖြတ်လမ်းတစ်ခုမရောက်မီ R X R အမှတ်အသား၊ စက်ဘီးစီးနင်းသူများအတွက် သီးသန့်ထားသည့် လမ်းအတွက် **စက်ဘီးလမ်းကြောင်း** ၊ **လမ်းကြောင်းသည် အကွေ့သီးသန့်သာဖြစ်ကြောင်း ပြသည့်** ဘယ် သို့မဟုတ် ညာမြားတစ်ခုဖြင့် **ကွေ့ရန်သာ** ဆိုသော စကားလုံးနှင့် တစ်လမ်းသွားလမ်းများနှင့် အဝေးပြေးလမ်းကြီးမှ ခွဲထွက်သော လမ်းတိုများ၏ ဦးတည်ဘက်ကိုပြသော ကြီးမားသော အဖြူရောင်မြားများ ပါဝင်သည်။

အခန်း 2 သုံးသပ်ချက်မေးခွန်းများ

1. **ဤအမှတ်အသားကိုမြင်လျှင် သင်သည် -**

   A. လုံးဝရပ်တန့်ပြီး ခြေကျင်သွားလာသူများနှင့်ဖြတ်သန်းနေသော ယာဉ်ကြောကို ကြည့်ရှုရမည်
   B. လုံးဝယာဉ်ရပ်တန့်ခြင်းမဟုတ်ဘဲ အရှိန်လျှော့ချရမည်
   C. လုံးဝရပ်တန့်ပြီးနောက် မီးစိမ်းပြသည်ကို စောင့်ရမည်
   D. အရှိန်လျှော့ပြီး ယာဉ်ကြောကို ကြည့်ရှုရမည်

2. **ဤသည်မှာ အမှတ်အသား၏ ပုံသဏ္ဌာန်နှင့်_____ အရောင်ဖြစ်သည်။**

   A. ရပ်
   B. လမ်းမှား
   C. ဦးစားပေး
   D. မဝင်ရ

3. **ဤအမှတ်အသား၏ အဓိပ္ပါယ်မှာ**

   A. ရပ်
   B. ဂငယ်ကွေ့မကွေ့ရ
   C. ဦးစားပေး
   D. မဝင်ရ

4. **ဤအမှတ်အသား၏ အဓိပ္ပါယ်မှာ**

   A. ဂငယ်ကွေ့မကွေ့ရ
   B. မကွေ့ရ
   C. ဘယ်မကွေ့ရ
   D. ညာမကွေ့ရ

5. **ဤအမှတ်အသား၏ အဓိပ္ပါယ်မှာ**

   A. ဂငယ်ကွေ့မကွေ့ရ
   B. ဘယ်မကွေ့ရ
   C. ညာ မကွေ့ရ
   D. မကွေ့ရ

6. **ဤအမှတ်အသား၏ အဓိပ္ပါယ်မှာ**

   A. ဘယ် သို့မဟုတ် ညာသို့ကွေ့ရမည်
   B. သင်သည် တီပုံသဏ္ဌာန် လမ်းဆုံသို့ချဉ်းကပ်လာနေသည်
   C. သင်ရှိနေသော လမ်းမသည် ခွဲထားသော အဝေးပြေးလမ်းမတစ်ခုနှင့် ဆုံသည်
   D. ခွဲထားသော အဝေးပြေးလမ်းမတစ်ခု၏ အပေါ်တွင် ခုံးကျော်တံတားတစ်ခုရှိသည်

7. **အဖြူရောင် ကြိမ်တုတ်ကိုင်ထားသော ခြေကျင်လျှောက်သူတစ်ဦးအနီး ဖြတ်မောင်းသည့်အခါ ပို၍သတိထားရန်လိုသည် အဘယ်ကြောင့်ဆိုသော် -**
   A. ၎င်းတို့သည် နားမကြားခြင်းကြောင့်ဖြစ်သည်
   B. ၎င်းတို့သည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိသောကြောင့်ဖြစ်သည်
   C. ၎င်းတို့သည် မျက်စိမမြင်သောကြောင့်ဖြစ်သည်
   D. ၎င်းတို့တွင် လမ်းလျှောက်ခြင်းပြဿနာရှိသောကြောင့်ဖြစ်သည်

8. **အဖြူရောင်တုတ်ကိုင်ထားသော သို့မဟုတ် လမ်းပြခွေးတစ်ကောင် အသုံးပြုသည့် မျက်မမြင်ခြေကျင်သွားလာသူတစ်ဦးအနီးမှ ဖြတ်မောင်းလျှင် သင်သည် -**
   A. အရှိန်လျှော့ပြီး ရပ်ရန်ပြင်ထားပါ
   B. လမ်းရိုင်ခွင့်ယူပါ
   C. ပုံမှန်အတိုင်း ဆက်သွားပါ
   D. အဝေးသို့ လျင်လျင်မြန်မြန်မောင်းနှင်ပါ

9. **ရထားဖြတ်လမ်းတစ်ခုတွင် အချက်ပြမရှိပါက သင်သည် -**

A. ရထားချဉ်းကပ်လာနေသည်ကို မြင်ခြင်း၊ ကြားခြင်းရှိမရှိသိရှိရန် အရှိန်လျှော့ပြီး ရပ်တန့်ရန် ပြင်ဆင်ပါ
B. ရှေ့ဆက်မောင်းသွားပြီး သံလမ်းပေါ်သို့ တတ်နိုင်သမျှ မြန်မြန်ဖြတ်သွားပါ
C. ဖြတ်လမ်းကို ပုံမှန်နှုန်းဖြင့်ဖြတ်ပြီး ရှေ့ဆက်မောင်းသွားပါ
D. သံလမ်းပေါ်မှဖြတ်၍ ဖြည်းညင်းစွာ ရှေ့ဆက်မောင်းသွားပါ

10. **သင်သည် ရထားဖြတ်လမ်းတစ်ခုရှိ တံခါးများကို ဖြတ်၍မောင်းနိုင်သည်**
A. ရထားဖြတ်နေသည့်အခါ
B. မည်သည့်အခါဖြတ်မမောင်းဖူးပါ
C. မီးများသည် မှိတ်တုတ်တုတ်မဖြစ်တော့သည့်အခါ
D. အခြားယာဉ်မောင်းများ တံခါးကိုဖြတ်မောင်းသည့်အခါ

11. **သင့်ယာဉ်ကြောအပေါ် ဘက်တွင် ဤအမှတ်အသားကို တွေ့ရပါက သင်သည် -**

A. ဤယာဉ်ကြောတွင် အမြန်လမ်းမှ ထွက်နိုင်မည်မဟုတ်ပါ
B. လမ်းဆုံလမ်းမကြီးကို ဆက်လက်ဖြတ်သွားနိုင်မည် သို့မဟုတ် ဤယာဉ်ကြောတွင် အမြန်လမ်းမှထွက်နိုင်မည်
C. ဤယာဉ်ကြောအတွင်း ရှိနေပြီး လမ်းဆုံလမ်းမကြီးကို ဆက်လက်ဖြတ်သွားမည်
D. ဤယာဉ်ကြောတွင် မောင်းနှင်မည်ဆိုလျှင် အမြန်လမ်းမှ ထွက်ခွာရမည်

12. **အဝေးပြေးလမ်းမနှင့် အမြန်လမ်းမ လမ်းညွှန်အမှတ်အသားများမှာ -**
A. လိမ္မော်ရောင်နှင့် အမည်းရောင်စာလုံးများဖြစ်သည်
B. အစိမ်းနှင့် အဖြူရောင်စာလုံးများဖြစ်သည်
C. အဝါနှင့်အမည်းရောင် စာလုံးများဖြစ်သည်
D. အနီနှင့်အဖြူရောင်စာလုံးများဖြစ်သည်

13. **ဤအမှတ်အသားသည် ယာဉ်မောင်းသူများအား သတိပေးသည့်အခါ သုံးလေ့ရှိသည်-**

A. မကြာမီတွေ့ရမည့် လမ်းဆုံများ
B. လမ်းပြုပြင်နေမှု
C. ရှေ့ရှိ လမ်းအကွေ့များ
D. ယာဉ်ကြောတွင် ပြောင်းလဲမှုများ

14. **ဤအမှတ်အသားမှ သင့်အား ပြောနေသည်မှာ -**

A. ဤလမ်းပေါ်တွင် အကွေ့ကို ခွင့်မပြုပါ။
B. ရှေ့တွင်တွေ့ရမည့်လမ်းမှာ ကျဉ်းသည်
C. ရှေ့တွင် အကွေ့များစွာရှိသည်
D. စိုစွတ်သည့်အခါ ဤလမ်းသည်ချော်နိုင်သည်

15. **ဤအမှတ်အသား၏ အဓိပ္ပါယ်မှာ**

A. ရှေ့တွင် ဘယ်ကွေ့ရှိသည်
B. ကွေ့များစွာရှိသည်
C. ရှေ့တွင် S သဏ္ဌာန်ကွေ့ရှိသည်
D. စိုစွတ်သည့်အခါ ချော်နိုင်သည်

16. **ဤအမှတ်အသားမှ ဖော်ပြနေသည်မှာ -**

A. ရှေ့တွင် မတ်စောက်သော ကုန်းမြင့်တစ်ခုရှိသည်
B. ကုန်းမြင့်ပေါ်သို့ ထရပ်ကားများ တက်ခွင့်မပြုပါ
C. ရှေ့တွင် သစ်တောလမ်းတစ်ခုရှိသည်
D. ကုန်းမြင့်ပေါ်တွင် ထရပ်ကားများရှိသည်

17. **အဝါရောင်နှင့် အမည်းရောင်စိန်တုံးပုံ အမှတ်အသားသည်-**

A. လမ်းပေါ်ရှိ သို့မဟုတ် လမ်းအနီးရှိ အခြေအနေများကို သင့်အား သတိပေးနေသည်
B. ရှေ့ရှိ မြို့များဆီသို့ လမ်းညွှန်ပေးရန် သင့်အားကူညီပေးနိုင်သည်
C. ယာဉ်ဥပဒေနှင့် စည်းကမ်းများအကြောင်း သင့်အားပြောပြသည်
D. ရှေ့တွင် လမ်းပြုပြင်နေကြောင်း သင့်အားပြောပြနေသည်

18. ဤပုံသဏ္ဌာန်နှင့် အရောင်ရှိသော အမှတ်အသားက _____ အမှတ်အသားဖြစ်ကြောင်းပြသည်။



A. မဖြတ်သန်းရန်ယမ်းမြေ
B. လမ်းမှား
C. ရထားလမ်းဆုံ
D. ရပ်

19. ဤအမှတ်အသားများမှ မည်သည့်အမှတ်အသားသည် ခွဲထားသောအဝေးပြေးလမ်းမ၏ အဆုံးဖြစ်ကြောင်းကို ပြသနည်း။



A. 2
B. 4
C. 3
D. 1

20. ယာဉ်မောင်းများအား သတိပေးရန် ဤအမှတ်အသားကို အသုံးပြုသည် -

A. ယာဉ်ကြောအဆုံးသတ်သည်၊ ဘယ်ဘက်တွင် ပေါင်းသည်
B. ရှေ့ရှိ လမ်းအကွေ့များ
C. လာမည့်ဆုံမှတ်များ
D. လမ်းတည်ဆောက်ခြင်း

21. ဤအမှတ်အသားသည် အောက်ပါအမျိုးအစားတစ်ခုကို ပြသည် -

A. လမ်းဆုံ
B. ကွေ့ကောက်သောလမ်း
C. ညာကွေ့
D. ယာဉ်ကြောပြောင်းခြင်း

22. ဤအမှတ်အသားသည် အောက်ပါအမျိုးအစားတစ်ခုကို ပြသည် -

A. ညာကွေ့
B. ်လမ်းဆုံ
C. ယာဉ်ကြောပြောင်းလဲခြင်း
D. ကွေ့ကောက်သောလမ်း

23. ဤအမှတ်အသားကိုတွေ့ရပါက သင်မည်သည့်အကြောင်းအရာကို အပူပင်ဆုံးဖြစ်သင့်သနည်း

A. သင့်ကား၏ တစ်ဘက်ခြမ်းသည် အခြားတစ်ဖက်ထက် ပိုမြင့်နေသောကြောင့် သင့်ကားရှေ့မီးများ ဖြောင့်တန်းခြင်းမရှိဘဲ မောင်းနှင်နေခြင်း
B. သင် လမ်းပခုံးတစ်ခုပေါ်သို့ ဒရွတ်ဆွဲမောင်းနှင်ပါက တာယာများ ပျက်စီးနိုင်ခြင်း
C. လမ်းပခုံးများပေါ်တွင် ရေတင်နေလျှင် ရေကြောင့်ကားတာယာများချော်ပြီး ဟန်ချက်ပျက်နိုင်ခြင်း
D. အစွန်းတစ်ခုကြောင့် သင့်ယာဉ်သည် လမ်းပခုံးပေါ်သို့ ဒရွတ်ဆွဲမောင်းနှင်ပါက ယာဉ်၏ ထိန်းချုပ်မှုပျက်နိုင်ခြင်း

24. ဤအမှတ်အသား၏ အဓိပ္ပါယ်ကိုဖော်ပြပါ

A. ရှေ့တွင်ရှိသော မီးပွိုင့်အချက်ပြမီးမှာ အနီဖြစ်သည်
B. ရှေ့တွင်ရှိသော မီးပွိုင့်အချက်ပြမီးမှာ ပျက်နေသည်
C. ရှေ့တွင်ရှိသော မီးပွိုင့်အချက်ပြမီးမှာ အစိမ်းဖြစ်သည်
D. ရှေ့တွင်မီးပွိုင့်အချက်ပြတစ်ခုရှိသည်

25. ဤအမှတ်အသား၏ အဓိပ္ပါယ်မှာ

A. ခွဲထားသော အဝေးပြေးလမ်းမ အဆုံးသတ်သည်
B. တစ်လမ်းသွားလမ်း စတင်မည်
C. တစ်လမ်းသွားလမ်း အဆုံးသတ်မည်
D. ခွဲထားသော အဝေးပြေးလမ်းမ စတင်မည်

26. အထက်မှ အောက်၊ မီးပွိုင့်များအတွက် အောက်ပါတို့မှာ မှန်ကန်သော အစီအစဉ်ဖြစ်သည်။

A. နီ၊ ဝါ၊ စိမ်း
B. နီ၊ စိမ်း၊ ဝါ
C. စိမ်း၊ နီ၊ ဝါ
D. စိမ်း၊ ဝါ၊ နီ

27. **အစိမ်းရောင်မြားသည် မီးစိမ်းအဖြစ်သို့ ပြောင်းသွားပါက သင်သည်-**
   A. ကွေ့နိုင်သေးသော်လည်း လာမည့်ယာဉ်ကြောကို လမ်းပေးရမည်
   B. ကွေ့နိုင်တော့မည် မဟုတ်ဘဲ တည့်တည့်ဆက်သွားရမည်
   C. ကွေ့နိုင်မည့် လမ်းအခွင့်အရေးရှိသေးသည်
   D. မြားပြထားသည့်ဘက်သို့ ကွေ့နိုင်တော့မည်မဟုတ်ပါ

28. **လမ်းဆုံရှိ ငြိမ်နေသော မီးဝါ၏ အဓိပ္ပါယ်မှာ -**
   A. သွားရန် ဖြစ်သည်
   B. အခြားကားများကို လမ်းပေးရန်ဖြစ်သည်
   C. အရှိန်လျော့ပြီး ရပ်ဖို့အသင့်ပြင်ရန်ဖြစ်သည်
   D. ရပ်ရန်ဖြစ်သည်

29. **အဝါရောင်မှိတ်တုတ်မြား၏ အဓိပ္ပါယ်မှာ သင်သည် -**
   A. ရပ်တန့်ပြီး အစိမ်းရောင်မြားပေါ်လာသည့်အခါ ဆက်ကွေ့သွားရန် ဖြစ်သည်
   B. အရှိန်လျော့ပြီး ရပ်ဖို့ပြင်ရန်ဖြစ်သည်
   C. ကွေ့နိုင်သည် သို့သော် ဦးစွာ လာနေသည့်ယာဉ်များနှင့် ခြေကျင်လျှောက်သူများကို လမ်းပေးရန်ဖြစ်သည်
   D. ကွေ့ရန် လမ်းအခွင့်အရေးရှိသည်

30. **အဝါရောင်မှိတ်တုတ်မီး၏ အဓိပ္ပါယ်မှာ သင်သည်-**
   A. အရှိန်လျော့ပြီး သတိနှင့်ဆက်သွားရန်ဖြစ်သည်
   B. လမ်းရှင်းနေပါက ဆက်သွားရန်ဖြစ်သည်
   C. အစိမ်းရောင်မီးပေါ်လာပါက ရပ်ပြီး ဆက်သွားရန်ဖြစ်သည်
   D. လမ်းရှင်းနေသည့်အခါ ရပ်ပြီးဆက်သွားရန်ဖြစ်သည်

31. **သင်လုံးဝ ရပ်တန့်ရမည်မှာ -**
   A. မှိတ်တုတ်မီးနီကို မြင်လျှင်
   B. ငြိမ်နေသော မီးဝါကိုမြင်လျှင်
   C. အဝါရောင်မြားကိုမြင်လျှင်
   D. အဝါရောင်မှိတ်တုတ်မီးကိုမြင်လျှင်

32. **လမ်းဆုံရှိ ငြိမ်နေသော မီးစိမ်း၏ အဓိပ္ပါယ်မှာ သင်သည်-**
   A. အရှိန်လျော့ပြီး ရပ်ရန်ပြင်ဆင်ရမည်
   B. ရပ်တန့်ပြီး ရှေ့ဆက်မသွားမီ လာမည့်ယာဉ်ကြောကို ကြည့်ရှုရမည်
   C. လမ်းရှင်းပါက လမ်းဆုံကို ဖြတ်မောင်းနိုင်သည်
   D. ညာဘက်သို့ မကွေ့နိုင်ပါ

33. **ငြိမ်နေသော မီးဝါသည် _____မကြာခင်ပေါ်လာမည်ဆိုသည့် အဓိပ္ပါယ်ဖြစ်သည်။**
   A. မှိတ်တုတ်မီးဝါ
   B. ငြိမ်နေသော မီးစိမ်း
   C. ငြိမ်နေသော မီးနီ
   D. မှိတ်တုတ်မီးနီ

34. **အောက်ပါအချက်နှင့်ကိုက်ညီလျှင် မီးဝါကို ဂရုတစိုက်ဆက်လက်ဖြတ်မောင်းနိုင်သည် -**
   A. သင့်ယာဉ်ကြောကိုဖြတ်နေသည့် အရေးပေါ်ယာဉ်တစ်စီးရှိလျှင်
   B. ခြေကျင်ဖြတ်ကူးသူမရှိလျှင်
   C. သင်ညာဘက်ကိုကွေ့မည်ဆိုလျှင်
   D. သင်သည် လမ်းဆုံအတွင်း၌ရှိလျှင်

35. **အောက်ပါအချက်နှင့်ကိုက်ညီလျှင် မီးနီတစ်ခုတွင် ဘယ်ဘက်ကို ကွေ့နိုင်သည် -**
   A. ဆန့်ကျင်ဘက်မှာ လာနေသော ယာဉ်မရှိလျှင်
   B. နှစ်လမ်းမောင်းလမ်းမှ တစ်လမ်းမောင်းလမ်းသို့ ပြောင်းမည်ဆိုလျှင်
   C. တစ်လမ်းမောင်းလမ်းမှ အခြားတစ်လမ်းမောင်းလမ်းသို့ ပြောင်းမည်ဆိုလျှင်
   D. သင့်ရှေ့မှကားသည် ဘယ်ကိုကွေ့လျှင်

36. **မီးပွိုင့်မီး ပျက်နေလျှင် သို့မဟုတ် ကောင်းစွာ အလုပ်မလုပ်ပါက သင်သည် -**
   A ရပ်တန့်ပြီး ပြင်ပြီးချိန်အထိ စောင့်ပါ
   B ရပ်တန့်ပြီး ရဲအရာရှိလာသည်အထိ စောင့်ပါ
   C. လမ်းလေးခွဆုံ ရပ်ရန် အမှတ်အသားတစ်ခုကဲ့သို့ ဆက်လက်မောင်းနှင်ပါ
   D. ပုံမှန်အတိုင်း ဆက်လက်မောင်းနှင်ပါ

37. **အောက်ပါအချက်နှင့်ကိုက်ညီလျှင် သင်သည်မီးနီတွင် ညာဘက်သို့ ကွေ့နိုင်သည် -**
   A. ဦးစွာ ရပ်တန့်ပြီး ယာဉ်ကြောနှင့် ခြေကျင်လျှောက်သူများကို ကြည့်ရှုပြီးလျှင်
   B. အနီရောင် ညာကွေ့မြားတွေ့လျှင်
   C. ဘယ်ဘက်ယာဉ်ကြောအတွင်း ရှိနေလျှင်
   D. ဦးစွာအရှိန်လျော့လျှင်

38. **မီးစိမ်းတွင် ညာကွေ့မည်ဆိုလျှင် သင်သည်-**
   A. ပုံမှန်မောင်းနှင်သည့်နှုန်းအတိုင်း ဆက်လက်မောင်းနှင်ရမည်
   B. ရပ်တန့်ပြီး လာမည့်ယာဉ်ကြောကို ကြည့်ရမည်
   C. ခြေကျင်လျှောက်သူများကို လမ်းပေးရမည်
   D. သင်၏ ပုံမှန်မောင်းနှင်သည့်နှုန်းကို တိုးရမည်

39. **ကျောင်းနယ်မြေပြန်နှုန်းပြ အမှတ်အသားတွင် မီးဝါများ မှိတ်တုတ်ဖြစ်နေလျှင် အပြန်နှုန်းသည် တစ်နာရီ _____ မိုင်နှုန်းဖြစ်သည်။**
   A. 25
   B. 15
   C. 20
   D. 35

40. **ရထားဖြတ်လမ်းတစ်ခုရှိ မှိတ်တုတ်မီးနီ၏ အဓိပ္ပါယ်မှာ -**
   A. ရပ်ပါ၊ မှိတ်တုတ်မီးလင်းနေစဉ်အတွင်း ရှေ့ဆက်မသွားရန်ဖြစ်သည်
   B. အရှိန်လျော့ပြီး ရှင်းလျှင် ရှေ့ဆက်သွားရန်ဖြစ်သည်
   C. သတိနှင့်ရှေ့ဆက်သွားရန်ဖြစ်သည်
   D. သင့်တွင် လမ်းအခွင့်အရေးရှိသည်

41. **ထိန်းချုပ်အချက်ပြအသုံးပြုသော ယာဉ်ကြောတစ်ခုပေါ်ရှိ အစိမ်းရောင်မြား၏ အဓိပ္ပါယ်မှာ -**
   A. သင်ဤယာဉ်ကြောကို အသုံးပြုနိုင်သည်
   B. ဤယာဉ်ကြောတွင် မည်သည့်ယာဉ်ကိုမှ ခွင့်မပြုပါ
   C. သင့်တွင် လမ်းအခွင့်အရေးရှိသည်
   D. သင်သည် ဤယာဉ်ကြောနှင့် ပူးပေါင်းရမည်

42. **ဤအမှတ်အသား၏ အဓိပ္ပါယ်မှာ:**
   A. ရှေ့တွင် ခြေကျင်လျှောက်သူများရှိသည်
   B. ဆာက်လုပ်ရေးနယ်မြေအဆုံးဖြစ်သည်
   C. ရှေ့တွင် ကျောင်းလမ်းဆုံရှိသည်
   D. ရှေ့တွင်အလံဖြင့် ယာဉ်ကြောထိန်းသိမ်းသူရှိသည်

43. **ဤအမှတ်အသား၏ အဓိပ္ပါယ်မှာ -**
   A. ရပ်ရွာဝန်ဆောင်မှုအဖွဲ့တစ်ခုသည် ရှေ့ရှိအဝေးပြေးလမ်းမတစ်လျှောက်တွင် အမှိုက်များကို ကောက်နေသည်
   B. အလုပ်သမားများသည် ရှေ့လုပ်ငန်းဇုံရှိ လမ်းမပေါ်တွင် သို့မဟုတ် အလွန်နီးသောနေရာတွင် ရှိနေသည်
   C. ရှေ့တွင် ကလေးများ ကစားနေကြသည်
   D. ရှေ့တွင်ခြေကျင်လျှောက်သူများအတွက် လူကူးမျဉ်းကြားရှိသည်

44. **လုပ်ငန်းဇုံတစ်ခုတွင် အောက်ပါပုံစံတစ်ခုခုဖြင့် မြားပုံအကွက်တစ်ခုကို ပြနေသည့် အဓိပ္ပါယ်မှာ -**
   A. အမှတ်အသားပေါ်ရှိ မီးသီးများ ကျွမ်းနေခြင်းဖြစ်သည်
   B. သတိဖြင့်မောင်းရန်ဖြစ်သည်
   C. ချက်ခြင်းယာဉ်ကြောပြောင်းရန်ဖြစ်သည်
   D. ယာဉ်ကြောဆိုင်ရာ နောက်ဆုံးရသတင်းများပေးနေသည့် ရေဒီယိုလိုင်းကို ဖွင့်ပါ

45. ဤပုံရှိ အလယ်ယာဉ်ကြောမှာ အောက်ပါအတွက် သုံးရန်ဖြစ်သည် -

A. ပုံမှန်သွားလာခြင်း
B. ဘယ်ကွေ့ရန်အတွက်သာ
C. ဖြတ်မောင်းရန်အတွက်သာ
D. အရေးပေါ် ယာဉ်များအတွက်သာ

46. ယာဉ်ကြောနှစ်ခုကို ဖြတ်ဆွဲထားသော မျဉ်းသည် _____ မျဉ်းဖြစ်လျှင် သင်ဖြတ်မောင်းနိုင်သည်။
A. အဖြူရောင်မျဉ်းပြတ်
B. နှစ်ထပ်အဝါရောင်မျဉ်းသေ
C. အဝါရောင်မျဉ်းသေ
D. အဖြူရောင်မျဉ်းသေ

47. ဦးတည်ဘက်တစ်ဘက်တည်းသို့သွားနေသော ယာဉ်ကြောမျဉ်းများကို ခွဲခြားထားသည်မှာ _____ မျဉ်းများဖြစ်သည်
A. အဝါရောင်
B. အဖြူရောင်
C. အနီရောင်
D. အမည်းရောင်

48. သင်သည် _____အလယ်မျဉ်းတစ်ခု၏ တစ်ဘက်ဘက်တွင်ရှိသော အခြားကားတစ်စီးကို ကျော်တက်၍မရပါ။
A. မျဉ်းသေနှင့် မျဉ်းပြတ်ရောနေသော အဝါရောင်
B. တစ်ကြောင်းတည်းဖြစ်သည့် ပြတ်နေသော အဝါရောင်
C. နှစ်ထပ်အဝါရောင်မျဉ်းသေ
D. တစ်ကြောင်းတည်းဖြစ်သည့် ပြတ်နေသော အဖြူရောင်

49. သင်သည် အဝါရောင်မျဉ်းသေများကို ဖြတ်သွားနိုင်သည် -
A. ဦးတည်ဘက်တစ်ဘက်တည်းသို့သွားနေသော ယာဉ်ကို ကျော်တက်ရန်
B. နေ့ဘက်အချိန်အတွင်းသာ
C. မည်သည့်အချိန်တွင်မဆို
D. ကွေ့သည့်အခါများတွင်

50. ညာဘက်အခြမ်းရှိ လမ်းအစွန်းကို _____ မျဉ်းတစ်ကြောင်းဖြင့် အမှတ်အသားပြုထားသည်
A. အဖြူရောင်မျဉ်းပြတ်
B. အဝါရောင်မျဉ်းသေ
C. အဖြူရောင်မျဉ်းသေ
D. အဝါရောင် မျဉ်းပြတ် အသံ

51. ဆန့်ကျင်ဘက် ဦးတည်ဘက်သို့သွားနေသော ယာဉ်ကြောများကို _____ ဖြင့်ခွဲခြားထားသည်
A. အဖြူရောင်
B. အနီရောင်
C. အမည်းရောင်
D. အဝါရောင်

52. သင် ဤအမည်းရောင်နှင့် အဝါရောင်အမှတ်အသားကို မြင်လျှင် ၎င်း၏ အဓိပ္ပါယ်မှာ -

A. ညာဘက်ရှိ လမ်းမသည် တစ်လမ်းမောင်းအတွက်သာ ဖြစ်သည်
B. လမ်းပြင်နေသည့်အတွက် လမ်းလွှဲမှမောင်းရန်ဖြစ်သည်
C. ရှေ့တွင်ရှိသည့် လမ်းမသည် အလွန်သိသာသော ထောင့်ချိုးတစ်ခုဖြင့် ဦးတည်ဘက်ပြောင်းလဲသွားမည်ဖြစ်၍ အရှိန်လျှော့မောင်းပါ
D. ရှေ့တွင် သင့်ညာဘက်၌ ဖြတ်လမ်းတစ်ခုရှိသည်

53. သင်ဤအမှတ်အသားကို မြင်လျှင် ၎င်း၏ အဓိပ္ပါယ်မှာ -

A. လမ်းမပေါ်တွင် အရာဝတ္ထုတစ်ခုရှိနေသည်
B. ညာဘက်မှ ယာဉ်တစ်စီးလာနေသည်
C. ကားလမ်းမသည် ဘယ်ဘက်သို့ သိသိသာသာ ကွေ့နေသည်
D. ရှေ့တွင် ဆုံမှတ်နေရာတစ်ခုရှိသည်

54. ရပ်အမှတ်အသားစာစ်ရုပ်ပြင့် ထိန်းချုပ်ထားသော ဆုံမှတ်တစ်ခုတွင် သင်သည် စက်ကြိမ်ပါရှိ အမြန်ရောင် တန်းတစ်ခုနောက်တွင် ရပ်လိုက်ပါက တစ်ဖက်လမ်းမှလာသော ယာဉ်များကို ကောင်းစွာမြင်နိုင်တော့မည် မဟုတ်လျှင် သင်သည် -

A. ထိုးစက္ကန့်ခန့်စောင့်ပြီးနောက် ရှေ့ဆက်သွားပါ
B. ရှေ့ဆက်မသွားခင် သင့်ကားဟွန်းကို တီးပါ
C. သင့်ပြတင်းပေါက်မှန်များကို ချလိုက်ပြီး ယာဉ်ရှိမရှိ နားထောင်ပြီးနောက် ရှေ့ဆက်သွားပါ
D. ရှေ့သို့ ဖြည်းညင်းစွာ ရွှေ့သွားပြီး ယာဉ်နှင့် ခြေကျင်လျှောက်သူများ ရှိမရှိကို ကြည့်ပြီး လမ်းရှင်းလျှင် ဆက်သွားပါ

55. ဖော်ပြထားသော အမြန်နှုန်းကန့်သတ်ချက်မှ ပြနေသည်မှာ -

A. ဥပဒေအရ အနည်းဆုံးအမြန်နှုန်းကန့်သတ်ချက်
B. ယာဉ်စည်းကမ်းဖောက်ဖျက်မှု ဖြတ်ပိုင်းမရစေရန် သင်မောင်းနှင်ရမည့် အမြန်နှုန်းအတိအကျ
C. ကောင်းမွန်သော လမ်းနှင့် ရာသီဥတုအခြေအနေများအရ ဘေးကင်းစွာမောင်းနှင်နိုင်မည့် အများဆုံး အမြန်နှုန်း
D. လမ်းအခြေအနေအားလုံးတွင် ဘေးကင်းစွာမောင်းနှင်နိုင်မည့် အများဆုံး အမြန်နှုန်း

56. နှစ်လမ်းသွား အဝေးပြေးလမ်းကို အောက်ပါမည်သည့်အမှတ်အသားများနှင့် မှတ်သားထားသနည်း။

A. 1
B. 2
C. 3
D. 4

1
2
3
4

57. အလယ်လမ်းကြောတွင် မည်သည့်မောင်းနှင်မှုကို ပြုလုပ်နိုင်မည်နည်း။

A. ဘယ်ကွေ့များကွေ့ခြင်း
B. ဂငယ်ကွေ့ကွေ့ခြင်း
C. မိမိထက်နှေးပြီးသွားနေသော ယာဉ်ကို ကျော်တက်ခြင်း
D. အထက်ပါအရာများအားလုံး

58. ယာဉ်မောင်းသည် ညာဘက်တွင်နေသင့်သည်ဆိုသော အမှတ်အသားမှာ အောက်ပါတို့အနက် မည်သည်ဖြစ်သနည်း။

A. 2
B. 1
C. 3
D. 4

1
2

3

4

အခန်း 2 အဖြေသော့ချက်

1. A
2. C
3. D
4. A
5. C
6. C
7. C
8. A
9. A
10. B
11. D
12. B
13. C
14. C
15. D
16. A
17. A
18. A
19. A
20. A
21. A
22. B
23. D
24. D
25. D
26. A
27. A
28. C
29. C
30. A
31. A
32. C
33. C
34. D
35. C
36. C
37. A
38. C
39. B
40. A
41. A
42. D
43. B
44. B
45. B
46. A
47. B
48. C
49. D
50. C
51. D
52. C
53. C
54. D
55. C
56. C
57. A
58. A

အခန်း 3 –
ယာဉ်မောင်းနှင်ရန် သင်ကြားခြင်း

ဤအခန်းသည် သင့်အား ဘေးကင်းလုံခြုံသော ယာဉ်မောင်းကောင်းတစ်ဦးဖြစ်စေရန် အကူအညီဖြစ်စေမည့် အချက်အလက်များကို ဖော်ပြပေးထားပါသည်။ ၎င်းတွင် ဤခေါင်းစဉ်များ ပါဝင်ပါသည်။

- ဘေးကင်းလုံခြုံရေးကို ဦးစားပေးရွေးချယ်ခြင်း
- ယာဉ်မောင်းအချက်အလက်များ
- နေ့စဉ်ယာဉ်မောင်းနှင်မှု အရည်အချင်းများ
- အထူးအခြေအနေများနှင့် အရေးပေါ်အခြေအနေများ

ဘေးကင်းလုံခြုံရေးကို ဦးစားပေးရွေးချယ်ခြင်း

သင့်တွင် အရေးကြီးသော ရွေးချယ်စရာများ ရှိပါသည် – တစ်ခါတစ်ရံ သင် သင့်ယာဉ်ကို စတင်မောင်းနှင်မီတွင်ပင် - သင် ကားစတီရာယင်နောက်မှာရှိနေချိန်တွင် သင်၏ လုံခြုံမှုကို ထိခိုက်စေသည်။ သင်နှင့် သင့်ကားသည် "မောင်းနှင်ရန် သင့်လျော်မှုရှိ" အောင် သေချာပြုလုပ်ခြင်းဖြင့် စတင်ပါ။

ယာဉ်စစ်ဆေးမှုများ - ယာဉ်မောင်းနှင်ရန် သင်ကြားခြင်း

1. **တာယာ ဘေးကင်းလုံခြုံမှု** - တာယာများသည် ဘေးကင်းလုံခြုံစွာ မောင်းနှင်ခြင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ သင့်ကားကို မမောင်းနှင်မီ သင့်လျော်သော တာယာပန်းများနှင့် လေဖိအားရှိရန် သေချာပြုလုပ်ပါ။ ကားထဲသို့ မဝင်မီ ကားပိုင်ရှင် လက်စွဲ သို့မဟုတ် ယာဉ်မောင်းသူ၏ ဘေးတံခါးကျည်းဘောင်ထဲတွင်ရှိသော အကြံပြုထားသည့် psi (တစ်စတုရန်းလက်မရှိ ပေါင်)ကို အသုံးပြု၍ တာယာ၏ လေဖိအားကို စစ်ဆေးကြည့်ပါ။ သင်၏ psi ကို စစ်ရန် တာယာ လေဖိအားတိုင်းကိရိယာကို အသုံးပြုပါ။ သင်မမောင်းမီ သို့မဟုတ် မောင်းပြီးနောက် အနည်းဆုံး သုံးနာရီအကြာတွင် တာယာများ "အေး"နေမှ ရှိမရှိကို စစ်ပါ။ သင်၏ psi သည် သင့်တံခါးကျည်းဘောင်တွင် ဖော်ပြထားသော နံပါတ်၏ အထက်တွင်ရှိလျှင် နံပါတ်များ ညီသွားသည်အထိ လေကိုထုတ်ပေးပါ။ နိမ့်နေပါက သင့်လျော်သော နံပါတ်သို့ မရောက်မီအထိ လေကို ထပ်ထည့်ပါ (သို့မဟုတ် တာယာကျွမ်းကျင်သူတစ်ဦးကို ကူညီပေးခိုင်းပါ)။

   အကြွေစေ့ စစ်ဆေးမှုကို အသုံးပြု၍ တာယာပန်း၏ အနက်ကိုလည်း တိုင်းတာနိုင်သည်။ တစ်လတစ်ကြိမ် သို့မဟုတ် ခရီးရှည်မထွက်မီတွင် သင့်တာယာများ ပေါက်ပြဲပျက်စီးခြင်းရှိမရှိကို စစ်ဆေးပါ။ ပျက်စီးခြင်းကို စစ်ဆေးဖို့အတွက် လွယ်ကူသော နည်းတစ်နည်းမှာ အကြွေစေ့ကို အသုံးပြုစစ်ဆေးခြင်းဖြစ်သည်။

   1. အကြွေစေ့ကို ယူပြီး သင့် လက်မနှင့် လက်ညှိုးကြားတွင် အေဗရာဟမ်လင်ကွန်း ခန္ဓာကိုယ်ကို ကိုင်ထားပါ။
   2. တယာပန်းများ အနိမ့်ဆုံးဟုထင်ရသည့် သင့်တာယာပေါ်ရှိ အမှတ်တစ်ခုကို ရွေးပြီး မြောင်းများအနက်မှ တစ်ခုအတွင်း လင်ကွန်းခေါင်းကို ထားပါ။
   3. လင်ကွန်းခေါင်း၏ အစိတ်အပိုင်းတစ်ခုခုကို တာယာပန်းများမှ ဖုံးထားပါက သင့်တွင် ဘေးကင်းသည့် တာယာပန်းအရေအတွက်ဖြင့် မောင်းနှင်နေခြင်းဖြစ်သည်။ တာယာပန်းသည် ယင်းအောက်သို့ရောက်နေပါက ဆိုးရွားသော အခြေအနေတွင် သင့်ကားသည် လမ်းမထက်တွင် မြဲမြဲစွာမောင်းနှင်နိုင်စွမ်းကို အကြီးအကျယ် လျော့နည်းစေမည်ဖြစ်သည်။

   သင့်ကားရှိ တာယာကို လဲလှယ်ရာတွင် လိုအပ်မည့် ကိရိယာများ ဆိုလိုသည်မှာ - တာယာအပို၊ ခွရှင်၊ ကျိုက်၊ ဓာတ်မီး၊ အချက်ပြမီးနှင့် ရောင်ပြန်တြိဂံများ၊ ဂျမ်းတုံးများ၊ ပြားနေသော တာယာပြင်သည့် ကိရိယာများနှင့် လက်အိတ်များ ဆောင်ထားပါ။ တယာလဲလှယ်ပုံနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ စာမျက်နှာ 63 ကို ကိုးကားပါ။

2. **အရည်များ** - အရည်များ - အင်ဂျင်ဝိုင်၊ လေကာဆေးရည်နှင့် လောင်စာဆီတို့ကို စစ်ဆေးပြီး ယာဉ်ပိုင်ရှင်လက်စွဲအရ လိုအပ်သည့်အတိုင်း ဖြည့်ပါ။

3. **ယာဉ်မောင်းထိုင်ခုံကို ချိန်ညှိပါ** - သင်သည် ခြေနင်းပြားနှင့် အခြားထိန်းချုပ်ပစ္စည်းများကို အလွယ်တကူ လက်လှမ်းမှီနိုင်ရမည်ဖြစ်ပြီး လေကာကို ရှင်းရှင်းလင်းလင်းမြင်ရန်လိုသည်။ သင်၏ ပိုင်ရှင်လက်စွဲတွင် သင့်ကား၏ ကိရိယာများအား ချိန်ညှိပုံနှင့်ပတ်သက်သည့် အချက်အလက်များ ဖော်ပြထားပါသည်။

4. **သင်၏ထိုင်ခုံခါးပတ်ကို မြဲမြဲအောင်ပတ်ပါ** - ခရီးထွက်သည့်အခါတိုင်း သင့်ပေါင်ခွင်နှင့် ပခုံးခါးပတ်နှစ်ခုစလုံးကို မြဲမြဲအောင်ပတ်ပါ။ အခန်း 5 တွင် တွေ့နိုင်သည့် ပင်ဆယ်ဗေးနီးယားပြည်နယ် ထိုင်ခုံခါးပတ်ဥပဒေ၊ ကလေးလုံခြုံရေးကားထိုင်ခုံ ဥပဒေနှင့် လေအိတ်လုံခြုံရေး အချက်အလက်များနှင့်ပတ်သက်သည့် အချက်အလက်များကို အလေးပေးကြည့်ရှုပါ။

သင်၏ ထိုင်ခုံခါးပတ်ကို တပ်ဆင်ခြင်းသည်
သေဆုံးနိုင်ချေ သို့မဟုတ် ထိခိုက်ဒဏ်ရာရနိုင်သည့် အန္တရာယ်ကို လျော့ချနိုင်သည့် တစ်ခုတည်းသော အထိရောက်ဆုံးနည်းဖြစ်သည်

သင် သိပါသလား။
2017 ခုနှစ်တွင် ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်တိုက်မှုများတွင် ပါဝင်ခဲ့သည့် လူပေါင်း 80.2% သည် ထိုင်ခုံခါးပတ်များ ပတ်ထားကြသည်။ အသက် 16 နှစ်မှ 24 ကြား ယာဉ်မောင်းများသည် ခါးပတ်မပတ်ခြင်းကြောင်း ထိခိုက်ဒဏ်ရာရပြီး သေဆုံးသည့် အရေအတွက် အများဆုံးဖြစ်ပြီး ထိုင်ခုံခါးပတ်အသုံးပြုသည့် အရေအတွက် အနည်းဆုံးဖြစ်သည်။

5. **ခရီးသည်တင်အခန်းရှိ လျော့ရဲနေသော ပစ္စည်းများကို သေချာစည်းနှောင်ထားပါ** – ယာဉ်တိုက်မှုတစ်ခုတွင် သင့်ကားထဲရှိ လျော့ရဲရဲဖြစ်နေသော အရာများသည် ယာဉ်တိုက်မှုမဖြစ်မီ သွားခဲ့သော အရှိန်အတိုင်း ဆက်လက်သွားနေစေရန် ပစ်လွှတ်လိုက်သကဲ့သို့ ဖြစ်လာမည်။ ကျောပိုးအိတ်များ၊ လက်ဆွဲအိတ်နှင့် ကိရိယာများကဲ့သို့ လေးလံသော အရာဝတ္ထုများကို တတ်နိုင်သမျှ ကားနောက်ခန်းတွင်ထားပါ သို့မဟုတ် ၎င်းတို့ကို ကားထိုင်ခုံခါးပတ်ဖြင့် ချည်နှောင်ထားပါ။ အနောက်ဘက်ပြတင်းပေါက်ဘောင်ပေါ်တွင် ပစ္စည်းများကို မည်သည့်အခါမှ သိမ်းမထားပါနှင့်။

6. **နောက်ကြည့်မှန်နှင့် ဘက်မှန်တို့ကို ချိန်ညှိခြင်း** - သင့်ကားပတ်လည်တွင် မျက်ကွယ်နေရာများ မရှိစေရန် ယာဉ်မောင်းတစ်ဦးစီအတွက် နောက်ကြည့်မှန်နှင့် ဘက်မှန်တို့ကို သီးခြားစီ ချိန်ညှိပေးရန်လိုသည်။ နောက်ကြည့်မှန်ကို သင့်ကားနောက်ရှိ ယာဉ်ကိုတိုက်ရိုက်မြင်နိုင်စေရန်အတွက် ချိန်ထားသင့်သည်။ ဘက်မှန်(များ)ကို သင် ဘယ်/ညာဘက်သို့ စောင်းသည့်အခါ သင့်ယာဉ်၏ ဘယ်/ညာဘက်သို့ မြင်သည်ဆိုရုံမျှ မြင်နိုင်စေရန် ချိန်ညှိသင့်သည်။ သင့်ခုံကို ချိန်ညှိပြီးနောက် မှန်များကို ချိန်ပါ

   မှတ်ရန် - ကားမောင်းနေစဉ်အတွင်း နောက်ကြည့်မှန်တွင် အရာဝတ္ထု သို့မဟုတ် ပစ္စည်းတစ်ခုခုကို တွေ့လောင်းချိတ်ဆွဲထားခြင်းသည် ဥပဒေကို ဆန့်ကျင်ခြင်းဖြစ်သည်။ အရှေ့ဘက်လေကာမှတစ်ဆင့် ပိတ်ထားနိုင်မည့် သို့မဟုတ် အမြင်အာရုံကို ထိခိုက်စေနိုင်မည့် နောက်ကြည့်မှန်တွင် တစ်ခုခုတွဲလောင်းချိတ်ဆွဲထားခြင်း၊ ထားခြင်း သို့မဟုတ် ကပ်ထားခြင်းများ မပြုလုပ်ရပါ။ တံဆိပ်များ၊ ခွင့်ပြုချက်များနှင့် လက်ကိုင်ပိုစတာများကို ယာဉ်ရပ်ထားချိန်တွင်သာ နောက်ကြည့်မှန်တွင် ကပ်ထားနိုင်ပါသည်။

7. **လေကာမှန်** - ယာဉ်မောင်း၏ ယာဉ်လမ်းကြောမြင်ကွင်းကို ပိတ်ထားစေမည့် အရှေ့ဘက်ရှိလေကာတွင် တစ်ခုခုထားထားခြင်းသည် ဥပဒေနှင့်မညီညွတ်ပါ။

8. **လေဝင်လေထွက် ချိန်ညှိခြင်း** - သင့်ကားတွင်းတွင် လေကောင်းလေသန့်မပြတ်ရရှိအောင် ထိန်းသိမ်းထားသင့်သည်။ ယင်းမှာ သင်မောင်းနှင်နေစဉ်အတွင်း ကာဗွန်မိုနောက်ဆိုက် (အိတ်ဇောင့)ေ အဆိပ်သင့်မှုမဖြစ်စေရန် သတိရှိစေပြီး ကာကွယ်ပေးရန် ကူညီပေးနိုင်သည်။ ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်ခြင်းအကြောင်း ပိုမိုသိရှိနိုင်ရန် အခန်း 6 ကိုကိုးကားပါ။

9. **ခေါင်းမီနေရာများကို ချိန်ညှိခြင်း** - သင့်ခေါင်းနောက်တွင် စနစ်တကျထားရှိသည့် ခေါင်းမီသည် ယာဉ်တိုက်မှုတစ်ခုတွင် ပြင်းထန်သော လည်ပင်းဒဏ်ရာမရရှိအောင် ကာကွယ်ပေးခြင်း သို့မဟုတ် လျှော့ချပေးခြင်းဖြစ်စေနိုင်သည်။ သင့်ခေါင်းမီနေရာကို အနည်းဆုံး သင့်နားရွက်၏ ထိပ်များပိုင်းအနီးထိ မြင့်စေရန် ချိန်ညှိပါ။ ညွှန်ကြားချက်များအတွက် သင်၏ ပိုင်ရှင်လက်စွဲစာအုပ်ကို ကြည့်ပါ။

10. **မျက်မှန်/မျက်ကပ်မှန် တပ်ပါ** - သင်သည် ပုံမှန်အားဖြင့် အမြင်အာရုံကို ပြုပြင်ပေးသည့် မျက်ကပ်မှန်များတပ်လေ့ရှိပါက ကားမောင်းနေစဉ်တွင် ၎င်းတို့ကို အမြဲတပ်ဆင်ပါ။ ညဘက်တွင် နေကာမျက်မှန် သို့မဟုတ် အရောင်ရင့်သော မျက်ကပ်မှန်များကို မတပ်ပါနှင့်။

11. **သင့်တံခါးများကို လော့ခ်ချထားပါ** - သင့်တံခါးများကို လော့ခ်ချပြီး ထိုင်ခုံခါးပတ်ပတ်ထားခြင်းသည် ယာဉ်တိုက်မှုဖြစ်လာပါက သင်ကားထဲမှ လွင့်ထွက်မသွားစေရန် ကူညီပေးနိုင်ပါသည်။ ယာဉ်ထဲမှ လွင့်ထွက်သွားခြင်းသည် သေဆုံးနိုင်ခြေကို 75 ရာခိုင်နှုန်းအထိ မြင့်တက်စေနိုင်သည်။ ယင်းမှာ လမ်းဆုံတွင် ရပ်သည့်အခါ သို့မဟုတ် ကားပါကင်တစ်ခုတွင် ရပ်သည့်အခါ ကားအနုကြမ်းစီးခြင်း သို့မဟုတ် အခြားသားကောင်အဖြစ် အသုံးချခံရနိုင်ချေများကိုပါ လျော့ကျစေပါသည်။

ယာဉ်မောင်းအချက်အလက်များ

သင့်ကားသည် သွားရန်အဆင်သင့်ဖြစ်နေနိုင်သည်ဆိုသော်လည်း သင်၏ လုံခြုံရေးမှာ အောက်ပါ ယာဉ်မောင်းအချက်အလက်များပေါ်တွင်လည်း မူးစွာမှီခိုနေပါသေးသည်။

သတိလက်လွတ်ဖြစ်ခြင်း

ယာဉ်တိုက်မှုဖြစ်စေလောက်အောင် ကြီးမားသော သတိလက်လွတ်ဖြစ်ခြင်းသည် ယာဉ်မောင်းစဉ် အာရုံများခြင်း သို့မဟုတ် အိပ်ရေးပျက်ခြင်းတို့ကြောင့်ဖြစ်နိုင်သည်။

သင် သိပါသလား။

ရဲအစီရင်ခံသည့် ယာဉ်တိုက်မှု 25 မှ 30 ရာခိုင်နှုန်းခန့်သည် ယာဉ်မောင်း အာရုံများခြင်းနှင့် လမ်းနှင့် ယာဉ်ကြောအခြေအနေများအပေါ် သတိလက်လွတ်နေခြင်း တို့ကြောင့် ဖြစ်သည်။ ယင်းသည် နှစ်စဉ် ယာဉ်တိုက်မှုပေါင်း 1.2 သန်းအထိ ဖြစ်လာစေသည်

ယာဉ်မောင်းစဉ် အာရုံပျံ့လွင့်ခြင်း

ကားမောင်းနေရာမှ သင့်အာရုံကို တခြားနေရာသို့ ရောက်စေသော 2) လမ်းမပေါ်သို့ ကြည့်နေသော သင့်မျက်လုံးများအား တခြားနေရာသို့ ရောက်စေသော 3) စတီယာရင်မှ သင့်လက်များကို တခြားနေရာရောက်စေသော မည်သည့်အကြောင်းမဆိုသည် အာရုံပျံ့လွင့်စေခြင်းဖြစ်သည်။ သင်သည် အောက်ပါတို့ ပြုလုပ်နေပါက လျှင်မြန်စွာ တုံ့ပြန်နိုင်မည်မဟုတ်ပါ။

- စားခြင်း၊ သောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်း။ ဤအရာများသည် စတီယာရင်မှ သင့်လက်ကို ဖယ်စေပြီး မျက်လုံးကိုလည်း လမ်းမပေါ်မှ အကြည့်လွဲစေသောကြောင့် ဘေးကင်းလုံခြုံရေး ပြဿနာများကို ဖန်တီးနိုင်ပါသည်။ ကားမောင်းနေစဉ် စားနေသော သို့မဟုတ် သောက်နေသော ယာဉ်မောင်းများသည် ယာဉ်ကို ထိန်းချုပ်နိုင်ရန်နှင့် ယာဉ်ကြောအတွင်းရှိနေစေရန် ခက်ခဲပြီး ဘရိတ်ကို ပို၍အုပ်ရန် လိုအပ်တတ်သည်။
- ရေဒီယို၊ ကက်ဆက်၊ စီဒီ၊ Ipod/Mp3 ကဲ့သို့ အသံပိုင်းဆိုင်ရာစက်များကို ထိန်းညှိနေခြင်း။ မှတ်ရန် - အဆက်အသွယ်ပြုနိုင်ရန်အတွက် နားကြပ်များကို တစ်ဖက်သာ တပ်ထားနိုင်ပါသည်။
- ဆဲလ်ဖုန်းဖြင့် စကားပြောခြင်း(စပီကာဖွင့်ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ)။ စာသားပေးပို့မှုအား ကန့်ကွက်သည့်ဥပဒေများအကြောင်း ပိုမိုသိရှိလိုပါက အခန်း 5 ကို ကိုးကားပါ။
- အခြားခရီးသည်များနှင့် တုံ့ပြန်ပြောဆိုခြင်း။ ယင်းမှာ အဖြစ်များသော ပြဿနာတစ်ခုဖြစ်နိုင်ပြီး အထူးသဖြင့် ဆယ်ကျော်သက်ယာဉ်မောင်းများတွင် ဖြစ်သည်။ **သင်သည် အခြားဆယ်ကျော်သက်များပါ တင်ဆောင်မောင်းနှင်လာသည့် ဆယ်ကျော်သက် ယာဉ်မောင်းတစ်ဦးဖြစ်လျှင် စာရင်းဇယားများအရ သင်တစ်ယောက်တည်းမောင်းခြင်း သို့မဟုတ် လူကြီးများ တင်ဆောင်မောင်းနှင်လာခြင်းထက်ပို၍ ယာဉ်တိုက်မှုဖြစ်နိုင်ခြေ ပိုများကြောင်း ပြသနေပါသည်။**
- ယာဉ်ထဲတွင် ပစ္စည်းတစ်ခုရှာနေခြင်း သို့မဟုတ် နေရာရွှေ့နေခြင်း။
- စာဖတ်ခြင်း၊ စာရေးခြင်း သို့မဟုတ် စာသားပေးပို့ခြင်း။
- မိမိကိုယ်ကို ပြင်ဆင်ခြယ်သနေခြင်း (ခေါင်းဖီးခြင်း၊ မိတ်ကပ်လိမ်းခြင်း)။
- ယာဉ်တိုက်မှုဖြစ်ရာ သို့မဟုတ် အလုပ်ရုံတစ်ခုကို ဖြတ်သွားသည့်အခါ ခေါင်းလည်ပြန်ကြည့်နေခြင်း။
- လူများ၊ အရာဝတ္ထုများ သို့မဟုတ် လမ်းမပေါ်တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များကို ကြည့်ခြင်း။

သင် သိပါသလား။

ပုံမှန် အာရုံပျံ့လွင့်မှုမရှိသော ယာဉ်မောင်းတစ်ယောက်သည် အမှားတစ်ခုပြုလုပ်သော အခြားယာဉ်မောင်းကဲ့သို့ အရေးပါသည့် လမ်းမပေါ်တွင် ဖြစ်ပျက်သည့် အဖြစ်အပျက်များကို သတိမပြုမိခြင်းသည် သုံး (3) ရာခိုင်နှုန်းရှိသည်။
ဆဲလ်ဖုန်းအသုံးပြုနေသော အရွယ်ရောက်သူတစ်ယောက်သည် အလားတူဖြစ်ရပ်မျိုးနှင့် လွဲချော်ခြင်းမှာ 13 ရာခိုင်နှုန်းရှိသည်။
ဆဲလ်ဖုန်းဖြင့် ဖုန်းခေါ်ဆိုနေသော ဆယ်ကျော်သက်တစ်ဦးသည် ၎င်းကို လွဲချော်မှုမှာ 53 ရာခိုင်နှုန်းရှိသည်။

အိပ်ရေးပျက်ခြင်း

သင်မောပန်းနေသည့်အခါ တုံ့ပြန်မှုများ ပိုမိုနှေးလာခြင်း၊ သင်၏ ဆုံးဖြတ်ချက်နှင့် အမြင်အာရုံတို့မှာ ချို့ယွင်းလာခြင်းနှင့် အကြောင်းအရာများအား နားလည်ခြင်းနှင့်

မှတ်မိခြင်းတို့တွင် ပြဿနာများရှိလာတတ်ပါသည်။ သင် ပင်ပန်းနေစဉ်ကားမောင်းသည့်အခါ အရက်သောက်ထားချိန် ကားမောင်းနှင်သကဲ့သို့ပင် အလားတူ အကျိုးဆက်များရှိတတ်သည်။ 18 နာရီကြာမအိပ်ဘဲနေခြင်းသည် သင်၏ ကားမောင်းနှင်မှုကို သွေးတွင်းအရက်ပမာဏ .05 ရာခိုင်နှုန်းခန့်ရှိပြီး မောင်းနှင်သကဲ့သို့ ချို့ယွင်းမှုဖြစ်စေသည်။ 24 နာရီကြာတစ်ဆက်တည်း မအိပ်ဘဲနေခြင်းသည် သင်၏ ကားမောင်းနှင်မှုကို သွေးတွင်းအရက်ပမာဏ .10 ရာခိုင်နှုန်းခန့်ရှိပြီး မောင်းနှင်သကဲ့သို့ ချို့ယွင်းမှုဖြစ်စေသည်။ သင်သည် အတိုင်းအတာတစ်ခုထိ မောပန်းနေပါက အိပ်ပျော်သွားနိုင်ပြီး အိပ်ပျော်သွားသည်ကိုပင် မသိရှိပဲဖြစ်တတ်ပါသည်။ ကားမောင်းနေစဉ် စက္ကန့်ပိုင်းမျှပင်ဖြစ်စေ အိပ်ပျော်သွားခြင်းသည် သင့်အား သေစေနိုင်လောက်ပါသည်။ တစ်ညလျှင် ရှစ် (8)နာရီအောက်သာအိပ်သော ဆယ်ကျော်သက်များသည် ယာဉ်တိုက်မှုဖြစ်နိုင်ချေ အလားအလာများစေသည်။ **ကားမောင်းနေစဉ် ပင်ပန်းသည်ဟု စတင်ခံစားလာရလျှင် ကားမောင်းရပ်စဲလိုက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။**

သင် သိပါသလား။

- နှစ်စဉ်အမေရိကန်နိုင်ငံတစ်ဝှမ်းတွင် ကားမောင်းနေစဉ် အိပ်ပျော်သွားခြင်းကြောင့် အနည်းဆုံး ယာဉ်တိုက်မှုပေါင်း 100,000 ခန့်ဖြစ်ပွားတတ်ပါသည်။
- ဤယာဉ်တိုက်မှုများတွင် လူပေါင်း 1,500 ခန့်သေဆုံးပြီး 40,000 ခန့်ထိခိုက်ဒဏ်ရာရခဲ့ပါသည်။
- **နှစ်စဉ် အိပ်ငိုက်ခြင်းနှင့်ဆက်စပ်သော ယာဉ်တိုက်မှုပေါင်း 100,000 အနက် ထက်ဝက်ခန့်နီးပါးမှာ အသက် 15 နှစ်နှင့် 24 နှစ်ကြား ယာဉ်မောင်းများဖြစ်သည်။**

ကျန်းမာရေးဆိုင်ရာ အကြောင်းရင်းများ

သင်၏ ယာဉ်မောင်းနှင်စဉ် လုံခြုံရေးကို အမြင်အာရုံ၊ အကြားအာရုံ သို့မဟုတ် ဆေးဘက်ဆိုင်ရာ အခြေအနေများက သက်ရောက်မှုရှိနိုင်ပါသည်။

- သင်၏ အမြင်အာရုံကို တစ် (1) နှစ် သို့မဟုတ် နှစ် (2) နှစ်တစ်ကြိမ်စစ်ဆေးပါ။ သင်၏ အနားစွန်း (ဘေးဘက်)အမြင်၊ အကွာအဝေး ဆုံးဖြတ်နိုင်စွမ်းနှင့် အလင်းရောင်နည်းသော အခြေအနေများတွင် သင်၏ မြင်နိုင်စွမ်းစသည်တို့သည် ရောဂါကြောင့်ဖြစ်စေ၊ အသက်အရွယ်ကြောင့်ဖြစ်စေ ပျက်စီးယိုယွင်းနိုင်သည်။ သင်သည် ယင်းကို အမြဲသိရှိနေမည်မဟုတ်ဘဲ သင့်အမြင်အာရုံကို ပုံမှန်စစ်ဆေးမှုမပြုပါက မှန်ကန်အောင် ပြုပြင်နိုင်မည် မဟုတ်ပါ။ သင်သည် မျက်မှန် သို့မဟုတ် မျက်ကပ်မှန်တပ်ဆင်ရန် လိုအပ်ပါက ကားမောင်းနှင်သည့်အခါတိုင်း ယင်းတို့ကို သေချာစွာတပ်ဆင်ပါ။
- အကြားအာရုံသည် သင့်မျက်ကွယ်နေရာရှိ အခြားယာဉ်တစ်စီးကဲ့သို့ သင်မမြင်နိုင်သော အန္တရာယ်များကို သတိပေးနိုင်သည်။ အကြားအာရုံသည်လည်း သင့်အား အရေးပေါ်ယာဉ်တစ်စီး (ရဲကား၊ မီးသတ်ကားနှင့် လူနာတင်ယာဉ်) လာနေသည် သို့မဟုတ် ရထားဖြတ်လမ်းရှိ ရထားတစ်စင်းလာနေသည်ဟု အသိပေးနိုင်သည့်အတွက် အရေးပါသည်။
- အမျိုးမျိုးသော ရောဂါများနှင့် ဆေးဘက်ဆိုင်ရာ အခြေအနေများသည် လည်ပင်းအကြောတင်နေခြင်း သို့မဟုတ် ဦးနှောခြင်းကဲ့သို့ ပြဿနာအသေးလေးများပင်လျှင် သင်၏ ယာဉ်ကိုထိထိရောက်ရောက် ထိန်းချုပ်နိုင်စွမ်းကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။ အွန္တရာယ်အရှိဆုံး ကျန်းမာရေးပြဿနာများတွင် သတိလစ်ခြင်းဖြစ်စေသော အကြောဆွဲရောဂါ၊ ဆီးချိန်နှင့် နှလုံးရောဂါတို့ ပါဝင်ပါသည်။ ပင်ဆယ်ဗေနီးယားပြည်နယ်တွင် သမားတော်များသည် ဘေးကင်းလုံခြုံစွာ ကားမောင်းနှင်နိုင်စွမ်းကို ထိခိုက်စေနိုင်သည့် အခြေအနေရှိသော ရောဂါရှိသူများကို PennDOT သို့သတင်းပို့ရန်လိုအပ်သည်။

အရက်သေစာနှင့် ယာဉ်မောင်းခြင်း

- ပင်ဆယ်ဗေနီးယားပြည်နယ်နှင့် နိုင်ငံတဝှမ်းတွင် အရက်သောက်ထားသော ယာဉ်မောင်းများကြောင့် ထောင်နှင့်ချီသော ယာဉ်ကြောင့်ဖြစ်သည့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်နေပါသည်။ ယာဉ်ကြောင့်ဖြစ်သည့် သေဆုံးမှုအားလုံး၏ 40 ရာခိုင်နှုန်းနီးပါးသည် အရက်သေစာသောက်ထားသော ယာဉ်မောင်းများကြောင့်ဖြစ်သည်။
- ပင်ဆယ်ဗေနီးယားပြည်နယ်၏ လတ်တလော စာရင်းများအရ ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့သော အသက် 16 နှစ်နှင့် 20 ကြား ယာဉ်မောင်းများ၏ 30 ရာခိုင်နှုန်းမှာ အရက်သေစာသောက်စားထားကြောင်း ပြသနေသည်။ ယင်းမှာ ဤပင်ဆယ်ဗေနီးယားပြည်နယ်နှင့် အမေရိကန်ပြည်ထောင်စုရှိ အခြားပြည်နယ်တိုင်းတွင်ပါ အသက် 21 နှစ်အောက်ဖြစ်ပါက အရက်သောက်သုံးခြင်း မပြုရသည့် ***လုံးဝလက်သင့်မခံနိုင်သော ဥပဒေများ*** ရှိနေသည့်တိုင်အောင်ဖြစ်ပါသည်။
- သင်သည် အသက် 21 နှစ်အောက်ဖြစ်ပြီး သင့်သွေးတွင်းအရက်ပါဝင်မှုနှုန်း (BAC) သည် .02 သို့မဟုတ် ယင်းထက်ပိုနေပါက သင့်အား မူးယစ်နေစဉ်ယာဉ်မောင်းနှင်သည် (DUI) ဟု သတ်မှတ်မည်ဖြစ်သည်။
- အရက်ပမာဏ အနည်းငယ်ပင်လျှင် သင်၏ အာရုံစူးစိုက်နိုင်စွမ်း၊ ထင်မြင်ချက်၊ ဝေဖန်နိုင်စွမ်း၊ မှတ်သားနိုင်စွမ်းနှင့် သင်၏ ယာဉ်မောင်းစွမ်းရည်ကို ထိခိုက်စေနိုင်ပါသည်။ **မည်သူမှ အရက်သောက်ပြီး အွန္တရာယ်ကင်းကင်းမောင်းနှင်ခြင်း မပြုနိုင်ပါ။**
- သင့်သွေးတွင်း၌ အရက်ပမာဏမြင့်တက်လာပါက သင်၏ ယာဉ်မောင်းနှင်မှု အမှားများကို ဖြစ်စေနိုင်သည်။ သင့်အမြင်အာရုံနှင့် ဆုံးဖြတ်နိုင်စွမ်းကို ထိခိုက်စေပြီး သင့်တုံ့ပြန်ချက်များကို နှေးကွေးစေကာ ယာဉ်ကို အွန္တရာယ်ကင်းကင်း ထိထိရောက်ရောက် ထိန်းချုပ်နိုင်စွမ်းကို ထိခိုက်စေပါသည်။ တစ်ချိန်တည်းမှာပင် အရက်သည် သင့်ကျွမ်းကျင်မှုကို ဆုံးရှုံးစေပြီး သင့်အား အွန္တရာယ်မကင်းသော ယုံကြည်မှုရှိခြင်းကို ခံစားရစေတတ်သည်။ ထို့ကြောင့် အရက်သေစာ သောက်စားပြီး မောင်းနှင်သူများသည် ထိန်းချုပ်မှုလွတ်ကင်းပြီး ယင်းအဖြစ်ကို သိပင်သိရှိလိုက်မည်မဟုတ်ပါ။
- လူအများစုသည် အရက်အလွန်အကျွံသောက်မှသာ အွန္တရာယ်ရှိသည်ဟု ယုံကြည်ကြသည်။ ယင်းမှာ မမှန်ကန်ပါ။ သွေးတွင်းအရက်ပမာဏ .04 (အသက် 21 နှစ် သို့မဟုတ် ယင်းအထက် လူကြီးတစ်ဦးအတွက် "တရားဝင်ကန့်သတ်ချက်"ဖြစ်သည့် .08 ၏ထက်ဝက်) ရှိနေသည့် ယာဉ်မောင်းများပင်လျှင် သွေးတွင်း အရက်လုံးဝမရှိသော ယာဉ်မောင်းများထက်

သင် သိပါသလား။

အမေရိကန်ပြည်ထောင်စုတွင် တစ်စုံတစ်ယောက် အရက်သောက်ထားပြီး ယာဉ်မောင်းနှင်သောကြောင့် နာရီဝက်ကြာတိုင်း လူတစ် (1) ဦးသေဆုံးပြီး လူတစ် (1) ဦး ဒဏ်ရာရရှိနေပါသည်။

ယာဉ်တိုက်မှုဖြစ်နိုင်ချေ နှစ် (၂) ဆမှ ခုနစ် (၇) ဆကြားပိုများနိုင်ဖွယ်ရှိသည်။ သင်၏ သွေးတွင်းအရက်ပါဝင်မှုနှုန်းသည် တရားဝင်ကန့်သတ်ပမာဏအောက် ရောက်နေသည့်တိုင်အောင် သင်သည် သင့်အသက်နှင့် အခြားသူများ၏ အသက်တို့ကို အန္တရာယ်ဖြစ်စေနိုင်ပါသေးသည်။ **သင် သောက်ပြီး အန္တရာယ်ကင်းကင်းမောင်းနှင်နိုင်မည့် တစ်ခုတည်းသော ပမာဏမှာ လုံးဝမသောက်ခြင်းပင်ဖြစ်သည်။**

> **သင် သိပါသလား။**
> ပေါင် 110 ရှိသော အမျိုးသမီးတစ်ဦးသည် ဘီယာအပျော့ စား 8 အောင်စမျှ - ယင်းမှာ တစ်ပုလင်း သို့မဟုတ် တစ်ဗူးမပြည့်သည့် ပမာဏဖြစ်သည် - သောက်ပြီးလျှင် BAC မှာ .03 ရှိမည်ဖြစ်သည်။ ပေါင် 140 ရှိသော အမျိုးသားတစ်ဦးသည် 12 အောင်စရှိသော ဘီယာအပျော့ စား တစ်ပုလင်း သို့မဟုတ် တစ်ဗူးသောက်ပြီးနောက် BAC မှာ .025 ရှိမည်ဖြစ်သည်။

- အရက်သည် လူတစ်ဦးနှင့်တစ်ဦးအပေါ် သက်ရောက်မှုမတူညီပါ။ သင့်သွေးတွင်း အရက်ပမာဏအပေါ် သင့်အသက်အရွယ်၊ အလေးချိန်၊ လိင်အမျိုးအစား၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေ၊ စားသုံးသည့်အစာပမာဏနှင့် သင့်ကိုယ်တွင်းရှိ ဆေးဝါးတစ်ခုခုတို့မှ သက်ရောက်မှုရှိသည်။ ထို့အပြင် သောက်ဖွယ်အမျိုးမျိုးတွင် အရက်ပါဝင်မှုပမာဏလည်း ကွဲပြားနိုင်ပါသည်။ သင်သောက်သုံးလိုက်သော အရက်ပမာဏကို သိရှိအောင် လုပ်ထားပါ။ သင်သည် တစ်ခွက်ဆိုသည်မှာ အယ်ကိုဟောပမာဏ 40 % ပါဝင်သော အရက် 1.5 အောင်စ၊ ပုံမှန်ဘီယာ 12 အောင်စ သို့မဟုတ် ဝိုင် 5 အောင်စဟု စဉ်းစားသင့်သည်။
- သင်သည် ညအေအရ အရက်သောက်သုံးနိုင်သည့် အရွယ်ဖြစ်လျှင် အရက်ကို တာဝန်ယူနိုင်ရှိ သောက်နိုင်ရန်အတွက် တစ်နာရီလျှင် တစ် (1) ခွက်ထက်ပို၍ မသောက်ပါနှင့်။ ဖျင်းမှုအလေးချိန်ရှိသူတစ်ဦးသည် တစ်ခွက်အတွင်းရှိ အယ်ကိုဟောပမာဏကို စီမံရန် တစ် (1) နာရီကြာမြင့်ပါသည်။ တစ်နာရီလျှင် တစ် (1) ခွက်ထက်ပိုသောက်ပါက သင့်သွေးတွင်း အယ်ကိုဟောပမာဏကို တရားဝင်ကန့်သတ်ချက်ထက် ကျော်လွန်သွားစေနိုင်ပါသည်။
- သို့သော် တစ်နာရီလျှင် တစ် (1) ခွက် စည်းမျဉ်းသည် အားလုံးအတွက် အဆင်ပြေနိုင်မည် မဟုတ်ပါ။ အယ်ကိုဟောသည် ပိုသေးသော လူများတွင် ပြင်းအားပိုများပြီး ခန္ဓာကိုယ်၏ အယ်ကိုဟောအား စီမံလက်ခံသည့်နည်းလမ်းများ မတူညီခြင်းကြောင့် တူညီသောအချိန်အတွင်း အလားတူပမာဏကိုပင် သောက်သော အမျိုးသမီးသည် အလေးချိန်တူသော အမျိုးသားတစ်ဦးထက်ပို၍ သွေးတွင်းအယ်ကိုဟော ပမာဏ ပိုများနေတတ်သည်။
- အချိန်သည်သာ သင့်အား "အမူးပြေစေနိုင်ပါသည်။" သင်သည် သွေးတွင်းအယ်ကိုဟော ပါဝင်မှုနှုန်းကို ကော်ဖီ သို့မဟုတ် အခြားကဖင်းဓာတ်ပါသော သောက်စရာများ သောက်ခြင်းဖြင့်လည်းကောင်း၊ ရေအေးအေးဖြင့်ချိုးခြင်းဖြင့်လည်းကောင်း လျှော့ချ၍မရနိုင်ပါ။

> **ကြိုတင်သတိရှိပါ ။**
> အယ်ကိုဟော မည်မျှပမာဏသောက်သုံးထားသည်ဖြစ်စေ ယာဉ်မောင်းပါနှင့်။ အရက်သောက်ထားသူအား ယာဉ်မောင်းပါစေနှင့်။

အသက်မပြည့်သေးသူ အရက်သေစာသောက်သုံးခြင်းနှင့် မူးယစ်နေစဉ် ကားမောင်းခြင်းအတွက် ပြစ်ဒဏ်များအကြောင်းနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း 4 ကို ကိုးကားပါ။

မူးယစ်ဆေးဝါးနှင့် ယာဉ်မောင်းခြင်း

ယာဉ်မောင်းနှင်စဉ် ချိုယွင်းမှုသည် ဥပဒေနှင့်မညီသကဲ့သို့ အသက်အန္တရာယ်လည်း ရှိစေနိုင်ပါသည်။ အယ်ကိုဟောသာမက တရားမဝင်သော၊ ညွှန်းထားသည့် ဆေးဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်သော ဆေးဝါးများသည်လည်း သင်၏ အန္တရာယ်ကင်းကင်းမောင်းနှင်နိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။ အယ်ကိုဟောမဟုတ်ဘဲ မူးယစ်ဆေးဝါးသည် နှစ်စဉ် မော်တော်ယာဉ်မောင်းနှင်သူများ၏ 20 ရာခိုင်နှုန်းနီးပါးကို အသက်ဆုံးရှုံးရစေပါသည်။ ထို့အပြင် မူးယစ်ဆေးဝါးနှင့် အယ်ကိုဟောပေါင်းစပ်ခြင်းသည် ဘေးထွက်ဆိုးကျိုးများကို တိုးစေနိုင်ပြီး ယာဉ်တိုက်မှုဖြစ်သည့် အန္တရာယ်ကိုလည်း များစွာတိုးစေနိုင်ပါသည်။

မူးယစ်ဆေးဝါးသည် သင့်ဦးနှောက်လုပ်ငန်းစဉ်ကို ထိခိုက်စေပြီး သင်၏ အန္တရာယ်ကင်းကင်း မောင်းနှင်နိုင်စွမ်းကိုလည်း ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။ ဥပမာ - ဆေးခြောက်သည် တုံ့ပြန်မှုအချိန်ကို နေးစေနိုင်ပြီး အချိန်နှင့်အကွာအဝေးတို့အပေါ် ဆုံးဖြတ်နိုင်စွမ်းကို ထိခိုက် စေကာ ညှိနှိုင်းဆောင်ရွက်မှုကိုလည်း လျော့စေနိုင်ပါသည်။ ကိုကင်း သို့မဟုတ် မက်သဖက်တမင်းသည် ယာဉ်မောင်းသူအား မောင်းနှင်နေစဉ်တွင် ဒေါသကြီးစေပြီး အဆင်ခြင်မဲ့စေနိုင်ကာ အချို့စိတ်ပြိုမ်ဆေးများသည် အိပ်ပိုက်ခြင်းနှင့် မူးဝေခြင်းကိုဖြစ်စေနိုင်သည်။ ဘိန်းပါသောဆေးများသည် မူးယစ်စေပြီး တုံ့ပြန်သည့်အချိန်ကို နေးစေနိုင်သည်။ ညွှန်ကြားထားသော ဆေးများနှင့် အိပ်ဆေး၊ ချောင်းဆိုးပျောက်ဆေး၊ ဓာတ်မတည့်ရောဂါကုဆေးနှင့် အလွယ်တကူဝယ်နိုင်သည့် ဆေးဝါးများသည် သင့်၏ ယာဉ်မောင်းနှင်နိုင်စွမ်းကို နည်းအမျိုးမျိုးဖြင့် ထိခိုက်စေနိုင်သည်။ ယာဉ်မမောင်းမီတွင် ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများကို ဖော်ပြထားသည့် သတိပေးချက်များကို ဖတ်ရှုထားရန် အမြဲအရေးပါသည်။ သင့်တွင် ဆေးဝါးတစ်ခု၏ ဘေးထွက်ဆိုးကျိုးနှင့်ပတ်သက်၍ မေးမြန်းစရာတစ်ခုခုရှိလျှင် ယာဉ်မမောင်းမီတွင် သင့်ဆရာဝန် သို့မဟုတ် ဆေးပညာကျွမ်းကျင်သူနှင့် တိုင်ပင်ဆွေးနွေးရန် အရေးကြီးသည်။ မှတ်ထားရန် - ဆေးပူးပေါ်ရှိသတိပေးချက်များတွင် - ယာဉ်ကြီးများမောင်းနှင်ခြင်းမပြုပါနှင့်ဟု ဖော်ပြထားလျှင် - သင့်ယာဉ်ကို ယာဉ်ကြီးဟု သတ်မှတ်စဉ်းစားရမည်။

သင်သည် ချစ်ခင်ရသူဖြစ်စေ၊ သင်ကိုယ်တိုင်ဖြစ်စေ မူးယစ်ဆေးသောပစ္စည်းသုံးစွဲမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေပါက 1-800-662-HELP (4357) ဖြင့် PA Get Help Now ကူညီပေးရေးဖုန်းလိုင်းကို ဆက်သွယ်နိုင်ပါသည်။ ဤခေါ်ဆိုခအခမဲ့ဖုန်းလိုင်းမှာ သင့်မေးခွန်းများကို ဖြေဆိုပေးပြီး သင့်အား ကုသပေးမည့်သူများနှင့် ဆက်သွယ်ပေးရန်အတွက် 24/7 ဝန်ဆောင်မှုပေးလျက်ရှိသည်။

> **သင် သိပါသလား။**
> - ယာဉ်မောင်းများ၏ အရက်နှင့် မူးယစ်ဆေးသုံးစွဲမှုဆိုင်ရာ NHTSA 2013-2014 စစ်တမ်းအရ ယာဉ်မောင်း 4 ဦးတွင် 1 ဦးနီးပါးမှာ ဘေးကင်းလုံခြုံစွာမောင်းနှင်ခြင်းကို ထိခိုက်စေနိုင်သည့် မူးယစ်ဆေး အနည်းဆုံး တစ်မျိုးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။
> - ယာဉ်တိုက်မှုတွင် သေဆုံးခဲ့သည့် ယာဉ်မောင်း 43% သည် မူးယစ်ဆေးဝါးသုံးစွဲခဲ့ကြသူများဖြစ်ပြီး 37 % သည် အရက်သေစာသောက်စားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။
> - ညွှန်းထားသော ဆေးဝါးများသည်လည်း ယာဉ်မောင်းနှင်ခြင်းကို ထိခိုက်စေနိုင်သည်။ ဆေးဝါးသစ်တစ်မျိုးစတင်အသုံးပြုသည့်အခါ သင့်ဆရာဝန်နှင့်ဆွေးနွေးပြီး ဖြစ်နိုင်ချေရှိသော ဘေးထွက်ဆိုးကျိုးများကို သင်သိရှိထားကြောင်း သေချာပါစေ။

နေ့စဉ်ယာဉ်မောင်းနှင်သည့် စွမ်းရည်များ

ဤအပိုင်းကို ပင်ဆယ်ဝေးနီးယားပြည်နယ်ရှိ ယာဉ်မောင်းအသစ်များဖြစ်လေ့ရှိသည့် ယာဉ်တိုက်မှုများ၏ သီးခြားအကြောင်းရင်းများနှင့် အဓိက ယာဉ်တိုက်မှုအမျိုးအစားများကို အလေးပေးဖော်ပြခြင်းဖြင့် စတင်ပါမည်။ အောက်ပါ ဘေးကင်းလုံခြုံသော ယာဉ်မောင်းနှင်မှု စွမ်းရည်များကို ဤအပိုင်းတွင် ဖော်ပြထားပါသည် -

- နေရာစီမံခန့်ခွဲခြင်း
- လမ်းဆုံများကို ဖြတ်မောင်းခြင်း
- အရှိန်စီမံခန့်ခွဲခြင်း
- ကွေ့များကို ဖြတ်မောင်းခြင်း
- ကွေ့ခြင်း၊ ပေါင်းခြင်းနှင့် ကျော်တက်ခြင်း
- အဝေးပြေးလမ်းမများနှင့် လမ်းဆုံလမ်းမကြီးများကို ဖြတ်မောင်းခြင်း

ယာဉ်တိုက်မှုအများစုမှာ လူတို့၏ အမှားကြောင့်ဖြစ်သည်။ ယာဉ်မောင်းများသည် ယာဉ် သို့မဟုတ် အဝေးပြေးလမ်းမစနစ် အသုံးပြုပုံကို နားမလည်၍ဖြစ်စေ၊ အမှတ်အသားများ၊ အချက်ပြများ၊ စကြီးအမှတ်အသားများ သို့မဟုတ် အခြားယာဉ်မောင်းများ၏ လုပ်ရပ်များကို ပြည့်ပြည့်ဝဝ ဂရုမစိုက်ခြင်းကြောင့်ဖြစ်စေ သို့မဟုတ် ဆုံးဖြတ်ချက် အားနည်း၍ဖြစ်စေ ဖြစ်စေတတ်သည်။ အတွေ့အကြုံ ငါး (5)နှစ်အောက်ရှိသော ယာဉ်မောင်းများမှာ ယာဉ်တိုက်မှုဖြစ်စေမည့် အမှားများ ပြုလုပ်နိုင်ချေပိုများသည်။

ယာဉ်တိုက်မှု အချက်အလက်မှတ်တမ်း

2017 ခုနှစ်အတွက် 16 နှစ်အရွယ် ပင်ဆယ်ဝေးနီးယား ယာဉ်မောင်းများအားလုံး၏ 72 % သည် ပင်ဆယ်ဝေးနီး ယားပြည်နယ်၏ သတင်းပေးပို့ထားသော ယာဉ်တိုက်မှုများတွင် ပါဝင်ခဲ့သည်။

- 2017 ခုနှစ်အတွင်း ပင်ဆယ်ဝေးနီးယားပြည်နယ် ယာဉ်မောင်းအသစ်များ(အသက် 16 နှစ်နှင့် 17 နှစ်အရွယ်) ယာဉ်တိုက်မှုတွင် ပါဝင်ရသည့်အကြောင်းရင်းများမှ ထိပ်တန်း အကြောင်းရင်း 10 ချက်ကို သုံးသပ်ကြည့်ခဲ့သည်။ လူငယ်ယာဉ်မောင်းများသည် အောက်ပါအရေးပါသည့် အချက်များကို သတိပြုသင့်သည် -

- **အခြေအနေများအတွက် လျင်မြန်စွာမောင်းလွန်းခြင်း**
- **ရပ်တန့်ပြီးနောက် ရှင်းလင်းမှုမရှိခင် ရှေ့ဆက်မောင်းခြင်း**
- **စနစ်မကျသော သို့မဟုတ် ဖေါ့ဆသော ကွေ့ခြင်း**
- **စနစ်မကျသော မောင်းနှင်မှု**
- **အတွေ့အကြုံမရှိခြင်း**
- **နောက်မှကပ်လိုက်ခြင်း**
- **အရှိန်မြင့်မောင်းခြင်း**
- **ကွေ့တစ်ခုတွင် မျှော်လင့်ထားသည်ထက်ပိုကွေ့ခြင်း သို့မဟုတ် လျှောကွေ့ခြင်း**
- **အာရုံပျံ့လွင့်ခြင်း**
- **ရုတ်တရက် နှေးသွားခြင်း သို့မဟုတ် ရပ်တန့်ခြင်း**

- ပင်ဆယ်ဝေးနီးယားပြည်နယ်ရှိ ယာဉ်မောင်းအသစ်များ ပါဝင်သည့် အဓိက ယာဉ်တိုက်မှုအမျိုးအစားများတွင် အောက်ပါတို့ပါဝင်သည်။

  1) **ရပ်**နေသော အရာဝတ္ထုတစ်ခုအား တိုက်မိခြင်း **2)** လမ်းများဆုံသည့်နေရာ၊ ကိုယ်ပိုင်လမ်း၊ အဝင်ကုန်းလျှောလမ်း များနှင့် လမ်းဆုံများတွင် တိုက်သည့်ယာဉ်တိုက်မှုများ **3)**အနောက်မှ ပွတ်မိခြင်းနှင့် **4)** ဓါးပိုင်းမှ ပွတ်မိခြင်း။ ယာဉ်တိုက်မှုအားလုံး၏ 92 %နှင့် ဤယာဉ်တိုက်မှုများကြောင့်ဖြစ်သော သေဆုံးမှုအားလုံး၏ 93 % မှာ ဤယာဉ်တိုက်မှုအမျိုးအစား လေး (4) မျိုးနှင့် ဆက်စပ်နေသည်။ ယာဉ်တိုက်မှုများကို ရှောင်ရှားခြင်းမှာ ဤအခန်း၏ အကြောင်းအရာဖြစ်သည့် ဘေးကင်းလုံခြုံသော ယာဉ်မောင်းစွမ်းရည်များကို သင်ကြားပြီး အသုံးချခြင်းပေါ်တွင် မှီခိုနေပါသည်။

နေရာစီမံခန့်ခွဲခြင်း

- သင့်အနီးရှိ အခြားယာဉ်မောင်းတစ်ဦးသည် အမှားတစ်ခုပြုလုပ်မိပါက ထိုအခြေအနေကို တုံ့ပြန်ရန် အချိန်လိုအပ်ပါမည်။ တုံ့ပြန်ရန်အတွက် လုံလောက်သောအချိန် ရရှိနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာသင်နှင့် သင့်အနီးရှိ ယာဉ်များအကြား နေရာများစွာချန်ထားရန်ဖြစ်သည်။
- ပုံတွင်ပြထားသည့်အတိုင်း သင့်ကားပတ်လည်တွင် စီမံခန့်ခွဲရမည့် **နေရာ ခြောက် (6) နေရာ** ရှိသည်။
- သင့်ယာဉ်၏ဘက်အားလုံးတွင် နေရာလွတ်တစ်ခုချန်ထားခြင်းသည် အကောင်းဆုံး ဖြစ်သည်။





ရှေ့တွင် နေရာလွတ်တစ်ခုထားပါ (4 စက္ကန့်စည်းမျဉ်း)

- စိတ်ချရသည့် နောက်ကလိုက်နိုင်သော အကွာအဝေးဆိုတာ ဘာလဲ။ အထက်တွင် ပြထားသည့် နေရာစီမံခန့်ခွဲသည့်ပုံမှ **ဇယား 1** တွင် 4 စက္ကန့်ခွာ၍ နောက်မှလိုက်ခြင်းသည် လူသွားစကြီးခြောက်သွေ့နေလျှင် အဝေးပြေးလမ်းမပေါ်တွင် အန္တရာယ်ရှိစွာ မောင်းနှင်ခြင်းကို ရှောင်ရှားရန် သင်ထိန်း၍ မောင်းနှင်စေနိုင်မည် သို့မဟုတ် ဘရိတ်အုပ်စေနိုင်မည်။
- သင်သည် နီးကပ်လွန်းစွာ နောက်မှလိုက်နေပါက သင့်ရှေ့မှယာဉ် ရပ်လိုက်လျှင် သို့မဟုတ် ရုတ်တရက် အရှိန်လျော့လိုက်လျှင် သင်သည် ယာဉ်တိုက်မှုကို ရှောင်ရှားနိုင်မည်မဟုတ်ပါ။

- စိတ်ချရသည့် နောက်မှလိုက်သော အကွာအဝေးတစ်ခုထားခြင်းသည် ရှေ့တွင်ဖြစ်လာမည့် ပြဿနာကို ကြောက်လန့်တကြား ရပ်တန့်ရန်မလိုအပ်ဘဲ တုံ့ပြန်နိုင်စေမည်ဖြစ်သည်။ ကြောက်လန့်တကြားရပ်တန့်လိုက်ခြင်းသည် နောက်မှလိုက်လာသော ယာဉ်မောင်းမှ သင့်ကားနောက်ဘက်သို့ဝင်တိုက်မိခြင်း ဖြစ်စေနိုင်သည်။
- သင်၏ နောက်မှလိုက်သော အကွာအဝေးကို ဆုံးဖြတ်ရန် သင့်ရှေ့ရှိ ယာဉ်၏ ကားနောက်ဝှေးကို ကြည့်ပါ။ ယင်းကားနောက်ဝှေးသည် လမ်းအမှတ်တစ်ခု သို့မဟုတ် ဖုန်းတိုင်ကဲ့သို့ လမ်းဘေးရှိ အရာဝတ္ထုတစ်ခုခုကို ဖြတ်သွားသည့်အခါ သင်သည် လမ်းပေါ်ရှိ ထိုအမှတ်သို့ရောက်ရန် စက္ကန့်မည်မျှကြာသည်ကို စတင်ရေတွက်ပါ။ သင်သည် ယင်းအမှတ် သို့မဟုတ် အရာဝတ္ထုကို လေးစက္ကန့် (4) အောက်အတွင်းဖြတ်သွားပါက သင်သည်နီးကပ်လွန်စွာ နောက်မှလိုက်နေခြင်းဖြစ်သည်။

တစ်ခါတစ်ရံတွင် သင်သည် သင့်ရှေ့တွင် နေရာလွတ်အပိုထားရန် လိုအပ်သည်။

အောက်ပါအခြေအနေများတွင် နောက်မှလိုက်သည့် အကွာအဝေးကို ပုံမှန်ထက် ပိုရှည်အောင်ထားပါ -

- စိုစွတ်ပြီး ချောနေသော သို့မဟုတ် ကျောက်/အုတ်မခင်းထားသော လမ်းများပေါ်တွင် မောင်းနှင်ပါက - ကုပ်အားပိုနည်းခြင်းကြောင့် ရပ်တန့်ရန် အချိန်ပိုကြာနိုင်သည်။
- သင့်နောက်မှ ယာဉ်မောင်းသည် ကျော်တက်လိုသည် - ကျော်တက်သော ယာဉ်မောင်း သင့်ရှေ့တွင်ရပ်တန့်ရန်အတွက် ရှေ့တွင် နေရာလွတ်ချန်ထားရမည်။
- နောက်ကြည့်မြင်ကွင်းပိတ်နေသော ယာဉ်မောင်းတစ်ဦးနောက်မှ သင်လိုက်နေသည့်အခါ - ထရပ်ကား၊ ဘတ်စ်ကား၊ အလုံပိတ်ယာဉ်များ သို့မဟုတ် အကျော်စီးကား သို့မဟုတ် နောက်တွဲယာဉ်ဆွဲလာသော ကားများ၏ ယာဉ်မောင်းများသည် သင် ၎င်းတို့နောက်တွင်ရှိနေသည်ကို မသိဘဲ ရုတ်တရက် အရှိန်လျော့လိုက်နိုင်သည်။
- သင်သည် သင့်ရှေ့မြင်ကွင်းကို ပိတ်ထားသော ကြီးမားသောယာဉ်တစ်စီးနောက်မှ လိုက်လာနေသည်ဆိုလျှင် - သင့်ယာဉ်ပတ်လည်ကို မြင်နိုင်မည့် နေရာလွတ်ရှိရန်လိုအပ်ပါသည်။
- သင်သည် လေးလံသောဝန် သို့မဟုတ် နောက်တွဲယာဉ်တစ်စီးကို သယ်လာသော ယာဉ်မောင်းတစ်ဦးနောက်မှ လိုက်လာသည်ဆိုလျှင် - ပိုနေသော အလေးချိန်သည် ရပ်တန့်ရန် ပို၍ခက်ခဲစေနိုင်သည်။
- စက်ဘီးများအပါအဝင် ဖြည်းညင်းစွာရွှေ့လျားနေသော ယာဉ်များနောက်မှ လိုက်လာလျှင်။
- သင်သည် ကျောင်းကားများ၊ တက္ကဆီများ၊ အများပိုင်နှင့် ပုဂ္ဂလိကယာဉ်များ၊ အွန်လာယ်ရှိပစ္စည်းများကို ပို့ဆောင်ပေးနေသော ယာဉ်များနောက်မှ လိုက်လာလျှင်- ဤယာဉ်များသည် ရထားလမ်းဆုံများတွင် ရပ်တန့်ရမည်ဖြစ်ပြီး အခြားမျှော်လင့်မထားသည့် ရပ်တန့်ခြင်းများလည်း ပြုလုပ်ရမည်ဖြစ်သည်။
- သင်သည် ကုန်းဆင်းတွင် မောင်းနှင်ခြင်းဖြစ်လျှင် - အထူးသဖြင့် မြန်နှုန်းမြင့်ထားပါက သင့်ယာဉ်ကို နှေးသွားစေမည့် ဘရိတ်ဆွဲရန် ပို၍ခက်ခဲနိုင်သည်။
- သင်သည် ကုန်းတက်တစ်ခုပေါ်တွင် ရပ်တန့်သည့်အခါ- ယာဉ်သည် စတင်ရွှေ့လျားလာပါက ရှေ့မှယာဉ်သည် သင့်ကားဆီသို့ နောက်ပြန်ရွှေ့လာနိုင်သည်

ဘေးဘက်တွင် သင့်ကားနှင့်အခြားကားများကြား နေရာလွတ်တစ်ခုရှိစေခြင်း

နေရာစီမံခန့်ခွဲမှုပုံရှိ **ဇရိယာ 2 နှင့် 3 တွင် ပြထားသည့်အတိုင်း** ဘေးဘက်တွင် နေရာလွတ်တစ်ခုထားခြင်းသည် အခြားယာဉ်တစ်စီးမှ သင့်ယာဉ်ကြောအတွင်းသို့ ရုတ်တရက်ဝင်လာသည့်အခါ သင်ပြန်လည်တုံ့ပြန်ရန် နေရာတစ်ခုရှိစေသည်။ ဤဇရိယာများသည် သင်၏ အလားအလာရှိသော ရှောင်ထွက်နိုင်သည့်များဖြစ်သည်။



မှတ်ထားရမည့် အဓိကအချက်များမှာ -

- ယာဉ်ကြောများစွာပါသော လမ်းများတွင် အခြားယာဉ်များနှင့် ယှဉ်မောင်းခြင်းကို ရှောင်ကြဉ်ပါ။ ၎င်းတို့သည် သင့်မြင်ကွင်းကို ကာထားပြီး သင်၏ရှောင်ထွက်နိုင်သည့် လမ်းကိုပိတ်ထားပါက သင်သည် ၎င်းတို့၏ မျက်ကွယ်နေရာအတွင်း ရှိနေနိုင်သည်။
- သင့်ယာဉ်၏ ဘေးဘက်နှင့် လာနေသည့် ယာဉ်များကြားနေရာကို တတ်နိုင်သမျှ များများထားပါ။
- ဘေးကင်းသည်ဆိုလျှင် အချက်ပြ၍ အဝေးပြေးလမ်းမအတွင်း ဝင်လာပြီး အတွင်းဘက်ယာဉ်ကြောတစ်ခုသို့ သွားနေသော ယာဉ်များအတွက် နေရာပိုပေးပါ။
- သင့်ယာဉ်နှင့် ရပ်နားထားသော ယာဉ်များအကြား နေရာတစ်ခုထားပါ။ တစ်စုံတစ်ယောက်သည် ကားတံခါးကို ဖွင့်နိုင်သည် သို့မဟုတ် ရပ်ထားသော ယာဉ်များကြားမှ ထွက်လာနိုင်သည် သို့မဟုတ် ယာဉ်တစ်စီးသည် ရုတ်တရက် ရပ်တန့်သွားနိုင်သည်။
- သင့်ယာဉ်၏ အနည်းဆုံး ဘေးတစ်ဖက်တစ်ချက်တွင် ရှောင်ထွက်နိုင်မည့်လမ်းကြောင်းအဖြစ်သုံးရန် အနည်းဆုံး ရှစ် (8)ပေခန့် နေရာတစ်ခုမရှိပါက သင်၏ နောက်မှလိုက်သော အကွာအဝေးကို တိုး၍ ရှေ့တွင် နေရာလွတ်ပိုမိုထားရန်လိုအပ်မည်။



သင်သည် အမြဲ ယာဉ်ကြော၏ အတွင်းမှ မောင်းနှင်ရမည်။ သို့သော တစ်ခါတစ်ရံတွင် သင်သည်လမ်း၏ နှစ်ဖက်စလုံး၌ အွန်လာယ်များတွေ့နိုင်သည်။ ညာဘက်တွင်ပြထားသည့် နမူနာကဲ့သို့ပင် သင့်ညာဘက်တွင် ရပ်ထားသည့် ယာဉ်များနှင့် ဘယ်ဘက်ရှိလာနေသည့် ယာဉ်များရှိနိုင်သည်။ ဤဖြစ်ရပ်တွင် အကောင်းဆုံးလုပ်ရမည်မှာ အရှိန်လျော့ပြီး လာနေသည့်ယာဉ်များနှင့် ရပ်နားထားသည့် ယာဉ်များကြားအလယ်လမ်းကြောင်းတွင် မောင်းနှင်ခြင်းဖြင့် "လမ်းကိုခွဲခြား"ရမည်ဖြစ်သည်။

အနောက်ဘက်တွင် နေရာလွတ်တစ်ခုထားခြင်း



နေရာ စီမံခန့်ခွဲမှု ပုံရှိ ဧရိယာ 6 တွင် သင့်နောက်မှလိုက်လာသော ယာဉ်မောင်းတစ်ဦးသည် ရှင်းလင်းသော နေရာတွင် သင့်ထက်ပို၍ ထိန်းချုပ်နိုင်သည်၊ သို့သော်လည်း သင်သည် မှန်ကန်သော အမြန်နှုန်းထိန်းထားပြီး အရှိန်မလျှော့မီနှင့် မကွေ့မီတွင် အချက်ပြခြင်းဖြင့် ကူညီပေးနိုင်ပါသည်။ သင့်နောက်မှ နီးကပ်လွန်းစွာလိုက်လာနေသူ (ကပ်လိုက်လာသူ) တစ်ဦးကိုတွေ့သည်ဆိုလျှင် ဖြစ်နိုင်ပါက ညာဘက်ယာဉ်ကြောသို့ ရွှေ့လိုက်ပါ။ ညာဘက်ယာဉ်ကြောမရှိလျှင် ရှေ့ရှိလမ်းရှင်းသည်အထိ စောင့်ပြီး သင့်အရှိန်ကိုဖြည်းညင်းစွာ လျှော့ချရန် ဘရိတ်များကို ညင်သာစွာ တော့ပေးခြင်းဖြင့် နောက်မှကပ်လိုက်လာသော ယာဉ်အား သင့်အနီးမှ ရွှေ့သွားရန် တွန်းအားပေးနိုင်သည်။ သင်သည် အရှိန်လျှော့ရန် သို့မဟုတ် ရပ်တန့်ရန် ပြင်နေစဉ်တွင် ဘေးဘက်တွင် ရှောင်ထွက်နိုင်သည့်လမ်းတစ်ခုကိုလည်း ရှာထားနိုင်ပါသည်။



နောက်ဆုံးအနေဖြင့် သင့်နောက်ရှိ အနောက်လက်ဝဲဘက်နှင့် အနောက်လက်ယာဘက်တို့တွင် (နေရာစီမံခန့်ခွဲသည့် ပုံ၏ **ဧရိယာ 4 နှင့် 5**) ဖြစ်ပျက်နေသည်များကို ဂရုစိုက်ပါ။ အခြားယာဉ်များသည် သင့်ယာဉ်နှင့်မည်မျှနီးကပ်သည်၊ ၎င်းတို့မည်မျှ မြန်မြန်မောင်းနှင်နေသည်ကို သိရှိရန်လိုအပ်သည်။ ဤဧရိယာများသည် မျက်ကွယ်နေရာများဖြစ်ပြီး ယာဉ်ကြောမပြောင်းမီ သင့်ခေါင်းကိုလှည့်၍ ၎င်းတို့ကို အမြဲစစ်ဆေးရန်လိုအပ်သည်။

သင့်ကားကိုမြင်နိုင်သော နေရာတွင်ထားပါ။

သင့်ယာဉ်ကို အခြားယာဉ်မောင်း၏ မျက်ကွယ်နေရာတွင် မောင်းနှင်ခြင်းကို ရှောင်ကြဉ်ပါ။ မျက်ကွယ်နေရာဆိုသည်မှာ ယာဉ်မောင်းနှင်သူ ခေါင်းမလှည့်ပဲရှားဘဲ မမြင်နိုင်သော ယာဉ်ဘေးပတ်လည်ရှိ နေရာတစ်ခုခုဖြစ်သည်။ ဤအမှားမျိုးရှောင်ကြဉ်ရန် ကူညီပေးနိုင်မည့် စည်းမျဉ်းအချို့ဖြစ်သည် -

- အခြားကားတစ်စီး၏ နောက်နားကပ်လျက် တစ်ဖက်ဖက်တွင် အရိုန်ကြာကြာမောင်းနှင်ခြင်းကို ရှောင်ကြဉ်ပါ။ နှစ်နေရာစလုံးမှာ အခြားယာဉ်မောင်းအတွက် မျက်ကွယ်နေရာများဖြစ်သည်။ ယာဉ်မောင်းသူ၏ မျက်ကွယ်နေရာမှထွက်ရန် အရှိန်မြှင့်ပါ သို့မဟုတ် နောက်တွင် ချန်နေရစ်ခဲ့ပါ။
- အခြား ယာဉ်တစ်စီးကို ဖြတ်သွားသည့်အခါ အခြားယာဉ်မောင်း၏ မျက်ကွယ်နေရာကို တတ်နိုင်သမျှအမြန်ဆုံး ဖြတ်သွားပါ။ မျက်ကွယ်နေရာတွင် သင်ကြာကြာနေလေ သင်တို့နှစ်ဦးစလုံးအတွက် အန္တရာယ်များလေဖြစ်သည်။



ရှေ့ကိုမြင်ရခြင်း



- ပုံတွင်ပြထားသည့် ယာဉ်မောင်းမှာ မကြာမီအဆုံးသတ်မည့် လမ်းကြောင်းတစ်ခုအတွင်း ရှိနေသည်။ ဤယာဉ်မောင်းသည် လမ်းကြောင်းမပြောင်းပါကမြန်ဆန်သော လမ်းကြောင်းပြောင်းလဲမှုတစ်ခုပြုလုပ်ရမည် သို့မဟုတ် ရပ်တန့်ပြီး ယာဉ်ကြောရှင်းသည်အထိ စောင့်ရမည်
- နောက်ဆုံးအနီးကပ်အချိန်မှ ပြောင်းလဲခြင်းကို ရှောင်ရှားရန် သင်သည် စောစီးစွာ တွေ့မြင်ပြီး တုံ့ပြန်နိုင်စေရန် ရှေ့သို့လုံလုံလောက်လောက် ကြိုတင်၍ကြည့်ရှုထားရမည်။ သင်သည် ရှေ့ 12 စက္ကန့်မှ 15 စက္ကန့်အထိ ပြဿနာအခြေအနေများကို ခွဲခြားသိရှိသင့်သည် — မြို့တွင်းဖြစ်လျှင် တစ်ဘလောက်ခန့် သို့မဟုတ် အဝေးပြေးလမ်းမအမြန်နှုန်းဖြစ်လျှင် နှစ်ဖာလုံခန့် အန္တရာယ်များသေ

ယာဉ်ကြောအခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းသည် ရှေ့တွင်ကြုံရမည့် ပြဿနာများကို ရှာဖွေခြင်းနှင့် ခွဲခြားသိရှိခြင်းတို့ပေါ်တွင် များစွာမူတည်သည်။ ရှေ့ကြိုကြည့်ခြင်းသည် လမ်းမအလယ် တည့်တည့်ကို စိုက်ကြည့်ရုံမျှကြည့်ခြင်းဟု မဆိုလိုပါ။ သင်သည် လမ်းဘေးဘက်များအပါအဝင် လမ်းမတစ်ခုလုံးကို အဆက်မပြတ်ကြည့်ရန် လိုအပ်သည်။

သင်သည် ယာဉ်မောင်းနှင်ရာနေရာကို ကြည့်နေစဉ်တွင် အောက်ပါတို့ကို စောင့်ကြည့်ပါ -

- သင့်ရှေ့မှ လမ်းထဲသို့ ဝင်လာပြီး ပို၍နေးကွေးစွာသွားနေသော ယာဉ်နှင့် လူများ။
- မကွေ့မီတွင် အခြားယာဉ်ကြောရှင်းရန် စောင့်ဆိုင်းနေသည့် အရှိန်နှေးနေသော သို့မဟုတ် ရပ်ထားသော ယာဉ်။
- ရှေ့တွင်အွန္တရာယ်ရှိသည်ဟူသော သတိပေးလက္ခဏာများ။
- ရှေ့ရှိ နေရာများအကြောင်းနှင့် ယင်းနေရာသို့ရောက်အောင် သွားနိုင်မည့် အချက်အလက်များအကြောင်း ပြောပြနေသော အမှတ်အသားများ။

ဘေးဘက်ကို ကြည့်ခြင်း

အထူးသဖြင့် လမ်းဆုံများ၊ ကိုယ်ပိုင်လမ်းများ၊ ရှောပင်စင်တာဝင်ပေါက် ထွက်ပေါက်များ၊ အဝေးပြေးလမ်းမ ဝင်ပေါက်ထွက်ပေါက်များ — ယာဉ်ကြောတန်းတစ်ခုနှင့် အခြားတစ်ခုဆုံနိုင်သည့်နေရာများတွင် ဘေးဘက်သို့ကြည့်ရန် အရေးကြီးသည်။

သင်သည် လမ်းဆုံတစ်ခုသို့ရောက်သည့်အခါ "ဘယ်-ညာ-ဘယ်" စည်းမျဉ်းကို လိုက်နာပါ။

- ဘယ်ဘက်မှလာသော ယာဉ်များသည် သင်နှင့်ပိုနီးကပ်သောကြောင့် ဘယ်ဘက်ကို ဦးစွာကြည့်ပါ။
- ညာဘက်ကိုကြည့်ပါ။
- ကားမရပ်မီတွင် ဘယ်ဘက်ကို ပြန်ကြည့်ပါ။ သင်ပထမအကြိမ် ကြည့်စဉ်က မမြင်ခဲ့သော ယာဉ်တစ်စီးစီးကို တွေ့နိုင်သည်။

သင် လမ်းဆုံတစ်ခုအတွင်းသို့ ဝင်သည့်အခါ ဘယ်နှင့်ညာကို ထပ်ကြည့်ပါ။ **ရပ်အမှတ်အသား သို့မဟုတ် အချက်ပြမီး ပြနေသည့်တိုင်အောင် အခြားယာဉ်များမှာ အမြဲရပ်တန့်လိမ့်မည်ဟု မယူဆပါနှင့်။** လမ်းတစ်ဖက်ရှိ မြင်ကွင်းကို အဆောက်အဦးများ၊ ချုံပုတ်များ သို့မဟုတ် ရပ်ထားသော ယာဉ်များဖြင့် ပိတ်နေပါက ရှင်းလင်းစွာ မြင်ရသည်အထိ ရှေ့သို့ဖြည်းညင်းစွာ သွားပါ။

အနောက်ဘက်သို့ ကြည့်ခြင်း

သင့်နောက်၌ရှိနေသော ယာဉ်ကိုလည်း တတ်နိုင်သမျှ စစ်ဆေးကြည့်ရှုရမည်။ သင်သည် ယာဉ်ကြောပြောင်းမည် သို့မဟုတ် တန်းစီနေသော ယာဉ်ကြောအတွင်း ဝင်မည်ဟု စီစဉ်ထားလျှင် ယင်းသည် အလွန်အရေးကြီးသည်။

ယာဉ်ကြောပြောင်းခြင်းတွင် ပါဝင်သည်မှာ -

- ယာဉ်လမ်းကြောတစ်ခုပေါ်ရှိ ယာဉ်ကြောတစ်ခုမှ အခြားတစ်ခုသို့ ပြောင်းခြင်း။
- အဝင်ယာဉ်ကြောတစ်ခုမှ အဝေးပြေးလမ်းမတစ်ခုအတွင်းသို့ ဝင်ခြင်း။
- လမ်းဘေးဘောင် သို့မဟုတ် လမ်းပခုံးမှ ယာဉ်လမ်းကြောတွင်းသို့ ဝင်ခြင်း။

သင် ယာဉ်ကြောမပြောင်းမီတွင် မှန်ကန်သော အချက်ပြမီးပြပါ။ နောက်မှန်နှင့် ဘေးမှန်တို့ကို ကြည့်ပြီး သင့်အားမည်သူမှ ဖြတ်ကျော်မည်မဟုတ်သည်ကို သေချာအောင်လုပ်ပါ။ မှန် သို့မဟုတ် အာရုံခံကိရိယာပေါ်တွင်သာ မှီခိုမနေဘဲ သင့်ယာဉ်၏ မျက်ကွယ်နေရာများတွင် မည်သူမျှရှိမနေစေရန် သင့်ဘယ်ဘက်နှင့် ညာဘက်ပခုံးပေါ်ကို ကျော်၍ ကြည့်ပါ။ ဤနေရာများကို လျင်မြန်စွာ စစ်ဆေးပါ။ သင့်ရှေ့လမ်းမကို တစ်စက္ကန့်ထက်ပို၍ အကြည့်မလွှဲမိပါစေနှင့်။ ယာဉ်ကြော သုံး (3) ခု သို့မဟုတ် ယင်းထက်ပိုသည့် လမ်းမများပေါ်တွင် သင်ယာဉ်ကြောမပြောင်းမီ ယာဉ်ကြောများအားလုံးကို စစ်ဆေးပါ — အခြားယာဉ်ကြောမှ တစ်ဦးဦးသည် သင်သွားလိုသော နေရာသို့ ရွှေ့သွားရန် အစီအစဉ်ရှိနေနိုင်သည်။

တန်းစီနေသော ယာဉ်ကြောအတွင်းသို့ ဝင်ခြင်း-

တန်းစီနေသော ယာဉ်ကြောအတွင်း ဝင်သည့်အခါ အမြဲ သင့်ယာဉ်နောက်ကို ကြည့်ပါ — သင့်ကားထဲသို့ မဝင်မီ ပြုလုပ်ပါ။ ယာဉ်မောင်းထိုင်ခုံမှနေ၍ ကလေးငယ်များ သို့မဟုတ် အရာဝတ္ထုငယ်များကို မြင်ရရန် ခဲယဉ်းသည်။ တန်းစီနေသော ယာဉ်တန်းအတွင်းသို့ မဝင်မီ သင့်ခေါင်းကို လှည့်၍ နောက်ကြည့်မှန်မှ တစ်ဆင့်ကြည့်ပါ။ မှန်များ သို့မဟုတ် အာရုံခံကိရိယာများကိုသာ မမှီခိုပါနှင့်။

အမြန်နှုန်း စီမံခန့်ခွဲခြင်း

စိတ်ချရသော အမြန်နှုန်းဆိုတာ ဘာလဲ။ မြန်လွန်းခြင်းဆိုသည်မှာ မည်မျှမြန်သည်ကို ဆိုလိုသနည်း။ ဤမေးခွန်းများအတွက် ရိုးရှင်းသောအဖြေမရှိပါ အဘယ်ကြောင့်ဆိုသော် အချိန်တိုင်းအတွက် စိတ်ချရသည့် တစ်ခုတည်းသော အမြန်နှုန်းမရှိသောကြောင့်ဖြစ်သည်။ အွန္တရာယ်ကင်းကင်း မောင်းနှင်နိုင်မည့် စိတ်ချရသော အမြန်နှုန်း ရွေးချယ်ရာတွင် ဖော်ပြထားသည့် အမြန်နှုန်းကန့်သတ်ချက်များအပြင် လမ်းအခြေအနေများ၊ ထင်ထင်ရှားရှားမြင်နိုင်သည့် အခြေအနေများနှင့် အခြားယာဉ်ကြောစီးဆင်းမှုများကိုပါ ထည့်သွင်းစဉ်းစားရမည်။ အမြန်နှုန်းပြောင်းလဲရန် စီစဉ်သည့်အခါ အခြားယာဉ်မောင်းများအား သင်၏ဆန္ဒကို ဆက်သွယ်ပြသခြင်းဖြင့် သင် အွန္တရာယ်ကင်းကင်းနေနိုင်ရန် အကူအညီပေးပါလိမ့်မည်။

ဆယ်ကျော်သက်ယာဉ်တိုက်မှု အချက်အလက်

"အခြေအနေများအတွက် အမြန်မောင်းလွန်းခြင်း" 16 နှစ်နှင့် 17 နှစ် အရွယ်ယာဉ်မောင်းများသည် ယာဉ်တိုက်မှုဖြစ်ပွား ရာတွင် ပါဝင်သည့် နံပါတ် 1 အကြောင်းရင်းဖြစ်သည်။

ဖော်ပြထားသည့် အမြန်နှုန်းကန့်သတ်ချက်များ

ဖော်ပြထားသည့် အမြန်နှုန်းကန့်သတ်ချက်များသည် ပုံမှန်လမ်း၊ ယာဉ်ကြောနှင့် ရာသီဥတုအခြေအနေများအရ ဘေးကင်းစွာဖြင့် မောင်းနှင်နိုင်မည့် အများဆုံးအမြန်နှုန်းဖြစ်သည်။

- ပင်ဆယ်ဝေးနီးယားပြည်နယ်ရှိ အများဆုံးအမြန်နှုန်း ကန့်သတ်ချက်မှာ 70 ဖြစ်သည်။
- ပြည်နယ်ချင်းဆက် အဝေးပြေးလမ်းမများပေါ်ရှိ အများဆုံး အမြန်နှုန်းကို လမ်းဆုံလမ်းမကြီးတစ်ခု ပြီးနောက်တိုင်းတွင် ဖော်ပြထားပါသည်။
- အခြားအဝေးပြေးလမ်းမများပေါ်တွင် အများဆုံးအမြန်နှုန်း ကန့်သတ်ချက်ကို မိုင်ဝက်ခန့်နီးပါးအကွာအဝေးတိုင်းတွင် ဖော်ပြထားမည်ဖြစ်သည်။
- ကျောင်းဇုံများအတွင်းတွင် ကျောင်းဇုံအမှတ်အသားပေါ်ရှိ မီးများ မှိတ်တုတ်ဖြစ်နေစဉ် သို့မဟုတ် အမှတ်အသားပေါ်တွင် ဖော်ပြထားသည့် အချိန်များအတွင်းတွင် အမြန်နှုန်း ကန့်သတ်ချက်မှာ တစ်နာရီ 15 မိုင်နှုန်းဖြစ်သည်။ ကျောင်းဇုံအမြန်နှုန်းကန့်သတ်ချက်မှာ အခြားအမြန်နှုန်း ကန့်သတ်ချက်များထက် ပိုနိမ့်သည်။

လမ်းသည် စိုစွတ်နေလျှင် သို့မဟုတ် ချောနေလျှင်၊ သင် ကောင်းစွာမမြင်ရလျှင် သို့မဟုတ် အခြားအရာတစ်ခုခုသည် အခြေအနေများကို အပြည့်အဝကောင်းမွန်စေခြင်းမရှိလျှင် ဖော်ပြထားသည့် အမြန်နှုန်းကန့်သတ်ချက်အောက်တွင် မောင်းနှင်ပါ။ သင်သည် ဖော်ပြထားသည့် အမြန်နှုန်းကန့်သတ်ချက်အတွင်း မောင်းနှင်သည့်တိုင်အောင် အခြေအနေအရ မြန်လွန်းသည့်အတွက် ယာဉ်စည်းကမ်းဖောက်ဖြတ်မှု လက်မှတ်ဖြတ်ခံရနိုင်ချေရှိပါသေးသည်။

ဆီစားသက်သာအောင် မောင်းနှင်ခြင်း

ဘေးကင်းစွာမောင်းနှင်ခြင်းသည် သင့်အား ကာကွယ်ပေးခြင်းထက်ပို၍ လုပ်ဆောင်ပေးသည် - ၎င်းသည် ငွေကုန်ကြေးကျသက်သာစေရုံသာမက လေထုညစ်ညမ်းမှုကိုပါ လျော့နည်းစေသည်။ ကားတစ်စီးကိုလည်ပတ်စေရာတွင် ဂက်စ်ဖီး၊ ထိန်းသိမ်းစရိတ်နှင့် တာယာများအပါအဝင် ကုန်ကျစရိတ်များစွာ ရှိပါသည်။ ယာဉ်မောင်းနှင့် ကားပိုင်ရှင်များသည် အပိုကုန်ကျမှုမရှိဘဲ ဤကုန်ကျစရိတ်များကို လျော့ချနိုင်မည့် အဆင့်များကို ပြုလုပ်နိုင်ပါသည်။

လက်ခံကျင့်သုံးရမည့် စမတ်မောင်းနှင်မှုအလေ့အကျင့်များ

1. အရှိန်လျော့ရန် တစ်နာရီမိုင် 60 နှုန်းဖြင့် တစ်နာရီလျှင် ငါးမိုင်နှုန်းမောင်းတိုင်း လောင်စာဆီသုံးစွဲမှု 5 % တိုးသည်။
2. ခြေနင်းပြားများကို ဖြေဖြေလျော့လျော့မောင်းပါ။ အလျင်အမြန် စက်နှိုးခြင်းနှင့် ကြမ်းကြမ်းရပ်တန့်ခြင်းသည် လောင်စာသုံးစွဲမှုကို 40 % တိုးစေနိုင်သော်လည်း ခရီးကြာချိန်ကိုမူ 4 % သာ လျော့စေသည်။
3. အေးမြစွာ မောင်းနှင်ပါ။ တစ်နေ့တာ၏ အပူဆုံးအချိန်များတွင် ကားမောင်းနှင်ခြင်းကို ရှောင်ကြဉ်ပါ။ ပို၍အေးမြပြီး စွတ်စိုသောလေသည် ပါဝါနှင့် ခရီးမိုင်နှုန်းကို အားပြည့်စေသည်။
4. အေးမြစွာ နေပါ။ တစ်နာရီ မိုင် 40 နှုန်းထက်ပိုမောင်းနှင်ပါက သင့်ကား၏ လေအေးပေးစက်ကို အသုံးပြုပါ။
5. နွေးစေရန် မောင်းနှင်ပါ။ အအေးဆုံးနေ့များတွင်ပင် သင့်ကားမောင်းနှင်ဖို့ အဆင်သင့်ဖြစ်စေရန် စက္ကန့် 30 သာကြာမြင့်ပါသည်။
6. အရှိန်နှုန်းမှန်မှန်ထိန်းထားပါ။ ညီညာသော အဝေးပြေးလမ်းမများတွင် မောင်းနှင်ပါက အရှိန်နှုန်းထိန်းချုပ်မှုကို အသုံးပြုပါက လောင်စာဆီကို ပျမ်းမျှ 7 % ခန့်သက်သာစေပါသည်။
7. မီးများအတိုင်း လိုက်နာဆောင်ရွက်ပါ။ သင့်၏ ယာဉ်ပေါ်ပါ ကွန်ပျူတာချို့ယွင်းချက်ရှာ ပရိုဂရမ် (OBD) မီးပွင့်နေပါက လောင်စာသက်သာမှုလျော့ကြပြီး ထုတ်လွှတ်မှု တိုးလာနိုင်သည်။ OBD မီးလင်းလာပါက အချက်အလက်များ ပိုမိုသိရှိနိုင်ရန်အတွက် သင့်ကားကုမ္ပဏီနှင့် ဆွေးနွေးပါ။
8. အန္တရာယ်ကင်းကင်းမောင်းနှင်ပါ။ သင်နှင့် အခြားယာဉ်များကြား လုံလောက်သော အကွာအဝေးတစ်ခု ထားပါ။ ထိုသို့ပြုလုပ်ခြင်းသည် သင့်ကို ကာကွယ်ပေးရုံသာမက သင့်ယာဉ်ပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်ပါသည်။
9. သင့်ကားကို အကျိုးရှိအောင်အသုံးပြုပါ။ သင့်ယာဉ်တွင် "ဆီစားသက်သာစေမည့်" ဆက်တင်တစ်ခု ပါဝင်ပါက ၎င်းကို အသုံးပြုပါ။ ယင်းသည် သင့်ဂက်စ်နင်းပြားစိုက်ထုတ်မှုကို ချောမွေ့စေပြီး ထုတ်လွှတ်မှု ပြောင်းရွှေ့မှုတ်များကို အကောင်းဆုံးဖြစ်စေပြီး အင်ဂျင်အပေါ် လေအေးပေးစက်၏ အကျိုးသက်ရောက်မှုကို လျော့စေမည်ဖြစ်သည်။
10. ပိတ်ထားပါ။ ဝန်မပါမရှိဘဲ လည်ပတ်ခြင်းသည် လောင်စာပြန်းတီးစေပြီး တားမြစ်ခံရနိုင်သည်။ ဝန်မပါဘဲ လည်ပတ်စေရန်လိုအပ်ပါက အထွက်ရှုပ်နှင့် ဘီး၊ ဂီယာများ ချိတ်ဆက်မထားခြင်း သို့မဟုတ် ရပ်နားခြင်းသို့ ပြောင်းလိုက်ပါက အင်ဂျင်သည် သင့်ဘရိတ်နှင့် ဆန့်ကျင်ပြီး အလုပ်မလုပ်တော့ဘဲ လောင်စာဆီပိုမိုကုန်ကျတော့မည် မဟုတ်ပါ။
11. လျော့မောင်းပါ။ လျော့မောင်းခြင်းဖြင့် ကုန်ကျစရိတ်လျော့ကျပြီး ငွေချွေတာနိုင်မည့် နည်းလမ်းများစွာ ရှိပါသည်။ အများသုံးဂို့ဆောင်ရေးကို အသုံးပြုပါ၊ စက်ဘီးစီးပါ၊ လမ်းလျှောက်ပါ သို့မဟုတ် အလှည့်ကျကားကြုံစီးပါ။ ၎င်းအပြင် တောက်တိုမယ်ရလုပ်စရာများကို စုပေါင်းလုပ်ဆောင်ခြင်းဖြင့် အချိန်နှင့်ဓာတ်ငွေ့ကို သက်သာစေနိုင်ပါသည်။
12. မိမိကိုယ်တိုင် အသိပညာပြည့်ဝအောင်ပြုလုပ်ပါ။ လုံခြုံသောကင်းသော အကောင်းဆုံး ယာဉ်မောင်းနှင်မှုအလေ့အထများနှင့်ပတ်သက်၍ အသိပညာပြည့်ဝနေစေမည့် ရင်းမြစ်များစွာရှိပါသည်။

ညအချိန် မောင်းနှင်ခြင်း

ညအချိန်တွင် ယာဉ်တိုက်မှုဖြစ်ပွားမှု အများဆုံးဖြစ်သည်။ အဆိုးရွားဆုံး ယာဉ်တိုက်မှုများမှာ ဆည်းဆာချိန် သို့မဟုတ် မှောင်သည့်အချိန်တွင် ဖြစ်ပေါ်သည်။ ခြုံပြောရလျှင် ညအချိန်တွင်ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုကြောင့် သေဆုံးနှုန်းသည် နေ့အချိန်ထက် သုံး (3) ဆမှ လေး (4) ဆအထိ ပိုမြင့်ပါသည်။ နေ့ဘက်တွင် မောင်းနှင်သည်နှင့်ယှဉ်လျှင် ညဘက်တွင် မောင်းနှင်ခြင်းသည် ပို၍အန္တရာယ်များသည်။

၎င်းအတွက် အကြောင်းပြချက်များစွာရှိပါသည် -

- သင့်အမြင်အာရုံသည် ညဘက်တွင် သိသိသာသာ အကန့်အသတ်ရှိသည်။
- အခြားယာဉ်များ၏ ရှေ့မီးသီးအား ကြည့်မိခြင်းသည် သင့်ကို ခေတ္တမျှ အမြင်အာရုံဆုံးရှုံးစေသည်။
- ပင်ပန်းနေသူ သို့မဟုတ် မူးယစ်ပြီး မောင်းနှင်နေသူများသည် ညအချိန်တွင် လမ်းပေါ်တွင် ပိုများနိုင်ဖွယ်ရှိသည်။

အလင်းပိုနည်းလာပါက သင်၏ အကွာအဝေးကို ဆုံးဖြတ်နိုင်စွမ်း လျော့လာမည်၊ အရောင်များကို မြင်နိုင်စွမ်း လျော့လာပြီး သင့်ဘေးဘက်ရှိ အရာဝတ္ထုများကိုမြင်နိုင်ခြင်းလည်း လျော့နည်းနိုင်သည်။ ယာဉ်မောင်းတစ်ဦးအနေဖြင့် သင့်ရှေ့လမ်းမပေါ်တွင် ဖျော်လင့်မထားသည့် တစ်စုံတစ်ခု ရုတ်တရက်တွေ့ရှိပါ တုံ့ပြန်ရန် အမြဲအဆင်သင့်ပြင်ထားရမည် — ခြေကျင်လျှောက်သူ၊ စက်ဘီးစီးသူ၊ တိရစ္ဆာန် အစရှိသဖြင့် — သင်သည် ညဘက်တွင် ပို၍ အဲ့အားသင့်နိုင်ဖွယ်ပိုများသည်။ အမှတ်အသားများနှင့် အခြားလမ်းဘေးရှိ အရာဝတ္ထုများနှင့် နှိုင်းယှဉ်ပါက ခြေကျင်လျှောက်သူများသည် ညဘက်တွင် တွေ့ရန်အခက်ခဲဆုံးဖြစ်သည်။

ညအချိန်တွင် သင်သည် ရှေ့မီးကြီးကို စနစ်တကျအသုံးပြုရမည်ဖြစ်ပြီး အခြားအချိန်များတွင် ဥပဒေနှင့်အညီ အသုံးပြုရမည်ဖြစ်သည်။ ရှေ့မီးသီးကြီးများတွင် ရည်ရွယ်ချက်နှစ်ခုရှိသည် - သင် မြင်နိုင်ဖို့ ကူညီပေးရန်နှင့် သင့်အားမြင်နိုင်အောင် ကူညီပေးရန်ဖြစ်သည်။ သင်၏ ကားရှေ့မီးသီးကြီးများကို အနည်းဆုံး တစ်ပတ်လျှင် တစ်ခါဆေးပါ။ သင့်ကားအတွက် ဂက်စ်ဝယ်သည့်အခါ ပြုလုပ်ပါ - ညစ်ပေနေသော ရှေ့မီးသီးကြီးများသည် ၎င်းတို့ထုတ်ပေးသင့်သည့် အလင်းရောင်၏ ထက်ဝက်ခန့်သာပေးနိုင်ပါသည်။

ပြည်နယ်ဥပဒေအရ ယာဉ်မောင်းများသည် ၎င်းတို့၏ ရှေ့မီးသီးများကို အသုံးပြုရန်လိုအပ်သည် -

- အုံ့မှိုင်းသောနေ့များရှိမလုံလောက်သော အလင်းရောင်နှင့် ယာဉ်ကြောကျပ်ခြင်းများကြောင့် ၎င်းတို့၏ယာဉ်သည် ပတ်ဝန်းကျင်နှင့်ရောနေသည်ဟု ထင်ရသည့်အခါ။
- မိုး၊ နှင်း၊ မိုးနှင်း၊ နှင်းခဲ၊ မြူ၊ မီးခိုး သို့မဟုတ် မီးခိုးမြူကဲ့သို့ ဆိုးရွားသော လေထုအခြေအနေများ ရှိသည့်အခါ။ ရာသီဥတုဆိုးရွားချိန်များတွင် အနိမ့်မီးသီးကိုသာ အသုံးပြုပါ။ အမြင့်မီးများသည် ယင်းအခြေအနေမျိုးများတွင် မြင်နိုင်စွမ်းကို လျော့ကျစေနိုင်သည်။
- အဝေးပြေးလမ်းမပေါ်တွင် ၎င်းတို့သည် မောင်းနှင်နေသော ယာဉ်၏ ရှေ့ပေ 1,000 မှ ခြေကျင်လျှောက်သူများ သို့မဟုတ် ယာဉ်များကို မမြင်နိုင်သည့်အခါ။
- နေဝင်ချိန်နှင့်နေထွက်ချိန်။
- လုပ်ငန်းနယ်မြေများကို ဖြတ်မောင်းသည့်အခါ။
- ရာသီဥတုအခြေအနေကြောင့် သင့်ယာဉ်၏ ရေသုတ်တံများ ဆက်တိုက် သို့မဟုတ် ပြတ်တောင်းပြတ်တောင်း အသုံးပြုနေသည့်အခါ။

မှတ်ရန် - နေ့ဘက်တွင် အသုံးပြုသောမီးများနှင့်မလုံလောက်ပါ။ သင့်ကား နောက်မီးသီးလည်း ထွန်းထားရမည်

ပြည်နယ်ဥပဒေအရ ဒဏ်ကြေး 25 ဒေါ်လာနှင့်အခြားဆက်စပ် ကုန်ကျစရိတ်များမှစတင်ကောက်ခံမည်ဖြစ်ပြီး လိုအပ်သည့်အခါ ရှေ့မီးသီးကြီးအသုံးပြုရန် ပျက်ကွက်ပါက ဒေါ်လာ 100 နီးပါး ဒဏ်ကြေးကျသင့်မည်ဖြစ်သည်။

ရှေ့မီးသီးနှင့် ညအချိန်မောင်းနှင်ခြင်းအကြောင်းနှင့်ဆိုင်သည့် အခြားအရေးပါသော ဘေးကင်းလုံခြုံရေး အချက်အလက်များ -

- ညအချိန်တွင် မောင်းနှင်မည်ဆိုပါက အခြားယာဉ်တစ်စင်းသည် မိမိသွားနေသည့်ယာဉ်ကြောအတွင်း ချဉ်းကပ်လာသည်ကို မြင်သည်နှင့် အနိမ့်အောက်စိုက်မီးကို အသုံးပြုပါ။ အမြင့်အဝေးထွန်းမီးများသည် အခြားယာဉ်မောင်းအား "မျက်စိမမြင်ခြင်း" ဖြစ်စေနိုင်သောကြောင့်ဖြစ်သည်။ ပင်ဆယ်ဗေးနီးယားဥပဒေအရ သင်သည် လာနေသည့် ယာဉ်တစ်စီး၏ ပေ 500 အတွင်းရှိသည့်အခါနှင့် သင်သည် ပေ 300 အတွင်း ယာဉ်တစ်စီးနောက်မှ လိုက်သည့်အခါတိုင်း အနိမ့်အောက်စိုက်မီးအသုံးပြုရန် လိုအပ်သည်။
- အမြင့်အဝေးထွန်းမီးအသုံးပြုထားသော ယာဉ်တစ်စီး သင့်ဆီသို့လာနေပါက သင့်အမြင့်မီးကို အကြိမ်အနည်းငယ်မျှ လျင်မြန်စွာ မှိတ်တုတ်မှိတ်တုတ်လုပ်ပြပါ။ ယာဉ်မောင်းသည် ၎င်းတို့၏ မီးကိုပိုန်လိုက်ခြင်းမရှိလျှင် လမ်း၏ညာဘက်သို့ ကြည့်ပါ။ ယင်းသည် အခြားယာဉ်၏ ရှေ့မီးသီးကြောင့် "မျက်စိမမြင်ခြင်း" မဖြစ်အောင်တားနိုင်ပြီး ၎င်းယာဉ်ဖြတ်သွားသည်အထိ သင့်လမ်းကြောင်းပေါ်တွင် ကောင်းစွာနေနိုင်လောက်သည်အထိ မြင်ရနိုင်မည်ဖြစ်သည်။
- သင့်မီးများကို စူးရှစွာထွန်းထားခြင်းဖြင့် အခြားယာဉ်မောင်းအား အပြစ်ပေးရန် မကြိုးစားပါနှင့်။ ထိုသို့ပြုလုပ်ပါက သင်တို့နှစ်ဦးလုံး "မျက်စိမမြင်ခြင်း" ဖြစ်နိုင်ပါသည်။
- နောက်မှလိုက်လာသော ယာဉ်၏ ရှေ့မီးသီးကြီးမှ စူးရှသောအလင်းရောင်သည် သင့် ကားနောက်ကြည့်မှန်တွင် ရောင်ပြန်ဟပ်သည့်အတွက် သက်တောင့်သက်သာမဖြစ်ပါက သင့်အတွင်းဘက် နောက်ကြည့်မှန်အား ၎င်း၏နေ့သုံးဆက်တင်မှ ညသုံးဆက်တင်သို့ ပြောင်းလဲနိုင်ပါသည်။
- သင့်ရှေ့မီးသီးကြီးမှ အလင်းပေးထားသော ရှေ့လမ်းမကြီး၏ အရှည်အတွင်း ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို ရှောင်ရန်အတွက် အချိန်မီမရပ်နိုင်ခြင်း မဖြစ်စေရန် အမြန်မောင်းခြင်းဖြင့် "သင့်ကားရှေ့မီးသီး၏ အလင်းဖရိယာအတွင်း မရပ်နိုင်ခြင်း" မဖြစ်ပါစေနှင့်။ အနိမ့်အောက်စိုက်မီးသည် ရှေ့ ပေ 250 ခန့်သာ လင်းစေနိုင်သည်။ ခြောက်သွေ့သောလမ်းမျက်နှာပြင်တွင်ပင် တစ်နာရီ 55 မိုင်နှုန်းဖြင့် မောင်းနှင်နေပါက ရပ်တန့်ရန်အတွက် ပေ 250 ခန့်သွားရပါလိမ့်မည်။ ညဘက်မှောင်ချိန်တွင် သင်၏ကားရှေ့မီးကြီးအလင်းဖရိယာအတွင်း မရပ်တန့်နိုင်ခြင်း မဖြစ်စေရန် သင်သည် တစ်နာရီလျှင် 45 မိုင်ထက်ပိုမမောင်းသင့်ပါ။

လမ်းအခြေအနေများ

သင်ရပ်နိုင်စွမ်းကို လမ်းအခြေအနေက များစွာသက်ရောက်မှုရှိပါသည်။ လမ်းအခြေအနေ ဆိုးရွားနေပါက သင့်အမြန်နှုန်းကို လျှော့ချရန်လိုအပ်သည်။ သို့မှသာ သင့်ယာဉ်၏ ထိန်းချုပ်မှုကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ သင်သည် ချော်နေသောလမ်းများပေါ်တွင် အထူးသဖြင့် အကွေ့အကောက်များတွင် အမြန်မောင်းလွန်းပါက အကြီးမားဆုံး အန္တရာယ်ရှိနိုင်သည်။ **လမ်းချော်နေပါက ကွေ့များနှင့် အကွေ့အကောက်များတွင် ပို၍နေးနေးကွေ့ပါ။**

- **စိုစွတ်နေသော လမ်းမျက်နှာပြင်များ**

  လမ်းများအားလုံး စိုစွတ်နေပါက ချော်နိုင်သည်။ သို့သော်လည်း **စိုစွတ်နေစဉ်တွင် ချော်နိုင်သည်** ဟူသော သတိပေးဆိုင်းဘုတ်တပ်ထားသည့် လမ်းမများပေါ်တွင် ပို၍သတိပြုထားသင့်သည်။ မိုးမုန်တိုင်းတစ်ခု၏ ပထမ 10 မိနစ်မှ 15 မိနစ်အတွင်း လမ်းမျက်နှာပြင်များသည် အလွန်ချောနိုင်သည်။ မိုးသည်

နိုင်လွန်ကတ္တရာအတွင်းရှိ ဆီများကို မျက်နာပြင်ဆီသို့ ရောက်ရှိလာစေသည်။ ဤပြဿနာသည် အပူနှင့်ရေပေါင်းစပ်မှုကြောင့် လမ်းမျက်နာပြင်ပေါ်သို့ ဆီများပိုတက်လာစေသည့် ပူသောရာသီဥတုတွင် ပို၍ပင်ဆိုးဝါးလာတတ်သည်။ အေးသော၊ စိုစွတ်သောရာသီများတွင် သစ်ပင်များ သို့မဟုတ် အဆောက်အဦးများနှင့် အရိပ်ကျနေသော လမ်းအပိုင်းများပေါ်တွင် ပို၍သတိထား မောင်းနှင်သင့်သည်၊ ယင်းဧရိယာများသည် ပို၍အေးခဲမြန်ပြီး ခြောက်သွေ့ရန် ကြာမြင့်သောကြောင့်ဖြစ်သည်။

- **ရေပေါ်လျှပ်ပြေးခြင်း`**

အလွန်အကျွံမြန်နှုန်းမြင့်မောင်းနှင်ပါက သင့်ယာဉ်သည် စိုစွတ်သော လမ်းမပေါ်တွင် စတင်၍ ရေပေါ်လျှပ်ပြေးလာနိုင်သည်။ သင့်တာယာများ လမ်းပေါ်တွင် ကုပ်ဆွဲမှုအား ပျက်သွားပြီး ရေပြင်ပေါ်တွင် လျှောစီးသကဲ့သို့ဖြစ်လာပါက ရေပေါ်လျှပ်ပြေးခြင်း ဖြစ်ပေါ်သည်။ စိုစွတ်သော လမ်းမပေါ်တွင် ပို၍မြန်မြန်မောင်းနှင်ခြင်းသည် သင့်တာယာ၏ လမ်းပေါ်မှ ရေများကို သုတ်ပစ်ရာတွင် ထိရောက်မှုပိုနည်းလာစေနိုင်ပါသည်။ ရေသည် တစ်လက်မ၏ 1/10 အနက်ရှိနေလျှင် တစ်နာရီ 35 မိုင်နှုန်းအောက်ဖြင့်ပင် မောင်းနှင်သည့်တိုင်အောင် ရေပေါ်လျှပ်ပြေးခြင်း ဖြစ်စေနိုင်သည်။ ပျက်စီးနေသော တာယာများသည် ဤပြဿနာကို ပိုမိုဆိုးရွားစေနိုင်သည်။ ရေပေါ်လျှပ်ပြေးခြင်းကို အရှိန်လျော့မောင်းခြင်းဖြင့် လျော့နည်းစေနိုင်သည်။

သင်သည် ရေပေါ်လျှပ်ပြေးနေသည်ဟု တွေ့ရှိပါက အောက်ပါတို့ကို ဆောင်ရွက်ပါ -

1. သင်၏လက်နှစ်ဖက်လုံးကို စတီယာရင်ဘီးပေါ်တွင် တင်ထားပါ။
2. သင့်ကားအရှိန်လျော့စေရန် ဂက်စ်နင်းပြားမှ ခြေထောက်ကို ဖြည်းညင်းစွာ လွှတ်လိုက်ပါ။ ဘရိတ်ကို ဆောင့်နင်းခြင်း သို့မဟုတ် ရုတ်တရက်ကွေ့ခြင်းများ မလုပ်ပါနှင့်။ ယင်းမှာ သင့်ယာဉ်ကို လမ်းချော်စေနိုင်သောကြောင့်ဖြစ်သည်။ သင့်ယာဉ်အရှိန်နှေးသွားသည့်အတွက် တာယာပန်းများ၏ လမ်းနှင့်ထိတွေ့သည့် ပမာဏပိုများသွားပြီး ပိုမိုကောင်းမွန်သော ကုပ်အား စတင်ရရှိလာမည်ဖြစ်သည်။
3. သင့်ကားကို ဖြည်းညင်းစွာနှင့် လမ်းပေါ်တွင် ထိန်းထားနိုင်ရန် လိုအပ်သလောက်သာ ကွေ့ပါ။
4. ဘရိတ်များမဖြစ်မနေသုံးရမည်ဆိုလျှင် ဖြည်းညင်းစွာ ဘရိတ်အုပ်ပါ။ *(သမားရိုးကျနှင့် အရေးပေါ် ရပ်တန့်သည့်အခါများတွင် ဘီးများလျော့ခ်မကျစေသည့် ဘရိတ်များအသုံးပြုခြင်းနှင့် ပတ်သက်သည့် အရေးပါသည့် အချက်အလက်များအတွက် ဤအခန်းနောက်ပိုင်းရှိ "သင် ရုတ်တရက်မဖြစ်မနေ ဘရိတ်အုပ်ရမည် ဆိုလျှင်" အခန်းကို ကိုးကားကြည့်ရှုပါ။)*

- **နှင်းနှင့် ရေခဲ**

နှင်း သို့မဟုတ် ရေခဲပေါ်တွင် မောင်းနှင်ပါက မည်သည့်အခြေအနေမျိုးတွင်မဆို သင့်လျော်စေနိုင်ရန် သင့်မောင်းနှင်မှုကို ချိန်ညှိရန် လိုအပ်သည်။ လမ်းပေါ်တွင် တာယာများ၏ ကုပ်အားသည် များစွာလျော့နည်း လာပြီး သင့်စတီရာယင်နှင့် ဘရိတ်စွမ်းရည်အပေါ် ဆိုးဆိုးရွားရွား သက်ရောက်စေနိုင်သည်။ ၎င်းသည် အနည်အနှစ်များသည် မိုး သို့မဟုတ် ဆီးနှင်းအဖြစ် ပြောင်းလာသော 32° (ဖာရင်ဟိုက်) အနီးတွင် အလွန်အမင်း အန္တရာယ်ရှိတတ်သည် — ရေခဲပေါ်ရှိ ပါးလွှာသော ရေအလွှာသည် ရေခဲသီးသန့်ထက်ပို၍ ချော်စေနိုင်သည်။

အပူချိန်ကျဆင်းလာသောကြောင့် ရေခဲပြင်အလွှာပါးဖြစ်လာသော ရှင်းလင်းသော ယာဉ်ကြောလမ်းမပေါ်ရှိ အခြေအနေတစ်ခုဖြစ်သည့် "အမည်းရောင်ရေခဲ" ကို သတိထားပါ။ လမ်းမသည် စိုစွတ်နေပြီး အခြားယာဉ်များ၏ တာယာများမှ စပရေးများထွက်မလာသည့်အခါ "အမည်းရောင်ရေခဲ" ရှိနေနိုင်ပါသည်။

2006 ခုနှစ်၊ ဇူလိုင်လ 10 ရက်နေ့တွင် စတင်အသက်ဝင် ခဲ့သည့် ဥပဒေအရ မော်တော်ယာဉ်မောင်းသူသည် ၎င်း၏ ယာဉ်အတွင်းမှ အခြားယာဉ်မောင်းများ သို့မဟုတ် ခြေကျင်လျှောက်သူများအား ထိခိုက်ဒဏ်ရာရစေနိုင်သည့် သို့မဟုတ် သေဆုံးစေနိုင်သည့် နှင်း သို့မဟုတ် ရေခဲများ ပြုတ်ကျလာပါ က ပြင်းထန်သော ဒဏ်ငွေများ ပေးဆောင်ရမည်ဖြစ်သည်။ သွားနေသော ယာဉ်တစ်စီးမှ နှင်း သို့မဟုတ် ရေခဲများကို ကော်ထုတ်ပြီး သို့မဟုတ် ပြုတ်ကျပြီး အခြားယာဉ်တစ်စီး သို့မဟုတ် ခြေကျင်လျှောက်သူတစ်ဦးကို သေစေနိုင်သော သို့မဟုတ် ခန္ဓာကိုယ်တွင် ပြင်းထန်သော ဒဏ်ရာရရှိစေရန် ထိခိုက်မိစေခဲ့ပါက နှင်း သို့မဟုတ် ရေခဲထွက်ရှိသည့် ယာဉ်ကိုမောင်းနှင်သူအား ပြစ်မှုတစ်ခုစီအတွက် ဒဏ်ငွေ ဒေါ်လာ 200 မှ ဒေါ်လာ 1,000 အထိ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။ PennDOT သည် မော်တော်ယာဉ်မောင်းနှင်သူများအား ခရီးမစမီ မိမိတို့ယာဉ်များမှ ရေခဲနှင့် နှင်းများအားလုံး ဖယ်ထုတ်ထားရန် တိုက်တွန်းထားပါသည်။

လမ်းမများ ချော်နေသည့်အခါ သင်သည် -

- စိုစွတ်သော လမ်းမများပေါ်တွင် တစ်နာရီ 5 မိုင်မှ 10 မိုင်နှုန်းသို့ လျှော့ပြီး သင်၏ နောက်မှလိုက်သည့် အကွာအဝေးကို ငါး (5) သို့မဟုတ် ခြောက် (6) စက္ကန့်သို့ တိုးသင့်သည်။
- ရေခဲ သို့မဟုတ် နှင်းများ ဖုံးလွှမ်းနေသည့် လမ်းများပေါ်တွင် သင်သည် ပို၍ပင်အရှိန်လျော့ရန် လိုအပ်သည်။ နှင်းများဖုံးနေသောလမ်းပေါ်တွင် သင့်အမြန်နှုန်းကို ထက်ဝက်လျော့ပါ။ ရေခဲများဖုံးနေလျှင် ဘီးလိုမ့်ရုံမျှသာ မောင်းပါ။ သင်နှင့် သင့်ရှေ့မှ ကားကြားနေရာလွတ်ကို ပုံမှန်ထက် 10 ပို၍ထားပါ။
- ဘရိတ်ကိုဖြည်းညင်းစွာ အုပ်ပြီး သင်စဦး ချော်လာခဲ့လျှင် လွှတ်လိုက်ပြီး ပြန်ထိန်းချုပ်နိုင်သည့်အခါ ပြန်နင်းပါ။ *(သမားရိုးကျနှင့် အရေးပေါ် ရပ်တန့်သည့်အခါများတွင် ဘီးများလျော့ခ်မကျစေသည့် ဘရိတ်များအသုံးပြုခြင်းနှင့် ပတ်သက်သည့် အရေးပါသည့် အချက်အလက်များအတွက် ဤအခန်းနောက်ပိုင်းရှိ "သင် ရုတ်တရက်မဖြစ်မနေ ဘရိတ်အုပ်ရမည်ဆိုလျှင်" အခန်းကို ကိုးကားကြည့်ရှုပါ။)*
- ချော်နေသော လမ်းများတွင်မောင်းနှင်ပါက သင်၏မှန်မှန်မောင်းသည့် ထိန်းချုပ်ခလုတ်ကို အသုံးမပြုပါနှင့်။ နှင်း၊ ရေခဲ၊ နှင်းဖျော်ဝင်နေသည့် ရွှံ့နှင့် မိုးရေတို့သည် ဘီးလည်ခြင်းကိုဖြစ်စေပြီး ထိန်းချုပ်မှုပျက်ပြားစေသည်။ ဘီးလည်ခြင်းကို ရပ်စေနိုင်ပြီး ပြန်လည်ထိန်းချုပ်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ပါဝါလျော့ရန်ဖြစ်သည်။ သို့သော် ဖွင့်ထားသော ပုံမှန်အမြန်နှုန်းဖြင့်မောင်းရန် ထိန်းချုပ်စနစ်သည် ပါဝါကို ဆက်လက်အသုံးပြုနေစေပြီး သင့်ဘီးများကို ဆက်လည်ပတ်နေစေမည်ဖြစ်သည်။
- အေးသောရာသီဥတုအတွင်း အရိပ်ရသောနေရာများ၊ တံတားများပေါ်မှ နှင်းခဲများကဲ့သို့ ချော်သောနေရာများတွင် အခြားယာဉ်များနှင့် တိုက်မိခြင်းမရှိစေရန် သင့်အမြန်နှုန်းကို ထိန်းညှိပါ။ ယင်းသည် အခြားယာဉ်တစ်စီးထံ ချော်၍ဝင်တိုက်မိနိုင်သည့် အန္တရာယ်မှ လျှော့ချပေးပါလိမ့်မည်။
- ရေခဲ သို့မဟုတ် နှင်းဖုံးနေသော လမ်းမများပေါ်တွင် မီးစိမ်းလင်းပြီး ရှေ့ကကားစတင်ရွှေ့လျားသည့်အချိန်အထိ သင့်ယာဉ်ကို အရှိန်ဖြင့်လိုမ့်ဆင်းစေခြင်းဖြင့် လမ်းဆုံ တစ်ခုတွင် သင်ရောက်ရှိချိန်ကို အချိန်မှတ်ရန် ကြိုးစားပါ။ ဤနည်းဖြင့် သင်သည် ရပ်ရန်အတွက် ဘရိတ်အုပ်ရန် မလိုဘဲ တစ်ဖန်စတင်၍ အရှိန်မြှင့်နိုင်မည်ဖြစ်သည်။ တောင်ကုန်းပေါ်သို့ တက်သည့်အခါ ရှေ့မှယာဉ်နှင့် လုံလောက်စွာဝေးသော အကွာအဝေးတစ်ခုတွင် နေပါ သို့မှသာ သင် အရှိန်လျော့ခြင်း သို့မဟုတ် ရပ်ခြင်းများ ပြုလုပ်ရန် လိုအပ်မည်မဟုတ်ပါ။ ကုန်းဆင်းမစတင်မီ ပိုမိုထိန်းချုပ်နိုင်ရန်အတွက် ပို၍နှိမ့်သောဂီယာသို့ ပြောင်းပါ။

မြင်နိုင်သည့် အခြေအနေများ

ညအချိန်အပြင် မြူနှင့်နှင်းများသည် မြင်နိုင်စွမ်းကို လျော့ကြေစေပြီး သင်၏ ရှေ့ကို မြင်နိုင်စွမ်း၊ သင့်အနီးတွင်ဖြစ်ပေါ်နေသော အဖြစ်အပျက်များကို မြန်မြန်ဆန်ဆန် အွန်လာယ်ကင်းကင်းဖြင့် တုံ့ပြန်နိုင်စွမ်းတို့ကို ဆိုးရွားစွာ လျော့ပါးစေနိုင်ပါသည်။

မြူများသည် အွန်လာယ်အများဆုံး မောင်းနှင်ရာ ပတ်ဝန်းကျင်ဖြစ်နိုင်သည်။ သင်မည်သည့်အရာနှင့်တိုက်မိတော့မည်ကို မသိနိုင်သကဲ့သို့ အခြားသူများကလည်း သင့်ကိုမြင်နိုင်မည်မဟုတ်ပါ။

သင်မမြင်နိုင်လောက်အောင် မြူများ ပိန်းပိတ်နေပါက ခရီးကို စတင်ခြင်းမပြုပါနှင့်။ သင်သည် မြူများထူထဲစွာကျနေသည်နှင့်ကြုံပါက ကားကို လမ်းမပေါ်မှဆင်းပြီး လုံးဝရပ်တန့်ပါ။ ကားရပ်ရန်နေရာတွင်ရပ်လျှင် ပိုကောင်းသည်။ မြူများရှင်းသွားသည်အထိ စောင့်ပါ။ ကားရပ်နားထားချိန်တွင် သင့်ကားအား ပိုမိုမြင်ရနိုင်စေရန် သင်၏ အွန်လာယ်အချက်ပြမီးများကို ဖွင့်ထားပြီး သင်၏ ထိုင်ခုံခါးပတ်ကို မြဲအောင်တပ်ထားပါ။

သင်သည် မြူထုထပ်သော အခြေအနေများတွင် မောင်းနှင်ရမည်ဆိုလျှင် ဤအချက်နှစ် (2) ချက်ကို လုပ်ဆောင်ရန် အမြဲမှတ်ထားပါ -

1. **သင်မြင်နိုင်သော အကွာအဝေးအတွင်း အွန်လာယ်ကင်းကင်း ရပ်တန့်နိုင်ရန်အတွက် အရှိန်လျှော့ပါ။** သင်၏ မြန်နှုန်းပြိုင်ခွက်ကို ဂရုတစိုက်စစ်ဆေးရန်လိုသည်။ အကြောင်းမှာ သင်မည်မျှမြန်မြန်သွားနေသည်ကို သိရှိစေမည့် ပိုင်နှုန်းပြိုင်ခွက်မှပြသော အချက်အလက်အများစုကို မြူများကြောင့် မမြင်နိုင်အောင်ဖြစ်စေမည်၊ ယင်းကြောင့် သင်သတိမပြုမိဘဲ အမြန်နှုန်းကို အလွယ်တကူမြင့်စေနိုင်သောကြောင့်ဖြစ်သည်။

2. **အခြားသူများ သင့်အားမြင်နိုင်စေရန် အနိမ့်အောက်စိုက်မီးသီးကြီး (နှင့် သင့်ကားတွင်ရှိပါက မြူမီးများ) ကို ဖွင့်ထားပါ။** နေ့အချိန်ဖြစ်စေ၊ ညအချိန်ဖြစ်စေ ဤအတိုင်းလုပ်ပါ။ သင်၏ အမြင့်အဝေးထွန်းမီးကို မသုံးပါနှင့်။ ၎င်းတို့သည် အပေါ်သို့ထောင်ပြီး မြူများအတွင်းသို့ တိုက်ရိုက် အလင်းထိုးစေနိုင်ခြင်းကြောင့် သင့်မျက်လုံးဆီသို့ အလင်းပြန်ရိုက်ခတ်လာစေကာ စူးရှသော အလင်းကိုဖြစ်ပြီး သင် ရှေ့သို့မြင်နိုင်ရန် ပို၍ခက်ခဲစေနိုင်သည်။

နှင်းများသည် သင်၏ မြင်နိုင်စွမ်းကိုလည်း ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်သည်။

နှင်းကျနေသော အခြေအနေတွင် မောင်းနှင်ပါက သင်၏ မြင်နိုင်စွမ်း ပိုကောင်းစေရန် ဤအချက် ခြောက်(6) ချက်ကို လုပ်ဆောင်ပါ

1. **သင်သည် နှင်းထဲတွင် စတင်မမောင်းနှင်မီ သင့်ယာဉ်၏ ပြတင်းပေါက်များ၊ စက်ခေါင်းအုံး၊ ကားနောက်ဝုံးနှင့် အမိုးအားလုံးတို့ကို ရှင်းလင်းပါ။** သင်ထို့သို့မရှင်းထားပါက နှင်းများသည် သင့်ယာဉ်ပေါ်သို့ ပြိုကျလာပြီး လေကာပေါ်သို့ ကျလာကာ သင့်မြင်ကွင်းကို ပိတ်သွားစေနိုင်သည် သို့မဟုတ် သင့်နောက်မှလိုက်လာသော ယာဉ်မောင်း၏ လေကာပေါ်သို့ ကျသွားနိုင်သည်။

   သွားနေသော ယာဉ်တစ်စီးမှ နှင်း သို့မဟုတ် ရေခဲများသည် အခြားယာဉ် သို့မဟုတ် ခြေကျင်လမ်းလျှောက်သူတစ်ဦးအား ထိခိုက်မိပြီး သေဆုံးခြင်း သို့မဟုတ် ပြင်းထန်စွာ ဒဏ်ရာရရှိခြင်းဖြစ်လာပါက ၎င်းယာဉ်မောင်းမှာ ဒဏ်တပ်ခံရနိုင်သည်။

2. **ရှေ့မီးသီးများ၊ နောက်မီးများနှင့် နှင်း၊ ရေခဲနှင့် ဖုန်မှုန့် ဦးတည်ဘက်ပြ အချက်ပြ မီးများကို ရှင်းလင်းအောင်ထားပါ။** ယင်းမှာ အခြားယာဉ်မောင်းများမှ သင့်အားမြင်နိုင်ပြီး သင့်ရှေ့တွင် ရှိသောအရာများကို မြင်နိုင်ရန် သင့်အား ကူညီပေးနိုင်သည်။ ရှေ့မီးသီးကြီး ညစ်ပေနေပါက ၎င်းထုတ်ပေးသော အလင်းကို 50 ရာခိုင်နှုန်းကျော် လျော့စေနိုင်သည်။

3. **သင်စတင်မမောင်းနှင်မီ အင်ဂျင်ကို နွေးအောင်လုပ်ပါ။** ယင်းသည် နှင်းခွဲ ကိရိယာအား လေကာကို နွေးလာစေပြီး သင်ခြစ်ထုတ်၍မရနိုင်သော ရေခဲများကို ပျော်လာအောင် လုပ်ပေးစေနိုင်မည်။

4. **သင့်လေကာအား တတ်နိုင်သမျှ ရှင်းလင်းနေစေရန် သင့်လေကာသုတ်တံများအား အသုံးပြုပါ။** သင့်လေကာဆေးရည်ကန် ပြည့်နေစေရန်နှင့် အသုံးပြုမည့် ဆေးရည် ခဲမနေစေရန်ကို သေချာပြုလုပ်ပါ။

5. **ရေဒွေရိုက်နေသော ပြတင်းပေါက်များကို ရှင်းရန် နှင်းခွဲကိရိယာကို ဖွင့်ထားပါ။** သင့်တွင် ကားသစ်တစ်စီးရှိပါက သင့်နှင်းခွဲကိရိယာသည် လေအေးပေးစက်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နိုင်သည်။ သင်၏နှင်းခွဲကိရိယာ ဆက်တင်ကို မည်သို့အသုံးပြုသင့် သည်ကို လေ့လာရန် ပိုင်ရှင်လက်စွဲစာအုပ်ကို ဖတ်ပါ။

6. **နေ့အချိန်ဖြစ်နေလျှင်ပင် သင်၏ အနိမ့်အောက်စိုက်မီးများကို ဖွင့်ထားပါ။** ယင်းသည် အခြားယာဉ်မောင်းများထံ သင်၏ မြင်နိုင်စွမ်းကို တိုးစေနိုင်သည်။

ရှေ့မီးသီးကြီး/လေကာသုတ်တံ ဥပဒေ

2007 ခုနှစ်၊ ဇန်နဝါရီ 28 ရက်တွင် စတင်အသက်ဝင်သည့် ဤဥပဒေအရ မော်တော်ယာဉ်မောင်းနှင်သူများသည် ရာသီဥတုအခြေအနေများကြောင့် ၎င်းတို့ယာဉ်၏ ရေသုတ်တံများကို တစ်ဆက်တည်း သို့မဟုတ် ပြတ်တောင်း ပြတ်တောင်း အသုံးပြုသည့်အခါတိုင်း ရှေ့မီးသီးကြီးများ ဖွင့်ထားရန်လိုအပ်သည်။ နေ့ဘက်တွင် အသုံးပြုသောမီးများနှင့်မလုံလောက်ပါ။ သင့်ကား နောက်မီးသီးလည်း ထွန်းထားရမည် ဥပဒေမလိုက်နာသော မော်တော်ယာဉ်မောင်းများသည် 25 ဒေါ်လာပေးဆောင်ရမည်ဖြစ်သော်လည်း ဒဏ်ကြေးနှင့် အခြားဆက်စပ် ကုန်ကျစရိတ်များကြောင့် ဒေါ်လာ 100 နီးပါးအထိ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။

ယာဉ်ကြောစီးဆင်းမှု

- ယာဉ်မောင်းအချို့ လမ်းမပေါ်တွင် အခြားယာဉ်များထက် ပို၍မြန်မြန်သွားခြင်း သို့မဟုတ် ပို၍နှေးနှေးသွားခြင်းကြောင့် မကြာခဏ ယာဉ်တိုက်မှုများဖြစ်လေ့ရှိသည်။ သတ်မှတ်ထားသော အမြန်နှုန်းကန့်သတ်ချက်အတွင်း စီးဆင်းနေသော ယာဉ်ကြောနှင့်အတူ မောင်းနှင်ရန် အမြဲကြိုးစားပါ။

- သင့်ဘေးပတ်လည်ရှိ ယာဉ်ကြော၏ဆောင်ရွက်နေပုံပေါ် မူတည်ပြီး သင့်နေရာလွတ်ကို ထိန်းသိမ်းရန် အမြန်နှုန်းကို အလိုက်သင့်ချိန်ညှိရန်လိုအပ်သည်။ ဥပမာ - အဝေးပြေးလမ်းမပေါ်တွင် ယာဉ်အုပ်စုတစ်စုအတွင်း မောင်းနှင်နေသည့်အခါ သင်သည် အရေးပေါ်ဖြစ်ရပ်များ အတွက် ရှောင်ထွက်နိုင်မည့် နေရာမရှိသော တခြားယာဉ် တစ်စီး၏ မျက်ကွယ်နေရာတွင် မောင်းနှင်မိနေကြောင်း တွေ့ရှိရတတ်သည်။ ဤသို့ဖြစ်ခဲ့ပါက သင့်အမြန်နှုန်းကို တစ်နာရီလျှင် နှစ် (2) သို့မဟုတ် သုံး (3) မိုင်နှုန်းမျှ လျှော့ချခြင်းဖြင့် သင့်အနီးမှ ယာဉ်များရှင်းလင်းသွားစေပြီး သင်သည် ပိတ်မိနေခြင်းရှိတော့မည် မဟုတ်ပါ။

- ယာဉ်ကြောစီးဆင်းမှုကို ချိန်ညှိရန်လိုအပ်မည့် နောက်အချိန် တစ်ခုမှာ သင့်ရှေ့တွင် အွန္တရာယ်အလားအလာ တစ် (1) ခုထက်ပို၍ရှိနေပြီး တစ်ချိန်တည်းတွင် ရင်ဆိုင်ရမည်ဖြစ်သည်။ ဥပမာ သင့်ညာဘက်တွင် စက်ဘီးစီးနင်းသူတစ်ဦးရှိနေပါက အွန္တရာယ်ကင်းကင်းဖြင့် လုပ်ဆောင်နိုင်သည်မှာ သင်ဖြတ်သွားသည့်အခါ ကျယ်ဝန်းသော ဘေးနေရာရှိစေရန် အတွက် **ဘယ်ဘက်**သို့ ရွှေ့ပေးနိုင်ပါသည်။ သို့သော် လာနေသည့်ယာဉ်တစ်စီးလည်း ရှိနေပါက ယင်းသည် ပြဿနာဖြစ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပုံမှန်အားဖြင့် သင်သည် ဤအခြေအနေမျိုးတွင် သင့်ယာဉ်ကြောရှိ **ညာဘက်**သို့ကပ်ရန် ရွှေ့ပြောင်းလိုမည်။ သင်သည် တစ်ချိန်လျှင် ယာဉ်အခြေအနေတစ် (1) ခုတည်းကိုသာ ရင်ဆိုင်ခြင်းဖြင့် ဤအခြေအနေအထားကို ဖြေရှင်းသင့်ပါသည်။ လာနေသည့်ယာဉ် ကျော်တက်နိုင်အောင် အရှိန်လျှော့ပေးပြီးနောက် စိတ်ချရသည့် လုံလောက်သော နေရာတစ်ခုထားပေးလျက် စက်ဘီးစီးနင်းသူကို ဖြတ်မောင်းသွားနိုင်ရန် ဘယ်ဘက်သို့ ရွှေ့မောင်းပါ။
- သင်သည် အရေးပေါ်ဖြစ်ရပ်တစ်ခုအနီးသို့ ချဉ်းကပ်လာပါက ယာဉ်ထိန်းရဲက တားသည့်အခါ သို့မဟုတ် ဆွဲကားတစ်စီးမှ အသုံးမပြုသောယာဉ်ကို လာယူသည့်အခါ သင်သည် ဆက်စပ်မနေသည့် ယာဉ်ကြောတစ်ခုအတွင်းသို့ ရွှေ့ပြောင်းရန်လိုအပ်သည်။ သင်သည် လမ်းကြောင်းရွှေ့၍မရနိုင်ပါက သင်သည် အရှိန်လျှော့ပြီး ဂရုတစိုက် အမြန်နှုန်းဖြင့် မောင်းနှင်ရပါမည်။

တစ်ချိန်လျှင် ယာဉ်ကြောအခြေအနေတစ်ခုတည်းကိုသာ ကိုင်တွယ်ပါ



စက်ဘီးစီးနင်းသူ၏ နောက်တွင် အရှိန်လျှော့ပြီး လာနေသည့် ယာဉ်အားဖြတ်သွားစေပြီးနောက် ဘေးကင်းမှု ရှိရန် နည်းဆုံး 4 ပေခွာထားလျက် စက်ဘီးမောင်းနှင်သူအား ကျော်တက်ရန် ဘယ်ဘက်သို့ ကပ်မောင်းပါ။

နှေးနှေးသွားနေသည့် ယာဉ်အပေါ် တုံ့ပြန်မှုများ

အခြားယာဉ်ကြောစီးဆင်းမှုနှင့်အမီလိုက်ရန် အခက်အခဲရှိနေပြီး ယာဉ်ကြောအတွင်း ဝင်လာသော ယာဉ်များကို ကြည့်ပါ၊ ၎င်းတို့သည် အရှိန်ရရန် အချိန်ကြာမြင့်နိုင်သည်။ ယင်းတို့တွင် ကုန်ကားကြီးများ၊ လယ်ယာသုံးစက်များနှင့် မြင်းလှည်းများ ပါဝင်သည်။ ကုန်ကားများသည် အထူးသဖြင့် ရှည်လျားပြီး မတ်သော ကုန်းတက်များတွင် ၎င်းတို့ဖြည်းညင်းစွာ ရွှေ့လျားနေကြောင်း အခြားယာဉ်မောင်းများကို အသိပေးရန် ၎င်းတို့၏ မိုတ်တုတ်မီးများကို အသုံးပြုလေ့ရှိသည်။



ကျေးလက်ဒေသများတွင် တစ်နာရီ 25 မိုင် သို့မဟုတ် ယင်းအောက်မောင်းနှင်ရန် သတ်မှတ်ထားသည့် လယ်ထွန်စက်များနှင့် မြင်းလှည်းများ၏နောက်တွင် လိမ္မော်ရောင် တြိဂံများ ပြထားပါသည်။ ပင်ဆယ်ဗေးနီးယားပြည်နယ်၏ အချို့နေရာများတွင် လမ်းမများပေါ်၌ လယ်ထွန်စက်များနှင့် မြင်းလှည်းများနှင့်အတူ မောင်းနှင်ရသည် အထူးအဆန်းဖြစ်ရပ်မဟုတ်ပါ။ နောက်ဘက် စိတ်ချရသော အကွာအဝေးတစ်ခုတွင် နေပါ။ ကျော်တက်ရန် ဟွန်းမတီးပါနှင့်။

အခြားယာဉ်မောင်းများအား သင့်ဆန္ဒကို ဆက်သွယ်အသိပေးခြင်း

ယာဉ်တိုက်မှုများ မကြာခဏဖြစ်ရသည်မှာ ယာဉ်မောင်းတစ် (1) ဦးသည် အခြားယာဉ်မောင်းတစ်ဦးမျှော်လင့်မထားသည့် ဖြစ်ရပ်ကို လုပ်ဆောင်ခြင်းကြောင့်ဖြစ်သည်။ ယာဉ်တိုက်မှုများကို ရှောင်ရှားနိုင်ရန် လမ်းမပေါ်ရှိ ယာဉ်မောင်းများနှင့် ဆက်သွယ်ပါ။

အခြားသူများကို သင်ရှိမည့်နေရာနှင့် သင်ပြုလုပ်ရန် စီစဉ်ထားသည်ကို အောက်ပါတို့ ပြုလုပ်ခြင်းဖြင့် -

- **အရှိန်လျှော့မည် သို့မဟုတ် ရပ်မည့်အခါ အချက်ပြခြင်း။** သင့်ဘရိတ်မီးသည် အခြားယာဉ်မောင်းများအား သင် အရှိန်လျှော့မည် သို့မဟုတ် ရပ်မည်ကို ပြောပေးသည်။ သင်သည် အခြားယာဉ်မောင်းများ မျှော်လင့်မထားသည့်နေရာတွင် ဘရိတ်ခ်အုပ်တော့မည်ဆိုပါက သင်၏ ဘရိတ်ခြေနင်းပြားကို သုံး (3) ကြိမ် သို့မဟုတ် လေး (4) ကြိမ် မြန်မြန်နင်းပါ။ သင်သည် ကန့်သတ်ထားသည့် အဝေးပြေးလမ်းမတစ်ခုပေါ်တွင် တစ်နာရီ မိုင် 40 အောက်နှုန်းဖြင့်သာ မောင်းရမည်ဆိုပါက သင့်နောက်မှ ယာဉ်မောင်းများကို သတိပေးရန် အွန္တရာယ် (လေးဘက်သွား) မိုတ်တုတ်မီးကို အသုံးပြုပါ။

- **ဦးတည်ဘက်ပြောင်းလဲသည့်အခါ အချက်ပြခြင်း။**
  အချက်ပြခြင်းသည် အခြားသူများအား သင်ကွေ့လိုကြောင်း ပြောခြင်းဖြစ်သော်လည်း ယင်းသည် သင့်ကိုကွေ့ရန် အခွင့်အရေးပေးခြင်း မဟုတ်ပါ။ ပင်ဆယ်ဗေးနီးယား ဥပဒေအရ သင်သည် တစ်နာရီ 35 မိုင် အောက်မောင်းနှင်နေသည်ဆိုပါက မကွေ့မီအနည်းဆုံး **၈၀ 100** ခန့်အလိုတွင် အချက်ပြမီးကို အမြဲအသုံးပြုရမည်ဖြစ်သည်။ သင်သည် တစ်နာရီ 35 မိုင်ထက် သို့မဟုတ် ယင်းထက်ပိုမြန်မောင်းနှင်နေပါက အနည်းဆုံး **၈၀ 300** ခန့်ကြိုတင်၍ အချက်ပြရန်လိုသည်။ သင့်ယာဉ်၏ အကွေ့အချက်ပြမီး အလုပ်မလုပ်ပါက ဤလက်ဖြင့် အချက်ပြနည်းကို အသုံးပြုပါ။



- **အရေးပေါ် အချက်ပြများကို အသုံးပြုခြင်း။** သင့်ယာဉ်သည် အဝေးပြေးလမ်းမပေါ်တွင် ပျက်သွားပါက သင်သည် လမ်းဘေးချရပ်ရန်လိုအပ်သည်။ အချက်ပြပြီးနောက် ယာဉ်ကြောထဲမှ ဂရုတစိုက်ထွက်ပါ။ ပြီးလျှင် အခြားယာဉ်မောင်းများကို သတိပေးရန် သင်၏ အွန္တရာယ်အချက်ပြ (လေးလမ်းသွား) မီတာတုတ်မီးကို ဖွင့်ထားပါ။ လမ်းနှင့်တတ်နိုင်သမျှ ဝေးဝေးကိုသွားပြီး အခြားယာဉ်မောင်းများ သင့်ကို အလွယ်တကူမြင်နိုင်သည့်နေရာတွင် ကားကို ရပ်ထားပါ။ သင့်ကားပျက်နေကြောင်း အခြားယာဉ်မောင်းများ သိရှိစေရန် ကားစက်ဝုံးကို မြှောက်ထားပါ။

- **ဟွန်းကိုအသုံးပြုခြင်း။** သင့်ဟွန်းသည် အခြားယာဉ်မောင်းများ၏ သတိထားမှုရရှိအောင် ချက်ချင်းလုပ်ဆောင်နိုင်သည်။ အခြားယာဉ်မောင်းတစ်ဦး သို့မဟုတ် ခြေကျင်လမ်းလျှောက်သူတစ်ဦးက သင့်အားမမြင်ဟု ထင်ပါက – ဥပမာ ကလေးတစ်ဦး လမ်းပေါ်သို့ ပြေးလာလျှင် သို့မဟုတ် အခြားယာဉ်တစ်စီးမှ သင့်အားတိုက်မိတော့မည်ဟု ထင်လျှင် အသုံးပြုပါ။ သင့်ကား ထိန်းချုပ်မှုမရှိတော့ပါက သင့်ဟွန်းတီးခြင်းဖြင့် အခြားယာဉ်မောင်းများအား အသိပေးပါ။

ကွေ့ခြင်း၊ ပေါင်းခြင်းနှင့် ကျော်တက်ခြင်း

ကွေ့သည့်အခါ သင်သည် အချက်များစွာအပေါ်တွင် အာရုံရူးစိုက်ထားရမည်။ အမြန်နှုန်းသည် အရေးအကြီးဆုံး အချက်ဖြစ်နိုင်သည်။ ကွေ့သည့်အခါ သင့်ကားကို ထိန်းချုပ်နိုင်မည်၊ ကွေ့နေစဉ်အတွင်း မိမိယာဉ်ကြောအတွင်ဦးသာ ရှိစေနိုင်ပြီး မျှော်လင့်သော အခြေအနေများကို တုံ့ပြန်နိုင်မည့် အမြန်နှုန်းတစ်ခုသို့ လျှော့ချပါ။ ခြေကျင်သွားသူများနှင့် သင့်ကွေ့မည့်လမ်းအတွင်းရှိ အခြားယာဉ်များကို သတိထားပါ။ လမ်းများစွာတွင် သင့်အား လမ်းညွှန်ပေးမည့် ဆိုင်းဘုတ်များ၊ အချက်ပြများနှင့် အမှတ်အသားများ ရှိပါသည်။ အချို့ဆိုင်းဘုတ်များသည် သင်ကွေ့ရာတွင် မည်သည့်လမ်းကြောင်းကို အသုံးပြုနိုင်မည် သို့မဟုတ် အသုံးပြုရမည်ကိုပြသည်။

ဘေးကင်းလုံခြုံစွာဖြင့် ကွေ့ရန်

1. **သင်မကွေ့မီ သုံး (3) စက္ကန့်မှ ၎င်း (4) စက္ကန့်ခန့် အချက်ပြပါ။**
2. **သင့်ယာဉ်သည် မှန်ကန်သော ယာဉ်ကြောအတွင်း နေရာယူပါ။**
3. **သင့်အမြန်နှုန်းကို ထိန်းချုပ်ပါ။**
4. **မှန်ကန်သော ယာဉ်ကြောအတွင်းမှ ကွေ့ပါ။**

ဆယ်ကျော်သက်ယာဉ်တိုက်မှု အချက်အလက်

မမှန်ကန်သော သို့မဟုတ် ပေါ့ဆသော ကွေ့ခြင်းသည် လူငယ် ယာဉ်မောင်း အသစ်များကြားတွင် အဖြစ်များသော ယာဉ်တိုက်မှုအကြောင်းရင်းဖြစ်သည်။ 2017 ခုနှစ်တွင် ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ အသက် 17 နှစ်အရွယ် ယာဉ်မောင်းများ ပါဝင်သည့် ယာဉ်တိုက်မှု 459 မှုသည် မမှန်ကန်သော သို့မဟုတ် ပေါ့ဆသော ကွေ့ခြင်းကြောင့်ဖြစ်သည်။

ဘယ်နှင့် ညာအကွေ့များ



ယာဉ်ကြောနှစ်ဘက်၊ နှစ်လမ်းသွားလမ်းများ သို့မဟုတ် အဝေးပြေးလမ်းမများပေါ်တွင် ဘယ်ကွေ့များကို အလယ်မျဉ်းနှင့် တတ်နိုင်သမျှ အနီးဆုံးနေရာမှကွေ့ပါ။ ညာကွေ့များကို ယာဉ်ကြော၏ညာဘက်စွန်းနှင့် အနီးဆုံးနေရာမှ ကွေ့ပါ။

ယာဉ်ကြောများစွာပါသော လမ်းနှင့် အဝေးပြေးလမ်းမများပေါ်တွင် ဘယ်ဘက်သို့ကွေ့ရန် ဘယ်ဘက်ယာဉ်ကြောမှ စတင်ပါ။ သင်သည် ညာဘက်ကွေ့မည်ဆိုလျှင် ညာဘက်ယာဉ်ကြောမှ စတင်ပါ။ သင်သွားလိုသည့်ဘက်တွင် ယာဉ်ကြောတစ် (1) ခုထက်ပိုရှိသော အဝေးပြေးလမ်းမတစ်ခုပေါ်သို့ ကွေ့မည်ဆိုလျှင် ယင်ဦးတည်ဘက်နှင့် အနီးဆုံးဖြစ်သော ယာဉ်ကြောအတွင်းသို့ ဝင်ကွေ့ပါ။ ဘယ်ကွေ့မည်ဆိုလျှင် ဘယ်ဘက်ယာဉ်ကြောအတွင်းသို့ ကွေ့ပြီး ညာကွေ့မည်ဆိုလျှင် ညာဘက်ယာဉ်ကြော အတွင်းသို့ ကွေ့ပါ။ သင်သည် အခြားယာဉ်ကြောတစ်ခုသို့ ပြောင်းလိုသည်ဆိုလျှင် သင်ဘေးကင်းလုံခြုံစွာ ကွေ့ပြီးသည့်အချိန်အထိ စောင့်ပါ။

အလယ်အကွေ့ယာဉ်ကြောမှ သို့မဟုတ် သို့ ကွေ့ခြင်း

သင်သည် နှစ်ဘက်စလုံးတွင် မျဉ်းနှစ်ကြောင်း — အပြင် မျဉ်းသေ တစ် (1) ကြောင်းနှင့် အတွင်း မျဉ်းပြတ် တစ် (1) ကြောင်း — ဖြင့်အမှတ်အသားလုပ်ထားသော နှစ်လမ်းသွားလမ်းတစ်ခု၏ အလယ်တွင် ယာဉ်ကြောတစ်ခုကို တွေ့ပါက ယင်းမှာ ဘယ်ကွေ့များအတွက်သာ အသုံးပြုနိုင်မည့် သဘောဖြစ်သည် (အခန်း 2 ရှိ ပုံကို ကိုးကားပါ)။ မည်သည့်ဦးတည်ဘက်သို့မဆို သွားနေသော ယာဉ်မောင်းများသည် ဤယာဉ်ကြောကို ဘယ်ဘက်သို့ စတင်ကွေ့ရန် ဤယာဉ်ကြောကို အသုံးပြုရမည်ဖြစ်ပြီး ဤလမ်းမထဲသို့ ဝင်လာသော ယာဉ်မောင်းများအနေဖြင့်လည်း ယာဉ်ကြောစီးကြောင်းထဲသို့ မဝင်မီ တစ်ဖက်လမ်းမှ ၎င်းတို့၏ ဘယ်ကွေ့ကို အဆုံးသတ်ရန် ဤယာဉ်ကြောကို အသုံးပြုရမည်ဖြစ်သည်။

ဤအခြေအနေမျိုးတွင် ဖြစ်နိုင်ချေရှိသော ယာဉ်ကြောပဋိပက္ခများစွာ ရှိပါသည်။

- သင်သည် ကိုယ်ပိုင်လမ်း သို့မဟုတ် ဖြတ်လမ်းတစ်ခုအတွင်းသို့ ဘယ်ကွေ့ကွေ့ရန် အလယ်ယာဉ်ကြောအတွင်းသို့ ဝင်လာသည်ဆိုပါက သင်သည်

အလယ်ယာဉ်ကြောရှိ လာနေသော ယာဉ်များနှင့် (သင့်ဘယ်ဘက်ရှိ) ကိုယ်ပိုင်လမ်း၊ ဖြတ်လမ်းများမှ ကွေ့လာသော ယာဉ်နှစ်ခုစလုံးကို ကြည့်ရန်လိုအပ်သည်။

- သင်သည် ကိုယ်ပိုင်လမ်း သို့မဟုတ် ဖြတ်လမ်းမှ အလယ်ယာဉ်ကြောတစ်ခုထဲသို့ ဘယ်ကွေ့ကွေ့မည်ဆိုလျှင် သင့်ဘယ်ဘက်မှ လာနေသော ယာဉ်ကြောများအပြင် မည်သည့်ဘက်မှမဆို ကွေ့ရန်ပြင်နေသော အလယ်ယာဉ်ကြောတွင်ရှိနှင့်ပြီးသား ယာဉ်မောင်းများကိုလည်း သတိထားရန်လိုသည်။

အလယ်အကွေ့ယာဉ်ကြောကို ဘေးကင်းစွာ အသုံးပြုရန် အောက်ပါစည်းမျဉ်းများကို လိုက်နာပါ

1. ဘယ်ကွေ့ယာဉ်ကြောအတွင်းသို့မဝင်မီ အနည်းဆုံး သုံး (3) စက္ကန့်မှ လေး (4) စက္ကန့်အထိ **သင့်ဘယ်ကွေ့အချက်ပြမီးကို ဖွင့်ထားရမည်။**
2. **အလယ်ယာဉ်ကြောထဲသို့ အစောကြီးမဝင်ပါနှင့်။** အလယ်ယာဉ်ကြောတွင် သင်အချိန်ကြာကြာမောင်းနှင်လေ တစ်ဖက်မှလာနေသော ခေါင်းချင်းဆိုင်တိုက်နိုင်သည့် အလားအလာပိုများလေ ဖြစ်သည်။
3. **သင်အလယ်ကွေ့ယာဉ်ကြောအတွင်းသို့ ဝင်မည်ဆိုပါက အပြည့်အဝဝင်ပါ။** သင့်ယာဉ်နောက်ပိုင်းသည် ယာဉ်ကြောကို ပိတ်ထားလျက် ပုံမှန်ယာဉ်ကြောအတွင်း ကျန်မနေခဲ့ပါစေနှင့်။
4. **ဘေးကင်းသည့်အခါမှသာ ကွေ့ပါ။** တူညီသောယာဉ်ကြောတစ်ခုအတွင်း သင့်ဆီဦးတည်လာနေသော ယာဉ်များကိုရှာပြီး လာနေသည့် ယာဉ်ကြောအား ဖြတ်၍မကွေ့မီ လုံလောက်သည့် နေရာလွတ်ကြီးကြီးတစ်ခုထားပါ။ တစ်ဖက်လမ်းမှ အလယ်ယာဉ်ကြောအတွင်း ဝင်မည်ဆိုပါက ဖြတ်မည့်ယာဉ်ကြောနှင့် ကွေ့ဖို့ပြင်ရန်အတွက် အလယ်ယာဉ်ကြောကို စောင့်ကြည့်ပါ။

ဂငယ်ကွေ့

ယင်းမှာ အခြားယာဉ်ကြောကို အန္တရာယ်မဖြစ်စေသည့်အခါမှသာ ခွင့်ပြုမည်ဖြစ်သည်။ ဂငယ်ကွေ့ကွေ့ရန် နေရာရွေးချယ်ရာတွင် ဘက်ပေါင်းစုံမှလာနေသော ယာဉ်မောင်းများသည် သင်နှင့် အနည်းဆုံး ၆၀ 500 အကွာတွင်ရှိပြီး ၎င်းတို့က သင့်အားရှင်းလင်းစွာမြင်ရကြောင်း သေချာပါစေ။ အကွေ့အကောက်များ သို့မဟုတ် တောင်ကုန်းစွန်းအနီးသို့ ချဉ်းကပ်လာသည့်အခါ သို့မဟုတ် အနီးတွင် မောင်းနှင်သည့်အခါ ဂငယ်ကွေ့ကွေ့ခြင်းကို ခွင့်မပြုပါ။ ဂငယ်ကွေ့များသည် ဤအမှတ်အသားရှိသည့် နေရာများတွင်လည်း ဥပဒေနှင့်မညီညွှတ်ပါ။



မီးနီတွင် ညာဘက်သို့ကွေ့ခြင်း

သင်သည် ဤအမှတ်အသားကို မတွေ့လျှင် ယာဉ်ကြောရှင်းပါက မီးနီတွင် ညာဘက်သို့ ကွေ့နိုင်သည်။ ညာဘက်သို့ မကွေ့မီ သင်သည် အမြဲ ဦးစွာရပ်ပြီး ခြေကျင်လျှောက်သူများနှင့် တစ်ဖက်ယာဉ်ကို လမ်းပေးရမည်။ သင်သည် တစ်လမ်းပေါင်းလမ်းမှ တခြားတစ်လမ်းပေါင်းလမ်းတစ်ခုသို့ ကွေ့သည့်အခါ ယာဉ်ကြောရှင်းပြီး **မီးနီတွင် မကွေ့ရ** အမှတ်အသားမရှိပါက ရပ်ပြီးနောက် အချက်ပြမီးနီပြပါက ဘယ်ဘက်သို့လည်း ကွေ့နိုင်သည်။ ဤအမှတ်အသားသည် ပုံမှန်အားဖြင့် လမ်းဆုံဘက်အနီးရှိ လမ်းဖျား ဘေးနှင့် လမ်းဆုံနှင့်ဝေးသည့်ဘက်အခြမ်းရှိ ယာဉ်ကြောအချက်ပြမီးနှင့် အနီးတွင်ရှိသည်။

ယာဉ်ကြောကို ဖြတ်သွားခြင်း

သင်သည် ယာဉ်ကြောကို ဖြတ်သွားသည့်အခါတိုင်း ထိုသို့ပြုလုပ်ရန် လုံလောက်သည့် နေရာရှိရန်လိုသည်။ ယာဉ်ကြောကို ဖြတ်သွားရန်လိုအပ်သည့် နေရာပမာဏမှာ လမ်းမ၊ ရာသီဥတုအခြေအနများနှင့် လာနေသည့် ယာဉ်ကြောပေါ်တွင် မူတည်သည်။

မှတ်ထားရန် -

- လမ်းတစ်ခုကို ဖြတ်၍တစ်ဝက်တွင် ရပ်တန့်ခြင်းသည် အလယ်မျဉ်းတွင် ပေးထားသော အကွေ့ယာဉ်ကြောသည် သင့်ယာဉ်တစ်ခုလုံး ဆန့်နိုင်လောက်အောင် ကြီးမားမှသာလျှင် အန္တရာယ်ကင်းနိုင်ပါသည်။
- သင်သည် ဖြတ်သွားလျှင် သို့မဟုတ် ကွေ့မည်ဆိုလျှင် သင့်လမ်းကြောင်းကို ပိတ်ထားသော ယာဉ် သို့မဟုတ် ခြေကျင်လျှောက်သူများ ရှိမနေစေရန် သေချာပြုလုပ်ပါ။ လမ်းဆုံအလယ်တွင် သင့်ဆီသို့ လာနေသော ယာဉ်နှင့်ပိတ်မိနေမည်ကို လိုချင်မည်မဟုတ်ပါ။
- သင့်အား မီးစိမ်းပြနေသည့်တိုင်အောင် သင့်လမ်းကို ပိတ်နေသော ယာဉ်များရှိနေပါက လမ်းဆုံအတွင်းသို့ မဝင်ပါနှင့်။ သင်သည် လမ်းဆုံကို စတင်မဖြတ်ကူးမီ ရှင်းသွားသည်အထိ သေချာအောင် စောင့်ပါ။
- လမ်းထဲသို့ ဝင်ရန် သို့မဟုတ် ဖြတ်ကူးရန် အကွေ့အချက်ပြမီး ဖွင့်ထားသော ချဉ်းကပ်လာနေသည့် ယာဉ်တစ်စီးရှေ့တွင် မရပ်ပါနှင့်။ ယာဉ်မောင်းသည် သင့်ရှေ့ရှိ လမ်းတစ်ခု သို့မဟုတ် ကိုယ်ပိုင်လမ်းတစ်ခုအတွင်းသို့ ဝင်ရန်ပြင်ဆင်ထားခြင်း၊ စိတ်ပြောင်းသွားခြင်း သို့မဟုတ် အချက်ပြမီးပိတ်ရန် မေ့နေခြင်းဖြစ်နိုင်သည်။ ယင်းမှာ အထူးသဖြင့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများတွင် ဖြစ်တတ်သည် - ၎င်းတို့၏ အချက်ပြမီးများကို ကိုယ်တိုင်မပိတ်မိခြင်းဖြစ်နိုင်သည်။ **သင်မသွားမီ အခြားယာဉ်မောင်းများ စတင်ကွေ့သည့်အချိန်အထိ စောင့်ပါ။**
- သင်ကောင်းစွာမမြင်နိုင်သော သို့မဟုတ် သင့်ကို ကောင်းစွာမမြင်နိုင်သော တောင်ကုန်းများ သို့မဟုတ် အကွေ့အကောက်များသော ဧရိယာများအတွင်း ယာဉ်ကြောများကို ဖြတ်သန်းသည့်အခါ အထူးသတိထားရှိပါ။

ယာဉ်ကြောနှင့်ပူးပေါင်းခြင်း

ယာဉ်ကြောနှင့်ပူးပေါင်းရာတွင် ယာဉ်မောင်းတစ်ဦး၏ ကောင်းစွာဆုံးဖြတ်နိုင်စွမ်းလိုအပ်သည်။ အဝေးပြေးလမ်းမတစ်ခုပေါ်တွင် ယာဉ်ကြောပြောင်းလဲသည်ဖြစ်စေ၊ ခုံးတံတားတစ်ခုမှ အဝေးပြေးလမ်းမတစ်ခုသို့ ဝင်သည်ဖြစ်စေ ယာဉ်ကြောစီးကြောင်းအတွင်းသို့ ဘေးကင်းကင်းဖြင့် ရွှေ့လျားနိုင်မည့် လုံလောက်သော နေရာတစ်ခုလိုအပ်သည်။

အဝေးပြေးလမ်းမများအတွက် ခုံးတံတားဝင်ပေါက်များတွင် အရှိန်ယာဉ်ကြောများ ရှိသည်။ ဤယာဉ်ကြောများသည် အဒီကယာဉ်ကြောများဘေးတွင် ရှိပြီး သင် အဝေးပြေးလမ်းထဲသို့မဝင်မီ ယာဉ်ကြော၏ အမြန်နှုန်းအတိုင်း အရှိန်မြှင့်မောင်းစေနိုင်လောက်သော လုံလောက်သည့် အလျားရှိသင့်သည်။ ဤယာဉ်ကြောများသည် အဝေးပြေးလမ်းမပေါ်ရှိ အခြားယာဉ်မောင်းများကို သင်လမ်းမကြီးသို့ မဝင်မီတွင် သင့်အား မြင်စေရန်လည်း ကူညီပေးနိုင်သည်။ **အရှိန်မြှင့်ယာဉ်ကြောတစ်ခုအတွင်း သင့်ရှေ့ရှိ ယာဉ်ကိုကျော်တက်ခြင်းသည် ဥပဒေနှင့်မညီပါ။**

အရှိန်မြှင့်ယာဉ်ကြောတစ်ခုမှ ယာဉ်ကြောနှင့် ပူးပေါင်းရန် ဤအချက်သုံးချက်ကို လိုက်နာပါ

1. **သင်၏ အချက်ပြမီးဖွင့်ပြီးယာဉ်ကြောအတွင်း နေရာလွတ်တစ်ခုကို ရှာပါ။**
2. **ယာဉ်ကြော၏အမြန်နှုန်းရောက်သည်အထိ အရှိန်မြှင့်ပါ။**
3. **ယာဉ်ကြောအတွင်းရှိ နေရာလွတ်အတွင်းသို့ ပူးပေါင်းပါ။**

ဖြတ်သွားခြင်း

ကျော်တက်ခြင်းသည် မောင်းနှင်ရာတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်၊ စနစ်တကျလုပ်ဆောင်ခြင်း မရှိပါက ကျော်တက်ခြင်းသည် အလွန်အန္တရာယ်များပြီး သေစေနိုင်သည်အထိ ဖြစ်စေနိုင်သည်။ အောက်ပါလမ်းညွှန်ချက်များကို အသုံးပြုပါ။

ယေဘုယျအားဖြင့်ဆိုရလျှင် သင်ကျော်တက်ရန်ကြိုးစားမည့်ရှေ့တွင် လုံလောက်စွာ ရှင်းလင်းသည့် လမ်းမကြီးတစ်ခုရှိပါက သင်သည်

1. ပုံမှန်မောင်းနှင်မှုအခြေအနေများအတွင်း ဘေးကင်းစွာ ကျော်တက်နိုင်သည် သို့မဟုတ် ကျော်မတက်နိုင်ဟု ပြောနေသော လမ်းမျက်နှာပြင်အမှတ်အသားများနှင့် ဆိုင်းဘုတ်များကို ရှာပါ။ (ၢင်းတို့၏ နမူနာများကို အခန်း 2 တွင် ကြည့်ရှုပါ။)
2. သင်စတင်ကျော်မတက်မီ ရှေ့ကို ဂရုတစိုက်ကြည့်ပြီး သင်ကျော်တက်နေစဉ်အတွင်း ယာဉ်တစ်စီး လမ်းမကြီးထက်သို့ ဝင်လာနိုင်မည့် ကိုယ်ပိုင်လမ်းများကဲ့သို့ ကျော်တက်မည့် ဧရိယာအတွင်း အွန္တရာယ်တစ်ခုခုရှိမရှိကို ကြည့်ပါ။
3. သင်စတင်ကျော်တက်မည့်အချိန်တွင် သင့်ဘေးနှင့် နောက်မှန်များကို ကြည့်ပြီး သင်၏ မျက်ကွယ်နေရာများတွင် သင့်အား ကျော်တက်မည့် အခြားယာဉ်တစ်စီးမှ မရှိကြောင်း သေချာစေရန် အလျင်အမြန်စစ်ဆေးကြည့်ပါ။
4. ကျော်မတက်မီတွင် ကျော်တက်မည့်လမ်းရှင်းနေပြီး သင်လမ်းကြောင်းပြောင်းမည့်အကြောင်း ပြသမည့် မှန်ကန်သောအချက်ပြမီးကို ဖွင့်ထားပါ။ အခြားသူများ သင့်အစီအစဉ်များကို ကြိုတင်သိရှိစေရန်အတွက် စောစီးစွာ အချက်ပြပါ။
5. ကျော်တက်ပြီးနောက် ယာဉ်ကြောအတွင်း ပြန်ဝင်မည့် သင့်အစီအစဉ်ကို အချက်ပြပါ။
6. သင်ယာဉ်ကြောအတွင်းသို့ ပြန်မဝင်မီ နောက်ကြည့်မှန်တွင် သင်ကျော်တက်ခဲ့သည့် ယာဉ်၏အရှေ့ရှိ ရှေ့မီးသီးကြီးနစ်လုံးစလုံး ဖွင့်ထားသည်ကို တွေ့နိုင်မည်ဖြစ်သည်။

ကျော်တက်သည့်အခါ ယာဉ်များ သို့မဟုတ် ခြေကျင်လျှောက်သူများ လမ်းထဲသို့ ဝင်လာ သို့မဟုတ် ဖြတ်လာနိုင်သည့် ဧရိယာများကို အထူးသတိထားပါ။ ဤနေရာများတွင် လမ်းဆုံများနှင့် စျေးဝယ်စင်တာ ဝင်ပေါက်၊ ထွက်ပေါက်များ ပါဝင်ပါသည်။ ပြီးလျှင် ယာဉ်လမ်းကြောပေါ်သို့ ကွေ့သွားပြီး ဘယ်ဘက်ယာဉ်ကြောထဲသို့ ရောက်ရှိသွားသော ယာဉ်မောင်းတစ်ဦးသည် သင့်အား ဤယာဉ်ကြောတွင် တွေ့ရမည်ကို မျှော်လင့်ထားမည်မဟုတ်ဘဲ သင့်လမ်းကြောင်းကို မကြည့်မိသည်များပင် ဖြစ်နိုင်သည်။

ဆယ်ကျော်သက်ယာဉ်တိုက်မှု အချက်အလက်

လမ်းမ၏ မှားယွင်းသောဘက်မှ မောင်းနှင်ခြင်းသည် အသက် 16 နှစ်နှင့် 17နှစ်ကြားယာဉ်မောင်းများ အကြား မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ရခြင်း၏ အကြောင်းရင်းများတွင် တစ်ခု အပါအဝင်ဖြစ်သည်။ 2013 ခုနှစ်မှ 2017 ခုနှစ်အထိ ယာဉ်တိုက်မှုပေါင်း 384 မှုဖြစ်ခဲ့ပြီး 15 ဦး သေဆုံးခဲ့သည်။

- **ယာဉ်ကြောနှစ်ခုပါ လမ်းမပေါ်တွင်**
  ယာဉ်ကြောနှစ်ခုပါ လမ်းမပေါ်တွင် ဖြတ်သန်းရာ၌ ခေါင်းချင်းဆိုင်တိုက်မှုကို ရှောင်ရှားနိုင်ရန် ကောင်းစွာ သုံးသပ်နိုင်ရန်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော သင်သည် လာနေသည့်ယာဉ်နှင့်ဆိုင်သည့် ယာဉ်ကြောကို အသုံးပြုရမည်ဖြစ်သောကြောင့်ဖြစ်သည်။ တစ်နာရီ 45 မိုင်တွင် ယင်းကို ရှင်းလင်းသော ယာဉ်လမ်းကြော၏ 1/4 မိုင်၌ သင်သည် အနေးယာဉ်တစ်စင်းကို အွန္တရာယ်ကင်းကင်းဖြတ်ကျော်ရန် လိုအပ်သည်ဟူ၍ ဘာသာပြန်ဆိုရမည်။

  သင်သည် သင်ကျော်တက်မည့်ယာဉ်(များ)ထက် တစ်နာရီလျှင် 10 မိုင်နှုန်းပိုမြန်ရန် လိုအပ်သည်။ သင်ကျော်တက်လိုသည့်ယာဉ်၏ရှေ့တွင် အခြားယာဉ်များရှိပါက သင်သည် ၢင်းတို့အားလည်း ကျော်ဖြတ်ကောင်းကျော်ဖြတ်နိုင်သည်။ သို့သော် သင်၏ ကျော်တက်ခြင်းမစတင်မီတွင် ထိုယာဉ်၏ ရှေ့တွင် တိုးဝင်နိုင်မည့် လုံလောက်သောနေရာလွတ် တစ်ခုရှိကြောင်း သေချာအောင် ဆောင်ရွက်ပါ။

  သင်သည် ရှေ့ဝေးဝေးတွင်ရှိသည့်အရာများကို မမြင်နိုင်ခြင်းနှင့် အကွာအဝေးကို တိတိကျကျဆုံးဖြတ်ရန် ပိုမိုခက်ခဲနိုင်သဖြင့် ညအချိန်တွင် ကျော်တက်သည်မှာ အွန္တရာယ်အများဆုံးဖြစ်သည်။ သင်သည် လာနေသည့်ယာဉ်တစ်စီး၏ ရှေ့မီးသီးကြီးကိုသာ မြင်နိုင်သည်ဖြစ်၍ သင့်အနေဖြင့် အမှန်တကယ်ရှိသည့် အကွာအဝေးထက် ပို၍ဝေးသည်ဟု ထင်နိုင်သည်။

- **ညာဘက်မှကျော်တက်ခြင်း**

  အချို့အခြေအနေများတွင် သင်သည် ယာဉ်ကို ညာဘက်မှကျော်တက်နိုင်သည် -

  - သင်ကျော်တက်မည့် ယာဉ်၏ယာဉ်မောင်းသည် ဘယ်ကွေ့နေလျှင် သို့မဟုတ် ဘယ်ကွေ့ရန် အချက်ပြနေပါက ကျော်တက်မည့်ယာဉ်၏ ယာဉ်မောင်းသည် လမ်းပခုံးပေါ်တွင်သာ နေရမည်။
  - ဦးတည်ဘက်တစ်ခုစီတွင် မှတ်သားထားသော ယာဉ်ကြော နှစ် (2) ခု သို့မဟုတ် နှစ်ခုထက်ပိုသော ယာဉ်လမ်းကြောတစ်ခုပေါ်တွင် မောင်းနှင်နေလျှင်။

- **အောက်ပါအခြေအနေများတွင် သင်ကျော်တက်၍ မရပါ-**
  - သင်သည် တရားဝင်ယာဉ်ကြောထိန်းချုပ်ကိရိယာတစ်ခုခုမှ ကျော်တက်နိုင်သည်ဟု ပြောထားခြင်းမရှိပါက သင်သည် လမ်းဆုံတစ်ခု၏ ပေ 100 အတွင်းရှိလျှင် သို့မဟုတ် လမ်းဆုံ သို့မဟုတ် မီးရထားလမ်းကူးတစ်ခုခုကို ဖြတ်သန်းနေလျှင်။
  - သင်သည် တံတားတစ်ခု၊ မြှင့်တက်နေသော အဆောက်အဦး သို့မဟုတ် လိုဂ်ခေါင်းတစ်ခုအတွင်း ရှိလျှင်။
  - သင်သည် သင်၏ လာနေသည့်ယာဉ်ကြောအားမြင်နိုင်စွမ်းကို အကန့်အသတ်ရှိစေသည့် အကွေ့အကောက်တစ်ခု သို့မဟုတ် ကုန်းမြင့်တစ်ခုပေါ် သို့ ချဉ်းကပ်လာလျှင်။
  - သင်သည် ယာဉ်ကြောများစွာပါသော အဝေးပြေးလမ်းမ၏ လမ်းပခုံးပေါ်တွင်ရှိလျှင်။

လမ်းဆုံများကို ဖြတ်မောင်းခြင်း

ဥပဒေအရ လမ်းအသုံးပြုပိုင်ခွင့်ကို လမ်းဆုံတွင် မည်သူ့ကိုမျှ မပေးပါ။ မည်သူ့ကိုပေးရမည်ဟုသာ ဆိုထားပါသည်။

လမ်းရပိုင်ခွင့်တစ်ခု ပေးရန်လိုအပ်ပြီး ၎င်းတို့မှ ပေးရန်ပျက်ကွက်သည်ဆိုလျှင်ပင် အခြားယာဉ်မောင်းများသည် ယာဉ်တိုက်မှုကို ရှောင်ရှားရန်အတွက် ရပ်တန့်ရန် သို့မဟုတ် လိုအပ်သလို လမ်းပေးရန်လိုအပ်နေမည်ဖြစ်သည်။ လမ်းရပိုင်ခွင့်ရှိရန် **မည်သည့်အခါမှ** အတင်းအကျပ်မတောင်းဆိုပါနှင့်။ ယင်းသည်ယာဉ်တိုက်မှု ဖြစ်လာစေနိုင်သည်။ မတူညီသော ယာဉ်မောင်းနှင်မှုအခြေအနေအမျိုးမျိုးတွင် ဥပဒေအရသတ်မှတ်ထားသည့် လမ်းကြောပေးရမည့်သူများမှာ အောက်ပါအတိုင်းဖြစ်သည်။ လမ်းဆုံတွင် အမှတ်အသားများ၊ အချက်ပြမီးများနှင့် သင်အားမည်သည်ကိုပြုလုပ်ရမည်ကို ပြောပြပေးမည့် ယာဉ်ထိန်းရဲမရှိပါက သင်သည် ဤဥပဒေများကို လိုက်နာရမည်ဖြစ်သည်။

ဆယ်ကျော်သက်ယာဉ်တိုက်မှု အချက်အလက်

လမ်းဆုံများသည် ဆယ်ကျော်သက်ယာဉ်မောင်းများ ယာဉ်တိုက်မှုဖြစ်ပွားသည့် ရာခိုင်နှုန်းများသော နေရာများဖြစ်သည်။ ပင်ဆယ်ဝေးနီးယားပြည်နယ်ရှိ အသက် 16 နှစ်ယာဉ်မောင်းများနှင့် ပတ်သက်သည့် ယာဉ်တိုက်မှု သုံးပုံတစ်ပုံ ခန့် (1/3) တွင် ဆယ်ကျော်သက်ယာဉ်မောင်းသည် ရပ်အမှတ်အသားတစ်ခုမှ ရပ်တန့်သည့်အခါ သို့မဟုတ် တစ်ဖက်ယာဉ်ကြောသို့ ဘယ်ကွေ့ကွေ့သည့်အခါ တွင် ဖြစ်သည်။

1. ယာဉ်မောင်းများသည် ခြေကျင်လျှောက်သူများ a) မီးပွိုင့်မရှိသော လမ်းဆုံတစ်ခုခုကို ဖြတ်သန်းသည့်အခါ (လူကူးမျဉ်းကြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ)၊ b) လမ်းဆုံတွင်ဖြစ်စေ၊ လမ်းဆုံမဟုတ်သည့်နေရာတွင်ဖြစ်စေ မှတ်ထားသော လူကူးမျဉ်းကြားရှိ ယာဉ်လမ်းကြောကို ဖြတ်သည့်အခါ၊
   c) ကိုယ်ပိုင်လမ်းတစ်ခု သို့မဟုတ် လမ်းကြားတစ်ခုကို ဖြတ်သွားသည့် လူသွားလမ်းတစ်ခုပေါ်တွင် လမ်းလျှောက်နေသည့်အခါ၊ d) ယာဉ်မောင်းသည် ထောင့်ကိုကျွေ့ပြီး ခြေကျင်လျှောက်သူများသည် မီးဖြင့် ဖြတ်သန်းနေသည့်အခါ လမ်းပေးရမည်။ ယာဉ်မောင်းများသည် မျက်မမြင်ကြိမ်တုတ်ကိုင်ဆောင်လာသော သို့မဟုတ် လမ်းပြခွေးတစ်ကောင်မှ လမ်းပြပေးလာသော မျက်မမြင် ခြေကျင်ဖြတ်ကူးသူတစ်ဦးကို အမြဲလမ်းပေးရမည်။

2. ဘယ်ကွေ့မည့်ယာဉ်မောင်းများသည် ရှေ့သို့တည့်တည့် သွားနေသော လာနေသည့်ယာဉ်များကို လမ်းပေးရမည်။

3. လမ်းဆုံအဝိုင်းများအတွင်းသို့ ဝင်လာသော ယာဉ်မောင်းများသည် စက်ဝိုင်းအတွင်းရှိနှင့်ပြီးဖြစ်သော ယာဉ်မောင်းများကို လမ်းပေးရမည်။

4. ယာဉ်နှစ်စီးသည် တစ်ချိန်တည်းတွင် သို့မဟုတ် တစ်ချိန်တည်းနီးပါးတွင် မတူညီသော ယာဉ်လမ်းကြောများမှ လမ်းဆုံတစ်ခုသို့ ချဉ်းကပ်လာသည့်အခါ သို့မဟုတ် ဝင်လာသည့်အခါ ဘယ်ဘက်မှလာသော ယာဉ်သည် ညာဘက်မှလာသောယာဉ်အား လမ်းပေးရမည်။

5. လမ်းကြား၊ သီးသန့်လမ်း သို့မဟုတ် ကိုယ်ပိုင်လမ်းတစ်ခုမှ အဝေးပြေးလမ်းမတစ်ခုသို့ ဝင်လာသော ယာဉ်မောင်းများသည် အဓိကလမ်းမကြီးရှင်းသည်အထိ စောင့်ရမည်။

6. လမ်းလေးခွဆုံတွင် ယာဉ်များအားလုံး ရပ်တန့်ရမည်။ လမ်းဆုံသို့ ဦးစွာရောက်သူသည် ဦးစွာထွက်သင့်သည်။ ယာဉ်နှစ် (2) စီးသည် တစ်ချိန်တည်းတွင် လမ်းဆုံတစ်ခုသို့ ရောက်ရှိပါက ဘယ်ဘက်ရှိယာဉ်မောင်းသည် ညာဘက်ရှိယာဉ်မောင်းအား လမ်းပေးရမည်။ တစ်စီးနှင့်တစ်စီး မျက်နှာချင်းဆိုင်ဆုံလျှင် နှစ်စီးစလုံး သတိနှင့်ရှေ့ဆက်ရမည်ဖြစ်ပြီး ဖြစ်နိုင်သည့်အကွေ့များကို စောင့်ကြည့်ရမည်။

လမ်းဆုံများအနီးသို့ ချဉ်းကပ်လာခြင်း

သင်သည် လမ်းဆုံတစ်ခုအနီးသို့ ချဉ်းကပ်လာသည့်အခါ အမှတ်အသားများ၊ အချက်ပြများနှင့် မည်သည့်ယာဉ်ကြောမှ မည်သည့်လူပ်ရှားမှုများကို ခွင့်ပြုသည်ကို ပြောပြနေသော စက်ကြီးအမှတ်အသားများကို ရှာဖွေရမည်။ ကွေ့ရန် သို့မဟုတ် လမ်းဆုံကို ကောင်းစွာဖြတ်သွားရန် ကြိုတင်၍ မှန်ကန်သောနေရာကို ယူထားရမည်။

ယာဉ်ကြောခွဲတမ်းအတွက် အမှတ်အသားများနှင့် စကြီ့အမှတ်များ



လမ်းများစွာတွင် သတ်မှတ်ယာဉ်ကြောတစ်ခုသည် သတ်မှတ်ယာဉ်ကြောအလိုက် ရွှေ့လျားမှုတစ်ခုအတွက် အသုံးပြုရမည်ကို ဖော်ပြထားသော အမှတ်အသားများ သို့မဟုတ် စကြီ့အမှတ်များရှိသည်။ သင်သည် လမ်းဆုံကို ဖြတ်ပြီးတည့်တည့်သွားလိုပြီး ကွေ့ရန်သီးသန့်အတွက် အမှတ်အသားပြုထားသော ယာဉ်ကြောတစ်ခုအတွင်း ရောက်ရှိသွားသည့်အခါ သင်သည် မဖြစ်မနေ ကွေ့ရန်လိုသည်။ သင်သည် ကွေ့လိုသော်လည်း လမ်းဆုံကိုတည့်တည့်ဖြတ်သွားရန် အမှတ်အသားလုပ်ထားသည့် ယာဉ်ကြောတစ်ခုအတွင်း ရောက်ရှိနေသည့်အခါ လမ်းဆုံကိုဖြတ်သွားရမည်။ လမ်းဆုံ၏ ညာဘက်တွင်ပြထားသော ဆိုင်းဘုတ်များနှင့် အမှတ်အသားများသည် သင် ညာဘက်ယာဉ်ကြောတွင်ရှိလျှင် ညာဘက်သို့သာ ကွေ့နိုင်မည်၊ ဘယ်ဘက်ယာဉ်ကြောတွင် ရှိလျှင် ဘယ်ဘက်သို့ကွေ့နိုင်မည် သို့မဟုတ် လမ်းဆုံကို တည့်တည့်ဖြတ်မောင်းနိုင်မည်ကို ပြသည်။



ဘယ်ဘက်ပုံတွင်ပြထားသည့် အမှတ်အသားများနှင့် အမှတ်များတွင် နှစ်လမ်းသွား ဘယ်ကွေ့ယာဉ်ကြောများ ပါဝင်သည်။ သင်သည် မည်သည့်ယာဉ်ကြောမှမဆို ဘယ်ဘက်သို့ကွေ့နိုင်သော်လည်း သင့်ဘေးရှိယာဉ်မောင်းသည် တစ်ချိန်တည်းတွင် ဘယ်ဘက်သို့ ကွေ့နိုင်သည်။ ကွေ့နေစဉ်အတွင်း လမ်းကြောင်းမပြောင်းပါနှင့်။ ယင်းမှာ သင့်ဘေးရှိ ကွေ့နေသော ယာဉ်နှင့်တိုက်မိနိုင်သောကြောင့်ဖြစ်သည်။ ပြီးလျှင် သင်ကွေ့မည့်လမ်းကြောင်းအတွင်းသို့ ယိမ်းနေသော သင့်ဘေးရှိ ယာဉ်မောင်းကိုလည်း သတိထားပါ။ ဤနေရာရှိ အမှတ်အသားများနှင့် အမှတ်များမှာ သင်သည် ညာဘက်ယာဉ်ကြောအတွင်းရှိနေလျှင် ညာဘက်သို့ကွေ့ရမည်ဟု ပြထားခြင်းဖြစ်သည်။ သင်သည် ဘယ်ဘက်ယာဉ်ကြောအတွင်းရှိလျှင် ဘယ်ဘက်သို့ ကွေ့ရမည်ဖြစ်သည်။ သင်သည် အလယ်ယာဉ်ကြောအတွင်းရှိလျှင် သင်သည် ဘယ်ဘက်သို့ကွေ့မည် သို့မဟုတ် လမ်းဆုံကို ဖြတ်မောင်းသွားမည်။

ယာဉ်ကြောအချက်ပြများနှင့် ရပ်ရန်အမှတ်အသားများ

လမ်းဆုံများတွင် သင်၏ဘေးကင်းလုံခြုံမှုသည် မီးပွိုင့်တွင် သင်မြင်သည့် မီးစိမ်း၊ မီးဝါနှင့် မီးနီများနှင့် နှစ်ခွဆုံနှင့် လေးခွဆုံ ရပ်ရန်အမှတ်အသားများအပေါ် သင်၏ မှန်မှန်ကန်ကန် တုံ့ပြန်နိုင်မှုအပေါ်တွင် များစွာမူတည်ပါသည်။

တစ်လမ်းမောင်း၊ လမ်းမှားနှင့် မဝင်ရအမှတ်အသားများ

မြို့ထဲရှိ လမ်းအများစုမှာ တစ်လမ်းမောင်းများဖြစ်သည်။ သင်သည်လမ်းဆုံတွင် **တစ်လမ်းသွား** အမှတ်အသားများမြင်လျှင် သက်ဆိုင်ရာ လမ်းပေါ်ရှိယာဉ်သည် ဦးတည်ဘက် တစ် (1) ဘက်တည်းသို့သာ သွားနိုင်မည်ဟု သင်သိရှိရမည်။ တစ်လမ်းမောင်းဖြစ်ကြောင်း သိစေနိုင်မည့် နောက်အချက်တစ်ခုမှာ လမ်းနှစ်ဖက်စလုံးတွင် ပါကင်ထိုးထားသော ယာဉ်များသည် ဦးတည်ဘက်တစ်ဘက်တည်းသို့သာ ဦးတည်ထားသည်ကို သင်တွေ့ရှိရမည်ဖြစ်သည်။

သင်သည် **တစ်လမ်းမောင်း၊ လမ်းမှား**နှင့် **မဝင်ရ အမှတ်အသား**အားလုံးကို ခွဲထားသော အဝေးပြေးလမ်းမကြီးနှင့် ဆုံရာ လမ်းမများတွင် အတူတကွတွေ့နိုင်သည်။ ခွဲထားသော အဝေးပြေးလမ်းမကြီးတစ်ခုကို တစ်လမ်းသွားလမ်း နှစ် (2) ခုဟု ယူဆနိုင်သည်။ လမ်းအများစုတွင် ဦးတည်ဘက်တစ်ခုစီတွင်သွားနေသော ယာဉ်များအား ခွဲခြားထားသော အတားအဆီးတစ်ခုရှိသည်။ ယင်းမှာ ကျဉ်းမြောင်းသော ကွန်ကရစ်ဘောင်တစ်ခု ဖြစ်နိုင်သကဲ့သို့ ကျယ်သော အင်္ဂတေ သို့မဟုတ် မြက်ခင်းဧရိယာတစ်ခုဖြစ်နိုင်သည်။ သင်သည် လမ်းဆုံအနီးသို့ ချဉ်းကပ်လာသည်နှင့် လမ်းမပေါ်တွင် **ခွဲထားသော အဝေးပြေးလမ်းမကြီး**တစ်ခုကို အမြဲမြင်နိုင်မည်ဖြစ်သည်။

ခွဲထားသော အဝေးပြေးလမ်းမကြီးပေါ်တွင် ညာကွေ့ခြင်းသည် လမ်းဆုံတစ်ခုခုတွင် ညာကွေ့ခြင်းနှင့် ကွာခြားခြင်းမရှိပါ။ သင့်ဘယ်ဘက်မှ ချဉ်းကပ်လာသော ယာဉ်ကြောရှေ့တွင် ညာဘက်သို့ ကွေ့သည့်အခါ စိတ်ချရသော ကွက်လပ်တစ်ခုရှိကြောင်း သေချာပါစေ။

သို့သော်လည်း ခွဲထားသော အဝေးပြေးလမ်းမပေါ်သို့ ဘယ်ကွေ့သည့်အခါ ထူးခြားသည့် အွန်လာရယ်တစ်ခုရှိသည်။ သင်သည် ခွဲထားသော အဝေးပြေးလမ်းမတစ်ခုပေါ်တွင် ကွေ့နေကြောင်း သဘောမပေါက်ပါက သင်သည် လက်တွေ့ခွဲခြားထားသည့် နေရာမရောက်မီ ဘယ်ဘက်သို့ ကွေ့မိနိုင်ပြီး သင့်ဘယ်ဘက်မှချဉ်းကပ်လာသော ယာဉ်ကြောနှင့် ခေါင်းချင်းဆိုင်တိုက်မိခြင်းဖြစ်နိုင်သည်။ သင်သည် **မဝင်ရ**နှင့် **လမ်းမှားသင်္ကေတ**များကို သတိပြုရမည်။

ခွဲထားသော အဝေးပြေးလမ်းမပေါ်တွင် ဘယ်ဘက်သို့မှန်မှန်ကန်ကန်ကွေ့ရန် သင်သည် သင့်ဘယ်ဘက်မှ ချဉ်းကပ်လာနေသော ယာဉ်ကြောတွင် စိတ်ချရသော နေရာလွတ်တစ်ခုရှိသည့်အခါ "ပထမ"ယာဉ်လမ်းကြောကို ဖြတ်ရန်လိုပြီး "ဒုတိယ"ယာဉ်လမ်းကြောညာဘက်မှ ချဉ်းကပ်လာနေသော ယာဉ်ကြောတွင် စိတ်ချရသော ကွက်လပ်တစ်ခုရှိလျှင် အတားအဆီး၏ တခြားဘက်သို့ ဘယ်ကွေ့ကွေ့ရမည်။

အွန်လာရယ်ကင်းကင်းဖြင့် လမ်းဆုံများအတွင်းသို့ ဝင်ခြင်းနှင့် ဖြတ်သွားခြင်း

- **လမ်းနှစ်လမ်းဆုံသော ရပ်ရန်အမှတ်အသားရှိသည့် လမ်းဆုံတစ်ခုကို ဖြတ်သွားရန် -** တစ်နာရီ မိုင် 30 နှုန်းရှိ လမ်းတစ်ခုကို ဖြတ်ရန် နှစ်ဖက်စလုံးတွင် 6 စက္ကန့်အကွာအဝေးတစ်ခုခန့် သို့မဟုတ် ဘယ်နှင့်ညာနှစ်ဖက်စလုံးတွင် ရှင်းလင်းသော နေရာတစ်ဘလောက်စာခန့် ထားရန်လိုသည်။ ရပ်တန့်ရန်အမှတ်အသားတွင် ပထမဦးစွာ ဘယ်ဘက်သို့ကြည့်ရမည် ထို့နောက် စိတ်ချရသော နေရာလွတ်တစ်ခုအတွက် ညာဘက်သို့ကြည့်ရမည်။ ပြီးလျှင် ရှေ့ဆက်မသွားမီ သင့်ဘယ်ဘက်သို့ ထပ်ကြည့်ရမည်။
- **ညာဘက်သို့ကွေ့ရန် -** ဘယ်ကိုကြည့်ပါ၊ တည့်တည့်ကြည့်ပါ၊ ညာကြည့်ပြီးနောက် လာနေသော ယာဉ်တစ်စီးစီးမရှိကြောင်း သေချာစေရန် ဘယ်ဘက်ကိုထပ်ကြည့်ပါ။ သင်နှင့် ဘယ်ဘက်မှချဉ်းကပ်လာနေသော ယာဉ်အကြား ရှစ် (8)စက္ကန့်ခန့်ရှိသော နေရာလွတ်တစ်ခု ထားပါ။
- **ဘယ်သို့ကွေ့ရန် -** လာနေသည့်ယာဉ်၏ ရှေ့တွင်ကွေ့ရန် ရှင်းလင်းသော နေရာလွတ်တစ်ခုရှိကြောင်း နှင့် တစ်ဖက်လမ်းရှိယာဉ်ရပ်နေကြောင်း သေချာအောင်လုပ်ပါ။ သင်သည် လမ်းသွယ်တစ်ခုမှ လမ်းမတစ်ခုပေါ်သို့ ပြောင်းသွားမည်ဆိုလျှင် သင်နှင့် ညာဘက်မှချဉ်းကပ်လာနေသော ယာဉ်ကြားတွင် 9-စက္ကန့်ခန့် နေရာလွတ်ရှိပါစေ။

ဆန့်ကျင်ဘက် ဦးတည်ဘက်မှ ဘယ်ကွေ့မည့်ယာဉ်များနှင့် ထိတွေ့မှုကို ရှောင်ကြဉ်ရန် ဘယ်ကွေ့သည့်အခါ အရေးကြီးသည်။ ညာဘက်ရှိပုံတွင် လမ်းဆုံအလယ်တွင် "X" တစ်ခုကို မှန်းကြည့်ပါ။ သင်သည် "X" အမှတ်သို့မရောက်မီကွေ့ခြင်းဖြင့် အခြားဘယ်ကွေ့လာသော ယာဉ်မောင်းနှင့် "အကွေ့ရှုပ်ထွေးခြင်း" ဖြစ်ပေါ်ခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အလယ်မျဉ်းနှင့် အနီးဆုံးယာဉ်ကြောအတွင်းသို့အမြဲကွေ့ခြင်းဖြင့် ဆန့်ကျင်ဘက်ဦးတည်ဘက်မှ လာသော အဆိုပါလမ်းအတွင်းသို့ ညာကွေ့လာသည့် ယာဉ်နှင့်တိုက်မိခြင်း ကိုလည်း ရှောင်နိုင်ပါသည်။



အရေးအကြီးဆုံးမှာ - သင်ဖြတ်သွားရမည့် ယာဉ်ကြောများအားလုံး ရှင်းလင်းကြောင်းမမြင်ရမချင်း ဘယ်ဘက်သို့ မကွေ့ပါနှင့်။ ပြီးလျှင် သင်သည် အန္တရာယ်ကင်းကင်းကွေ့နိုင်မည်ဖြစ်သည်။



- **ကရားလက်ကိုင်ပုံလမ်းများ** - လူစည်ကားပြီး စီးပွားဖြစ်ဧရိယာများရှိသည့် အချို့လမ်းများသည် ဆန့်ကျင်ဘက်မှလာနေသော ယာဉ်ကြောကို ခွဲထားသည့် အတားအဆီးတစ်ခုနှင့် အမှတ်အသားပြထားသော လမ်းဆုံများတွင် **ဘယ်မကွေ့ရ** သို့မဟုတ် **ဂဃယ်ကွေ့မကွေ့ရ** နှင့် **ညာဘက်ယာဉ်ကြောမှ အကွေ့များအားလုံး**ဟုပြထားသော အချက်ပြလမ်းဆုံများတွင် အမှတ်အသားများရှိပါသည်။ ဤအခြေအနေမျိုးတွင် လမ်းမသည် ဘယ်ကွေ့ရန်အတွက် ကရားလက်ကိုင်ပုံအဖြစ် ဒီဇိုင်းရေးဆွဲထားနိုင်သည်။ တည့်တည့်လာနေသော ယာဉ်ကြောကို ဖြတ်၍ ဘယ်ကွေ့ကွေ့မည့်အစား မီးပွိုင့်တွင် အဓိကလမ်းမကြီးနှင့်ဆုံရန် နောက်သို့ကောက်နေသော ညာဘက်အကွေ့ယာဉ်ကြောကို အသုံးပြုပြီးနောက် ဘယ်ဘက်သို့ကွေ့ပါ။

- **အိုင်းလမ်းဆုံ** - အိုင်းပတ်များနှင့် ယာဉ်ကြောစက်ဝိုင်းများမှာ အိုင်းထဲသို့ ဝင်လာသည့်၊ အိုင်းမှ ထွက်သွားသည့် အကွေ့များအားလုံး ညာဘက်သို့ ကွေ့သွားစေရန် ယာဉ်ကြောများ နာရီလက်တံပြောင်းပြန်လည်သက္ခဲသို့ လည်နေသော အိုင်းလမ်းဆုံများ ဖြစ်ပြီး အားလုံးဝင်လာပြီး ညာကွေ့ကွေ့မည်ဖြစ်သည်။ ဘယ်ကွေ့နှင့် ထောင့်မှန်ကွေ့ ယာဉ်တိုက်မှုအန္တရာယ်တို့ကို ဖယ်ရှားနိုင်ပါသည်။ သို့သော်လည်း အိုင်းပတ်များတွင် ၎င်းတို့ကို ယာဉ်ကြောအိုင်းများနှင့် ကွာခြားစေမည့် အထူးဒီဇိုင်းစည်းမျဉ်းနှင့် အထူးဒီဇိုင်းများ ရှိပါသည်။

ကျွန်ုပ်တို့သည် အိုင်းပတ်များ အသုံးပြုပုံကို အလေးပေးဖော်ပြပါမည်။ ဤအိုင်းပတ်လမ်းဆုံအမျိုးအစားများသည် အဓိကအားဖြင့် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုနှင့် လုပ်ငန်းလုပ်ဆောင်မှု အကျိုးကျေးဇူးများကြောင့် မီးပွိုင့်ရှိသည့် လမ်းဆုံများအစား ရပ်ရွာအသိုက်အဝန်းများစွာတွင် ကြီးမားသော ပုံစံဟောင်း အရှိန်မြှင့် ယာဉ်ကြောအိုင်းများနေရာတွင် အစားထိုးထားခြင်း သို့မဟုတ် တပ်ဆင်ထားခြင်းကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံတွင် အိုင်းပတ်များကို လမ်းဆုံလမ်းမကြီးများ၏ ခုံးတံတားများအဆုံးတွင် တပ်ဆင်ထားသည်။

အိုင်းပတ်လမ်းများတွင် ဝင်ပေါက်တစ်ခုစီတွင် **လမ်းပေး**အမှတ်အသားများနှင့် ဝင်ပေါက်တစ်ခုစီတွင် စက္ကူတစ်ခုစီပေါ်တွင် ဆေးခြယ်ထားသည့် လမ်းပေးမျဉ်းများ ရှိပါသည်။ အိုင်းပတ်လမ်းအများစုတွင် ချဉ်းကပ်လမ်းပေါ်တွင် လမ်းဆုံးအမှတ်အသား တစ်ခု ရှိပြီး အထွက်လမ်းတစ်ခုစီမှ ရောက်ရှိစေနိုင်မည့် နေရာများသိရှိစေမည်ဖြစ်သည်။



သင် သိရှိခဲ့ပါသလား။

အိုင်းပတ်လမ်းများအတွင်းရှိ ယာဉ်တိုက်မှုဖြစ်စေသည့် အဖြစ်အများဆုံး အကြောင်းရင်းမှာ ယာဉ်မောင်းများသည် အိုင်းပတ်တွင်းမဝင်မီ လမ်းကြောင်းပေးရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်သည်။

အဝိုင်းပုံလမ်းဆုံတစ်ခုကို မည်သို့အသုံးပြုမည်နည်း

ချဉ်းကပ်ခြင်းနှင့် ဝင်လာခြင်း -

1. အဝိုင်းပတ်လမ်းတစ်ခုအနီးသို့ ချဉ်းကပ်လာသည့်အခါ အရှိန်လျှော့ပြီး လူကူးမျဉ်းကြားအတွင်းရှိ ခြေကျင်လျှောက်သူများကို လမ်းပေးရန် ပြင်ဆင်ထားရမည်။
2. လမ်းပေးမျဉ်းကို ဆွဲပြီး ဘယ်ဘက်သို့ကြည့်ကာ အဝိုင်းပတ်အတွင်းရှိ ချဉ်းကပ်လာသော ယာဉ်ကြောအတွက် ဘယ်ဘက်ကို ကြည့်ပါ။ စက်ဝိုင်းပတ်လာသော ယာဉ်ကြောတွင် လမ်းရဝိုင်ခွင့်ရှိသည်။
3. ယာဉ်ကြောကြားတွင် သင့်လျော်သော ကွက်လပ်တစ်ခုရှိပါက အဝိုင်းပတ်အတွင်းသို့ ဝင်ပါ။

အဝိုင်းပတ်အတွင်းမှ ထွက်ခြင်း -

1. သင်သည် အဝိုင်းပတ်အတွင်းသို့ ဝင်ပြီးသည်နှင့် သင်၏ ထွက်ပေါက်ရှိရာသို့ နာရီလက်တံပြောင်းပြန်အတိုင်း ဆက်သွားပါ။ ယခု သင့်တွင် လမ်းရဝိုင်ခွင့်ရှိမည်ဖြစ်သည်။
2. သင်သည် ထွက်ပေါက်ကို ချဉ်းကပ်လာသည့်အခါ ညာကွေ့အချက်ပြကို အသုံးပြုပါ။
3. လူကူးမျဉ်းကြားတွင် ဖြတ်ကူးလာသည့် ခြေကျင်လျှောက်သူများကို ကြည့်ပြီး လမ်းပေးရန် ပြင်ဆင်ပါ။
4. အဝိုင်းပတ်မှထွက်ပါ။

ပြင်ဆင်ထားပါ -

အရေးပေါ်ယာဉ်များ - အရေးပေါ်ယာဉ်များ ချဉ်းကပ်လာသည့်အခါ အဝိုင်းပတ်ထဲသို့ မဝင်ဘဲ ဘေးသို့ကပ်ပေးပါ။ အဝိုင်းပတ်အတွင်းဖြစ်လျှင် အဝိုင်းပတ်မှ ချက်ချင်းထွက်ပြီး ဘေးသို့ကပ်ပေးပါ။ အဝိုင်းပတ်အတွင်း မည်သည့်အခါမှ မရပ်ပါနှင့်။

စက်ဘီးစီးနင်းသူများ- စက်ဘီးစီးနင်းသူများသည် အဝိုင်းပတ်ကို အသုံးပြုသည့်အခါ ယာဉ်များ သို့မဟုတ် ခြေကျင်လမ်းလျှောက်သူများကဲ့သို့ လုပ်ဆောင်ရန် ရွေးချယ်ခွင့်ရှိသည်။ ယာဉ်တစ်စီးအနေဖြင့် ပြုမူမောင်းနှင်ပါက အလားတူစည်းမျဉ်းများကို လိုက်နာရမည်။ အဝိုင်းပတ်အတွင်း ယာဉ်တစ်စီးကဲ့သို့ ပြုမူမောင်းနှင်နေသော စက်ဘီးတစ်စီးအား မည်သည့်အခါမှ ကျော်မတက်ပါနှင့်။

ခြေကျင်လျှောက်သူများ - မော်တော်ကားမောင်းနှင်သူများသည် အဝိုင်းပတ်အတွင်း ဝင်ချိန်နှင့်ထွက်ချိန်တွင် ခြေကျင်လျှောက်သူများကို လမ်းပေးရမည်။ ခြေကျင်လျှောက်သူများသည် အဝိုင်းပတ်ခြေရင်းပိုင်းတစ်ခုစီကို ဖြတ်ရန် လူကူးမျဉ်းကြားနှင့် လမ်းလယ်ကျွန်းများကို အကျိုးရှိရှိ အသုံးချရမည်။

အကွေ့အကောက်များကို ဖြတ်မောင်းခြင်း

အကွေ့အကောက်များကို ဖြတ်မောင်းခြင်းနှင့်ပတ်သက်၍ နားလည်ထားရမည့် အရေးအကြီးဆုံးအချက်မှာ သင်သည် ရူပဗေဒနိယာမများကို ထည့်သွင်းမစဉ်းစား၍ မရခြင်းဖြစ်သည်။ ယာဉ်များသည် လေးလံပြီး အင်နာရှားများစွာရှိသည်။ ဆိုလိုသည်မှာ သင်သည် အကွေ့အကောက်တစ်ခုတွင် လျင်မြန်လွန်းစွာ မောင်းနှင်ပါက စတီယာရင်ကို မည်မျှပင်ကြိုးစားလုည့်သည်ဖြစ်စေ သို့မဟုတ် သင့်ယာဉ်ကြောအတွင်း ရှိနေစေရန် အရှိန်လျှော့ချသည်ဖြစ်စေ သင့်ယာဉ်သည် အကွေ့ကို ပတ်သွားရမည့်အစား တည့်တည့်သို့သာ ဆက်လက်သွားနေမည်ဖြစ်သည်။ သင်သည် (ဘယ်ဘက်စောင်းနေသော အကွေ့တစ်ခုပေါ်တွင်) လမ်းမပေါ်မှ ဘေးသို့ရောက်သွားခြင်း သို့မဟုတ် (ညာဘက်စောင်းနေသော အကွေ့တစ်ခုပေါ်တွင်) အခြားယာဉ်ကြောအတွင်းရောက်သွားခြင်းဖြစ်မည်။ ထိုသို့ဖြစ်စေရန် ယာဉ်ကိုအလွန်လျင်မြန်စွာ မောင်းနှင်ရန်မလိုအပ်ပါ။ အကွေ့အကောက်သည် သိသာပြီး လမ်းသည် စိုစွတ်နေလျှင် သို့မဟုတ် ရေခဲများရှိနေလျှင် အရှိန်ကိုများစွာ လျှော့ချရန်လိုအပ်သည်။

ဆယ်ကျော်သက် ယာဉ်တိုက်မှု အချက်အလက်မှတ်တမ်း

ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ အသက် 16 နှစ်အရွယ် ယာဉ်မောင်းများ အတွက် အဖြစ်အများဆုံး ယာဉ်တိုက်မှု အမျိုးအစားမှာ **ယာဉ်တစ်စီးတည်း လမ်းဘေးသို့ရောက်ရှိသော ယာဉ်တိုက်မှု**ဖြစ်သည်။ 2013 ခုနှစ်မှ 2017 ခုနှစ်အထိ ယာဉ်တိုက်မှုပေါင်း 3219 မှုဖြစ်ပြီး လူပေါင်း 20 ဦးသေဆုံးခဲ့သည်။

ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိတစ်ဖွဲ့ထဲမှ ရဂျီဆာ

အကွေ့အကောက်များတွင် ဆက်လက်ထိန်း သိမ်းထားနိုင်စေရန် သင်သည် အရှိန်လျှော့ရန်လိုအပ်သည်။

ယင်းကို အကွေ့အကောက်တစ်ခုအတွင်းသို့ မဝင်မီ ပြုလုပ်ပါ။

သင်သည် အကွေ့အကောက်တစ်ခုအနီးချဉ်းကပ်လာပါက သင်သည် လမ်းများသည် ကွေးနေကြောင်းပြသည့် အဝါရောင် စိန်ပုံစံ သတိပေးအမှတ်အသားတစ်ခုကို တွေ့ရမည်ဖြစ်သည်။ လမ်းသည် 90 ဒီဂရီထောင့်မှန် ကွေးနေပါက သင်သည် ဘယ် သို့မဟုတ် ညာဘက်သို့ပြန်သည့် မြားကြီးတစ်ခုတွင် အဝါရောင်လေးထောင်ပုံ အမှတ်အသားတစ်ခုကို တွေ့ရနိုင်သည်။ အချို့အကွေ့များတွင် ကွေ့ရမည့်နေရာတစ်လျှောက်တွင် ဒွိပုံသဏ္ဌာန် သတိပေးအမှတ်အသားများလည်း ရှိသည်၊ ယင်းတို့သည် ညာဘက်မြင်နိုင်စွမ်းနည်းသည့် အခြေအနေများတွင် အလွန်အထောက်အကူဖြစ်နိုင်သည်။ အခန်း 2 တွင်ပြထားသော အကွေ့သတိပေးအမှတ်အသား အမျိုးအစားအမျိုးမျိုးကို ကြည့်ရှုပါ။

ဤသည်မှာ အကွေ့အကောက်များကို အန္တရာယ်ကင်းကင်း ဖြတ်မောင်းနိုင်မည့် နည်းလမ်းများ ဖြစ်သည် -

1. ညာကွေ့နေရာများတွင် ယာဉ်ကြောဗဟိုမှ ညာဘက်သို့ အနည်းငယ်ကပ်ပြီး ဘယ်ကွေ့နေရာများတွင် ယာဉ်ကြော၏ အလယ်တွင် အနည်းငယ်ထားပါ။
2. အကွေ့သည်ပို၍ ကွေ့ကောက်လျှင် သင်သည် အရှိန်ကို ပို၍လျှော့ချရန်လိုအပ်သည်။
3. ဆန့်ကျင်ဘက်ဦးတည်ဘက်မှ လာသော ယာဉ်ကြောကို ကြည့်ပါ။ အရှိန်ဖြင့်လာနေသော ယာဉ်သည် သင့်ယာဉ်ကြောအတွင်းသို့ အလွယ်တကူ ယိမ်း၍ရောက်ရှိလာနိုင်သည်။
4. သင့်ယာဉ်ကို ထိန်း၍မောင်းနှင်ပုံနှင့်ပတ်သက်၍ လမ်းညွှန်ရန် ရှေ့ကိုကြည့်ပြီး အကွေ့၏ အတွင်းဘက်အစွန်းကို ကြည့်ပါ။ အကွေ့များစွာရှိပါက အကွေ့တစ်ခုစီ၏ အတွင်းပိုင်းသို့ မြင်နိုင်သမျှ ရှေ့ကိုကြိုကြည့်ပါ။



အဝေးပြေးလမ်းမကြီးများနှင့် လမ်းဆုံလမ်းမကြီးများကို ဖြတ်မောင်းခြင်း

အဝေးပြေးလမ်းမကြီးများပေါ်ရှိ ယာဉ်တိုက်မှုများသည် အပြင်းထန်ဆုံးဖြစ်သည်။ အကြောင်းမှာ ယာဉ်ကြောသည် အ ရှိန်အမြင့်ဆုံးနှုန်းဖြင့် သွားနေသောကြောင့်ဖြစ်သည်။ သင်သည် ယာဉ်ကြောပြောင်းသည့်အခါနှင့် ယာဉ်ကြောပိတ်ခြင်းကြောင့် မမျှော်လင့်ဘဲ နေ့သွားသည့်အခါ သို့မဟုတ် ရပ်တန့်သည့်အခါ အဝေးပြေးလမ်းမကြီး၏ လမ်းဆုံလမ်းများပေါ်တွင် အန္တရာယ်အများဆုံးဖြစ်သည်။

အဝေးပြေးလမ်းမကြီးအတွင်းသို့ ဝင်ရောက်ခြင်း

အဝေးပြေးလမ်းမကြီးတစ်ခုအတွင်းသို့ ဝင်သည့်အခါ သင်၏ အရေးအကြီးဆုံး ဆုံးဖြတ်ချက်မှာ မှားယွင်းပြီး ထွက်ပေါက်ခုံးပေါ်သို့ မကွေ့မိစေရန်နှင့် အခြားယာဉ်အား ခေါင်းချင်းဆိုင် ထိတိုးမိခြင်းမရှိအောင် သေချာစေရန်ဖြစ်သည်။ ထွက်ပေါက်ခုံးပေါ်တွင် **တစ်လမ်းမောင်း** အမှတ်အသား၊ **မဝင်ရ**နှင့် **လမ်းမှား အမှတ်အသားများ** ရှိလိမ့်မည်။ တစ်ခါတစ်ရံတွင် အမြဲမဟုတ်သော်လည်း ဝင်ပေါက်ခုံးတွင် **အဝေးပြေးလမ်းမ ဝင်ပေါက်** ဟု ပြထားသည့် မီးစိမ်းတစ်ခုကို တွေ့ရပါမည်။ သင်၏ ညာဘက်တွင် အဖြူရောင်မျဉ်းနှင့် ဘယ်ဘက်တွင် အဝါရောင်မျဉ်းရှိလျှင် သင်သည် မှန်ကန်သော ဦးတည်ဘက်သို့ ဦးတည်နေခြင်းဖြစ်သည်။

အချို့အဝေးပြေး ဝင်ပေါက်နှင့်ထွက်ပေါက်များမှာ အလွန်နီးကပ်စွာတည်ရှိပြီး ၎င်းတို့ကြားတွင် "ကွေ့ယှက်နေသော ယာဉ်ကြော" တိုတစ်ခုသာရှိမည်။ အဝေးပြေးလမ်းမအဝင်နှင့် အထွက်ယာဉ်ကြောသည် "ကွေ့ယှက်နေသော ယာဉ်ကြော" ကိုမျှသုံးကြရမည်။ ယာဉ်မောင်း နှစ် (2) ဦး တစ်ချိန်တည်း တစ်နေရာတည်းတွင် အသုံးပြုလိုသည့်အခါ အန္တရာယ်ရှိလာနိုင်သည်။ သင်သည် အဝေးပြေးလမ်းမအတွင်းသို့ ဝင်မည့် ယာဉ်မောင်းဖြစ်ပါက ထွက်မည့်ယာဉ်မောင်းအား လမ်းပေးရန်လိုသည်။ အဝေးပြေးလမ်းမကြီးများအတွက် ဝင်ပေါက်ခုံးများတွင် အရှိန်မြင့်ယာဉ်ကြောများ ရှိတတ်သည်။ ဤယာဉ်ကြောများသည် အဓိက ယာဉ်ကြောများ၏ ဘေးတွင်ရှိပြီး အဝေးပြေးလမ်းမကြီးအတွင်းသို့ မဝင်မီ ယာဉ်၏ အမြန်နှုန်းမြင့်နိုင်ရန်လုံလောက်သည့် အရှည်တစ်ခု ရှိသင့်သည်။ အဝေးပြေးလမ်းမ ဝင်ပေါက်ခုံးတစ်ခုတွင် မောင်းနှင်နေစဉ် နေရာလွတ်တစ်ခုကို ရှာမည်ဆိုပါက ပခုံးပေါ်မှကျော်ပြီး သင်၏ ဘက်မှန်ဖြင့်ကြည့်ပါ။

အဝေးပြေးလမ်းမကြီးများမှ ထွက်ခွာခြင်း

ကောင်းစွာ ထွက်နိုင်ရန် ကြိုတင်၍ မှန်ကန်သော ယာဉ်ကြောအတွင်း ဝင်ရောက်ပါ။ သင်သည် ထွက်မည့်ယာဉ်ကြောအတွင်းသို့ မရွှေ့မချင်း အရှိန်ကို လျှော့မချပါနှင့်။ သင်သည် ထွက်ပေါက်နှင့်လွဲသွားလျှင် နောက်ထွက်ပေါက်တစ်ခုဆီ သွားပါ။ အဝေးပြေးလမ်းမပေါ်တွင် ရပ်ခြင်း သို့မဟုတ် လမ်းပိတ်ခြင်းကြောင့် တန်းစီနေသော ယာဉ်ကြောအတွင်းဝင်ခြင်းတို့ မပြုလုပ်ပါနှင့်။ နောက်ဆုံးအချိန်တွင်မှ ကပ်၍ ထွက်ဖို့ ကြိုးစားရန်အတွက် ယာဉ်ကြောများစွာကိုဖြတ်၍ ရုတ်တရက် ကွေ့ခြင်း မလုပ်ပါနှင့်။ ကွေ့ဖို့ကြိုးစားရန်အတွက် အလယ်မျဉ်းကို မဖြတ်ပါနှင့်။ ဤမောင်းနှင်ပုံများသည် ဥပဒေနှင့်မညီဘဲ သင်၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် အလွန်အန္တရာယ်များစေနိုင်ပါသည်။ ထွက်ပေါက်ခုံးများတွင် သင်ဘေးကင်းစွာ မောင်းနှင်နိုင်မည့် အများဆုံး အမြန်နှုန်းကို သိစေမည့် သတိပေးဆိုင်းဘုတ်များ ရှိသည်။

အဝေးပြေးလမ်းမများပေါ်တွင် မောင်းနှင်ခြင်း အဝေးပြေးလမ်းမကြီးများပေါ်ရှိ သေစေနိုင်လောက်သည့် ယာဉ်တိုက်မှု ထက်ဝက်ကျော်ခန့်သည် မြန်နှုန်းမြင့်မောင်းနှင်မှုနှင့်/သို့မဟုတ် ယာဉ်မောင်း၏ ပင်ပန်းနွမ်းနယ်မှုတို့ကြောင့် လမ်းမကြီးပေါ်မှ ချော်ရှဲဘေးသို့ရောက်ရှိသည့် ယာဉ်များပါဝင်ပါသည် - **တစ်နာရီ 65 မိုင်နှုန်းသည် တစ်စက္ကန့်လျှင် ၀၊ 100 နှုန်းနီးပါးရှိသည် - လမ်းဘေးသို့ချော်ထွက်ရန် တစ်(1) စက္ကန့်အောက်ပင် ကြာမြင့်ပါသည်။**

အဝေးပြေးလမ်းမကြီးတစ်ခုပေါ်ရှိ ပို၍နေးနေးမောင်းနှင်နေသည့် ယာဉ်တစ်စီးကို ကျော်တက်ရန် လမ်းကြောင်းပြောင်းမည်ဆိုလျှင် တစ်ကြိမ်လျှင် ယာဉ်ကြောင်းတစ် (1)ခုသာ ပြောင်းပြီး ယာဉ်ကြောပြောင်းသည့်အချိန်တိုင်း အကွေ့အချက်ပြမီးကို အသုံးပြုကာ အခြားယာဉ်မောင်းများမြင်စေရန် အချိန်ကြာမြင့်စွာ ဖွင့်ထားပေးပါ။

အဝေးပြေးလမ်းမအဝင်ခုံးတစ်ခုမှ အဝေးပြေးလမ်းမတစ်ခုအတွင်း ဝင်လာမည့် ယာဉ်တစ်စီးကို တွေ့လျှင် အများလက်ခံထားသည့် ကျင့်ဝတ်တစ်ခုမှာ အဆိုပါ ယာဉ်အဝေးပြေးလမ်းမကြီးသို့ ပိုမိုလွယ်ကူစွာ ဝင်ရောက်လာနိုင်ရန် ယာဉ်ကြောပြောင်းလဲပေးခြင်းဖြစ်သည်။ ဝင်လာသည့် ယာဉ်မောင်းသည် သင့်အား လမ်းရပိုင်ခွင့်ပေးရမည်ဖြစ်သော်လည်း သင့်အပိုင်းမှ ဤကျင့်ဝတ်သည် ယာဉ်ကြောကို ဆက်လက်၍ ချောမွေစွာသွားလာစေနိုင်မည်ဖြစ်သည်။ သို့သော် သင့်ယာဉ်အနီးဝန်းကျင် ရှင်းလင်းကြောင်း ဦးစွာစစ်ဆေးကြည့်ရှုပါ။

အဝေးပြေးလမ်းမများပေါ် မောင်းနှင်ရာတွင် အခြားအန္တရာယ်တစ်ခုမှာ "အဝေးပြေးလမ်းမ အိပ်မွေ့ချခြင်း"ကြောင့် သတိလက်လွတ်ဖြစ်ခြင်းဖြစ်သည်။ ယင်းမှာ သင်သည် ယာဉ်လမ်းကြောအား အချိန်ကြာမြင့်စွာ တည့်တည့်စိုက်ကြည့်ပြီး သင့်ယာဉ်ရှေ့၊ နောက်နှင့် ပတ်လည်တို့ကို တက်တက်ကြွကြွ ကြည့်ရှုခြင်းမရှိသည့်အခါ ဖြစ်တတ်ပါသည်။ သင်သည် ဤသို့ "သတိလက်လွတ်ဖြစ်သွားပါက" သင်သည် သင့်ရှေ့ရှိ နေ့သွားသော သို့မဟုတ် ရပ်လိုက်သော ယာဉ်အားဝင်တိုက်နိုင်ချေများပါသည်။ အဝေးပြေးလမ်းမများပေါ်ရှိ သေစေနိုင်သော ယာဉ်တိုက်မှုများအနက် 20 ရာခိုင်နှုန်းခန့်မှာ နောက်ဘက်မှ ဝင်တိုက်ခြင်းကြောင့်ဖြစ်သည်။ ယာဉ်မောင်း၏ သတိလက်လွတ်ဖြစ်ခြင်းနှင့် နောက်မှ နီးကပ်လွန်းစွာလိုက်ခြင်းတို့သည် ဤယာဉ်တိုက်မှုအများစု ဖြစ်စေနိုင်သည့် အကြောင်းရင်းဖြစ်သည်။

ပါကင်ထိုးခြင်း

သင်ရပ်နားရာလမ်းပေါ်တွင် လမ်းအထိန်းတစ်ခုရှိလျှင် တတ်နိုင်သမျှ ၎င်းနှင့်နီးကပ်စွာ ပါကင်ထိုးပါ။ သို့သော် 12 လက်မထက် ပို၍မကွာပါစေနှင့်။ လမ်းအထိန်းတစ်ခုမရှိပါက ယာဉ်လမ်းမနှင့် တတ်နိုင်သမျှ ဝေးဝေးတွင် ရပ်ပါ။

သင်သည် ယာဉ်လမ်းမပေါ်တွင် မဖြစ်မနေ ပါကင်ထိုးရမည်ဆိုပါက သင်၏ မိုတ်တုတ်မီး လေးခုကို အသုံးပြုပြီး ဖြတ်သွားသည့်ယာဉ်များအတွက် လုံလောက်သော နေရာပေးပါ။ သင်၏ ယာဉ်ကို ဦးတည်ဘက်နှစ်ဖက်စလုံးမှ အနည်းဆုံး ၀၊ 500 ခန့်အကွာမှ မြင်နိုင်အောင် ဆောင်ရွက်ထားပါ။



သွားနေသည့်ယာဉ်၏ ဦးတည်ဘက်အတိုင်း အမြဲ ကားကိုရပ်ပါ။ သင်၏ ကားမရွှေ့နိုင်အောင် သေချာပြုလုပ်ပါ။ သင့်ပါကင်ဘရိတ်ကို ဖွင့်ပြီး သင့်ကားတွင် အလိုအလျောက် ပြောင်းသည့်စနစ်ပါလျှင် "ပါကင်ထိုးရန်" ကိုပြောင်းပါ သို့မဟုတ် ကိုယ်တိုင်ပြောင်းရသည့် စနစ်ဖြစ်လျှင် "နောက်ပြန်ဂီယာ" သို့မဟုတ် "အနိမ့်ဆုံးဂီယာ" သို့ပြောင်းပါ။ အကယ်၍ သင်သည် ကုန်းမြင့်တစ်ခုပေါ်တွင် ပါကင်ထိုးမည် ဆိုလျှင် သင့်ဘီးများကိုပုံတွင်ပြထားသည့်အတိုင်း လှည့်ထားပါ။ သင့်ကားကို လမ်းအထိန်းတစ်ခု သို့မဟုတ် လမ်းအထိန်းမရှိသော ကုန်းဆင်းတစ်ခုတွင် ပါကင်ထိုးမည်ဆိုလျှင် သင့်ဘီးများ ညာဘက်သို့လှည့်နေစေရန် သင်၏ စတီရာယင်ဘီးကို လှည့်ထားသင့်သည်။

အရေးပေါ် သို့မဟုတ် ရဲအရာရှိတစ်ဦးမှ ခိုင်းခြင်းမဟုတ်ပါက အောက်ပါနေရာများတွင် မည်သည့်အခါမှ ရပ်တန့်ခြင်း၊ စောင့်ခြင်း သို့မဟုတ် ရပ်နားခြင်း မပြုပါနှင့်။

- လမ်းတစ်ခု၏ အစွန်း သို့မဟုတ် အထိန်းနေရာ တစ်လျှောက် တွင် ကားတစ်စီးရပ်ထားပြီးဖြစ်သော ယာဉ်ကြောလမ်းတစ် လျှောက်တွင် (နှစ်ထပ်ပါကင်ထိုးခြင်း)။
- လူသွားလမ်းပေါ်တွင်။
- လမ်းဆုံတစ်ခုအတွင်းတွင်။
- လူကူးမျဉ်းကြားတစ်ခုပေါ်တွင်။
- တူးနေသည့် လမ်း သို့မဟုတ် လုပ်ငန်းဧရိယာတလျှောက်တွင် သို့မဟုတ် မျက်နှာချင်းဆိုင်တွင်။
- တံတား သို့မဟုတ် အခြားမြင့်သောနေရာတစ်ခုခု သို့မဟုတ် အဝေးပြေးလမ်း ဥမင်တစ်ခုအတွင်းတွင်။
- မီးရထားသံလမ်းတစ်ခုခုပေါ်တွင်။
- ခုံကျော်တံတားအပါအဝင် ခွဲထားသော အဝေးပြေးလမ်း၏ ယာဉ်လမ်းကြောများအကြား။
- ရထားလမ်းဆုံတစ်ခုမှ အနီးဆုံး သံလမ်း၏ ပေ 50 အတွင်း။
- ပါကင်ထိုးခြင်းကို တရားဝင်တားမြစ်ထားသည့် နေရာတစ်ခုခုတွင်။
- ရပ်တန့်ခြင်းမပြုရန် တရားဝင်တားမြစ်ထားသည့် နေရာတစ်ခုခုတွင်။
- အများပိုင် သို့မဟုတ် သီးသန့်ကိုယ်ပိုင်လမ်းတစ်ခုရှေ့တွင်။
- မီးသတ်ပိုက်တစ်ခုမှ 15 ပေအတွင်းတွင်။
- လမ်းဆုံမှ လူကူးမျဉ်းကြား၏ ပေ 20 အတွင်းတွင်။
- ယာဉ်လမ်းကြော၏ ဘေးတွင်ရှိသော မိုတ်တုတ်အချက်ပြမီး၊ ရပ်အမှတ်အသား၊ လမ်းပေးအမှတ်အသား သို့မဟုတ် ယာဉ်ကြောထိန်းချုပ်ကိရိယာမှ ပေ 30 အတွင်းတွင်။
- မီးသတ်ဌာန၏ ကိုယ်ပိုင်လမ်းဝင်ပေါက်မှ ပေ 20 အတွင်းတွင်။
- သင်၏ယာဉ်သည် လမ်းပေါ်မှယာဉ်တစ်စီးလွတ်လပ်စွာ သွားလာနိုင်ခြင်းကို အဟန့်အတားဖြစ်စေသည့် နေရာ။
- တရားဝင် ယာဉ်ကြောထိန်းချုပ်ကိရိယာတစ်ခုခုမှ သင့်အားခွင့်ပြုသည်ဟု တရားဝင်ဖော်ပြထားခြင်းမရှိသည့် သုံးစွဲရန် ကန့်သတ်ချက်ရှိသော အဝေးပြေးလမ်းမတစ်ခုပေါ်တွင်။

အပြိုင် ပါကင်ထိုးခြင်းဆိုင်ရာ အကြံပြုချက်များ



သင်ရှိနေသော လမ်းတွင် လမ်းအထိန်းတစ်ခုရှိပါက ၎င်းနှင့်တတ်နိုင်သမျှ အနီးဆုံးတွင် ပါကင်ထိုးရမည်ဖြစ်သည်။ သို့သော်လည်း 12 လက်မထက် ပို၍မဝေးပါစေနှင့်။ လမ်းအထိန်းတစ်ခုမရှိပါက ယာဉ်လမ်းမနှင့် တတ်နိုင်သမျှ ဝေးဝေးတွင် ရပ်ပါ။

သင့်ကားမှမထွက်မီ အင်ဂျင်သတ်ပြီး သော့ဖြုတ်ကာ တံခါးများအားလုံးကို လော့ခ်ချပါ။ သင်မထွက်မီ သင့်နောက်တွင် ယာဉ်တစ်စီးစီးရှိမရှိကြည့်ပါ။

PennDOT အပြိုင်ပါကင်ထိုး လေ့ကျင့်ခန်း ဗီဒီယိုကို ကြည့်ရန် အောက်ပါလင့်ခ်ကို ကလစ်နှိပ်ပါ။

https://www.youtube.com/watch?v=iZs-q6PmC7E

အထူးအခြေအနေများနှင့် အရေးပေါ်အခြေအနေများ

အောက်ပါ စာမျက်နှာများသည် ဤအထူးအခြေအနေများတွင် ဘေးကင်းလုံခြုံမှုရှိစွာ မောင်းနှင်ပုံနှင့် ယာဉ်တိုက်မှု ဖြစ်ပွားစေမည့် အန္တရာယ်များကို လျှော့ချပုံတို့နှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြထားသည် – အဝေးပြေးလမ်းမ အလုပ်နယ်မြေများ၊ မီးရထားလမ်းဆုံများနှင့် ခြေကျင်လျှောက်သူများ၊ ဆိုင်ကယ်များ၊ ထရပ်ကားများ၊ ဘတ်စ်များ သို့မဟုတ် အရေးပေါ်ယာဉ်များနှင့် ကြုံရသည့်အခါ – နှင့် သင်သည် ဒေါသဖြစ်နေသည့် ယာဉ်မောင်းများ၊ အမျိုးမျိုးသော အရေးပေါ်ယာဉ်မောင်းအခြေအနေများကို ရင်ဆိုင်ဖြေရှင်းရသည့်အခါများ။

အထူးအခြေအနေများနှင့် အရေးပေါ်ဖြစ်ရပ်များနှင့် သက်ဆိုင်သည့် အချက်အလက်များမှာ မော်တော်ယာဉ်မောင်းနှင်သူများအတွက် ခရီးစဉ်ကို စီစဉ်သည့်အခါ အသုံးဝင်ပါသည်။ မော်တော်ကားမောင်းနှင်သူတစ်ဦးသည် ခရီးမထွက်ခွာမီ မိမိတို့ သွားမည့်လမ်းကြောင်းရှင်းလင်းမှုရှိမရှိကို www.511PA.com ကဲ့သို့ မီဒီယာများတွင် စစ်ဆေးကြည့်ခြင်းဖြင့် မလိုလားဖွယ် နောင့်နေးမှုများ သို့မဟုတ် ဘေးကင်းလုံခြုံမှုမရှိဖြစ်လာနိုင်သည့် လမ်းအခြေအနေများကို ရှောင်ရှားရန် ရွေးချယ်နိုင်ပါသည်။

အလုပ်နယ်မြေများ

အလုပ်နယ်မြေများမှာ ဆောက်လုပ်ရေး၊ ပြုပြင်ထိန်းသိမ်းရေး သို့မဟုတ် သုံးစွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့် ဇရိယာများဖြစ်ပြီး ကတော့များ၊ အခြားယာယီ ယာဉ်ထိန်းကိရိယာများကဲ့သို့ လိမ္မော်ရောင် အကာပစ္စည်းများဖြင့် ခွဲခြားထားမည်ဖြစ်သည်။ သင်သည် ယာဉ်ကြောလမ်းညွှန်နေသည့် ရောင်ပြန်ဝတ်စုံဝတ်ဆင်ထားသည့် အလံပြသူတစ်ဦးကိုလည်း တွေ့ကြုံနိုင်ပါသည်။ သတိပေးဆိုင်းဘုတ်များ၊ ရှေ့ပြေးသတိပေးယာဉ်များ သို့မဟုတ် အမျိုးမျိုးသော မက်ဆေ့ချ်ဘုတ်ပြားများကို အလုပ်လုပ်ရာနေရာတစ်ခုမှ အနည်းဆုံး ပေ 200 ခန့်အကွာတွင် ထားပေးထားမည်ဖြစ်သည်။ သင်သည် ပထမဆုံး အမှတ်အသားကို မြင်သည်နှင့် လမ်း၊ ယာဉ်များ၊ ကိရိယာများနှင့် သင်ကြုံရမည့် လူများကို အထူးအာရုံစိုက်ပါ။ အချို့လုပ်ငန်းနေရာများကို ပင်ဆယ်ပေးနီးယားပြည်နယ်ရဲများမှ ကူညီပေးလေ့ရှိပါသည်။

မျှင်းဆွဲခြင်း၊ အက်ကြောင်းများဖာခြင်းနှင့် မြက်ရိတ်ခြင်းစသော ရွှေ့လျားနေသည့် လုပ်ငန်းများသည် ရှေ့တွင်လုပ်ငန်းနယ်မြေတစ်ခုရှိကြောင်း မော်တော်ယာဉ်မောင်းနှင်သူများကို သတိပေးရန်နှင့် အဖွဲ့သားများကို ကာကွယ်ပေးရန်အတွက် လုပ်ငန်းခွင်၏ နောက်တွင် အတားပါသော ယာဉ်တစ်စီးကို အသုံးပြုလေ့ရှိသည်။ ညွှန်ကြားထားခြင်းမရှိပါက ရွှေ့လျားလုပ်ငန်းခွင်တစ်ခုကို ဖြတ်သွားခြင်းမပြုပါနှင့်။

လှုပ်ရှားနေသည့် အလုပ်နယ်မြေတစ်ခုမှာ အလုပ်သမားများ ယာဉ်ကြောလမ်းပေါ် သို့မဟုတ် အနီးတွင်လုပ်နေခြင်းဖြစ်သည်။ **ဆောက်လုပ်ရေးလုပ်ငန်း အလုပ်သမားများကို အမြဲသတိရှိပြီး** ကျဉ်းမြောင်းသော ယာဉ်ကြော၊ မည်ညာသော စကြ၊ မည်ညာသော ယာဉ်ကြောများနှင့် ရုတ်တရက်ယာဉ်ကြော ပြောင်းလဲမှုများကဲ့သို့ ပုံမှန်မဟုတ်သော အခြေအနေများအတွက် ပြင်ဆင်ထားရမည်။

သင် သိရှိခဲ့ပါသလား။

အမေရိကန်ပြည်ထောင်စုတွင် အဝေးပြေးအလုပ်သမားများနှင့် မော်တော်ယာဉ်မောင်းနှင်သူများအပါအဝင် နှစ်စဉ် လူပေါင်း 40,000 ခန့်သည် အလုပ်နေရာများရှိ ယာဉ်တိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းများရှိသည်။ ပေါ့ဆခြင်းနှင့် အရှိန်မြှင့်ခြင်းသည် အလုပ်နယ်မြေများအတွင်း ကြောက်မက်ဖွယ်သေဆုံးမှုများ၏ အဓိက အကြောင်းရင်းများဖြစ်သည်။

ယာဉ်မောင်းများသည် လုပ်ငန်းနယ်မြေအတွင်းရှိ အလုပ်သမားများနှင့် ဆောက်လုပ်ရေး ယာဉ်များကို လမ်းပေးရန်လိုအပ်သည်။ ဥပဒေအရ သင်သည် ဤဇရိယာများကို ဖြတ်မောင်းသည့်အခါ နေ့ဘက်ဖွင့်သည့် မီးများသာမက သင့်ကား၏ ရှေ့မီးသီးကြီးများကိုပါ ဖွင့်ထားရန်လိုအပ်သည်။ လှုပ်ရှားနေသော အလုပ်နယ်မြေတစ်ခုအတွင်း သင့်ကားရှေ့မီးသီးကြီးကို အသုံးပြုရန် ပျက်ကွက်ပါက သင် ဒဏ်တပ်ခံရနိုင်သည်။ ပြီးလျှင် အမြန်မောင်းခြင်း အပါအဝင် တက်ကြွသော အလုပ်နယ်မြေများအတွင်း အချို့စည်းမျဉ်းများကို ဖောက်ဖျက်ပါက ဒဏ်ကြေးနှစ်ဆတပ်ခံရနိုင်သည်။ တို့အပြင် အချို့ဖောက်ဖျက်မှုများသည် ယာဉ်မောင်းလိုင်စင် ဆိုင်းငံခံရခြင်းများ ဖြစ်စေနိုင်သည်။

အလုပ်နယ်မြေများတွင် သို့မဟုတ် အနီးတွင် ဘေးကင်းလုံခြုံစွာ မောင်းနှင်ခြင်းနှင့်ပတ်သက်သည့် ဗီဒီယိုအသစ်ကို Just Drive Pa ဝက်ဘ်ဆိုက် www.justdrivepa.org, တွင် ကြည့်ရှုနိုင်ပြီး ကျောင်းအခြေပြု ယာဉ်မောင်းပညာပေး သင်ရိုးများအတွက် ရရှိနိုင်အောင် ပြုလုပ်မည်ဖြစ်သည်။

လုပ်ငန်းနယ်မြေတစ်ခုအနီးသို့ ချဉ်းကပ်လာသည့်အခါ အရှိန်လျှော့ရန် သို့မဟုတ် ရပ်တန့်ရန် ပြင်ဆင်ပြီးနောက် ဤလုံခြုံရေး စည်းမျဉ်းများကို လိုက်နာပါ -

- သင့်ခရီးကို စီစဉ်ပါ။ အလုပ်နယ်မြေအနီးရှိ လမ်းလွှဲထားသော လမ်းကြောင်းတစ်ခုကို ရွေးချယ်မည်ဆိုပါက ခရီးစဉ်နောင့်နေးမှုများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။
- အလုပ်နယ်မြေများအတွင်း သင်၏ အရှိန်မှန်မောင်းနှင်မှု ထိန်းချုပ်စနစ်ကို အသုံးမပြုပါနှင့်။
- သင်၏ နောက်မှလိုက်သည့် အကွာအဝေးကို နှစ်ဆပြုလုပ်ပါ၊ အလုပ်နယ်မြေများတွင် အဖြစ်အများဆုံး ယာဉ်တိုက်မှု အမျိုးအစားမှာ နောက်ပိုင်းမှ ဝင်တိုက်ခြင်းဖြစ်သည်။
- သင့်ယာဉ်ကြောသည် ရှေ့တွင် ပိတ်ထားသည်ဟု ပြောနေသော မက်ဆေ့ချ်တစ်ခုကို မြင်သည်နှင့် ယာဉ်ကြောပြောင်းရန် ပြင်ဆင်ထားပါ။
- လုပ်ငန်းနယ်မြေတစ်ခုအတွင်း အဖြူရောင် မျဉ်းသေတစ်ခုကို ဖြတ်သန်းခြင်းမပြုပါနှင့်။
- အလုပ်နေရာတစ်ခုကို ဖြတ်မောင်းသည့်အခါ သတိထားမောင်းနှင်ပြီး စိတ်ချရသော အမြန်နှုန်းဖြင့် ဆက်သွားပါ၊ လမ်းအလုပ်လုပ်နေသည်ကို ကြည့်ရန် အရှိန်လျှော့ခြင်း သို့မဟုတ် ရပ်တန့်ခြင်း မပြုလုပ်ပါနှင့်။
- အလုပ်သမားများအား လမ်းမေးရန် အလုပ်နယ်မြေအတွင်း မရပ်ပါနှင့်။
- အလံပြသူပြောသည့်အတိုင်း ဆောင်ရွက်ပါ - ၎င်းတို့၏ လုပ်ပိုင်ခွင့်သည် သမားရိုးကျ ယာဉ်ထိန်းချုပ်ရေး ကိရိယာများထက် ပို၍အဓိကကျသည်။

မှတ်ထားရန် - လုပ်ငန်းနယ်မြေ အလံပြသူများသည် စိတ်မချရသော မော်တော်ကားမောင်းနှင်သူများ၊ အမြန်မောင်းနှင်သူများနှင့် ဒေါသဖြစ်နေသော ယာဉ်မောင်းများအား ရဲအရေးယူမှုပုံစံကို အသုံးပြု၍ ရဲအားသတင်းပို့နိုင်သည်။

မီးရထားလမ်းဆုံများ

မီးရထားလမ်းဆုံအများစုကို အဆင့်မြင့် သတိပေးဆိုင်းဘုတ်တစ်ခုနှင့်အတူ crossbuck တစ်ခုဖြင့်သာ ကာကွယ်ထားလေ့ရှိသည်။ လမ်းဆုံအများစုတွင် ယာဉ်ကြောကိုတားရန် တံခါးများ မရှိပါ။ သင်သည် ရထားလမ်းဆုံများအားလုံးသို့ ချဉ်းကပ်သည့်အခါ အထူးသဖြင့် သတိရှိရန်လိုသည်။

ရထားဖြတ်သန်းလေ့ သိပ်မရှိသော သွားနေကျ လမ်းဆုံများသည် အန္တရာယ်အများဆုံးဖြစ်နိုင်သည်။ သင်သည် ယင်းသို့သော လမ်းဆုံတစ်ခုကို အမြဲအသုံးပြုပြီး အများအားဖြင့် ရထားလာသည်ကို မတွေ့ရပါက သင့်အနေဖြင့် မည်သည့်အခါမှ ရထားဖြတ်ခြင်းမရှိဟု စတင်တွေးမိလာနိုင်သည်၊ ယင်းသို့ ယုံကြည်ခြင်းသည် အန္တရာယ်ရှိနိုင်သည်။

ရထားလမ်းဆုံများရှိ ဤအမှတ်များကို မှတ်ထားပါ -

- သင် ရထားလမ်းဆုံတစ်ခုသို့ ချဉ်းကပ်လာသည့်အခါ အမြဲ ဘယ်ကိုကြည့်ပါ၊ ညာကိုကြည့်ပါ၊ ထို့နောက် ဘယ်ကိုနောက်တစ်ကြိမ်မြန်ကြည့်ပါ။ လမ်းဆုံသည် ရှင်းနေပြီး အချက်ပြမီးများ မှိတ်တုတ်မှိတ်တုတ် မဖြစ်သည့်တိုင်အောင် ဤသို့ပြုလုပ်ပါ - အချက်ပြမီးများ ပျက်နေခြင်းဖြစ်နိုင်သည်။
- သင်သည် ရထားသံလမ်းတစ်ခုထက်ပိုသော မီးရထားလမ်းဆုံတစ်ခုတွင် ရပ်တန့်သည့်အခါ ရထားဖြတ်ပြီးသည်နှင့် စတင်မောင်းနှင်ခြင်း မပြုပါနှင့်။ သင်စတင်မမောင်းနှင်မီ ရထားသံလမ်း နှစ်ခုစလုံးကို ရှင်းရှင်းလင်းလင်းမြင်ရသည်အထိ စောင့်ပါ။ သံလမ်းတစ် (1) ခု ပြီးသွားသည့်တိုင်အောင် ရထားဖြတ်ပြီးပြီးချင်း စတင်မောင်းနှင်ခြင်းမပြုပါနှင့် - ချဉ်းကပ်လာနေသော အခြားရထားတစ်စင်းရှိနိုင်သည်ကို ထပ်မံစစ်ဆေးကြည့်ပါ။
- သင်ချဉ်းကပ်လာနေစဉ် သို့မဟုတ် ရထားလမ်းဆုံတစ်ခုသို့ ဝင်လာနေချိန်တွင် တစ်စုံတစ်ယောက်ကို ကျော်တက်ရန် မည်သည့်အခါမှ မကြိုးစားပါနှင့်။
- ရထားသံလမ်းကို ဖြတ်နေသော အခြားယာဉ်တစ်စင်းနောက်သို့ မည်သည်ကိုမှမမြင်ဘဲ မလိုက်ပါနှင့်။ သင်သည် အခြားယာဉ်တစ်စီးနောက်မှလိုက်နေပါက သံလမ်းများပေါ်သို့ဖြတ်မမောင်းမီ တစ်ခုလုံးသို့ ဖြတ်မောင်းနိုင်မည့် လုံလောက်သော နေရာတစ်ခုရှိကြောင်း သေချာအောင်ဆောင်ရွက်ပါ။ သင့်ရှေ့ရှိ ယာဉ်ကြောနေးနေပါက စတင်မဖြတ်သန်းမီ ရှင်းလင်းသည်အထိစောင့်ပါ။ **သံလမ်းများပေါ်တွင် ပိတ်မိခြင်းမဖြစ်ပါစေနှင့်။**
- သင်သည်ရထားဖြတ်လမ်းပေါ်တွင် မှားယွင်းပြီး ပိတ်မိအောင် လုပ်ဆောင်မိပြီး ရထားတစ်စင်း ချဉ်းကပ်လာနေသည်ဆိုပါက လျင်မြန်စွာ ယာဉ်အတွင်းမှထွက်ပြီး သံလမ်းနှင့် တတ်နိုင်သမျှ ဝေးရာနေရာသို့ ရွှေ့သွားပါ။

သင် သိရှိခဲ့ပါသလား။

အမေရိကန်ပြည်ထောင်စုတွင် တစ်နာရီခွဲကြာတိုင်း ရထားတစ်စီးနှင့် ယာဉ် သို့မဟုတ် ခြေကျင်သွားလာနေသူတစ်ဦး တိုက်မိပါသည်။ သင်သည် အခြားယာဉ်တစ်စင်းအတွင်း ရှိနေချိန်ထက် ရထားတစ်စင်းအတွင်းရှိနေခြင်းသည် ယာဉ်တိုက်မှုဖြင့် သေဆုံးနိုင်ခြေ အဆ 40 ပိုများသည်။

ခြေကျင်သွားလာသူများ၊ စက်ဘီးစီးနင်းသူများနှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် စက်တပ်စက်ဘီးမောင်းနှင်သူများနှင့် လမ်းကိုမျှသုံးခြင်း

ခြေကျင်သွားလာသူများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်မောင်းနှင်သူတစ်ဦးအဖြစ် သင်လေးစားမှုပြုသင့်ပါသည်။ ဤအုပ်စုများသည် ယာဉ်တိုက်မှုတစ်ခုတွင် ပို၍ထိခိုက်လွယ်သူများဖြစ်သည်။ သို့သော် ၎င်းတို့တွင် သင်ကဲ့သို့ပင် အများပိုင်လမ်းများ အသုံးပြုရန် အခွင့်အရေးရှိပါသည်။ အောက်ပါ ဘေးကင်းလုံခြုံရေး လမ်းညွှန်ချက်များကို သတိရပါ။

ခြေကျင်သွားလာသူများ

- လမ်းဆုံ သို့မဟုတ် လူကူးမျဉ်းကြားတွင် ဖြတ်ကူးနေသော ခြေကျင်သွားလာသူများကို လမ်းပေးပါ။
- ညာကွေ့အား မီးနီပြခြင်းသည် ရပ်တန့်ရမည့် သဘောဖြစ်ပြီး ဦးတည်ဘက်အားလုံးကို ကြည့်ပြီးနောက် ဘေးကင်းသည်ဆိုလျှင် ကွေ့ပါ။ ခြေကျင်သွားလာသူများကို ကြည့်ပြီး ၎င်းတို့လူကူးမျဉ်းကြားကို ဖြတ်ရန် လုံလောက်သော အချိန်ပေးပါ။
- အမြဲအရှိန်လျှော့ပြီး နေရာလွတ်တွင် ကလေးငယ်များရှိနေသည့်အခါ အထူးသတိထားပါ။ ၎င်းတို့သည် အန္တရာယ်ကို နားမလည်ဘဲ ဘေးသို့မကြည့်ဘဲ သင့်ရှေ့သို့ ပြေးထွက်လာနိုင်ပါသည်။
- သင်သည် ကျောင်းနယ်မြေ အမြန်နှုန်း ကန့်သတ်ချက်များကို ကြည့်ရှုပြီး အနီရောင်အချက်ပြမီးများ မှိတ်တုတ်လင်းနေသည့်အခါ ကျောင်းကားများအတွက် ရပ်တန့်ပေးပါ။ ကျောင်းနယ်မြေများနှင့် ကျောင်းကားမှတ်တိုင်များသည် ကလေးအများအပြားရှိရာ နေရာများဖြစ်သည်။
- သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူ ခြေကျင်သွားလာသူများကို စိတ်ရှည်ပါ။ ၎င်းတို့သည် လမ်းဖြတ်ကူးရန် အချိန်ပိုလိုအပ်သည်။
- ယာဉ်ကြောတန်းအတွင်းသို့ မဝင်ရောက်မီ သင့်လမ်းကြောင်းရှိ ခြေကျင်သွားလာသူများကို အမြဲစစ်ဆေးပါ။
- မျက်မမြင်လက်ကိုင်တုတ် သို့မဟုတ် လမ်းပြခွေး ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ သို့မဟုတ် အခြားသူများမှ ဦးဆောင်ခေါ်လာသည်ဖြစ်စေ မျက်မမြင် ခြေကျင်သွားလာသူများအား လမ်းအသုံးပြုခွင့်ပေးပါ (အရှိန်လျှော့ပြီး ရပ်တန့်ရန် ပြင်ဆင်ပါ)။
- ရပ်ထားသော ယာဉ်တစ်စီးအား နောက်မှ ချဉ်းကပ်သည့်အခါ ၎င်းတို့ရှေ့တွင် ဖြတ်သွားနေသည့် ခြေကျင်သွားလာသူများ မရှိကြောင်း သေချာသည်အထိ အရှိန်လျှော့ပြီး ကျော်မတက်ပါနှင့်။
- ခြေကျင်သွားလာသူများသင့်ကိုမြင်လျှင် မည်သည့်အချိန်တွင်မဆို ခြေကျင်သွားလာသူတစ်ဦးအား ယာဉ်ကြောမျဉ်းအတွင်းသို့ လက်ပြ၍ သွားခိုင်းခြင်းသည် မည်သည့်အခါမှ အန္တရာယ်ကင်းမည်မဟုတ်ပါ။ အထူးသဖြင့် အမှတ်အသားမရှိသော သို့မဟုတ် ဘာလောက်အလယ်ရှိ နေရာများဖြစ်သည်။

စက်ဘီးစက်ဘီးစီးနင်းသူများစီးနင်းသူများ

ဘေးကင်းလုံခြုံရေးဆိုင်ရာ အကြံပြုချက်များ (ပိုမိုသိရှိနိုင်ရန်အတွက် အခန်း 5 ကိုဖတ်ပါ)

- စက်ဘီးတစ်စီး အနီးသို့ ချဉ်းကပ်လာလျှင် သို့မဟုတ် ကျော်တက်မည်ဆိုလျှင် စိတ်ချရသော အမြန်နှုန်းသို့လျှော့ချပါ။
- သင်သည် စက်ဘီးစီးသူကို ကျော်ဖြတ်ပြီးသွားပါက အရှိန်လျှော့ခြင်း သို့မဟုတ် လျင်မြန်စွာ ရပ်ခြင်းမပြုလုပ်ပါနှင့်။ လျင်မြန်စွာရပ်တန့်ခြင်းသည် စက်ဘီးစီးနင်းသူအား သင့်ယာဉ်ထဲသို့ တိုးဝင်လာစေခြင်း ဖြစ်စေနိုင်သည်။
- ယာဉ်တိုက်မှုကိုရှောင်ရှားရန် မလိုအပ်ပါက စက်ဘီးသမားအနီးတွင် ကပ်၍ ဟွန်းမတီးပါနှင့်။

ပိုမိုသိရှိလိုသည်များရှိပါက ပင်ဆယ်ဗေးနီးယားပြည်နယ် စက်ဘီးမောင်းနှင်သူများ လက်စွဲ (PUB 380) ကို http://www.dot.state.pa.us/public/pubsforms/Publications/Pub%20380.pdf တွင် ကြည့်ရှုနိုင်ပါသည်။

မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် စက်တပ်ခြေနင်းစက်ဘီး မောင်းနှင်သူများ

- ဥပဒေအရ သင်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူ/ စက်တပ်ခြေနင်းစက်ဘီးမောင်းနှင်သူအား ယာဉ်ကြောအပြည့်တစ် (1)ခု အသုံးပြုခွင့်ပြုရမည်ဖြစ်သည်။
- မော်တော်ဆိုင်ကယ်/ယာဉ် သို့မဟုတ် စက်တပ်ခြေနင်း စက်ဘီး/ယာဉ်တိုက်မှုအများစုသည် လမ်းဆုံများတွင် ဖြစ်တတ်ပါသည်။ အများအားဖြင့် ယာဉ်မောင်းဖြစ်သူတွင် လမ်းအသုံးပြုခွင့် ရသင့်သည့်အခါ ယာဉ်သည် သွားနေသော မော်တော်ဆိုင်ကယ်/ စက်တပ်ခြေနင်းစက်ဘီးရှေ့တွင် ဘယ်ကွေ့ကွေ့သည့်အခါများတွင် ဖြစ်သည်။
- မော်တော်ဆိုင်ကယ်/စက်တပ်ခြေနင်းစက်ဘီး၏ အချက်ပြမီး မှိတ်တုတ်ဖြစ်နေသည်ကို မြင်လျှင် ယင်းသည် ကွေ့မည်ဟု မယူဆပါနှင့်။ မော်တော်ဆိုင်ကယ်/ စက်တပ်ခြေနင်းစက်ဘီး၏ အကွေ့အချက်ပြမီးသည် ယာဉ်များတွင်ကဲ့သို့ အလိုအလျောက် ပိတ်ခြင်းမရှိပါ။ သင်သည် မော်တော်ဆိုင်ကယ်/စက်တပ်ခြေနင်းစက်ဘီး အမှန်တကယ်ကွေ့သည်ကို မတွေ့မချင်း ၎င်းတို့ရှေ့တွင် အလယ်ယာဉ်ကြောအတွင်းသို့ မဝင်ပါနှင့်။
- မော်တော်ယာဉ်မောင်းနှင်သူတစ်ဦးအတွက် အသေးအဖွဲဖြစ်သော အတားအဆီးများသည် မော်တော်ဆိုင်ကယ်မောင်းနှင်သူ/စက်တပ်ခြေနင်းစက်ဘီး မောင်းနှင်သူတစ်ဦးအတွက် သေစေနိုင်လောက်သည့် အတားအဆီးဖြစ်တတ်သည်။ မော်တော်ဆိုင်ကယ်မောင်းနှင်သူ/စက်တပ်ခြေနင်းစက်ဘီး မောင်းနှင်သူများအတွက် ယာဉ်ကြောများအတွင်း ရုတ်တရက် အပြောင်းအလဲများ ပြုလုပ်ရန် သို့မဟုတ် ၎င်းတို့သည် လမ်းပေါ်ရှိ အန္တရာယ်ကို ရှောင်ရှားရန် ကြိုးစားသည့်အတွက် အရှိမြင့်ရန် ပြင်ဆင်ထားပါ။
- အလားတူ နောက်မှလိုက်သည့် အကွာအဝေး 4 စက္ကန့် သို့မဟုတ် အခြားယာဉ်များအတွက် သင်ပေးသည့်အကွာအဝေးထက်ပို၍ ပေးပါ။ လမ်း သို့မဟုတ် ရာသီဥတုအခြေအနေများ ဆိုးရွားနေပါက မော်တော်ဆိုင်ကယ်/စက်တပ်ခြေနင်းစက်ဘီးတစ်စီးနောက်မှ နောက်ကလိုက်သည့်အကွာအဝေးကို တိုးပါ။

ကျွန်ုပ်တို့၏ PennDOT မော်တော်ဆိုင်ကယ် ဘေးကင်းလုံခြုံရေး ဗီဒီယိုကို ကြည့်ရန် အောက်ပါလင့်ခ်ကို ကလစ်နှိပ်ပါ။

https://www.youtube.com/watch?v=SZjHD9iIz-o

ထရပ်ကားများ၊ ဘတ်စ်ကားများနှင့် လမ်းမျှဝေအသုံးပြုခြင်း

သင်သည် ယာဉ်တစ်စီး၊ ထရပ်ကား၊ ဘတ်စ်ကား သို့မဟုတ် အခြားယာဉ်ကြီးတစ်စီးနှင့် မျှဝေအသုံးပြုသည့်အခါ ဘေးကင်းလုံခြုံရေးအတွက် ယာဉ်ဥပဒေများ၊ လမ်းစည်းကမ်းများကို လိုက်နာရန်နှင့် အကာအကွယ်ရှိရှိမောင်းနှင်ရန် အရေးကြီးသည်။ ထရပ်ကားများ၊ ဘတ်စ်ကားများနှင့် လမ်းမျှဝေအသုံးပြုရန်အတွက် အထူးစည်းမျဉ်းများရှိပြီး အောက်ပါတို့သည် သင်၏ ခရီးပိုမိုလုံခြုံမှုရှိစေရန်အတွက် အသုံးပြုနိုင်မည့် အကြံပြုချက်အချို့ဖြစ်သည်။ ပို၍အန္တရာယ်ကင်းသော အဝေးပြေးလမ်းမများဖြစ်စေမည့် အဓိကသော့ချက်မှာ ထရပ်ကား သို့မဟုတ် ဘတ်စ်ကား၏ မျက်ကွယ်နေရာ (မသိ-ဇုံ) ကို သိထားရန်ဖြစ်သည်။ မသိဇုံသည် ယာဉ်တိုက်မှုများ ပိုမိုဖြစ်ပွားစေနိုင်ဖွယ်ရှိသည့် ထရပ်ကားများနှင့် ဘတ်စ်ကားများ၏ ဘေးပတ်လည်ရှိ အန္တရာယ်များသော ဧရိယာများကို ကိုယ်စားပြုသည်။

ထရပ်ကားတစ်စီးကို ကျော်တက်ခြင်း

ပြင်ညီအဝေးပြေးလမ်းမပေါ်တွင် ယာဉ်တစ်စီးထက် ထရပ်ကားတစ်စီးကိုဖြတ်ရန် သုံး (3) စက္ကန့်မှ ငါး (5) စက္ကန့် မျှသာ ပိုကြာသည်။ မြင့်နေသော နေရာတွင် ထရပ်ကားသည် အရှိန်လျှော့လိုက်သောကြောင့် ယာဉ်တစ်စီးထက် ဖြတ်သန်းရပိုမိုလွယ်ကူသည်။ နိမ့်သောနေရာများတွင် ထရပ်ကား၏ အဟုန်သည် ပို၍မြန်မြန်သွားစေသောကြောင့် သင့်အမြန်နှုန်းကို တိုးရန်လိုအပ်နိုင်သည်။

ယာဉ်များသည် ကျော်တက်ပြီးနောက် များမကြာမီတွင် လမ်းဘေးသို့ကပ်သွားကာ ရုတ်တရက် အရှိန်လျှော့လိုက်ပါက ထရပ်ကားမောင်းသူများအတွက် အချိန်အနည်းငယ် သို့မဟုတ် ဧ နရာအပိုအနည်းငယ်သာ ရနိုင်မည်ဖြစ်သည်။

ထရပ်ကားသည် သင့်ယာဉ်ကြောအတွင်း စတင်ဝင်ရောက်လာပြီဆိုပါက သင်ပိတ်မိမနေစေရန် ဖြတ်ကျော်မည့် ယာဉ်ကြောအတွင်း သင့်ယာဉ်နှင့် သင့်ရှေ့ရှိယာဉ်ကြားတွင် ဧ နရာလွတ်များစွာရှိအောင် သေချာဆောင်ရွက်ပါ။ ထရပ်ကား၏ မျက်ကွယ်နေရာတွင် ကြာရှည်မနေဘဲ မြန်မြန်ဖြတ်သွားပါ။ လေထန်ခြင်းအကျိုးဆက်ကို ဖြေရှင်းရန် ဘီးများပေါ်တွင် လက်နှစ်ဖက်လုံးတင်ထားပါ။ သင်သည် ကျော်တက်မည့်ယာဉ်ကြော၏ ဘယ်ဘက်တွင် နေလိုမည်ဖြစ်သည်။ သင့်ကျော်တက်မှုကို တတ်နိုင်သမျှ မြန်မြန်ပြီးမြောက်အောင် ဆောင်ရွက်ပြီး အခြားယာဉ်တစ်စင်း၏ ဘေးတွင်ယှဉ်လျက်မနေပါနှင့်။ သင်၏ ကားနောက်ကြည့်မှန်မှ ထရပ်ကား၏ ရှေ့ပိုင်းကို မြင်ရသည့်အခါမှသာ နောက်ဆုတ်ရန် သေချာဆောင်ရွက်ပါ။ သင်သည် ထရပ်ကားတစ်စင်းကို ကျော်တက်ပြီးနောက် သင့်အမြန်နှုန်းကို ထိန်းထားပါ။ ကြီးမှားသော အမှားနှင့် တိုက်မိနိုင်ချေအလွန်များသော အကွေ့အကောက်များတွင် ကျော်တက်မည်ဆိုပါက နှစ်ခါပြန်စဉ်းစားပါ။

အချက်အလက်မှန်: ထရပ်ကားတစ်စီးကို ကျော်တက်မည်ဆိုလျှင် သင့်ကိုယ်သင် အချိန်များများပေးပါ။ အဝေးပြေးလမ်းမအမြန်နှုန်းများတွင် ထရပ်ကားတစ်စီးကို အန္တရာယ်ကင်းကင်းဖြတ်ကျော်နိုင်ရန် စက္ကန့် 30 ခန့်ကြာမြင့်နိုင်သည်။ သင်ကျော်တက်မည်ဆိုလျှင် လျင်မြန်စွာ ဧ ဆောင်ရွက်ပါ။ ထရပ်ကားတစ်စီးနှင့်ယှဉ်လျက် အမြဲမမောင်းပါနှင့် - သင်သည် ထရပ်ကားမောင်းသူ၏ မျက်ကွယ်နေရာတွင် ရှိနေနိုင်သည်။ ကျော်တက်ပြီးနောက် သင်၏ ကားနောက်ကြည့်မှန်တွင် ထရပ်ကား၏ ရှေ့မီးသီးကြီး သို့မဟုတ် ရှေ့သံဇကာကွက်ကို မြင်ရမှသာ ယာဉ်ကြောပြောင်းပါ။

ထရပ်ကား ဖြတ်သွားခြင်း

ထရပ်ကားတစ်စီး သင့်ယာဉ်ကို ဖြတ်သွားသည့်အခါ သင်သည် သင့်ယာဉ်ကြောဏ်၏ ဝေးသည့်ဘက်ကို ထိန်းပေးထားခြင်းဖြင့် ထရပ်ကား မောင်းသူအား ကူညီပေးနိုင်ပါသည်။ သင့်အမြန်နှုန်းကို အနည်းငယ်လျှော့ချပြီး မှန်မှန်မောင်းနေခြင်းဖြင့် ထရပ်ကားမောင်းသူအား ပို၍အဆင်ပြေအောင် ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။ မည်သည့်ဖြစ်ရပ်တွင်မဆို ထရပ်ကားသည် သင့်အား ကျော်တက်နေစဉ်တွင် သင့်အမြန်နှုန်းကို မတိုးပါနှင့်။ ထရပ်ကားများသည် ခရီးသည်တင်ယာဉ်များထက် နှစ်ဘက်စလုံးတွင် ပိုမိုကြီးမားသော မသိ-ဇုံများ ရှိသည်။ သင်သည် ဤမသိ-ဇုံများအတွင်း မောင်းမည်ဆိုပါက သင့်အား ထရပ်ကားမောင်းသူများမှ မြင်နိုင်မည်မဟုတ်ပေ။ သင်သည် ထရပ်ကားတစ်စီး၏ မျက်ကွယ်နေရာတစ်ခုအတွင်းရှိပြီး ၎င်းသည် သင့်ယာဉ်ကြောအတွင်းသို့ စတင်ရွှေ့ပြောင်းလာသည်ဆိုလျှင် သင်သည် စိတ်ကိုတည်ငြိမ်စွာ ထားပြီး ထရပ်ကားရှေ့ရှိ သင့်ယာဉ်၏ ခန့်မှန်းတည်နေရာကို မှတ်သားပါ။ ယာဉ်တိုက်မှုကို ရှောင်ရှားရန်အတွက် အရှိန်မြှင့်မည် သို့မဟုတ် အရှိန်လျှော့မည်ဆိုသည်ကို ဆုံးဖြတ်ပါ။ လမ်းပခုံးကို ရှောင်ထွက်မည့်လမ်းကြောင်းတစ်ခုအဖြစ် စဉ်းစားပါ။



ထရပ်ကားတစ်စီး၏ မျက်ကွယ်နေရာများပြ နမူနာ (မသိ-ဇုံများ)။

သင်သည် မျက်နှာချင်းဆိုင်ဘက်မှလာနေသော ထရပ်ကားတစ်စီးကို တွေ့ပါက ဘေးဘက်မှတိုက်မိခြင်းကို ရှောင်ရှားရန် နှင့် သင့်ယာဉ်နှင့် ထရပ်ကားကြား လေပြင်းထန်မှုကို လျှော့ချရန် ဘေးဘက်သို့ တတ်နိုင်သမျှ ကပ်နေပါ။ မှတ်ထားရန် ပြင်းထန်သောလေသည် ယာဉ်များအကြား ဝေးသွားအောင် တွန်းနိုင်သည်။ ၎င်းသည် ပူးကပ်သွားအောင် မလုပ်ပါ။ သင့်ယာဉ်နှင့် သင့်ရှေ့ရှိ ယာဉ်တစ်စီးစီးကြား နေရာလွတ်ကို များများထားပါ။

ထရပ်ကားတစ်စီးနောက်လိုက်ခြင်း

၎င်းတို့၏ အရွယ်အစားအရ ထရပ်ကားများသည် ရပ်တန့်ရန်အတွက် ပိုရှည်သော အကွာအဝေး လိုအပ်သည်။ သို့သော် နောက်မှကပ်လိုက်လွန်းသော ယာဉ်တစ်စီးသည် ထရပ်ကားနောက်မှ ဝင်တိုက်ခြင်းကိုရှောင်ရှားရန် လျင်မြန်စွာ ရပ်တန့်နိုင်မည် မဟုတ်ပါ။ သင်သည် ထရပ်ကားတစ်စီးနောက်မှ လိုက်နေပါက မသိ-ဇုံမှ ဖယ်ထွက်နေပါ။ နောက်မှ ကပ်လိုက်လွန်းခြင်းကို ရှောင်ရှားပြီး သင့်ကားကို ထရပ်ကားမောင်းသူ၏ ဘက်ကြည့်မှန်မှ မြင်နိုင်သောနေရာတွင် နေရာယူပါ။ သို့ဆိုလျှင် သင်သည် ရှေ့ရှိလမ်းမကြီးကို ကောင်းစွာမြင်နိုင်သကဲ့သို့ ထရပ်ကားမောင်းသူသည်လည်း ရပ်ရန် သို့မဟုတ် ကွေ့ရန်အတွက် သင့်အား သတိပေးချိန်များစွာ ပေးနိုင်မည်ဖြစ်သည်။ သင့်တွင် တံဆိပ်ရန်နှင့် ဘေးကင်းလုံခြုံစွာ ရပ်နိုင်ရန်အတွက် အချိန်ပိုမိုရရှိမည်ဖြစ်သည်။ ထရပ်ကား သို့မဟုတ် ဘတ်စ်ကားတစ်စီးနောက်လိုက်နေပါက သင်သည် သင့်ရှေ့ရှိ ယာဉ်၏ ဘေးမှန်များကိုမမြင်နိုင်ပါက ယာဉ်ကြီးမောင်းနှင်သူသည် သင့်အား မြင်နိုင်မည်မဟုတ်ပါ

သင်သည် ကုန်းတစ်ခုပေါ်တွင် ရပ်မည်ဆိုလျှင် သင်နှင့် ထရပ်ကားကြား နေရာများစွာချန်ထားပါ။ ယာဉ်မောင်းသည် ဘရိတ်မှ ခြေထောက်ခွာလိုက်ပါက ထရပ်ကားသည် နောက်ပြန်လိမ့်လာနိုင်သည်။

သင်သည် ညဘက်တွင် ထရပ်ကား သို့မဟုတ် ယာဉ်တစ်စီးစီး၏ နောက်မှလိုက်လာပါက သင့်ရှေ့မီးသီးကြီးများကို အမြဲမှိန်ထားပါ။ နောက်ယာဉ်၏ တောက်ပသော မီးသည် ထရပ်ကား၏ ကြီးမားသော ဘက်မှန်များကို ရောင်ပြန်ဟပ်စေသောကြောင့် ထရပ်ကားမောင်းသူကို မမြင်နိုင်ဘဲဖြစ်စေတတ်သည်။

အချက်အလက်မှန်: ထရပ်ကား၏ အနောက်ဘက် မျက်ကွယ်နေရာမှ ထွက်ရန် အနည်းဆုံး လေး (4) စက္ကန့်လိုအပ်ပြီး ဤသည်မှာ မှန်ကန်သော အကွာအဝေးကိုတွက်ရန် လွယ်ကူသော နည်းဖြစ်သည်။ ထရပ်ကားတစ်စီး လမ်းဘေးရှိ ရပ်နေသော အရာဝတ္ထုတစ်ခုကို ဖြတ်သွားသည့်အခါ တစ်ထောင့်တစ်၊ တစ်ထောင့်နှစ် စသည်ဖြင့် စတင်ရေတွက်ပါ။ တစ်ထောင့်လေးရောက်ချိန်တွင် သင့်ကားရှေ့ဖုံး အဆိုပါအရာဝတ္ထုဆီရောက်ရှိသင့်သည်။ သင်သည် တစ်ထောင့်လေးမတိုင်ခင် ရောက်ရှိပါက သင်သည် ထရပ်ကားနောက်ပိုင်းနှင့် နီးကပ်လွန်းစွာ မောင်းနှင်နေသည်ဖြစ်သည်။

အကွေ့များ

ထရပ်ကား၏ အကွေ့အချက်ပြများကို အနီးကပ်ဂရုပြုကြည့်ပါ။ ထရပ်ကား၏ နောက်ပိုင်း သို့မဟုတ် လယ်ထွန်စက်တစ်စီး၏ နောက်ပိုင်းသည် ထောင့်ချိုး သို့မဟုတ် အခြားရပ်နေသော အတားအဆီးများကို လွတ်လွတ်ကင်းကင်းရှောင်နိုင်စေရန်အတွက် အကွေ့ကို ကျယ်ကျယ်ကွေ့ရန်လိုအပ်သည်။ တစ်ခါတစ်ရံတွင် လွတ်လွတ်ကင်းကင်းကွေ့နိုင်ရန် အခြားယာဉ်ကြောများမှ နေရာလွတ်ကို အသုံးပြုရနိုင်သည်။ ယာဉ်တိုက်မှုတစ်ခုကို ရှောင်ရှားရန် အကွေ့လုပ်ဆောင်ချက်မပြီးမချင်း ကျော်တက်ခြင်းမပြုပါနှင့်။ ထပ်မံ၍ အကွေ့အချက်ပြခြင်းများကို သတိထားကြည့်ပါ။ *(အောက်ရှိ နမူနာကို ကိုးကားပါ။)*


ကျယ်သော ညာကွေ့နမူနာ။

အချက်အလက်မှန်: ထရပ်ကားများသည် အကွေ့ကျယ်ကျယ်ကွေ့သည်။ ထရပ်ကားများ အမှန်တကယ် ညာကွေ့ကွေ့သည့်အချိန်တွင် ၎င်းတို့သည် တည့်တည့်သွားနေသည် သို့မဟုတ် ဘယ်ကွေ့ကွေ့နေသည်ဟု ထင်ရသည်။ မျက်ကွယ်နေရာများနှင့်အတူ ၎ နောက်တွဲယာဉ်ပေါင်းစပ်ထားသည့် - ဤနည်းစနစ်သည် - ကွေ့နေသော ထရပ်ကားတစ်စီးအား ကျော်တက်ရန် ကြိုးစားခြင်းကို အွန္တရာယ်ရှိစေသော ၎ မောင်းနှင်မှုဖြစ်စေသည်။ ထရပ်ကားယာဉ်မောင်းများသည် ၎င်းတို့နှင့် လမ်းအထိန်းကြား ညပ်နေသော ယာဉ်များကို မြင်နိုင်မည်မဟုတ်ပါ။ ထရပ်ကားယာဉ်မောင်းများအား ကွေ့ရန်အတွက် နေရာများများပေးပါ။

အရွယ်အစားလွန် ဝန်ထုပ်ကြီးများ

အရွယ်အစားလွန် ဝန်ထုပ်ကြီးများသည် ပိုင်းလော့ယာဉ်ကြီးများနှင့် အတူပါလာလေ့ရှိသည်။ အရွယ်အစားလွန် ဝန်ထုပ်ကြီးများ၏ရွှေ့လျားမှုကို လယ်ထွန်စက် နောက်တွဲယာဉ်များ မောင်းနှင်သကဲ့သို့ မောင်းနှင်ရမည်ဖြစ်ပြီး ထရပ်ကားစည်းမျဉ်းများအတိုင်း ပြုမူဆက်ဆံရမည်။ အကြီးမားဆုံး အရွယ်အစားလွန် ဝန်ထုပ်ကြီးများကို သတ်မှတ်ယာဉ်ကြောများအတွင်း မောင်းနှင်ရမည်ဖြစ်သည်။ သို့သော် ၎င်းတို့၏ ဇရာမကြီးမားသည့် အကျယ်ကြောင့် လမ်းမဘေးလမ်းပေါ်ရှိ အတားအဆီးများသည် ၎င်းတို့ကို အဝါ သို့မဟုတ် အဖြူမျဉ်းကို ဖြတ်သွားစေနိုင်သည်။

ဥပဒေအရ ပိုင်းလော့ယာဉ်များသည် အရွယ်အစားလွန် ဝန်ထုတ်ကြီးများ တင်ဆောင်မောင်းနှင်လာသူများနှင့် နေ့နေ့ရွှေ့လျားသော ယာဉ်မောင်းနှင်သူများအား ကူညီသတိပေးရန်လိုအပ်သည်။ ပိုင်းလော့ယာဉ်များတွင် ၎င်းတို့ကို ခွဲခြားသိရှိနိုင်မည့် အထူးအမှတ်အသားများနှင့် မီးများ ရှိရန်လိုအပ်ပြီး ယာဉ်မောင်းများက ၎င်းတို့ကိုမြင်လျှင် အရွယ်အစားလွန် ယာဉ်ကြီးတစ်စီးအနား ချဉ်းကပ်လာပြီဖြစ်ကြောင်း သတိပြုသင့်သည်။ သင် ဤယာဉ်များကိုတွေ့ပါက အထူးသတိထားပါ။

နောက်မှဝင်တိုက်ခြင်း

ကျပ်နေသော ယာဉ်ကြောအတွင်း ဝင်ရန်ပြင်နေသော ထရက်ကားတစ်စီးနောက်မှ ဖြတ်ရန် မည်သည့်အခါမှ မကြိုးစားပါနှင့်။ ထရပ်ကားမောင်းသူသည် ယာဉ်လမ်းကြောတစ်ခုပေါ်မှ ကုန်တင်ဧရိယာတစ်ခုအတွင်းသို့ နောက်ဆုတ်ဝင်ရန် ပြင်နေပါက ယာဉ်လမ်းကြောကို ယာယီပိတ်စေခြင်းမှတစ်ပါး အခြားရွေးစရာမရှိပါ။ အချို့ယာဉ်မောင်းများနှင့် ခြေကျင်ဖြတ်ကူးသူများသည် ထရပ်ကားလုပ်ဆောင်ချက်ပြီးရန်ကြာချိန် စက္ကန့်အနည်းငယ်ကို မစောင့်ဘဲ နောက်မှဖြတ်သန်းရန် ကြိုးစားတတ်ကြသည်။ ထရပ်ကားနောက်မှကပ်၍ ဖြတ်သန်းရာတွင် ယာဉ်မောင်း သို့မဟုတ် ခြေကျင်လျှောက်သွားသူများသည် ထရပ်ကား၏ မသိ-ဇုံအတွင်း ရောက်ရှိသွားပြီး ယာဉ်တိုက်မှုဖြစ်စေနိုင်ပါသည်။

ဘရိတ်အုပ်ခြင်း

ယာဉ်များရှိ ဟိုက်ဒရောလစ်ဘရိတ်များနှင့်မတူဘဲ ထရပ်ကားများနှင့် ဘတ်စ်ကားများတွင် လေဘရိတ်များရှိနိုင်ပြီး ရပ်တန့်ရန်အတွက် ပိုမိုရှည်လျားသော အကွာအဝေးလိုအပ်ပါသည်။ ရှင်းလင်းခြောက်သွေ့သော ယာဉ်လမ်းကြောတစ်ခုပေါ်တွင် ကောင်းမွန်သော တာယာ၊ မှန်ကန်စွာ ချိန်ညှိထားသော ဘရိတ်များနှင့် တစ်နာရီ 65 မိုင်နှုန်းမောင်းနှင်နေသော ကုန်ပါသော ထရပ်ကားတစ်စီးသည် အပြည့်အဝရပ်တန့်ရန် အနည်းဆုံး ပေ 600 ခန့်လိုအပ်ပါသည် (ခရီးသည်တင်ယာဉ်တစ်စီးအတွက် ရပ်ရန်အကွာအဝေး ပေ 400 နှင့် နှိုင်းယှဉ်ကြည့်ပါက)။ ကြီးမားသော ယာဉ်ကြီးများ၏ ရှေ့တွင် ယာဉ်ကြောပြောင်းခြင်းကို ရှောင်ရှားရန် ယာဉ်လမ်းကြောတစ်ခုမှ ထွက်မည်ဆိုပါက ယာဉ်လမ်းကြောတစ်ခုအတွင်းသို့ ဝင်ခြင်းကို ရှောင်ရှားရန် မဖြစ်မနေလိုအပ်သည်။

ရှောင်ထွက်နိုင်သည့် ကုန်းလျောလမ်းများ

ရှည်လျားသောအဆင်းလမ်းများတွင် ကုန်တင်ကားများအ တွက် "ထွက်ပေါက်" သို့မဟုတ် "အထွက်ပြေးလမ်း" ကုန်းလျောလမ်းများ တစ်ခါတစ်ရံ ရှိတတ်ပါသည်။ ဤကုန်းလျောလမ်းများကို မထိန်းနိုင်သော သို့မဟုတ် ဘရိတ်မကောင်းတော့သောကြောင့် မရပ်နိုင်သော ကြီးမားသော ယာဉ်ကြီးများသာ အသုံးပြုရပါမည်။ ဤကုန်းလျောလမ်းနယ်မြေများအတွင်း မည်သည့်အခါမှ ရပ်တန့်ခြင်း သို့မဟုတ် ပါကင်ထိုးခြင်းမပြုလုပ်ပါနှင့်။

ဘတ်စ်ကားများ

ဘတ်စ်ကားများသည်လည်း သာမန်ယာဉ်တစ်ခုထက် လမ်းပေါ်တွင် နေရာပိုလိုအပ်ပါသည်။ ဘတ်စ်ကား သို့မဟုတ် ထရပ်ကားနှင့် လမ်းမျှဝေသုံးစွဲသည့်အခါ အလားတူလုပ်ထုံးလုပ်နည်းများကိုပင် လိုက်နာသင့်ပါသည်။

ကျောင်းကားများ

ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ကျောင်းကားတစ်စီးအနီးမောင်းနှင်ပါက လိုက်နာရမည့် အထူးစည်းမျဉ်းများရှိပါသည်။ ဤစည်းမျဉ်းများသည် ကလေးများနှင့် ယာဉ်မောင်းများကို ကာကွယ်ပေးပါသည်။

ကျောင်းကားတစ်စီး ရပ်ရန်ပြင်ဆင်သည့်အခါ ၎င်း၏ လိမ္မော်ရောင် (အဝါရောင်)မီးသည် စတင်၍မှိတ်တုတ်မှိတ်တုတ် ဖြစ်လာပါမည်။ ဘတ်စ်ကားရပ်သွားသည့်အခါ ၎င်း၏ အနီရောင်မီးများ မှိတ်တုတ်မှိတ်တုတ် ဖြစ်လာပြီး ၎င်း၏ ကားရပ်လက်တံများ ထွက်လာပါက သင်သည် ၎င်း၏ နောက်တွင်ဖြစ်စေ၊ ထိုယာဉ်လမ်းကြောပေါ်မှ ၎င်းဆီသို့ လာနေလျှင်ဖြစ်စေ သို့မဟုတ် ကျောင်းကားရပ်ထားသည့် လမ်းဆုံသို့ ချဉ်းကပ်လာသည်ဖြစ်စေ ဘတ်စ်ကားနှင့် အနည်းဆုံး 10 ပေအကွာတွင် ရပ်ရမည်ဖြစ်သည်။ မီးနီမှိတ်တုတ်မှိတ်တုတ်ဖြစ်ခြင်း ရပ်သွားပြီး ရပ်တန့်လက်တံ သိမ်းသွားကာ ကလေးများ ဘေးကင်းရာနေရာသို့ ရောက်သွားသည်အထိ ဆက်လက်ရပ်နေပါ (အောက်ပါပုံကိုကြည့်ပါ)။

ယာဉ်များအားလုံး ရပ်တန့်ရမည်

မှိတ်တုတ်မီးနီပြနေပြီး ရပ်တန့်လက်တံ ထုတ်ထားသော ကျောင်းကားတစ်စီးအတွက် ရပ်တန့်ပေးရန် ပျက်ကွက်ခဲ့ပါက သင့်ယာဉ်မောင်းလိုင်စင်ကို ရက် 60 ဆိုင်းငံ့ပြီး ယာဉ်မောင်းမှတ်တမ်းတွင် ပွိုင့်ငါး(5) ပွိုင့်ရရှိမည်ဖြစ်ကာ ဒဏ်ကြေးလည်း ပေးဆောင်ရပါမည်။



ကျောင်းကားအတွက် ရပ်တန့်ပေးရမည့် လိုအပ်ချက်အတွက် ကင်းလွတ်ခွင့်တစ်ခုသာရှိပါသည်။ သင်သည် မှိတ်တုတ်မီးနီပြနေပြီး ရပ်တန့်လက်တံထုတ်ထားသော ၎ ကျောင်းကားတစ်စီးအနီးသို့ ချဉ်းကပ်လာပြီး ခွဲထားသော အဝေးပြေးလမ်း၏ ဆန့်ကျင်ဘက်အခြမ်း (ဆိုလိုသည်မှာ အလယ်ရှိ ကွန်ကရစ်/သတ္တုအရံအတား၊ သံလမ်းဘောင် သို့မဟုတ် သစ်ပင်/ကျောက်တုံးများ/စမ်းချောင်းများ/ မြက်ခင်းပြင်) မှမောင်းနှင်လာသည်ဖြစ်ပါက သင်ရပ်တန့်ရန်မလိုပါ။ သင့်အရန်ကိုလျှော့၍ သတိဖြင့်ဆက်မောင်းသွားရန်ဖြစ်သည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် ကျောင်းကားနှင့်ဆိုင်သည့် ရပ်တန့်ဥပဒေအား မြင်သာစေရန် ကူညီပေးနိုင်သည့် ရုပ်ပုံကိုကြည့်ပါ။

https://www.penndot.gov/TravelInPA/Safety/TrafficSafetyAndDriverTopics/Pages/School-Bus-Safety.aspx

အရေးပေါ်ယာဉ်နှင့် အခြေအနေများ

အချို့ယာဉ်များတွင် ဥဩဆွဲသံနှင့် မှိတ်တုတ်မီးနီများ သို့မဟုတ် ပေါင်းထားသည့် မှိတ်တုတ်မီးနီနှင့် မီးပြာများ ရှိသည်။ ယင်းမီးများသည် အရေးပေါ်ယာဉ်များအား ယာဉ်ကြောကိုဖြတ်၍ မြန်မြန်ဆန်ဆန် သွားရောက်ပြီး အရေးပေါ်ကိစ္စရပ်များကို ဖြေရှင်းနိုင်စေရန် အထောက်အကူပြုသည်. အရေးပေါ်ယာဉ်များတွင် မီးသတ်ကားများ၊ ရဲကားများ၊ လူနာတင်ယာဉ်များ၊ သွေးပို့ယာဉ်များနှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းများမှ အထူးကိရိယာတပ် ယာဉ်များပါဝင်သည်။ ၎င်းတို့ကို သတိထားကြည့်ပါ။

သင်သည် မည်သည့်ဦးတည်ဘက်မှမဆို ဥဩဆွဲသံကြားလျှင် သို့မဟုတ် မှိတ်တုတ်မီးနီ သို့မဟုတ် ပေါင်းစပ်ထားသည့် မီးနီနှင့် မီးပြာပါဝင်သည့် ယာဉ်တစ်စီးချဉ်းကပ်လာနေသည်ကို မြင်လျှင် သင်သည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

- ယာဉ်ကို လမ်းအထိန်းဘက် သို့မဟုတ် လမ်းဘေးသို့ ချပြီး ရပ်ထားရမည်။
- လမ်းအထိန်းနှင့်အပြိုင်ရပ်ပြီး တတ်နိုင်သမျှအနီးဆုံးသို့ ကပ်ထားရမည်။ တစ်လမ်းမောင်းလမ်းများပေါ်တွင် အနီးဆုံးလမ်းဘေးသို့ မောင်းသွားပြီး ရပ်တန့်ရမည်။
- လမ်းဆုံများကို ရှင်းလင်းထားရမည်။
- အရေးပေါ်ယာဉ် သင့်အားဖြတ်သွားပြီးမှ တစ်ဖန်ပြန်လည်စတင်မောင်းနှင့်ပြီး ၎င်းယာဉ်နှင့် အနည်းဆုံး ၆ 500 ခန့်အကွာမှ မောင်းနှင်ပါ။
- အခြားအရေးပေါ်ယာဉ်တစ်စီး မလာကြောင်း သေချာပါစေ။

အရေးပေါ်အခြေအနေတစ်ခုတွင် ယာဉ်မောင်းများအားလုံးသည် မီးသတ်ရဲအပါအဝင် ယူနီဖောင်းဝတ်ထားသည့် ရဲအရာရှိ၊ မြို့နယ်ရဲ၊ ရဲတပ်သား သို့မဟုတ် စနစ်တကျဝတ်ဆင်ထားသူ တစ်ဦးဦး၏ ညွှန်ကြားချက်ကို လိုက်နာရမည်။

ဥဩဆွဲသံကို အလေးအနက်ထားပြီး အရေးပေါ်ယာဉ်၊ မီးသတ်ကား သို့မဟုတ် ရဲကားအတွက် လမ်းဖယ်ပေးထားပါ။ တစ်နေ့တွင် သင်သည် အရေးပေါ် အကူအညီတောင်းရသူတစ်ဦးဖြစ်နိုင်သည် သို့မဟုတ် အသက်အန္တရာယ်ကြုံနေရသူသည် မိတ်ဆွေ သို့မဟုတ် မိသားစုဝင်တစ်ဦးဖြစ်နိုင်သည်။

လမ်းရှင်း ဥပဒေ

2006 ခုနှစ်၊ စက်တင်ဘာလ 8 ရက်နေ့တွင် စတင်အသက်ဝင်သည့် လမ်းရှင်းဥပဒေအရ မော်တော်ကားမောင်းနှင်သူများသည် အရေးပေါ်တုံ့ပြန်ဧရိယာတစ်ခုနှင့် ထိစပ်မနေသော ယာဉ်ကြောတစ်ခုအတွင်း ရွှေ့ပြောင်းရန်လိုအပ်သည်။ အရေးပေါ်တုံ့ပြန်ဧရိယာမှာ ရဲ၊ မြို့နယ်အရာရှိ၊ မှူခင်းဆရာဝန်၊ ဆေးဘက်ဆိုင်ရာစစ်ဆေးရေးမှူးများ၊ မီးသတ်ဝန်ထမ်းများ၊ မီးသတ်ရဲ၊ မီးသတ်အရာရှိများ၊ ကယ်ဆယ်ရေးဝန်ထမ်းများ၊ အရေးပေါ်ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ ကားဆွဲခြင်းနှင့် ပြန်လည်ထူထောင်ရေးဝန်ထမ်းများ၊ အန္တရာယ်ရှိသော ပစ္စည်းများဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့ဝင်များနှင့်/သို့မဟုတ် အဝေးပြေးလမ်းဆောင်လုပ်ရေးနှင့်ထိန်းသိမ်းရေး ဝန်ထမ်းများမှ ဝန်ဆောင်မှုပေးနေသော လမ်းမပေါ် သို့မဟုတ် လမ်းမအနီးရှိ ဧရိယာတစ်ခုဖြစ်သည်။ ယာဉ်မောင်းများသည် ယာဉ်ကြော သို့မဟုတ် အခြားအခြေအနေများကြောင့် ရွှေ့၍မရပါက ၎င်းတို့၏ အမြန်နှုန်းကို လျော့ချပစ်ရမည်။ ရဲတပ်ဖွဲ့မရှိသည့်နေရာမျိုးတွင် ဥပဒေအရ လမ်းလုပ်သားများ၊ အရေးပေါ်တုံ့ပြန်ကယ်ဆယ်သူများသည် မော်တော်ယာဉ်မောင်းနှင်သူ၏ စည်းကမ်းချိုးဖောက်မှုများကို သတင်းပေးတိုင်ကြားခွင့်ရှိသည်။ ရဲတပ်ဖွဲ့အနေဖြင့် ဤသတင်းပေးတိုင်ကြားမှုများကို အခြေခံ၍ ဆင့်ခေါ်စာများ ထုတ်နိုင်သည်။ ရွှေ့ပြောင်းရန် သို့မဟုတ် အရှိန်လျော့ချရန် ပျက်ကွက်ပါက ပထမအကြိမ် ကျူးလွန်မှုအတွက် ဒေါ်လာ 250 အထိလည်းကောင်း၊ ဒုတိယအကြိမ်အတွက် ဒေါ်လာ 500 နှင့် တတိယနှင့် နောက်ဆက်တွဲ ကျူးလွန်မှုများအတွက် ဒေါ်လာ 1000 ဒဏ်ကြေးပေးဆောင်ရန်ဝိပါသည်။ ၎င်းအပြင် အလုပ်ဇုန်ယမ်းမြေများအတွင်း ယာဉ်စည်းကမ်း ဖောက်ဖျက်ပါက ဒဏ်ကြေးနှစ်ဆပေးဆောင်ရမည်။ ဤဥပဒေချိုးဖောက်မှုကြောင့် အခြားသူတစ်ဦးဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ခဲ့ပါက ရက် 90 လိုင်စင်ဆိုင်းငံ့ခံရခြင်းနှင့် ဒဏ်ကြေးဒေါ်လာ 1000 အထိပေးဆောင်ရမည်ဖြစ်သည်။ ဤဥပဒေချိုးဖောက်မှုကြောင့် အဝေးပြေးလမ်းမလုပ်သားတစ်ဦး သို့မဟုတ် အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးသမားတစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ခဲ့ပါက 1 နှစ်ကြာ လိုင်စင်ဆိုင်းငံ့ခံရခြင်းနှင့် ဒဏ်ကြေးဒေါ်လာ 10000 အထိပေးဆောင်ရမည်ဖြစ်သည်။

မြင်းလှည်းများနှင့် မြင်းစီးသူများ

မြင်းလှည်းများ၊ မြင်းစီးသမားများနှင့် ကြံ့တွေ့ရနိုင်သည့်နေရာများတွင် မှတ်သားထားရမည့် အရေးပါသည့် အချက်များရှိသည်။ မြင်းလှည်းအများစုသည် အရောင်ရင့်သည့်အတွက် အရက်တက်ချိန်၊ နေဝင်ချိန် သို့မဟုတ် ညအချိန်တို့တွင် မြင်ရခက်ခဲသည်။ မြင်းလှည်းတစ်စီး၏ နောက်မှလိုက်သည့်အခါ သို့မဟုတ် ရပ်သည့်အခါ ယာဉ်နှစ်စီးကြားတွင် နေရာလွတ်များစွာချန်ထားရန်

(2)သေချာဆောင်ရွက်ပါ။ ရပ်ပြီးနောက် မြင်းလှည်းများသည် နောက်သို့ပြန်လိမ့်တတ်ပြီး နီးကပ်လွန်းစွာ နောက်မှလိုက်ခြင်းသည် မြင်းလှည်းမောင်းသူ၏ သင့်အားမြင်နိုင်စွမ်းကို အကန့်အသတ်ရှိစေပါသည်။ ယင်းသည် သင်ကျော်တက်ရန် ပြင်ဆင်သည့်အခါ သင့်လျော်သော နေရာတစ်ခုကိုလည်း ရရှိစေပါလိမ့်မည်။ သင်သည် မြင်းလှည်း သို့မဟုတ် မြင်းလှည်းမောင်းသူတစ်ဦးအား ကျော်တက်သည့်အခါ လျင်မြန်လွန်းစွာ မမောင်းပါနှင့် သို့မဟုတ် ဟွန်းမတီးပါနှင့်။ ၎င်းသည် မြင်းအားလန့်စေနိုင်သောကြောင့် ဖြစ်သည်။ ကျော်တက်ပြီးနောက် မြင်းလန့်သွားခြင်း မဖြစ်စေရန် ဥာဘက်ယာဉ်ကြောသို့ ပြန်မဝင်မီ သင့်ယာဉ်နှင့် မြင်းကြားတွင် လုံလောက်သော နေရာလွတ်တစ်ခုရှိစေရန် သေချာဆောင်ရွက်ပါ။ လမ်းပေါ်တွင် လူတိုင်း၌ တူညီသော အခွင့်အရေးရှိသည်ကို အမြဲမှတ်ထားပါ။

အမိုးပွင့် ထရပ်ကားပေါ်ရှိ ခရီးသည်များ

ထရပ်ကားကြမ်းခင်းတွင် ခရီးသည်တစ်ဦးဦးပါလာပါက အမိုးပွင့် ပစ်ကပ်ထရပ်ကား သို့မဟုတ် ပက်လက် ထရပ်ကားတစ်စီးကို တစ်နာရီ 35 မိုင်ထက်ပိုမမောင်းရပါ။ ထရပ်ကားကြမ်းခင်းတွင် အသက် 18 နှစ်အောက်ကလေးတစ်ဦး ပါလာပါက အဆိုပါထရပ်ကားကို မောင်းနှင်ခြင်းမပြုရပါ။

ဤဥပဒေအတွက် ချွင်းချက်များမှာ -

- လယ် သို့မဟုတ် လယ်တွင် လုပ်ဆောင်ရန်အတွက် လယ်စိုက်သူတစ်ဦးပိုင်ဆိုင်သော သို့မဟုတ် လုပ်ကိုင်နေသော လယ်မြေတစ်ခု၏ အစိတ်အပိုင်းများ သို့မဟုတ် လယ်မြေများကြား သယ်ယူပို့ဆောင်နေသော လယ်စိုက်သူတစ်ဦး၏ သားသမီးဖြစ်လျှင်။
- ကလေး၏ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်များမှ ပိုင်ဆိုင်သော သို့မဟုတ် လုပ်ကိုင်နေသော လယ်မြေတစ်ခု၏ အစိတ်အပိုင်းများ သို့မဟုတ် လယ်မြေများကြား သယ်ယူပို့ဆောင်နေသော လယ်လုပ်သားအဖြစ် လုပ်ကိုင်နေသည့် ကလေးဖြစ်လျှင်။
- အမဲလိုက်စခန်းနှင့် အမဲလိုက်ရာနေရာကြား သို့မဟုတ် အမဲလိုက်ရာသီအတွင်း အမဲလိုက်နေရာများကြား သယ်ယူပို့ဆောင်ရေးလုပ်ကိုင်နေသည့် တရားဝင်အမဲလိုက်လိုင်စင် ကိုင်ဆောင်ထားသည့် ကလေးဖြစ်လျှင်။
- စီတန်းလှည့်လည်ပွဲအတွင်း တရားဝင်ခွင့်ပြုထားသော စီတန်းလှည့်လည်ပွဲတစ်ခုတွင် ပါဝင်သူ ကလေးဖြစ်လျှင်။

နေးသော နှင်းရှင်းကားများ

ဆောင်းရာသီတွင် နှင်းများဖယ်ရှားရသည့် နှင်းရှင်းကား မောင်းနှင်သူများ၏ ၎င်းတို့မှန်များမှ မြင်နိုင်စွမ်းမှာ အကန့်အသတ်ရှိသည်။ နှင်းရှင်းကားများသည် ကွေ့ရန်လိုအပ်တတ်ပြီး ၎င်းတို့ကိုမောင်းနှင်သူများမှာ ၎င်းတို့နောက်ရှိ သင့်ကိုမမြင်ရပါ။ စိတ်ချရသော အကွာအဝေးတစ်ခုနောက်မှလိုက်ရန် သေချာဆောင်ရွက်ပါ။ ယင်းသည် နှင်းရှင်းကားများမှ စဉ်ထွက်သော ဆားများ၊ ရေခဲဖျော်သည့်အရည်များနှင့် ချော်မထွက်စေသော အစေ့များကြောင့် သင့်ကားပျက်စီးခြင်းမှ ကာကွယ်ပေးသည်။

ဤယာဉ်များသည် တစ်ဖက်စီတွင် ပေပေါင်းများစွာ ဆန့်ထုတ်နိုင်သော နှင်းရှင်းလက်တံများရှိတတ်သည်။ ယင်းတို့ကို ဆိုးရွားသော ရာသီဥတု သို့မဟုတ် ညအချိန်များတွင် ယာဉ်မောင်းများ မြင်ရန်ခက်ခဲပြီး များစွာသော ဘေးဘက်မှဝင်တိုက်သော မတော်တဆမှုများစွာ ဖြစ်စေပါသည်။ စိတ်ချရစေရန် သင်သည် နှင်းရှင်းယာဉ်အား ဘယ်ဘက်မှဖြစ်စေ၊ ညာဘက်မှဖြစ်စေ ကျော်တက်ရန် မကြိုးစားသင့်ပါ။

လမ်းမပေါ်မှာဖြစ်သည့် ဒေါသကိုကိုင်တွယ်ဖြေရှင်းခြင်း

> **သင် သိရှိခဲ့ပါသလား။**
>
> နှစ်စဉ် ပင်ဆယ်ဝေးနီးယားပြည်နယ် အဝေးပြေးလမ်းမပေါ်ရှိ သေဆုံးမှုပေါင်း 1500 ခန့်အနက် 60 ရာခိုင်နှုန်း၊ အယောက် 900 ခန့်မှာ ဒေါသဖြင့်မောင်းနှင်ခြင်းကြောင့်ဖြစ်သည်။

လမ်းမပေါ်တွင် သင့်ဒေါသကို တခြားသူတစ်ဦးပေါ်သို့ **မည်သည့်အခါမှ** ပုံမချပါနှင့်။ တစ်ခါတစ်ရံတွင် လမ်းမပေါ်မှဒေါသသည် ယာဉ်မောင်းအချင်းချင်းကြား ရိုးရှင်းသော နားလည်မှုလွဲခြင်းကြောင့် ဖြစ်စေတတ်သည်။ မည်သူမှ မရည်ရွယ်သော်လည်း ယာဉ်မောင်းတစ်ဦးသည် ခဏတာမျှအမှား သို့မဟုတ် ဆုံးဖြတ်မှုပြုလုပ်မိပြီး အခြားယာဉ်မောင်းမှ ဒေါသထွက်စရာလုပ်ရပ်ဟု မြင်နိုင်သည်။

တစ်စုံတစ်ယောက်က သင့်ယာဉ်ကြောကို ဝိတ်လိုက်သည့်အခါ သို့မဟုတ် သင့်ရှေ့တွင် ကပ်၍ရပ်လိုက်သည့်အခါ ပုဂ္ဂိုလ်ရေးအရ တမင်လုပ်သည်ဟု **မည်သည့်အခါမှ** မယူဆသင့်ပါ။ ဒီအတိုင်းထားလိုက်ပြီး ထိုယာဉ်မောင်းကို လျစ်လျူရှုလိုက်ပါ။

တစ်စုခုဖြစ်လာခဲ့လျှင်လည်း **လက်စားချေ တုံ့ပြန်ခြင်းမပြုပါနှင့်။** အခြားယာဉ်မောင်းတစ်ဦးနှင့် "ပြိုင်မောင်းရန်" အာရုံစိုက်ခြင်းသည် လည်း ဆိုးရွားသော အာရုံပျံ့လွင့်မှုတစ်ခုဖြစ်သည်။ သင်သည် ယာဉ်တိုက်မှုကိုရှောင်ရှားရန် လိုအပ်သည့် ယာဉ်ကြောအမှတ်အသားများ၊ အချက်ပြမီးများနှင့် အခြားယာဉ်မောင်း သို့မဟုတ် ခြေကျင်ဖြတ်ကူးသူများ၏ လုပ်ဆောင်ပုံများကို တုံ့ပြန်နိုင်စွမ်း နည်းသွားမည်ဖြစ်သည်။

အခြားယာဉ်မောင်းတစ်ဦးအား သင်ခန်းစာပေးရန် မည်သည့်အခါမှ မကြိုးစားပါနှင့်။ သင်မှန်နေလျှင်ပင် မှန်နေကြောင်း အတင်းအကျပ်မပြုပါနှင့်။ သင်သည် သေစေနိုင်လောက်သည့် မှန်ခြင်းမျိုးဖြစ်သွားနိုင်ပါသည်။

သင်သည် ဒေါသထွက်နေသည့်ယာဉ်မောင်းတစ်ဦးနှင့် ကြုံရပါက အန္တရာယ်ကင်းကင်းရှိစေရန် ကူညီပေးမည့် အကြံပြုချက်အချို့ဖြစ်ပါသည် -

- ဒေါသထွက်နေသော ယာဉ်မောင်း၏လမ်းမှ ထွက်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားပါ။
- ကျော်တက်မည့်ယာဉ်ကြောကို ပိတ်မထားပါနှင့်။ တစ်စုံတစ်ဦးက ကျော်တက်ရန် တောင်းဆိုပါက ၎င်းတို့အား သွားခွင့်ပေးလိုက်ပါ။
- အရှိန်မြှင့်ခြင်းဖြင့် ဒေါသထွက်နေသော ယာဉ်မောင်းအား စိန်မခေါ်ပါနှင့်။ ယင်းသည် ယာဉ်မောင်းအား ဒေါသပိုထွက်စေရုံသာဖြစ်ပြီး သင့်အတွက် အန္တရာယ်ဖြစ်စေနိုင်ပါသည်။
- ရန်လိုနေသော ယာဉ်မောင်းနှင့် အကြည့်ချင်းဆုံခြင်း မဆုံပါစေနှင့်။
- လက်ဟန်ခြေဟန်များကို လျစ်လျူရှုပြီး ပြန်၍ အမူအရာနှင့်မတုံ့ပြန်ပါနှင့်။
- သင့်တွင် စဝီကာဖွင့်ပြောရန် ကိရိယာပါပြီး စိတ်ချလက်ချအသုံးပြုနိုင်မည်ဆိုလျှင် သို့မဟုတ် ခရီးသည်အား ဖုန်းဆက်ခိုင်း၍ရမည်ဆိုလျှင် ရဲ သို့မဟုတ် 911 သို့ဖုန်းဆက်ပါ။

ဒေါသထွက်နေသော ယာဉ်မောင်းသည် သင့်နောက်လိုက်လာပါက အိမ်သို့မပြန်ပါနှင့်။ ယင်းအစား ရဲစခန်း၊ စတိုးဆိုင် သို့မဟုတ် အကူအညီရနိုင်ပြီး မျက်မြင်သက်သေများရှိနိုင်မည့် အခြားနေရာတစ်ခုခုသို့ သွားပါ။

အရေးပေါ်အခြေအနေများအား ကိုင်တွယ်ဖြေရှင်းပုံ

> **သင် သိရှိခဲ့ပါသလား။**
>
> ယာဉ်တိုက်မှုပေါင်း 12,000 ကျော်ကို လေ့လာကြည့်ရာတွင် ယာဉ်မောင်း 37 ရာခိုင်နှုန်းသည် ယာဉ်တိုက်မှုကို ရှောင်ရှားရန် အရေးယူဆောင်ရွက်ခြင်းမရှိပါ။

သင်သည် ယာဉ်မောင်းအများစုကဲ့သို့ဖြစ်လျှင် သင်သည် အရေးပေါ်အခြေအနေတစ်ခု မဖြစ်ပွားမီတွင် အရေးပေါ်အခြေအနေတစ်ခုအတွင်း မည်သို့ပြုမူရမည်ကို လေ့ကျင့်နိုင်မည့် အခွင့်အရေးတစ်ခု ရရှိမည်မဟုတ်ပါ။ သို့သော်လည်း အချို့အရေးပေါ် မောင်းနှင်ရမည့်အခြေအနေများတွင် မည်သို့လုပ်ဆောင်ရမည်ကို သိရှိခြင်းသည် ကွဲပြားခြားနားအောင် လုပ်ဆောင်နိုင်လို့မ်မည်ဖြစ်သည်။ တစ်ခုခုလွဲချော်နေသည့်အခါ မှားယွင်းသော လုပ်ဆောင်ချက်ပြုခြင်း သို့မဟုတ် လုံးဝမလုပ်ဆောင်ခြင်းသည် ယာဉ်တိုက်မှုဖြစ်စေနိုင်သည့် အလားအလာကို ပိုတိုးစေပါသည်။

အရေးပေါ်အခြေအနေမှထွက်ရန် သင့်လမ်းကို ဦးတည်မောင်းနှင်ခြင်း

ယာဉ်တိုက်မှုတစ်ခုကို ရှောင်ရှားရန် ဘရိတ်အုပ်မည် သို့မဟုတ် ဦးတည်မောင်းနှင်မည်ဟု ရွေးချယ်ရသည့်အခါ အထူးသဖြင့် တစ်နာရီ 25 မိုင်အထက်ဖြစ်လျှင် ဘရိတ်အုပ်ခြင်းထက် အန္တရာယ်ကိုရှောင်ရန် ဦးတည်မောင်းနှင်ခြင်းက ပိုမိုကောင်းမွန်သည်။ အကြောင်းမှာ ရှောင်တိမ်းရန် တုံ့ပြန်ရသည့်အချိန်သည် ဘရိတ်အုပ်ရန် တုံ့ပြန်ရသည့်အချိန်ထက် ပိုမြန်သောကြောင့်ဖြစ်သည်။ သို့သော် သင်သည် အရေးပေါ်အခြေအနေတွင် သင့်ယာဉ်ကို ထိန်းချုပ်နိုင်ရန် ဦးတည်မောင်းနှင်မှုနှင့်ပတ်သက်၍ ကျွမ်းကျင်မှု အပြည့်အဝရှိရန်လိုအပ်သည်။

ယေဘုယျစည်းမျဉ်းအတစ်ခုမှာ သင်သည် စတီယာရင်ဘီးကို လက်နှစ်ဖက်ဖြင့် ကိုင်ထားသင့်သည်။ ယင်းမှာ အရေးပေါ်အခြေအနေများတွင် အထူးအရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ရှောင်တိမ်းရန်အတွက် စတီယာရင်ဘီးကို ဦးတည်ဘက် တစ် (1) ဖက်သို့ လျင်လျင်မြန်မြန်ဖြင့် အနည်းဆုံး တစ်ဝက်ခန့်လှည့်ရန်လိုအပ်ပြီး အရာဝတ္ထုကင်းရှင်းသွားသည်နှင့် ဆန့်ကျင်ဘက်ဦးတည်ဘက်သို့ တစ်ပတ်အပြည့်နီးပါး ဘီးကို ပြန်လှည့်ရန် လိုအပ်သောကြောင့်ဖြစ်သည်။ ထို့နောက်သင်သည် မူလသွားနေသည့် ဦးတည်ဘက်သို့ ဆက်သွားရန် အလယ်ထိန်းချုပ်မောင်းနှင်မှုသို့ ပြန်သွားရမည်။ ပိုမြင့်သော အမြန်နှုန်းများတွင် သင့်ယာဉ်ကို ဘယ်မှညာသို့ ရွှေ့လျားစေလိုပါက စတီယာရင် အားစိုက်မှုပိုလျှော့ရန်လိုသည်။

ညာဘက်တွင် ပြထားသည့်ပုံအတိုင်း စတီယာရင်ဘီးကို ကိုင်သည့်အကျင့်ပြုလုပ်ပါ။ သင်သည် စတီရာယင်ဘီးကို နာရီပိုင်ခွက်တစ်ခုကို ကိုင်သကဲ့သို့ စဉ်းစားမည်ဆိုပါက သင့်လက်များသည် 9 နာရီနှင့် 3 နာရီပုံစံတွင်ဖြစ်စေ၊ 8 နာရီနှင့် 4 နာရီပုံစံတွင်ဖြစ်စေ သင့်အတွက် သက်သောင့်သက်သာ အရှိဆုံးပုံစံဖြင့် ကိုင်သင့်သည်။ သင့်လက်မများကို ဘီးခွေတွင်းပိုင်းတွင် ဆုပ်ထားမည့်အစား ဘီးခွေ၏ မျက်နှာပြင်တစ်လျှောက်တွင် ထားသင့်သည်။

သင့်လက်များကို ဘီးပေါ်တွင် ဤအနေအထားဖြင့် ကိုင်ထားခြင်းအားဖြင့် -

- မထိန်းနိုင်ဘဲ လည်ထွက်သွားခြင်း သို့မဟုတ် လမ်းဘေးသို့ကျသွားခြင်းဖြစ်စေနိုင်သည့် အရေးပေါ်ထိန်းသိမ်းရမည့် အခြေအနေတစ်ခုတွင် သင်သည် လိုသည်ထက်ပို၍ အသုံးချမှုကို လျော့စေနိုင်ဖွယ်ရှိသည်။
- သင်သည် ယာဉ်တိုက်မှုဖြစ်ပြီး လေအိတ်များ ပေါက်ကွဲခြင်းဖြစ်လျှင်ပင် လေအိတ်များသည် သင့်လက်များကို မျက်နှာသို့ထိုးလိုက်သကဲ့သို့ ဖြစ်စေခြင်းများ လျော့စေနိုင်ဖွယ်ရှိသည်။
- ကြာရှည်မောင်းနှင်ရသော ခရီးများတွင် သင့်လက်များကို ပို၍သက်တောင့်သက်သာရှိစေပြီး ပင်ပန်းမှုနည်းစေမည်ဖြစ်သည်။

တစ်ဆယ် (10) နာရီ နှင့် နှစ် (2) နာရီ လက်အနေအထားသည် လက်ခံနိုင်သည်၊ သို့သော် သင့်လေအိတ်ပေါက်သွားပါက ထိခိုက်ဒဏ်ရာရရန် အန္တရာယ်ရှိသည်။ ကွေ့ရန်အတွက် စတီယာရင်ဘီးကို အသုံးပြုနိုင်မည့် နည်းနှစ် (2) နည်းရှိသည်။ လက်ပေါ်-လက်ထပ် သည့်နည်းလမ်းတွင် ယာဉ်မောင်းသည် ဆန့်ကျင်ဘက်အခြမ်းကို ကိုင်ရန်ဘီးခွေတစ်လျှောက် ကိုင်ထားပြီး ထိပ်မှနေ၍ ဘီးခွေကို ဆွဲချကာ လိုအပ်ပါက ထပ်မံပြုလုပ်ရမည်ဖြစ်သည်။ "တွန်း-ဆွဲ"သည့် နည်းလမ်းတွင် လက်တစ် (1) ဖက်သည် စတီယာရင်ဘီးကို တွန်းတင်ပြီး အခြားလက်တစ်ဖက်သည် အပေါ်မှနေ၍ အောက်သို့ဆွဲချကာ အကွေ့ပြီးသည်အထိ ထပ်ကာထပ်ကာ လုပ်ဆောင်ရမည်။

သင်သည် ယာဉ်တိုက်မှုကို မရှောင်နိုင်ပါက ဤသည်ကို မှတ်ထားပါ - ယာဉ်တိုက်မှုတစ်ခုတွင် ထိခိုက်ဒဏ်ရာမရအောင် ကာကွယ်နိုင်ခြင်းသည် ထိုင်ခုံခါးပတ်ကို စနစ်တကျပတ်ခြင်း၊ ခေါင်းအထိန်းကို စနစ်တကျချိန်ညှိထားခြင်း၊ သင့်ကားထဲတွင် လေအိတ်တစ်အိတ်ရှိခြင်းနှင့် လေအိတ်နှင့် အနည်းဆုံး တစ်ဆယ် (10) လက်မအကွာ အနေအထားတွင်ရှိခြင်း စသည်တို့ပေါ်တွင် မူတည်သည်။

သင်သည် ရုတ်တရက် ဘရိတ်အုပ်ရမည်ဆိုလျှင်

သင်သည် ဘရိတ်ကို အလျင်စလိုနင်းရန် လိုအပ်ပါက သင့်ယာဉ်တွင် ရှိသော ဘရိတ်စနစ်မှာ သမားရိုးကျ သို့မဟုတ် လော့ခ်မကျစေသည့်ဘရိတ်ခ်စနစ် (ABS) စနစ်ဖြစ်ကြောင်း သိရှိမှုနှင့် ၎င်းအသုံးပြုနည်း သိရှိမှုတို့အပေါ်တွင် မူတည်သည်။

- **ABS မပါ ပါက** ဘရိတ်ကို ထပ်ကာထပ်ကာ နင်းလိုက်လွှတ်လိုက် လုပ်ပါ။ ဘရိတ်ကို တော့နင်းခြင်းသည် သင့်ယာဉ်ကို နှေးသွားစေပြီး ဆက်လက်ထိန်းချုပ်ထားနိုင်စေသည်။ ဘရိတ်ကို ဆောင့်နင်းခြင်းသည် သင့်ဘီးများကို လော့ခ်ကျသွားစေနိုင်ပြီး ကားချော်မှုဖြစ်စေနိုင်သည်။
- **ABS ဖြစ်ပါက** ဘရိတ်ကို ဖိအားများများဖြင့် တစ်ဆက်တည်းပေးထားပါ - သင့်ကားချော်သွားမည်မဟုတ်ပါ။ **ခြေနင်းဘရိတ်ကို တော့မနင်းပါနှင့်။** စက်ပိုင်းဆိုင်ရာ ဆူညံသံများနှင့်/သို့မဟုတ် အနည်းငယ်ခုန်ခြင်းတို့ဖြစ်မှ သိရှိခြင်းမဖြစ်ပါစေနှင့်။

သင့်ကားတွင် မည်သည့်ဘရိတ်စနစ်အမျိုးအစားရှိသည်ကို သိရှိရန် ပိုင်ရှင်လက်စွဲစာအုပ်ကို ကြည့်သင့်သည်။ ၎င်းကို အရေးပေါ် အခြေအနေမတိုင်မီ ပြုလုပ်ပါ။ **အရေးပေါ် အခြေအနေများတွင် သင့်ဘရိတ်စနစ်ကို မည်သို့အသုံးပြုရ မည်ဖြစ်ကြောင်း သိရှိခြင်းသည် သင့်အသက်ကို ကယ်တင်နိုင်ပါသည်။**

သင့်ကားစတင် ဘီးချော်လာလျှင်

သင့်ဘီးသည် စိုစွတ်သော သို့မဟုတ် ရေခဲဖုံးနေသော လမ်းတစ်ခုပေါ်တွင် စတင်ဘီးချော်လာပါက သင်သွားလိုသည့် ဦးတည်ဘက်သို့ကြည့်၍ ဦးတည်မောင်းပါ။ သင့်ကား၏ နောက်ပိုင်းသည် ဘယ်ဘက်သို့ချော်နေပါက ဘီးကို ဘယ်ဘက်သို့ လှည့်ပါ။ သင့်ကား၏ နောက်ပိုင်းသည် ညာဘက်သို့ချော်နေပါက ဘီးကိုညာဘက်သို့ လှည့်ပါ။ သင်သည် ဘီးချော်ခြင်းကိုပြင်ရန် ထိန်းမောင်းနေစဉ်တွင် ဆန့်ကျင်ဘက်လားရာတွင် ဘီးချော်ခြင်းဖြစ်နိုင်သည်။ သို့သော် ဒုတိယမြောက် ဘီးချော်ခြင်းသည် ပထမအကြိမ် ဘီးချော်ခြင်းကဲ့သို့ ဆိုးမည်မဟုတ်ပါ။ ဒုတိယဘီးချော်ခြင်းကို သင့်ယာဉ်၏ နောက်ဘီးချော်နေသည့် လားရာအတိုင်း ထိန်းမောင်းခြင်းဖြင့် - အလားတူနည်းအတိုင်းတားရန် အသင့်ပြင်ထားပါ။ သင့်ယာဉ်အား အပြည့်အဝပြန်လည်မထိန်းချုပ်နိုင်မီ ဤ "အမှန်ပြင်ခြင်း" များမှ အနည်းငယ်ကို ပြုလုပ်နိုင်သည်။

ဘီးချော်နေပါက ဘရိတ်မသုံးပါနှင့်။ ဘရိတ်နင်းပါကဘီးချော်ခြင်း ပိုဆိုးလာနိုင်သည်။
သင့်ဘီးများလော့ခ်ကျခြင်းနှင့် စတီယာရင်ထိန်းမရခြင်းစသည့်
အန္တရာယ်များကြုံနိုင်သည်။

ရေလွှမ်းနေသော ယာဉ်လမ်းကြောများ

ရေလွှမ်းနေသော ယာဉ်လမ်းကြောများပေါ်တွင် ရေခြောက်(6)လက်မအောက်သာ ရှိသော အနေအထားတွင် နှုန်းနိမ့်ဖြင့် မောင်းနှင်သည့်တိုင်အောင် သင့်ယာဉ် သို့မဟုတ် ထရပ်ကားအား ထိန်းချုပ်မှုပျက်ယွင်းပြီး အချို့ယာဉ်ငယ်များ ရေပေါ်တွင် ပေါလောပေါ်နိုင်သည်။ နှစ်(2) ပေခန့်ရှိသည့် ရေသည် အားကစားသုံးယာဉ်များ (SUVs) များအပါအဝင် ယာဉ်အများစုကို မျောသွားစေနိုင်သည်။ ယာဉ်တစ်စီး ယာဉ်လမ်းကြောပေါ်တွင် ပေါလောပေါ်ပြီး ပိုနက်သော ရေထဲသို့ရောက်ရှိသွားပါက လိမ့်သွားပြီး ရေများပြည့်သွားကာ ယာဉ်မောင်းနှင့် ခရီးသည်များ ကားတွင်းပိတ်မိသွားစေနိုင်ပါသည်။ **လမ်းပေါ်တွင် စီးဆင်းနေသော ရေများရှိပါက အန္တရာယ် အကင်းဆုံးနည်းမှာ အခြားလမ်းကြောင်းတစ်ခုရှာရန် ဖြစ်သည်။**

မှတ်ရန်: အန္တရာယ်ရှိခဲသာ အခြေအနေများကြောင့် အဝေးပြေးလမ်း သို့မဟုတ် လမ်းမနှင့်နီးသော အမှတ်အသားများ သို့မဟုတ် ယာဉ်ထိန်းချုပ်ကိရိယာများကို ကွေ့မောင်းခြင်း သို့မဟုတ် ၎င်ဖြတ်မောင်းသွားခြင်းသည် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ ဥပဒေနှင့် ၎င်း၏ ပြစ်ဒဏ်များအကြောင်း ပိုမိုသိရှိလိုပါက အခန်း 5 ကိုကြည့်ပါ။

သင့်အရှိန်မြင့်ကိရိယာ ကပ်နေလျှင်

အရှိန်မြင့်ကိရိယာ(ဂက်စ်ခြေနင်းပြား) ကပ်နေပါက သင့်ယာဉ်သည် ပို၍ပို၍ မြန်မြန် ဆက်သွားနေမည်။

ဤသို့ဖြစ်လျှင် -

1. လမ်းမပေါ်ကို မပြတ်ကြည့်ပါ။ သင့်ခြေနင်းပြား ပုံမှန်နေရာသို့ ပြန်ခုန်ထွက်လာစေရန် ခြေနင်းပြားကို အနည်းငယ် ခေါက်ကြည့်ပါ သို့မဟုတ် သင့်ခြေမဖြင့် မနိုင်မည်လားဟု ကြည့်ပါ။ သို့သော် ခြေနင်းပြားကို ကွာသွားစေရန် သင့်လက်နှင့်ကြိုးစားကြည့်ဖို့အတွက် အောက်ငုံ၍မလုပ်ပါနှင့်။

2. ခြေနင်းပြားဆက်ပြီး ကပ်နေပါက ချက်ချင်း အသုံးမပြုသည့်အနေအထားသို့ ပြောင်းပြီး ဘရိတ်များကို အသုံးပြုပါ။ ယင်းသည် သင့်အင်ဂျင်ကို အမြန်လည်ပတ်စေမည်ဖြစ်သော်လည်း သင့်ဘီးများမှ ပါဝါကို ဖယ်ရှားပစ်မည်ဖြစ်သည်။

3. ထိန်းမောင်းရန် အာရုံစိုက်ပြီး စိတ်ချရသော အမြန်နှုန်းသို့ လျှော့ချပြီးပါက လမ်းဘေးသို့ချ၍ရပ်ပါ။ ကားရပ်ပြီး အင်ဂျင်သတ်ကာ အရေးပေါ်မီတာတုတ်မီးများ ဖွင့်ထားပါ။

မှတ်ချက် - သင်သည် အရှိန်လျှော့ပြီး လျင်မြန်စွာ ရပ်ဖို့လိုအပ်ပါက မီးပေးသည့်အပိုင်းကို "ပိတ်"ထားပါ။ သင့် စတီယာရင်အစွမ်း ဆုံးရှုံးသွားမည်ဖြစ်သောကြောင့် ၎င်းကို "လော့ခ်"ချခြင်း မလုပ်ပါနှင့်။ ထို့နောက် သင့်ဘရိတ်များကို အသုံးပြုပါ။ မီးပေးသည့်အပိုင်းကို ပိတ်ထားပါက ထိန်းမောင်းရန်နှင့် ဘရိတ်အုပ်ရန်အတွက် ပိုမိုအားထုတ်ရပါလိမ့်မည်။

သင့်ကား ဘရိတ်ပျက်သွားပါက

ကားအသစ်များရှိ ခွဲထားသော ဘရိတ်စနစ်သည် ဘရိတ်တစ်ခုလုံး ပျက်သွားနိုင်သည့် အလားအလာကို လျှော့ချပေးသည်။ သင့်ဘရိတ်စနစ် သတိပေးမီး လင်းလာပါက ဘီးလေး (4) ဘီးအနက်မှ နှစ် (2) ဘီး၊ ရှေ့ဘီး တစ် (1) ဘီးနှင့် နောက်ဘီး တစ် (1) ဘီး ရပ်သွားခြင်းဖြစ်နိုင်သည်။ ယင်းသည် သင့်အား လမ်းဘေးသို့ ချရပ်ရန် သို့မဟုတ် ကားပြင်မည့်နေရာသို့ သွားနိုင်ရန် ပြုလုပ်ပေးမည်ဖြစ်သည်။ ယာဉ်စတင်ပြီး မနေးလာခင် ထုံးစံထက်ပို၍ ဘရိတ်ပြားပို၍ အောက်သို့ဆင်းသွားသည်ကို ခံစားရပြီး ခြေနင်းပြားကို ပို၍အားစိုက်နင်းရန်လိုအပ်လာမည်ဖြစ်သည်။ သင်၏ ရပ်တန့်မည့် အကွာအဝေးပိုတိုးလာမည်ဖြစ်သောကြောင့် သင့်ကားဦးတည်ထားသည့်ဘက်ကို သတိထားရန်လိုသည်။ ဂီယာအနိမ့်သို့ပြောင်းထားခြင်းသည် သင့်အား အရှိန်လျှော့ရန် ကူညီပေးလိမ့်မည်။

သင့်တွင် သက်တမ်းကြာသော ကားတစ်စီးရှိပြီး ရုတ်တရက် ဘရိတ်စနစ်ပျက်သွားပါက သင်သည်

1. ဂီယာအနိမ့်သို့ ပြောင်းပြီး နေးနေးသွားပြီးမှ ရပ်နိုင်မည့်နေရာတစ်ခုရှာပါ။
2. ဘရိတ်ကို အကြိမ်ရေများစွာ မြန်မြန်တော့နင်းပါ။ ယင်းသည် ယာဉ်အားရပ်ရန် လုံလောက်သော ဘရိတ်ဖိအား ရလာစေတတ်သည်။
3. ဘရိတ်တော့နင်းခြင်းဖြင့် မရပါက ပါကင် (အရေးပေါ်) ဘရိတ်ကို အသုံးပြုပါ။ အနောက်ဘီးများ လော့ခ်ကျပြီး သင် စတင်ဘီးချော်လာပါက ပါကင်ဘရိတ်ကို လွှတ်နိုင်ရန် ဘရိတ်ကို ကိုင်ထားပါ။
4. သင်သွားနေသည့်နေရာကို မပြတ်အာရုံစိုက်ကြည့်နေပြီး လမ်းဘေးတွင်ရပ်ရန် စိတ်ချရသည့်နေရာတစ်ခုကို ရှာပါ။ ထိန်းမောင်းပြီးဝင်နိုင်မည့် နေရာလွတ်တစ်ခုကို ရှာပါ သို့မဟုတ် ကုန်းတက်လမ်းတစ်ခုအတွင်းသို့ ထိန်းမောင်းပါ။
5. ယာဉ်သည် မရပ်တန့်သေးဘဲ ယာဉ်တိုက်မှုဖြစ်နိုင်သည့် အွန္တရာယ်နှင့် ကြုံတွေ့နိုင်ချေရှိပါက နောက်ဆုံးအားကိုးရာအဖြစ် သင်၏ မီးပေးသည့်အပိုင်းကို "ပိတ်" ထားပါ။ ၎င်းကို "လော့ခ်" အနေအထားသို့ မပြောင်းပါနှင့်။ အဘယ်ကြောင့်ဆိုသော ၎င်းသည် သင်၏ ဦးတည်မောင်းနှင်စွမ်းကိုလည်း လော့ခ်ကျစေနိုင်သော ကြောင့်ဖြစ်သည်။ ထို့နောက် သင်၏ အနိမ့်ဆုံးဂီယာသို့ ပြောင်းပါ။ ယင်းသည် သင်၏ ဂီယာအုံကို ပျက်စီးစေနိုင်သောကြောင့် ယာဉ်တိုက်မှုဖြစ်ခြင်းမှ ကာကွယ်ရန် နောက်ဆုံးကြိုးပမ်းမှုဖြစ်မှသာ ပြုလုပ်ပါ။

သင့်ယာဉ်ကို ရပ်တန့်ပြီးနောက် အကူအညီတောင်းခံပါ။ မောင်းရန် မကြိုးစားပါနှင့်။

သင့်တာယာ ပေါက်သွားပါက

တစ်ခါတစ်ရံ တာယာမပေါက်ကွဲမီ ဇရာမဆူညံသံကြီးများကို စတင်ကြားရနိုင်သော်လည်း အများအားဖြင့်တာယာ မပေါက်ကွဲမီ ကြိုတင်၍ သိရှိလေ့မရှိပါ။ သင်၏ တာယာများကို အခြေအနေကောင်းအောင် ထိန်းသိမ်းပြီး စနစ်တကျလေသွင်းထားခြင်းဖြင့် ကာကွယ်နိုင်သည်။

ရှေ့တာယာပေါက်ကွဲပါက စတီယာရင်ဘီး တုန်ခါပြီး သင့်ယာဉ်သည် ရုတ်တရက် တစ်ဖက်သို့ဆွဲသွားကြောင်း ခံစားမိမည်ဖြစ်သည်။ နောက်ဘီးတာယာပေါက်သွားပါက ယာဉ်၏ ထောင့်တစ်ခု ရုတ်တရက်ပြုတ်ကျသွားပြီး သင့်ယာဉ်နောက်ပိုင်းသည် ရှေ့တိုးနောက်ငင်ဖြစ်နေကြောင်း ခံစားမိမည်ဖြစ်သည်။

သင့်တာယာများ ပေါက်ကွဲသွားပါက အောက်ပါအတိုင်းပြုလုပ်ပါ-

1. စတီယာရင်ဘီးခွေကို တင်းတင်းကြပ်ကြပ်ကိုင်ထားပါ။
2. ဘရိတ်မနင်းပါနှင့်။ တာယာပေါက်ပြီးနောက် ဘရိတ်နင်းခြင်းသည် သင့်အား ဘီးချော်ခြင်းဖြစ်စေနိုင်ပြီး သင့်ယာဉ်ထိန်းချုပ်မှုကို ပျက်စေနိုင်သည်။
3. သင့်ခြေထောက်ကို ဂက်စ်ခြေနင်းပြားမှ ဖြည်းညင်းစွာ လွှတ်ပါ။
4. သင်သွားလိုသည့်နေရာသို့ ထိန်းမောင်းပါ သို့သော် ညင်ညင်သာသာ မောင်းနှင်ပါ - ကြီးမားသော သို့မဟုတ် တုံ့ဆိုင်းဆိုင်းဖြစ်သော လုပ်ဆောင်ချက်များ မပြုလုပ်ပါနှင့်။

သင်သည် ပေါက်နေသော တာယာဖြင့် ကားရပ်ရန်နှင့် ဘီးလဲရန်အတွက် စိတ်ချရသော နေရာတစ်ခုသို့ ရောက်ရှိရန် လိုအပ်သည့်အကွာအဝေးသို့ ရောက်အောင်သွားနိုင်ပါသည်။ သင်သည် ဘရိတ်သုံးရန်လိုအပ်မည်ဆိုပါက ၎င်းတို့ကို ညင်သာစွာနှိပ်ပါ။ ယာဉ်ကို ရပ်ရန်အတွက် ဖြည်းညင်းစွာသွားပါစေ။ သင် တာယာမလဲမီ ၎င်းကိုလမ်းဘေးသို့ ချရပ်ထားကြောင်း သေချာပါစေ။

ပေါက်နေသော တာယာတစ်ခုကို မည်သို့လဲမည်နည်း

သင့်ယာဉ်တွင် တာယာလဲရန်လိုအပ်သည့် ကိရိယာများကို အမြဲသိမ်းထားပါ ဆိုလိုသည်မှာ တာယာအပို၊ ခွရှင်၊ ဂျိုက်၊ ဝက်အူ၊ ဓာတ်မီး၊ မီးတောက်နှင့် ရောင်ပြန်တြိဂံများ၊ ဘီးကြမ်းတုံးများ၊ ဘီးပေါက်ဖာသည့် ပစ္စည်းများ၊ လက်အိတ်များ အစရှိသဖြင့်။

တာယာလဲရန်အတွက် အခြေခံညွှန်ကြားချက်များ။ **မှတ်ချက် -** ဤလုပ်ငန်းစဉ်သည် ယာဉ်တစ်စီးနှင့် တစ်စီးကွာခြားနိုင်သောကြောင့် ယာဉ်ပိုင်ရှင်လက်စွဲစာအုပ်ကို ကိုးကားပါ။

1. ယာဉ်ကို ယာဉ်ကြောနှင့် ဝေးနိုင်သမျှဝေးသည့် ပြန့်ပြူးသော မျက်နှာပြင်ပေါ်တွင် ရပ်ထားပါ။
2. ပါကင်ဘရိတ်ကို အသုံးပြုပြီး ကျန်ကောင်းသော ရှေ့နှင့်နောက်တာယာ နှစ်ခုစလုံးတွင် အုတ်ခဲများ၊ သစ်သားတုံးများ သို့မဟုတ် ကြမ်းတုံးများဖြင့် ယာဉ်ကိုစိတ်ချရအောင် ထားပါ။
3. ယာဉ်တွင် ဘီးဖုံးတစ်ခု ရှိပါက ဝက်အူ သို့မဟုတ် ခွရှင်၏ ပြားနေသော အစွန်းကို အသုံးပြုပြီး ဂရုတစိုက်ခွာပါ။
4. ယာဉ်ကို မြေပေါ်တွင်ရှိနေစဉ် ယာဉ်၏ မူလီများနှင့်ကိုက်သည့် ခွရှင်ကို အသုံးပြုပြီး မူလီများကို ဖြုတ်ပါ။ ဤအဆင့်တွင် မူလီကို မူလီခေါင်းများမှ အပြီးတိုင်ဖယ်ပစ်ခြင်း မပြုပါနှင့်။
5. ယာဉ်၏ ဘေး သို့မဟုတ် ဆိုင်းထိန်းစနစ်အောက်မှ မာသောမြေပေါ်တွင် ဂျိုက်ကိုထားပြီး/သို့မဟုတ် ဂျိုက်ကို မှန်ကန်စွာ နေရာချရန် ယာဉ်ပိုင်ရှင်လက်စွဲစာအုပ်ကို ကိုးကားပါ။ တာယာသည် မြေပြင်မှ 6 လက်မခန့်အကွာသို့ မြင့်တက်သည်အထိ ယာဉ်ကိုမပါ။
6. မူလီများကို ဖယ်ပြီး ၎င်းတို့ကို စိတ်ချရသည့်နေရာတွင် (ကောင်းနေသေးသော ကားဘီးဖုံးအတွင်း) ထားပါ။ ပေါက်နေသော တာယာအား မူလီခေါင်းများမှညီညီညာညာ ကျွတ်ထွက်လာစေပြီး လက်နှစ်ဖက်ဖြင့်ကိုင်ကာ တည့်တည့်ဆွဲထုတ်ပါ။
7. ဘီး/တာယာအပိုကို ဘီးမူလီခေါင်းများတွင် တပ်ပြီး မူလီခေါင်းများအားလုံးကို လက်ဖြင့်တပ်ပါ။ မူလီများအားလုံးကို အံ့အတွင်းသို့ မှန်ကန်စွာရစ်သွင်းပြီးနောက် မူလီများကို ကျပ်ရန် ခွရှင်ကို အသုံးပြုနိုင်သည် - သို့သော် အနည်းဆုံးဖိအားကိုသာ အသုံးပြုပါ (ဤအချိန်တွင် မူလီများကို အပြည့်အဝ မရစ်ပါနှင့်)။
8. သင့်ယာဉ်ကို မြေပေါ်သို့ ဖြည်းညင်းစွာချပါ။ သို့သော် ဤအဆင့်တွင် ယာဉ်အောက်မှ ဂျိုက်ကို မဖယ်ပါနှင့်။
9. မှန်ကန်သော မူလီရစ်သည့် အစီအစဉ်နှင့် အသေးစိတ်အချက်အလက်များအတွက် ယာဉ်မောင်းနှင်သူလက်စွဲစာအုပ်ကို ကိုးကားပြီး ခွရှင်ကို အသုံးပြု၍ မူလီများကို ကျပ်ပါ။
10. ဂျိုက်၊ တာယာ/ဘီး၊ ကိရိယာများနှင့် လုံခြုံရေး ကိရိယာများကို ကားနောက်ဖုံးအတွင်း ထည့်ပါ။

ယာဉ်တွင် ဘီးဖုံးများ ရှိပါက ပိုင်ရှင်လက်စွဲစာအုပ်သည် တပ်ဆင်ရန်အတွက် ညွှန်ကြားချက်များ ပါရှိသင့်သည်။ ယာဉ်တွင် အလယ်ဖုံးရှိပါက အလယ်ဖုံးကို ဘီးထဲတွင်ထည့်ပြီး လက်ဖနောင့်သုံးပြီး ညီညီညာညာဖြစ်စေရန် ပုတ်ပြီးထည့်ပေးပါ။ ကားမမောင်းမီတွင် ဘီးဖုံး သို့မဟုတ် အလယ်ဖုံးကို မြဲမြဲမှုရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။

သင့်ယာဉ်သည် လမ်းမျက်နှာပြင်မှ လမ်းပခုံးပေါ်သို့ ဆွဲသွားပါက

လမ်းပခုံးသည် လမ်းမျက်နှာပြင်ထက်နိမ့်သည့် လမ်းမ၏ အစွန်းတစ်လျှောက် ထိုးစိုက်ဆင်းသွားသည်ကို ကြုံတွေ့ရပြီးနောက် စတီယာရင်ကို ပြန်လည်ထိန်းချုပ်နည်းကို မသိပါက ပြင်းထန်သော ယာဉ်တိုက်မှုဖြစ်စေနိုင်သည်။ သင်သည် လမ်းအစွန်းနှင့် နီးကပ်လွန်းစွာ မောင်းနှင်ပါက သို့မဟုတ် အကွေ့အကောက်တစ်ခုကို လျင်မြန်လွန်းစွာ ဖြတ်မောင်းပြီး သင့်ရှေ့တာယာသည် လမ်းပေါ် အရွတ်ဆွဲသွားစေပါက "ထိုးစိုက်ဆင်းကျသွားခြင်း" ဖြစ်နိုင်သည်။

"ထိုးစိုက်ဆင်းသွားခြင်းများသည်" အထူးသဖြင့် ကျေးလက်လမ်းများတွင် အဖြစ်များသည်။ ယင်းသည် လမ်းမျက်နှာပြင်များ ပြန်ပြင်ထားသောလမ်းများ၊ လမ်းပခုံးပေါ်တွင် ငေါထွက်နေသော အဆင့်တစ်ခုရှိပါကလည်း ဖြစ်နိုင်သည်။

"ထိုးစိုက်ဆင်းသွားခြင်း"သည် မည်သို့ပြန်လည်ကောင်းမွန်အောင် လုပ်ဆောင်ရမည်ကို မသိပါက လျင်မြန်စွာပင် အရေးပေါ်အခြေအနေဖြစ်လာနိုင်သည်။ မှတ်ထားရမည့် အရေးအကြီးဆုံးအချက်မှာ - အတင်းအကျပ် လမ်းကြောင်းယူခြင်း၊ ရုတ်တရက် ဘရိတ်အုပ်ခြင်းတို့ မလုပ်ပါနှင့်။ သင်သည် လမ်းမပေါ်သို့ပြန်ရောက်ရန် ဘီးကို အတင်းအကျပ်ကွေ့လျှင် ယာဉ်ကိုဘေးဘက်သို့ ဝေ့ယမ်းသွားစေပြီး လာနေသည့် ယာဉ်ကြောအတွင်းသို့ ဖြတ်ဝင်သွားစေနိုင်သည်။ သင်သည် လမ်းမျက်နှာပြင်ပေါ်တွင် ဘီးနှစ်(2)လုံးနှင့် လမ်းပခုံးသား အပျော့ပေါ်တွင် ဘီးနှစ်(2)လုံးရှိနေပြီး ဘရိတ်ကိုပြင်းစွာ အုပ်လိုက်ပါက ယာဉ်သည် ထိန်းချုပ်မှုပျက်ပြီး ဘီးချော်နိုင်သည်။

ဤသည်မှာ သင့်ကားသည် လမ်းမျက်နှာပြင်မှ အရှတ်ဆွဲသွားပါက ပြုလုပ်သင့်သည့်အချက်များဖြစ်သည်

1. သင့်ညာဘက်ရှိ ဘီးနှစ်လုံးသည် လမ်းမျက်နှာပြင်ပေါ်မှ ကျသွားပါက အရှိန်လျှော့ရန် ဂက်စ်ခြေနင်းပြားကို ဖြေလျှော့ပေးလိုက်ပါ။ **ဘရိတ်ကို ရှတ်တရက်မအုပ်ပါနှင့်။** သင်သည် လမ်းပခုံးပေါ်မှ အန္တရာယ်တစ်ခုကို ရှောင်ရှားရန် ဘရိတ်အုပ်ရမည်ဆိုပါက ဘီးများလေ့ာ်ကျခြင်းကို ရှောင်ရှားရန် ပုံမှန်ထိန်းချုပ်ထားသော ဘရိတ်ကိုအသုံးပြုပါ။
2. စတီယာရင်ဘီးခွေကို တင်းတင်းဆုပ်ပြီး လမ်းမပေါ်ရှိ ဘီးနှစ် (2) လုံးနှင့် ကျနေသော ဘီးနှစ် (2) လုံး (နိမ့်နေသော အစွန်းကို ခွလျက်ရှိသည့်) ရှိရာ ယာဉ်လမ်းကြောနှင့် အပြိုင်ထိန်းမောင်းပါ။ တာယာများကို လမ်းမျက်နှာပြင်အစွန်းအား မခြစ်မိစေရန် ထိန်းပါ။ စိတ်ငြိမ်ငြိမ်ထားပြီး စတီယာရင်ဘီးကို မြဲမြဲဆုပ်ကိုင်ထားပါ။ နူးညံ့သော သို့မဟုတ် စိုစွတ်သော လမ်းပခုံးသည် သင့်ကားကို ညာဘက်သို့ ဆွဲသွားမည်။ **လမ်းပေါ်သို့ ပြန်ရောက်ရန် ကြိုးစားလျက် အတင်းအကျပ် လမ်းကြောင်းမယူပါနှင့်။**
3. သင်သည် အလွန်ဖြည်းညင်းစွာသွားပြီး သင့်ယာဉ်ကို ထိန်းချုပ်နိုင်သည်အထိ တဖြည်းဖြည်းချင်း ဆက်လက်အရှိန်လျှော့သွားပါ - တစ်နာရီ 25 မိုင်အောက်နှင့် တစ်နာရီ 10 မိုင်အောက်ကပ်သွားပါက ပိုကောင်းပါသည်-
4. သင်ပြန်ဝင်မည့် ယာဉ်ကြောဆီ နောက်ပိုင်းမှ ချဉ်းကပ်လာသော ယာဉ်ကိုကြည့်ပါ။ ဘယ်ဘက်အကွေ့အချက်ပြမီးကိုဖွင့်ပါ။
5. ရှင်းပါက လမ်းမျက်နှာပြင်ပေါ်ရှိ ညာဘီးများကို ပြေလျော့စေရန် ဘယ်ဘက်သို့ ညင်သာစွာ ထိန်းမောင်းပေးပါ။ သင့်ဘီးများ လမ်းမပေါ်သို့ ပြန်ရောက်လာသည်ဟု ခံစားရသည်နှင့် တည့်တည့်သွားရန်အတွက် ညာဘက်သို့ ဖြည်းညင်းစွာ ထိန်းမောင်းပါ။
6. သင်သည် လမ်းမျက်နှာပြင်ပေါ်သို့ ဘေးကင်းကင်းဖြင့် ပြန်လည်ရောက်ရှိပြီး သင့်ယာဉ်ကို အပြည့်အဝထိန်းချုပ်နိုင်သည်နှင့် ယာဉ်ကြောစီးဆင်းမှုနှင့် ကိုက်ညီသည့် အရှိန်နှုန်းသို့ မြှင့်မောင်းပါ။

အခြားယာဉ်တစ်စင်းသည် သင့်ယာဉ်ကြောအတွင်း မျက်နှာချင်းဆိုင်မှ ချဉ်းကပ်လာပါက

ဦးစွာ အာရုံစိုက်မှုရစေရန် သင့်ကားဟွန်းကိုတီးပါ။ တစ်ဖက်ယာဉ်မောင်းက မရွှေ့ပေးပါက ဖြစ်နိုင်လျှင် ညာဘက်သို့ ရှောင်ထွက်ရန် ကြိုးစားပါ။ သင်သည် ဘယ်ဘက်သို့ ရှောင်ခဲ့ပါက တစ်ဖက်ယာဉ်မောင်းမှာ နောက်ဆုံးအနီးကပ်ချိန်တွင်မှ အမှန်ပြင်မောင်းခဲ့လျှင် ယာဉ်တိုက်မှုဖြစ်နိုင်သေးသည်ဖြစ်သည်။ ယာဉ်တိုက်မှုကို မရှောင်လွှဲနိုင်ပါက ဖြည်းဖြည်းမှန်မှန်ဖြင့် မြန်မြန်စွာ ဘရိတ်ခ်အုပ်ပါ။ သင်အရှိန်လျှော့လိုက်သည့် တစ်နာရီ တစ်မိုင်နှုန်းတိုင်းသည် ထိခိုက်မှုကို လျှော့ချနိုင်သည်။

အသုဘ ယာဉ်တန်းများ

သင်သည် လမ်းပေါ်တွင် အသုဘယာဉ်တန်းတစ်ခုကို တွေ့ပါက ထိုယာဉ်များကို လမ်းပေးရမည်။ ထိပ်ဆုံးမှယာဉ်သည် လမ်းဆုံကို ဖြတ်သွားသည်နှင့် ကျန်ယာဉ်တန်းသည် လမ်းဆုံကို ဆက်လက်ဖြတ်မောင်းသွားကာ အခြားယာဉ်ကြောသည် လမ်းပေးရမည်ဖြစ်သည်။ ယာဉ်တန်းအား ကျော်တက်စေပြီး အသုဘအတွင်း ရဲအရာရှိ သို့မဟုတ် အသုဘညွှန်ကြားသူ၏ ကိုယ်စားလှယ် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးမှ ညွှန်ကြားခြင်းမရှိပါက ထိုယာဉ်တန်းကို ဖြတ်ဝင်ခြင်းနှင့် ဖြတ်ထွက်ခြင်းများ မပြုလုပ်ပါနှင့်။

အသုဘယာဉ်တန်းရှိ ယာဉ်များအားလုံး ၎င်းတို့၏ ရှေ့မီးသီးကြီးများနှင့် အရေးပေါ် မှိတ်တုတ်မီးများကို ဖွင့်ထားကာ ယာဉ်တန်း၏ အစိတ်အပိုင်းဖြစ်ကြောင်း သတ်မှတ်ထားသည့် အလံ သို့မဟုတ် အခြားတံဆိပ်တစ်ခုခုကို တပ်ဆင်ထားရမည်။ အသုဘယာဉ်တန်းရှိ ယာဉ်များတွင် စီတန်းလှည့်လည်စဉ်အတွင်း ယာဉ်ပေါ်တွင် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော သို့မဟုတ် လည်နေသော ခရမ်းရောင်မီးတစ်ခုလည်း ရှိနိုင်သည်။

ခေါင်းဆောင်ယာဉ်မှ လမ်းဆုံတွင် မီးစိမ်းချိန်တွင် စတင်ဖြတ်သန်းခဲ့လျှင် အသုဘယာဉ်တန်းမှ ယာဉ်မောင်းများသည် မီးနီ သို့မဟုတ် ရပ်ရမည့် အမှတ်အသားကို ဖြတ်၍မောင်းနှင်နိုင်သည်။ ရပ်တန့်ရမည့် အမှတ်အသားတွင် ခေါင်းဆောင်ယာဉ်သည် လမ်းဆုံကို မဖြတ်မီ ဦးစွာ လုံးဝရပ်တန့်ရန်လိုအပ်သည်။ အသုဘယာဉ်တန်းသည် အရေးပေါ်ယာဉ်များကို လမ်းပေးရမည်။

အခန်း 3 သုံးသပ်ချက် မေးခွန်းများ

1. ဆယ်ကျော်သက်ယာဉ်မောင်းများသည် ယာဉ်တိုက်မှုတွင် ပိုမိုပါဝင်ပတ်သက်နိုင်သည့်အချိန်မှာ -

A. ၎င်းတို့၏ အိမ်မှေးတိရစ္ဆာန်များကို တင်ဆောင်မောင်းနှင်လာသည့်အခါ
B. လူကြီးများကို တင်ဆောင်မောင်းနှင်လာသည့်အခါ
C. ဆယ်ကျော်သက်များကို တင်ဆောင်မောင်းနှင်လာသည့်အခါ
D. ခရီးသည်တစ်ဦးမှမပါဘဲ တင်ဆောင်မောင်းနှင်လာသည့်အခါ

2. မောင်းနှင်နေစဉ် စားသောက်နေသော ယာဉ်မောင်းများသည်

A. မောင်းနှင်စဉ်အမှားများ မရှိပါ
B. နေးနေးမောင်းနှင်ရာတွင် ပြဿနာရှိသည်
C. ၎င်းတို့သည် ဗိုက်မဆာသည့်အတွက် ပိုကောင်းသောယာဉ်မောင်းများဖြစ်သည်
D. ၎င်းတို့၏ယာဉ်ကို ထိန်းချုပ်ရာတွင် အခက်အခဲရှိသည်

3. မောင်းနှင်နေစဉ် ဆေးလိပ်သောက်ရန် ပြင်ဆင်ပြီး ဆေးလိပ်သောက်ခြင်းသည်

A. ယာဉ်မောင်းစွမ်းရည်ကို မထိခိုက်စေပါ
B. ယာဉ်မောင်းများ၏ နိုးကြားမှုကို ထိန်းရန်ကူညီရာရောက်သည်
C. အာရုံပျံ့လွင့်စေသည့် လှုပ်ရှားဆောင်ရွက်မှုများဖြစ်သည်
D. အာရုံပျံ့လွင့်စေသည့် လှုပ်ရှားဆောင်ရွက်မှုများမဟုတ်ပါ

4. ပင်ဆယ်ဖေးနီးယားပြည်နယ်ရှိ အသက် 16 နှစ်အရွယ်ယာဉ်မောင်းများအတွက် အဓိကအဖြစ်အများဆုံး ယာဉ်တိုက်မှုမှာ -

A. ကားတစ်စီးတည်း/ လမ်းပေါ်မှဘေးသို့ချော်ထွက်ခြင်း
B. ပြည်နယ်ချင်းဆက်လမ်းတစ်ခုပေါ်တွင် ဘေးမှဝင်တိုက်ခံရခြင်း
C. ဘေးလမ်းတစ်ခုပေါ်တွင် ပြောင်းပြန်မောင်းနှင်ခြင်း
D. အဝေးပြေးလမ်းမတစ်ခု၏ လမ်းပခုံးပေါ်တွင် မောင်းနှင်ခြင်း

5. စက်ဘီးမောင်းနှင်သူတစ်ဦးကို ကျော်တက်သည့်အခါ သင်သည် -

A. စက်ဘီးမောင်းနှင်သူကို သတိပေးရန် ဟွန်းကို ကျယ်လောင်စွာတီးပါ
B. ဘယ်ဘက်သို့ တတ်နိုင်သမျှရွှေ့ပါ
C. အလယ်ယာဉ်ကြောတွင် ဆက်နေပါ
D. သင်၏ လေးဘက်မြင် မှိတ်တုတ်မီးကို ဖွင့်ပါ

6. သင်သည်ကလေးများ ကစားနေသည့် ဧရိယာတစ်ခုကို ဖြတ်မောင်းသည့်အခါ ၎င်းတို့နှင့်ပတ်သက်ပြီး သင်မျှော်လင့်ထားသင့်သည်မှာ -

A. အွန်ရာယ်ကင်းကင်း ဖြတ်သွားနိုင်မည့်အချိန်ကို သိသည်
B. လမ်းမဖြတ်ကူးမီ လမ်းအထိန်းပေါ်တွင် ရပ်မည်
C. ဘေးကိုမကြည့်ဘဲ သင့်ကားရှေ့သို့မြန်ထွက်လာတတ်သည်
D. လူကြီးတစ်ဦးမပါဘဲ လမ်းဖြတ်ကူးမည်မဟုတ်

7. သင်သည် မော်တော်ဆိုင်ကယ်တစ်စီး၏နောက်တွင် မောင်းနှင်လာပါက သင်သည်-

A. မော်တော်ဆိုင်ကယ်ကို ယာဉ်ကြောအပြည့်သုံးခွင့်ပေးရမည်
B. မော်တော်ဆိုင်ကယ်ဘေး လမ်းပခုံးပေါ်မှ မောင်းရမည်
C. မော်တော်ဆိုင်ကယ်ကို ယာဉ်ကြောတစ်ဝက်သာ ပေးမောင်းရမည်
D. မော်တော်ဆိုင်ကယ်မောင်းနှင်နေသော ယာဉ်ကြောအတွင်း ကျော်တက်မည်

8. မော်တော်ဆိုင်ကယ်တစ်စီးနောက်မှ မောင်းနှင်လာပါက-

A. နောက်မှလိုက်သည့် အကွာအဝေးကို အနည်းဆုံး ကား 2 စီးစာခန့်ထားပါ
B. နောက်မှလိုက်သည့် အကွာအဝေးကို အနည်းဆုံး 2 စက္ကန့်ခန့်ထားပါ
C. နောက်မှလိုက်သည့် အကွာအဝေးကို အနည်းဆုံး 4 စက္ကန့်ခန့်ထားပါ
D. နောက်မှလိုက်သည့် အကွာအဝေးကို အနည်းဆုံး ကား 4 စီးစာခန့်ထားပါ

9. အဖြူရောင်တုတ်ကိုင်ထားသည့် ခြေကျင်လျှောက်သွားသူတစ်ဦးအနီး ဖြတ်မောင်းပါက အထူးသတိထားရန်လိုအပ်သည့်အကြောင်းရင်းမှာ-

A. ၎င်းတို့သည် နားမကြားခြင်းကြောင့်ဖြစ်သည်
B. ၎င်းတို့သည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိသောကြောင့်ဖြစ်သည်
C. ၎င်းတို့သည် မျက်စိမမြင်သောကြောင့်ဖြစ်သည်
D. ၎င်းတို့တွင် လမ်းလျှောက်ခြင်းပြဿနာရှိသောကြောင့်ဖြစ်သည်

10. အဖြူရောင်တုတ်ကိုင်ထားသော သို့မဟုတ် လမ်းပြခွေးတစ်ကောင် အသုံးပြုသည့် မျက်မမြင်ခြေကျင်သွားလာသူတစ်ဦးအနီးမှ ဖြတ်မောင်းလျှင် သင်သည် -

A. အရှိန်လျှော့ပြီး ရပ်ရန်ပြင်ထားပါ
B. လမ်းရိုင်ခွင့်ယူပါ
C. ပုံမှန်အတိုင်း ဆက်သွားပါ
D. ဝေးရာသို့ မြန်မြန်မောင်းသွားပါ

11. ဝီးလ်ချိုင့်မရှိသော လမ်းဆုံတွင် ကွေ့နေသော ယာဉ်မောင်းနှင့် ခြေကျင်ဖြတ်ကူးသူကြားတွင် မည်သူက လမ်းပေးရမည်နည်း။

A. နောက်ဆုံးမှ စတင်သူ
B. ယာဉ်မောင်း
C. ပို၍နေးသောသူ
D. ခြေကျင်ဖြတ်ကူးသူ

12. ယာဉ်၏ နောက်ပိုင်းရှိ လိမ္မော်ရောင် တြိဂံက ပြသနေသည်မှာ ထိုယာဉ်သည် -

A. ရေဒီယိုသတ္တိကြွပစ္စည်းများ သယ်ဆောင်လာသည်
B. ကျယ်သော အကွေ့များကွေ့သည်
C. ပုံမှန်ယာဉ်ကြောထက် ပိုနေးသော အမြန်နှုန်းဖြင့်သွားသည်
D. မကြာခဏ ရပ်တတ်သည်

13. ညဘက်တွင် မြင်ရန်အခက်ခဲဆုံးမှာ -

A. လမ်းအမှတ်အသားများ
B. ခြေကျင်လျှောက်သူများ
C. အခြားမော်တော်ယာဉ်မောင်းနှင်သူများ
D. လမ်းဝီးများ

14. သင့်နောက်ရှိ ထရပ်ကားမောင်းသူသည် သင့်ယာဉ်အားကျော်တက်လိုသည့်အခါ သင့်အမြန်နှုန်းကို -

A. ပုံမှန်အတိုင်းဆက်ထားပါ သို့မဟုတ် လျှော့ချပါ
B. ယာဉ်ကြောပြောင်းပါ
C. ပြောင်းလဲပါ
D. တိုးပါ

15. ထရပ်ကားတစ်စီးနှင့် လမ်းမျှဝေသုံးသည်အခါ အရေးတကြီး မှတ်ထားရမည်မှာ ထရပ်ကားများသည် ယေဘုယျအားဖြင့် -

A. ကားများထက် ရပ်ရန် အကွာအဝေးပိုရှည်သည်
B. ကုန်းဆင်းနေရာတွင် ကားများထက် ဖြတ်သွားရန် အချိန်ပိုနည်းသည်
C. ကားများထက် အကွေ့အချင်းဝက်ပိုနည်းသည်
D. အတက်တွင် ကားများထက် ကျော်တက်ရန် အချိန်ပိုနည်းသည်

16. သင်သည် သံလမ်းတစ်ခုထက်ပိုသော ဝီးရထားလမ်းဆုံတစ်ခုကို ဖြတ်သွားပါက -

A. သံလမ်းနှစ်ဖက်စလုံး၏ မြင်ကွင်းရှင်းသည်အထိ စောင့်ပါ
B. ရထားသံလမ်းပေါ်တွင် ရပ်ပြီး နောက်ရထားတစ်စီးလာမလာ ကြည့်ပါ
C. ရထားဖြတ်သွားပြီးသည်နှင့် တတ်နိုင်သမျှ မြန်မြန် ဖြတ်သွားပါ
D. ရထားသံလမ်းတစ်ကြောင်းရှင်းသည်နှင့် ဖြတ်သွားပါ

17. သင်သည် လမ်းဆုံတစ်ခုတွင် ညာမကွေ့မီ ဘယ်ဘက်သို့ ယိမ်းနေသော ထရပ်ကားတစ်စီးနောက်မှ လိုက်လာနေသည်ဆိုပါက ပြုလုပ်ရန် အလွန်အန္တရာယ်များကြောင်း မှတ်သားထားသင့်သည်မှာ -

A. ညာကွေ့ရန်အတွက် ထရပ်ကားနှင့် လမ်းအထိန်းကြား တိုးဝင်ရန် ကြိုးစားခြင်း
B. ထရပ်ကား အပြည့်ကျွေးပြီးသည်အထိ သင့်ဘရိတန်များကို သုံးခြင်း
C. နောက်မှလိုက်သည့် "4 -စက္ကန့်"စည်းမျဉ်းကို ချိုးဖောက်ခြင်း
D. ထရပ်ကားမောင်းသူအား ဟွန်းတီးခြင်း

18. မီးနီမှိတ်တုတ်ပြနေပြီး ရပ်တန့်လက်တံများထွက်နေသည့် ကျောင်းကားတစ်စီးအတွက် သင်ရပ်တန့်ရန်မလိုသည့် တစ်ခုတည်းသော အချိန်မှာ -

A. ခွဲထားသည့် အဝေးပြေးလမ်းမတစ်ခု၏ ဆန့်ကျင်ဘက်အခြမ်းတွင် မောင်းနှင်နေခြင်း
B. ကျောင်းကား၏ နောက်တွင်ရှိခြင်း
C. ကလေးများ ရှိနေသည်ကို မတွေ့ရခြင်း
D. ဘယ်ဘက်မှ ဘေးကင်းစွာ ကျော်တက်သွားနိုင်ပါသည်

19. ကျောင်းကားတစ်စီးသည် မီးများ မှိတ်တုတ်မှိတ်တုတ်ပြနေပြီး ရပ်တန့်လက်တံများ ထွက်နေပါက သင်သည်-

A. ကျောင်းကားနှင့် အနည်းဆုံး 10 ပေအကွာတွင် ရပ်ပါ
B. ကလေးများ ကျောင်းကားမှ ထွက်ခွာသွားလျှင် ဖြတ်မောင်းပါ
C. ကျောင်းကားသည် အတားတစ်ခု၏ ဆန့်ကျင်ဘက်ခြမ်းတွင်ရှိလျှင် ရပ်ပါ
D. ကျောင်းကားဘေးမှ ဖြည်းညင်းစွာ မောင်းသွားပါ

20. ရထားတစ်စီးဖြတ်သွားသည့်အခါ သင်သည် -

A. လာနေသည့် ရထားရှိမရှိ စစ်ပြီး သတိဖြင့်ဆက်သွားပါ
B. မီးစိမ်းသည်ကို စောင့်ပါ
C. သံလမ်းများကို ဖြတ်၍ဆက်မောင်းသွားပါ
D. ဟွန်းတီးပြီး ဆက်မောင်းသွားပါ

21. အခြားယာဉ်မောင်းတစ်ဦး မျှော်လင့်မထားချိန်တွင် သင်သည် အရှိန်လျှော့ရန် သို့မဟုတ် ရပ်တန့်ရန် လိုအပ်ပါက သင်သည်-

A. သင့်ဘရိတ်နင်းပြားကို အကြိမ်အနည်းငယ်ခန့် မြန်မြန်ပုတ်ပေးပါ
B. သင်၏ အရေးပေါ်ဘရိတ်ခ်ကို အသုံးပြုပါ
C. သင်၏ မျက်ကွယ်နေရာရှိ ယာဉ်ကြောအတွက် လမ်းပခုံးပေါ်ကို ကျော်ကြည့်ပါ
D. သင့်ဟွန်းတီးရန် အသင့်ပြင်ထားပါ

22. သင်သည် ကွေ့ရန်အတွက် အပြိုင်ဖြစ်နေလျှင် သင့်အကွေ့အချက်ပြမီးကို ဖွင့်သင့်သည် -

A. သင့်နောက်မှ လိုက်လာသော အခြားယာဉ်မောင်းများရှိမှသာ
B. သင့်ရှေ့ရှိကားသည် လမ်းဆုံသို့ ရောက်သည့်အခါ
C. သင်သည် လမ်းဆုံမရောက်မီ 3 စက္ကန့်မှ 4 စက္ကန့်အလိုတွင်
D. လမ်းဆုံသို့မရောက်မီ ကား 2 စီးစာအလိုတွင်

23. အခြားယာဉ်တစ်စီးကို ဖြတ်မမောင်းမီ သင်သည် -

A. ယာဉ်မောင်းအား အချက်ပေးရန် သင့်ရှေ့မီးသီးကြီးများကို မှိတ်တုတ်မှိတ်တုတ်ပြပါ
B. ယာဉ်မောင်းကို သတိပေးရန် သင်၏ ဂေးဘက်မြင်မှိတ်တုတ်မီးကို ဖွင့်ပါ
C. သင် ယာဉ်ကြောပြောင်းမည်ကို ပြရန်မှန်ကန်သော အကွေ့အချက်ပြမီးကို ဖွင့်ပါ
D. ယာဉ်မောင်းများ အာရုံစိုက်စေရန် သင့်ဟွန်းကို တီးပါ

24. သင့်မျက်ကွယ်နေရာသည် လမ်းမပေါ်ရှိ နေရာဖြစ်သည်-

A. သင့်ခေါင်းကို မလှည့်ဘဲမမြင်နိုင်သော နေရာ
B. သင့်ယာဉ်၏နောက်တည့်တည့်တွင် ရှိနေသောနေရာ
C. သင့်နောက်ကြည့်မှန်တွင် မြင်ရသည့်နေရာ
D. သင့်ဘက်ကြည့်မှန်တွင် မြင်ရသည့်နေရာ

25. **အခြားယာဉ်တစ်စီးကို မကျော်တက်မီ သင်အချက်ပြသင့်သည့်အချိန်မှာ-**
A. ယာဉ်ကြောမပြောင်းမီလေးတွင်
B. မည်သည့်အချိန်တွင်မဆို
C. ယာဉ်ကြောပြောင်းလဲပြီးနောက်
D. အခြားသူများ သင့်အစီအစဉ်များကို သိရှိစေမည့် လုံလောက်သည့်အချိန်တွင်

26. **ယာဉ်ကြောများစွာပါသော အဝေးပြေးလမ်းမပေါ်တွင် ယာဉ်ကြောမပြောင်းမီ သင်သည် -**
A. ဟွန်းတီးပါ
B. ရှေ့မီးသီးကြီးဖွင့်ပါ
C. အရှိန်လျှော့ပါ
D. သင့်မှန်များနှင့် မျက်ကွယ်နေရာများကို စစ်ဆေးပါ

27. **သင်သည် ယာဉ်လမ်းကြောတစ်ခုပေါ်တွင် ရပ်နားမည်ဆိုလျှင် သင်သည် -**
A. သင်၏ လေးဘက်မြင် မှိတ်တုတ်မီးများကို အသုံးပြုပါ
B. ထောင့်တစ်ခုတွင် ရပ်ပါ
C. သင့်အချက်ပြမီးကို ဖွင့်ပါ
D. သင့်မီးများကို ဖွင့်ပါ

28. **သင်သည် တန်းစီနေသည့် ယာဉ်ကြောအတွင်းသို့ မဝင်မီ သင်သည်-**
A. ရှေ့ဆက်သွားရန် ရှင်းလင်းမှုရှိမရှိကြည့်ရန် သင့်မှန်များကိုသာ အားကိုးပါ
B. သင့်မီးကို မှိတ်တုတ်မှိတ်တုတ်လုပ်ပြပါ
C. ရှေ့ဆက်သွားရန် ရှင်းလင်းမှုရှိမရှိကြည့်ရန် သင့်တံခါးကို ဖွင့်ပါ
D. သင့်ခေါင်းကိုလှည့်ပြီး အနောက်ဘက် ပြတင်းပေါက်မှ ကြည့်ပါ

29. **ယာဉ်တိုက်မှုများကို ရှောင်ရှားရန် သင်သည် -**
A. လမ်းပေါ်ရှိ အခြားယာဉ်မောင်းများနှင့် ဆက်သွယ်ပါ
B. လမ်းပေါ်ရှိ အခြားယာဉ်မောင်းများကို လျစ်လျူရှုထားပါ
C. ဘေးလမ်းနှင့် အနောက်ဘက်လမ်းများမှ မောင်းပါ
D. ယာဉ်အသွားအလာများသည့် အချိန်များကို ရှောင်ရှားမောင်းပါ

30. **ယာဉ်မောင်းသည် -**

A. အရှိန်လျှော့နေသည် သို့မဟုတ် ရပ်တော့မည်
B. ဘယ်ကွေ့ကွေ့မည်
C. ညာကွေ့ကွေ့မည်
D. တံခါးများကို ဖွင့်မည်

31. **သင်သည် အကွေ့အချက်ပြမီး ပျက်နေပါက သင်ကွေ့မည့်အကြောင်းကို _____ ပြရန် အသုံးပြုသင့်သည်မှာ**
A. သင့်ကားဟွန်း
B. ကားရှေ့မီးသီးများ
C. လက်အချက်ပြခြင်းများ
D. အရေးပေါ် မှိတ်တုတ်မီးများ

32. **သုံးရန်အကန့်အသတ်ရှိသော အဝေးပြေးလမ်းမကြီးတစ်ခုပေါ်တွင် သင်သည် တစ်နာရီ မိုင် 40 အောက် မောင်းနှင်နေပါက သင်သည် -**
A. လမ်းပခုံးပေါ်တွင် မောင်းရမည်
B. သင်၏ အမြင့်မီးများကို အသုံးပြုရမည်
C. အခြားသူများကို သတိပေးရန် သင့်ဟွန်းကို တီးရမည်
D. သင်၏ လေးဘက်မြင်မှိတ်တုတ်မီးကို အသုံးပြုရမည်

33. **သင် ဟွန်းအသုံးပြုသင့်သည့်အချိန်မှာ -**
A. လမ်းဆုံတစ်ခုကို ဖြတ်မောင်းလျှင်
B. စက်ဘီးစီးနင်းသူတစ်ဦးအား ကျော်တက်လျှင်
C. လမ်းထဲမှာ ပြေးထွက်လာမည့် ကလေးတစ်ဦးကို မြင်လျှင်
D. အပြိုင် ပါကင်ထိုးမည်ဆိုလျှင်

34. **သင်သည် အခြားယာဉ်များအား _____ပေအကွာအဝေး မြင်ရခြင်းမရှိလျှင် သင့်ကားရှေ့မီးသီးကြီးကို အသုံးပြုရမည်**
A. 1000
B. 1500
C. 1800
D. 1200

35. **အမြင့်အဝေးထွန်းမီးများ ထွန်းထားသည့် ယာဉ်တစ်စီး သင့်ထံလာနေပါက သင်သည် -**
A. သင်၏ အမြင့်အဝေးထွန်းမီးများကို ဖွင့်ရမည်
B. သင်၏ ကားရှေ့မီးသီးကြီးများကို ပိတ်ရမည်
C. ဟွန်းတီးပါ
D. သင်၏ အမြင့်အဝေးထွန်းမီးများကို မှိတ်တုတ်မှိတ်တုတ်ပြရမည်

36. **အမြင့်အဝေးထွန်းမီးများ ထွန်းထားသည့် ယာဉ်တစ်စီး သင့်ထံလာနေပါက သင်သည် လမ်း၏ _____ ဘက်သို့ ကြည့်သင့်သည်။**
A. တစ်ဖက်ဖက်သို့
B. အလယ်
C. ညာဘက်
D. ဘယ်ဘက်

37. **သင်သည် ဟွန်းတီးရသည့်အချိန်မှာ -**
A. လျင်မြန်စွာ ရပ်တန့်ရမည်ဆိုပါက
B. အခြားကားတစ်စီးကို ကျော်တက်မည်ဆိုပါက
C. သင့်ကားအား မထိန်းချုပ်နိုင်သည့်အခါ
D. စက်ဘီးစီးနင်းသူတစ်ဦးအား ကျော်တက်လျှင်

38. **သင့်ဘရိတ်မီးသည် အခြားယာဉ်မောင်းများအား ပြောပြသည်မှာ -**
A. သင်ကွေ့တော့မည်
B. သင်၏ အရေးပေါ် ဘရိတ်ဖွင့်မည်
C. သင်ယာဉ်ကြောပြောင်းမည်
D. သင်အရှိန်လျှော့မည် သို့မဟုတ် ရပ်တန့်မည်

39. **မကွေ့မီ သင်သည် -**
A. သင်၏ အချက်ပြမီးကို အသုံးပြုပါ
B. ဘီးများကို လှည့်ပါ
C. သင့်အမြန်နှုန်းကို တိုးပါ
D. ယာဉ်ကြောပြောင်းလဲပါ

40. **ယာဉ်မောင်းသည် -**
A. ဘယ်ကွေ့ကွေ့မည်
B. ဖြည်းညင်းစွာသွားနေသည်
C. ရပ်တော့မည်
D. ညာကွေ့ကွေ့မည်

41. **ယာဉ်မောင်းသည် -**
A. ဘယ်ကွေ့ကွေ့မည်
B. ရပ်တော့မည်
C. ဖြည်းညင်းစွာသွားနေသည်
D. ညာကွေ့ကွေ့မည်

42. **အခြားကားတစ်စီးသည် သင့်အား တိုက်မိမည် အန္တရာယ်ရှိနေပါက သင်သည် -**
A. ဟွန်းတီးပါ
B. လက်များကို ဝှေ့ယမ်းပြပါ
C. သင်၏ အရေးပေါ် မီးများကို အသုံးပြုပါ
D. ကားရှေ့မီးသီးများကို မှိတ်တုတ်မှိတ်တုတ်လုပ်ပြပါ

43. **သင်ကားမောင်းနေစဉ် ပင်ပန်းလာသည်ဟု စတင်ခံစားရပါက သင်အကောင်းဆုံးလုပ်သင့်သည်မှာ -**

A. ကော်ဖီတစ်ခွက်သောက်လိုက်ပါ
B. ပြတင်းပေါက်ဖွင့်လိုက်ပါ
C. ကားမောင်းခြင်းကို ရပ်လိုက်ပါ
D. ရေဒီယို ဖွင့်လိုက်ပါ

44. **အိပ်ရေးပျက်ခြင်းကြောင့် သင်၏ ဘေးကင်းစွာ မောင်းနှင်နိုင်စွမ်းအပေါ် သက်ရောက်မှုနှင့် အလားတူသည်မှာ -**

A. အရက်သောက်ပြီး မောင်းနှင်သည့်သက်ရောက်မှု
B. အမ်ဖတမင်း သောက်ပြီးမောင်းနှင်သည့် သက်ရောက်မှု
C. ဒေါသဖြင့်မောင်းနှင်သည့် သက်ရောက်မှု
D. ဆယ်ကျော်သက်များနှင့်အတူ မောင်းနှင်သည့် သက်ရောက်မှု

45. **ဆယ်ကျော်သက်များ အိပ်ပိုက်ပြီး မောင်းနှင်ခြင်းကြောင့်ဖြစ်သည့် ယာဉ်တိုက်မှုများကို ရှောင်ရှားရန် ညတိုင်းအနည်းဆုံး _____ အိပ်စက်သင့်သည်မှာ**

A. 7 နာရီ
B. 6 နာရီ
C. 8 နာရီ
D. 9 နာရီ

46. **အခြားယာဉ်မောင်းတစ်ဦးသည် ယာဉ်ကြောအတွင်းသို့ ဖြတ်ဝင်လာပါက သင်ပြုလုပ်သင့်သည်မှာ -**

A. ထိုယာဉ်မောင်းဘေးတွင် ရပ်ပြီး ၎င်းအား အော်လိုက်ပါ
B. တစ်ဖက်ယာဉ်မောင်းကို လျစ်လျူရှုလိုက်ပါ
C. ယာဉ်မောင်းအား သင်၏ အမြင့်အဝေးထွန်းမီးအား မှိတ်တုတ်မှိတ်တုတ်လုပ်ပြပါ
D. တစ်ဖက်ယာဉ်မောင်းအား ဖြတ်ဝင်ခြင်းဖြင့် လက်စားပြန်ချေပါ

47. **တစ်စုံတစ်ယောက်သည် သင့်နောက်တွင် ဒေါသတကြီးမောင်းနှင်နေသည်ဆိုပါက သင်သည် -**

A. ဒေါသဖြစ်နေသည့် ယာဉ်မောင်း၏ လမ်းအတွင်းမှ ထွက်ရန် ကြိုးစားပါ
B. ၎င်းတို့ သင့်အားကျော်တက်သွားချိန်တွင် ထိုယာဉ်မောင်းအား စိုက်ကြည့်ပါ
C. ၎င်းတို့ သင့်အားကျော်တက်သွားချိန်တွင် အရှိန်မြှင့်မောင်းပါ
D. ကျော်တက်မည့်ယာဉ်ကြောအား ပိတ်ထားပါ

48. **ပုံမှန်လူတစ်ဦးအတွက် တစ်ခွက်စာအတွင်းရှိ အယ်ကိုဟောကို စီမံရန် ခန္ဓာကိုယ်သည် မိနစ်မည်မျှလိုအပ်မည်နည်း။**

A. 15
B. 60
C. 90
D. 30

49. **သင်၏ အာရုံစူးစိုက်နိုင်မှု ထင်မြင်ချက်၊ ဝေဖန်သုံးသပ်နိုင်စွမ်းနှင့် မှတ်မိနိုင်စွမ်းများကို _____ အကန့်အသတ်ရှိစေသည်။**

A. တရားဝင်အကန့်အသတ်ထက်ပိုများသည့် သွေးတွင်းအယ်ကိုဟော ပမာဏသည်သာ
B. အယ်ကိုဟောသည် အကန့်အသတ်မရှိစေပါ
C. အနည်းငယ်မျှသော အယ်ကိုဟော ပမာဏသည်ပင်
D. .05 ထက်ပိုများသော သွေးတွင်းအယ်ကိုဟောပမာဏသည်သာ

50. **အရက်နှင့်အတူ မူးယစ်ဆေးသုံးစွဲခြင်းသည်-**

A. ယာဉ်တိုက်မှုဖြစ်စေသည့် အန္တရာယ်ကို တိုးစေသည်
B. အယ်ကိုဟော သီးသန့်ထက်ပိုၗ် အန္တရာယ်ဖြစ်စေမည်မဟုတ်ပါ
C. သင်၏ မောင်းနှင်နိုင်စွမ်းအပေါ် သက်ရောက်မည့် အယ်ကိုဟော၏ သက်ရောက်မှုကို လျော့စေသည်
D. သင်၏ ပုံမှန် ယာဉ်မောင်းနှင်မှုအစွမ်းအပေါ် သက်ရောက်မှုမရှိပါ

51. **အယ်ကိုဟောများ သင့်ခန္ဓာကိုယ်အတွင်း စုလာပါက ၎င်းသည် -**

A. သင်၏တုံ့ပြန်မှုများကို လျော့ကျစေသည်
B. သင့်အား ယုံကြည်မှုနည်းစေသည်
C. ၎င်းဘာသာ ပို၍မြန်မြန် ဇီဝတွင်းဖြစ်ပျက်နိုင်သည်
D. သင်၏ ယာဉ်မောင်းနှင်မှုအမှားများကို လျော့ကျစေနိုင်သည်

52. သင်၏ သွေးတွင်းအယ်ကိုဟော ပမာဏသည် .04 ရှိနေပါက သင်သည်-
A. အရက်လုံးဝမသောက်ထားသူထက် ယာဉ်တိုက်မှုဖြစ်နိုင်ချေ 2-7 ဆပိုများသည်
B. ဥပဒေအရကန့်သတ်ထားသည့် သွေးတွင်းအယ်ကိုဟော ကန့်သတ်ချက်အထက်ရှိသော်လည်း ကောင်းစွာမောင်းနှင်နိုင်သည်
C. သင်သည် ဘေးကင်းစွာမောင်းနှင်နိုင်မည်ဟု အလွန်စိတ်ချထားနိုင်ပါသည်
D. သင်သည်ကားမမောင်းမီတွင် ကော်ဖီများများသောက်ထားသင့်သည်

53. သင်သည် မီးသတ်ကားဥည့ြဆွဲသံကြားပါက သင်သည် -
A. ၎င်းတို့ဖြတ်သွားသည်အထိ အရှိန်လျှော့ထားရမည်
B. သင်၏ မှိတ်တုတ်မီးများကို ဖွင့်၍မောင်းနှင်ရမည်
C. လမ်းမကြီးဘေးတွင်ချရပ်ပြီး ရပ်တန့်ရမည်
D. အရှိန်မြှင့်ပြီး အနီးဆုံးထွက်ပေါက်ကို သွားရမည်

54. သင့်တာယာပေါက်သွားပါက သင်သည် -
A. စတီယာရင်ဘီးကို လွတ်လပ်စွာ လှုပ်ရှားစေရမည်
B. ကားကို ရပ်တန့်သွားစေရန်အတွက် အရှိန်လျှော့ရမည်
C. ကားပြင်ဆိုင်သို့မရောက်မချင်း ဆက်မောင်းသွားရမည်
D. ကားချက်ချင်းရပ်သွားစေရန် ဘရိတ်ကို ပြင်းပြင်းအုပ်ရမည်

55. သင့်ကားသည် အဝေးပြေးလမ်းမတစ်ခုပေါ်တွက် ပျက်နေပါက သင်သည် -
A. ကားထဲတွင်ထိုင်ပြီး အကူအညီကိုစောင့်ရမည်
B. အခြားယာဉ်မောင်းများအား သတိပေးရန် သင်၏ လေးဖက်မြင် မှိတ်တုတ်မီးများကို အသုံးပြုရမည်
C. ဖြတ်သွားသော မော်တော်ကားမောင်းနှင်သူများအား ဟွန်းတီးရမည်
D. လာနေသည့်ယာဉ်အား သင့်ရှေ့မီးသီးကြီးကို မှိတ်တုတ်မှိတ်တုတ်ဖွင့်ပြရမည်

56. မှိတ်တုတ်မီးများ ဖွင့်ထားသည့် အရေးပေါ်ယာဉ်တစ်စီးကို မြင်ပါက သင်သည် -
A. အရှိန်လျှော့ပြီး သင့်ယာဉ်ကြောအတွင်း ဆက်မောင်းသွားရမည်
B. ယာဉ်ကြောအတွင်း ဆက်မောင်းသွားရမည်
C. လမ်းအထိန်းဘက်သို့ ဆွဲပြီး ရပ်ထားရမည်
D. သင်ရောက်ရှိနေသည့် နေရာတွင် ရပ်တန့်ပါ

57. တစ်လမ်းသွားလမ်းတွင် မောင်းနှင်နေချိန် မှိတ်တုတ်မီးပါသည့် အရေးပေါ်ယာဉ် သင့်ကားနောက်မှာ ရှိနေသောအခါ သင့်အနေဖြင့် -
A. မှိတ်တုတ်မီးကို ဖွင့်၍ မောင်းနှင်ပါ
B. အနီးဆုံးလမ်းဘေးကို မောင်းနှင်ပြီး ရပ်တန့်ပါ
C. အရှိန်မြှင့်ပြီး အနီးဆုံးထွက်ပေါက်ကို အသုံးပြုပါ
D. ယာဉ်ကျော်တက်သွားသည့်တိုင်အောင် အရှိန်လျှော့ပါ

58. အရေးပေါ်ယာဉ်မှ အချက်ပေးဥည့ြသံနှင့်အတူ သင့်ကို ကျော်တက်သွားပြီးနောက်မှာ သင့်အနေဖြင့် -
A. ရဲကားနှင့် ကပ်၍ မောင်းနှင်ရမည်
B. ရဲကားအရှိန်အတိုင်း မြန်မြန်မောင်းနှင်ရမည်
C. အရေးပေါ်ယာဉ်နောက် ပေ 500 ထက် ကပ်၍ မောင်းနှင်ခြင်း ရှောင်ကြဉ်ရမည်
D. ပလက်ဖောင်းပေါင် အနီးသို့ ဖြည်းဖြည်း မောင်းနှင်ရမည်

59. အလုပ်နယ်မြေများတွင် ယာဉ်တိုက်မှု အဓိကအများဆုံး ဖြစ်ရခြင်းမှာ -
A. တာယာပေါက်ခြင်း
B. လမ်းပေါ်သို့ ရေ ပန်းထွက်သောကြောင့် ရေပေါ်ရှုပ်ပြေးခြင်း
C. ဆေးအစိုပေါ်တွင် မောင်းနှင်ပြီးနောက် စတီယာရင် ထိန်းချုပ်၍ မရခြင်း
D. ပေါ့ဆခြင်းနှင့် သတ်မှတ်နှုန်း ကျော်လွန်မောင်းခြင်း

60. အလုပ်နယ်မြေအတွင်း မောင်းနှင်သောအခါ ကောင်းမွန်သော ဘေးကင်းလုံခြုံရေး ကျင့်သုံးမှုတစ်ခုမှာ -
A. ယာဉ်ကြော လွတ်လွတ်လပ်လပ် စီးဆင်းနေရန်အတွက် သင့် ရှေ့၌ ရှိသော ယာဉ်နှင့် ကပ်၍ မောင်းနှင်ပါ
B. ပုံမှန်နောက်ကလိုက်သည့် အကွာအဝေးကို တစ်ဝက်ခန့် ချုံ့ပေးပါ။
C. အရှိန်မှန်မှန် ထိန်းချုပ်မောင်းနှင်ရေးခလုတ်ကို ဖွင့်ပါ
D. ပုံမှန်နောက်ကလိုက်သည့် အကွာအဝေးကို နှစ်ဆခန့် တိုးပေးပါ။

61. **လမ်းကြောနှစ်သွယ်၊ နှစ်လမ်းသွားလမ်းများ သို့မဟုတ် အဝေးပြေးလမ်းများတွင် ဘယ်သို့ကွေ့ခြင်းကို သင့်အနေဖြင့် -**
A. ဗဟိုမျဉ်းနှင့် ကပ်၍ စကွေ့သင့်သည်
B. အပြင်မျဉ်းနှင့် ကပ်၍ စကွေ့သင့်သည်
C. လမ်းကြောင်း ဗဟိုမှ စကွေ့သင့်သည်
D. လမ်းကြောင်း၏ မည်သည့်နေရာကမဆို စကွေ့သင့်သည်

62. **လမ်းကြောင်းအများအပြားရှိသော လမ်းများနှင့် အဝေးပြေး လမ်းများတွင် ဘယ်သို့ကွေ့ရန် သင့်အနေဖြင့် -**
A. လမ်းဆုံအလယ်မှ စကွေ့သင့်သည်
B. ညာလမ်းကြောင်းမှ စကွေ့သင့်သည်
C. ဘယ်လမ်းကြောင်းမှ စကွေ့သင့်သည်
D. မည်သည့်လမ်းကြောင်းမှမဆို စကွေ့သည်

63. **လမ်းကြောနှစ်ခုပါသည့် လမ်းတွင် သင့်အနေဖြင့် အခြားယာဉ် တစ်စီး ညာဘက်မှ မည်သည့်အချိန်တွင် ကျော်တက်နိုင်သနည်း -**
A. လမ်းကြောတစ်ခုပါ ကုန်းလျှောလမ်းအဝင်တွင် မောင်းနှင်သောအခါ
B. သင် ဖြတ်ကျော်သော ယာဉ်မောင်းမှာ သတ်မှတ်ထားသော အမြန်နှုန်းထက် နှေးကွေးစွာ မောင်းနှင်နေသောအခါ
C. ဘယ်သောအခါမျှ
D. သင် ဖြတ်ကျော်သော ယာဉ်မောင်းမှာ ဘယ်ကွေ့နေသောအခါ

64. **လမ်းကြောနှစ်ခုပါသည့် လမ်းတွင် နှေးကွေးစွာမောင်းနေသည့် ယာဉ်ကို ကျော်တက်ရန် သင့်အနေဖြင့် -**
A. ဗဟိုမျဉ်းကို မဖြတ်ရ
B. လာနေသောယာဉ်ဘက်သို့ မှိတ်တုတ်မီး ဖွင့်ရမည်
C. လမ်းပခုံးကို အသုံးပြုပါ
D. လာနေသောယာဉ်နှင့် သက်ဆိုင်သည့် လမ်းကြောင်းကို အသုံးပြုပါ

65. **ဤလမ်းမျက်နှာပြင် အချက်ပြအညွှန်းများမှ သင့်အား ညွှန်ပြသည်မှာ ရှေ့က လမ်းဆုံတွင် -**



A. အလယ်လမ်းမှယာဉ်သည် တည့်တည့်သွားနိုင်သည် သို့မဟုတ် ဘယ်ကွေ့နိုင်သည်
B. သင်သည် အလယ်လမ်းမှ ညာဘက်သို့သာ ကွေ့နိုင်သည်
C. အလယ်လမ်းသည် တစ်လမ်းတည်း ပေါင်းသွားသည်
D. အလယ်လမ်းမှယာဉ်သည် ဘယ်သို့ကွေ့ရမည်

66. **အမြန်နှုန်းစီမံခြင်းနှင့် လမ်းအကွေးအကောက်များနှင့်ပတ်သက်၍ မှတ်သားထားရမည့် အရေးအကြီးဆုံးအရာတစ်ခုမှာ -**
A. လမ်းအကွေးအကောက်ထဲသို့ သင် ဝင်ရောက်သည်နှင့် သတ်မှတ်ထားသည့် မြန်နှုန်းအကန့်အသတ်အတိုင်း မောင်းနှင်ပြီး လမ်းအကွေးဆုံးအပိုင်းတွင် အရှိန်လျှော့ပါ
B. လမ်းအကွေးအကောက်ထဲသို့ သင် မဝင်မီ အရှိန်လျှော့ပါ
C. လမ်းအကွေးအကောက်ထဲသို့ သင် မဝင်မီ ဖြည်းဖြည်း အရှိန်မြှင့်ပါ။
D. လမ်းအကွေးအကောက်မတိုင်မီ၊ အတွင်းနှင့် ကျော်လွန်ပြီး နောက် လမ်းမှာ သတ်မှတ်ဖော်ပြထားသည့် မြန်နှုန်း အကန့်အသတ်အတိုင်း မောင်းနှင်ပါ

67. **အဝိုင်း သို့မဟုတ် ယာဉ်ကြောအဝိုင်းကို ဝင်လာသော ယာဉ်မောင်းများသည် -**
A. မဝင်မီ ရပ်တန့်ရမည်
B. အဝိုင်း သို့မဟုတ် ယာဉ်ကြောအဝိုင်းမှာ ရှိနေသော ယာဉ်မောင်းများကို ဦးစားပေးရမည်
C. ၎င်းတို့ ဦးစွာရောက်ရှိလာပါက လမ်းအသုံးပြုခွင့် ပေးပါ
D. လမ်းကြောနှစ်ခုရှိပါက လမ်းအသုံးပြုခွင့် ပေးပါ။

68. **ဥပဒေမှ _____ကို လမ်းဆုံတွင် လမ်းအသုံးပြုခွင့် ပေးသည်။**
A. မည်သူ့ကိုမျှ
B. ဘယ်ဘက်ကွေ့သော ယာဉ်မောင်းများ
C. တည့်တည့်သွားသော ယာဉ်မောင်းများ
D. ညာဘက်ကွေ့သော ယာဉ်မောင်းများ

69. **ရပ်တန့်ရမည့် သင်္ကေတရှိသော လမ်းဆုံတွင် သင်သည် ရပ်တန့်ပြီး -**
A. ကားများ၏နောက်မြီးကို ကြည့်ရန်အတွက် နောက်ကြည့်မှန်ကို စစ်ဆေးသင့်သည်
B. သင့်ရှေ့က ယာဉ် သွားသည့်အခါ သွားသင့်သည်
C. ညာဘက်ကို ပထမကြည့်ပြီး ဘယ်ဘက်ကို ကြည့်ပါ။ ထို့နောက် ညာဘက်ကို ပြန်ကြည့်ပါ
D. ဘယ်ဘက်ကို ပထမကြည့်ပြီး ညာဘက်ကို ကြည့်ပါ။ ထို့နောက် ဘယ်ဘက်ကို ပြန်ကြည့်ပါ

70. ကုန်းလျှောလမ်းအဝင်ပေါက်မှ အဝေးပြေးလမ်းကို ဝင်လာသောအခါ ပုံမှန်အားဖြင့် သင်သည် -

A. ရှေ့သို့ရောက်ရန် ယာဉ်အမြန်နှုန်းထက် ကျော်၍ ဝင်သင့်သည်
B. အခြားယာဉ်များကို ရှောင်ရှားရန် ဖြည်းညင်းစွာ ဝင်သင့်သည်
C. ပထမရပ်တန့်ပြီး ယာဉ်ကြောသို့ ဖြည်းညင်းစွာ ဝင်သင့်သည်
D. ယာဉ်အမြန်နှုန်းကို မြှင့်တင်သင့်သည်

71. အဝေးပြေးလမ်းမတစ်ခု ရှိသောအခါ သင့်အနေဖြင့် အရှိန်လျှော့သင်သည် -

A. ထွက်ပေါက်လမ်းမတိုင်မီ အဓိကလမ်းမကြီးပေါ်တွင်
B. လမ်းအကောက်ခွန်ရုံးကို သင် မြင်တွေ့သည်နှင့်
C. ထွက်ပေါက်လမ်းထဲသို့ သင် သွားသည်နှင့်
D. ထွက်ပေါက်သင်္ကေတကို ပထမ မြင်ရသောအခါ

72. အမြန်လမ်းအဝင် ကုန်းလျှောလမ်းပေါ်တွင် မောင်းနှင်နေသောအခါ သင့်အနေဖြင့် အမြန်လမ်းယာဉ်ကြောတွင် နေရာလွတ် ရှာသင့်သည် -

A. အတွင်းနောက်ကြည့်မှန်တစ်ခုတည်းကို ကြည့်၍
B. ဘေးကြည့်မှန်တစ်ခုတည်းကို ကြည့်၍
C. နောက်ကြည့်မှန်နှင့် ဘေးကြည့်မှန် နှစ်ခုစလုံးကို ကြည့်၍
D. မှန်များထဲတွင် ကြည့်ပြီး ပခုံးပေါ်သို့ကြည့်ရန် ဦးခေါင်းလှည့် ကြည့်၍

73. အမြန်လမ်းမှ ထွက်ခွာသွားသော်လည်း သင်၏ထွက်ပေါက်နှင့် လွဲသွားသောအခါ သင့်အနေဖြင့် -

A. နောက်ထွက်ပေါက်တစ်ခုဆီသို့ သွားပြီး ၎င်းနေရာတွင် အမြန်လမ်းမပေါ်မှ ထွက်ခွာသွားသင့်သည်
B. ကြားခံဘောင်ကို ဂငယ်ကွေ့ ကွေ့သင့်သည်
C. လမ်းပခုံးပေါ်သို့ မောင်းနှင်ပြီး သင်၏ကားကို ထွက်ပေါက်ဘက် သို့ နောက်ဆုတ်သင့်သည်
D. သင်၏ထွက်ပေါက်ဆီသို့ နောက်ဆုတ်ရန် အစောင့်အတွက် ရဲအရာရှိတစ်ဦးကို အလံဝှေ့ရမ်းပြသင့်သည်

74. သင်သည် လမ်းဆုံအမြောက်အများရှိသည်လမ်းဆုံတစ်ခုတွင် ဘယ်သို့ကွေ့ရန် စောင့်ဆိုင်းနေပြီး တစ်ဖက်မှလာနေသော ယာဉ်သည် သင်၏မြင်ကွင်းကို ပိတ်ဆို့ထားလျှင် သင်သည် -

A. သင် ဖြတ်သန်းရမည် ပထမလမ်းကြောင်း ရှင်းလင်းနေသည့်အခါ အဟုန်ထိုး အရှိန်မြှင့်သင့်သည်
B. သင်ကွေ့ရမည့် အကွေ့ဆီသို့ ဆက်မသွားမီ သင် ဖြတ်သန်းရ မည့် လမ်းကြောင်းအားလုံးကို မြင်ရသည်အထိ စောင့်ဆိုင်းသင့်သည်
C. လမ်းဆုံတစ်ဖက်မှ တစ်ဖက်သို့လာနေသော ယာဉ်မောင်းမှ သင့်အား လက်ရမ်းပြသည်အထိ စောင့်ဆိုင်းသင့်သည်
D. ဆန့်ကျင်ဘက်မှ ယာဉ်ကြောတစ်ကြောင်းစီတိုင်း ရှင်းလင်း သည်နှင့်ချက်ချင်း ထိုလမ်းကြောင်းပေါ်သို့ ဖြည်းဖြည်းရွှေ့သင့် သည်

75. လမ်းဆုံတွင် မည်သည်ကို လုပ်ဆောင်ရမည်နှင့်ပတ်သက်၍ မည်သည့်သင်္ကေတများ။ အချက်ပြများ သို့မဟုတ် ရဲများမှ သင့်အား မပြောသောအခါ ဥပဒေမှ ဖော်ပြထားသည်မှာ -

A. ညာဘက်မှ ယာဉ်မောင်းများသည် ဘယ်ဘက်မှ ယာဉ်များကို ဦးစားပေးရမည်
B. မည်သူက ဦးစားပေးရမည်ကို ဖော်ပြထားသည့် ဥပဒေ မရှိသေးပါ
C. တည့်တည့်သွားနေသော ယာဉ်မောင်းများသည် လမ်းဆုံတွင် ဘယ်သို့ ကွေ့နေသော ယာဉ်မောင်းများကို ဦးစားပေးရမည်
D. ဘယ်သို့ ကွေ့နေသော ယာဉ်မောင်းများသည် လမ်းဆုံတွင် တည့်တည့်သွားနေသော ယာဉ်မောင်းများကို ဦးစားပေးရမည်

76. "အဝေးပြေးလမ်း အိပ်မွေ့ချခြင်း" မှာ အောက်ပါတို့မှ ဖြစ်ပေါ် လာနိုင်သည့် ယာဉ်မောင်း အခြေအနေဖြစ်သည် -

A. လမ်းမကို အချိန်အကြာကြီး စိုက်ကြည့်ခြင်း
B. ခဏခဏ အနားယူ ရပ်တန့်ခြင်းများ
C. ခရီးမသွားမီညက အလွန်အကျွံ အိပ်စက်ထားခြင်း
D. အမြန်လမ်းများပေါ်မှ ခရီးတိုများ

77. လမ်းအမြောက်အများပါသော အဝေးပြေးလမ်းပေါ်တွင် ဖြတ်သန်းသွားနေသောအခါ -

A. ဖြတ်သန်းသွားနေသည့် လမ်းကြောင်းမှာ ရှင်းလင်းမှုရှိမရှိ သေချာစစ်ဆေးပါ
B. ညာဘက်သို့သာ ကွေ့ပါ
C. လာနေသောယာဉ်များကို ကြည့်ပါ
D. အချက်ပြစရာ မလိုပါ

78. **"လေးစက္ကန့် ဥပဒေ" မှ ယာဉ်မောင်းတစ်ဦး မည်သို့ လုပ်ဆောင်သင့်သည်ကို ညွှန်းသည် -**
A. အခြားကားများကို ဦးစားပေးပါ
B. ရပ်တန့်ရေးသင်္ကေတများတွင် ကျော်ပါ
C. အခြားကားတစ်စီးနောက် လိုက်ပါ
D. လမ်းဆုံကို ကူးဖြတ်ပါ

79. **နေရာလွတ်ထားရန် အကောင်းဆုံးဘက်မှာ -**
A. သင့်ယာဉ်၏ အနောက်ဘက်တွင်သာ
B. သင့်ယာဉ်၏ ဘယ်နှင့် ညာ တစ်ဘက်ဘက်တွင်သာ
C. သင့်ယာဉ်၏ အရှေ့ဘက်တွင်သာ
D. ယာဉ်၏ လေးမျက်နှာလုံးတွင်

80. **နေရာလွတ်ထားခြင်းမှာ အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းမှ -**
A. အခြားယာဉ်များမှ အာရုံလွှင့်ပျံ့မှုများကို တားဆီးပေးသည်
B. အခြေအနေများကို ပြန်လည်တုံ့ပြန်ရန် အချိန်ပေးသည်
C. ဘေးကင်းလုံခြုံသောအရှိန်ဖြင့် ယာဉ်ကို သွားစေသည်
D. အခြားယာဉ်မောင်းများကို သတိရှိစေသည်

81. **ရပ်တန့်သောအခါ ပိုမိုကျယ်ဝန်းသောနေရာလွတ် ထားရမည်မှာ -**
A. တောင်ကုန်းပေါ်တွင်
B. လမ်းဆုံတွင်
C. ရပ်တန့်ရေးသင်္ကေတတွင်
D. လမ်းအကောက်ခွန်ဂိတ်များတွင်

82. **ကျွေးသည့်အခါ သင့်အနေဖြင့် သင့်အမြန်နှုန်းကို _____ ရမည်။**
A. မြှင့်တင်
B. ထိန်းသိမ်း
C. ပြောင်းလဲ
D. လျှော့ချ

83. **ယာဉ်ကြောတွင် မောင်းနှင်နေသောအခါ အွန္တရာယ်အကင်းဆုံး မှာ -**
A. သတိရှိစေရန် သင့်အမြန်နှုန်းကို အတက်အကျ လုပ်ပါ
B. ယာဉ်အသွားအလာများထက် ပို၍မြန်မြန် မောင်းနှင်ပါ
C. ယာဉ်အသွားအလာများထက် ပို၍နှေးကွေးစွာ မောင်းနှင်ပါ
D. ယာဉ်အသွားအလာများနှင့်အတူ မောင်းနှင်ပါ

84. **ဤပြည်နယ်တွင် အများဆုံးအမြန်နှုန်း အကန့်အသတ်မှာ တစ်နာရီလျှင် မိုင် _____ ဖြစ်သည်။**
A. 55
B. 50
C. 60
D. 70

85. **ဖော်ပြထားသော အမြန်နှုန်း အကန့်အသတ်အောက် မောင်းနှင်ပါ -**
A. တစ်စုံတစ်ခုမှ အခြေအနေများကို မပြည့်စုံအောင် လုပ်သောအခါ
B. အခြားသူများ သတ်မှတ်ထားသည့်အမြန်နှုန်း အကန့်အသတ်အောက် မောင်းနှင်သောအခါ
C. အခြားကားများရှိသည့် အဝေးပြေးလမ်းမသို့ ဝင်သည့်အခါ
D. သင်သည် လမ်းကြောလေးခုပါလမ်းတွင် ရောက်နေသောအခါ

86. **ယာဉ်ကြောကို ဖြတ်သန်းရန် သင် လိုအပ်သည့် နေရာလွတ် ပမာဏမှာ -**
A. လမ်းနှင့် ရာသီဥတုအခြေအနေများနှင့် လာနေသောယာဉ်များ အပေါ်တွင် မူတည်သည်
B. ရပ်တန့်ရေးသင်္ကေတ တည်ရှိခြင်းအပေါ်တွင် မူတည်သည်
C. သင်၏အကြွေအချက်ပြမီးများ အသုံးပြုခြင်းအပေါ်တွင် မူတည်သည်
D. သင့်နောက်က ကာများအပေါ်တွင် မူတည်သည်

87. **သင်၏ ရပ်တန့်ရေးအရည်အချင်းသည် -**
A. အချက်ပြမီးများကြောင့် ထိခိုက်သည်
B. လမ်းမပေါ်ရှိ အခြားကားများကြောင့် ထိခိုက်သည်
C. နေ့အချိန်ကြောင့် ထိခိုက်သည်
D. လမ်းမကြီး အခြေအနေကြောင့် ထိခိုက်သည်

88. **သင် မောင်းနှင်ရမည့် အမြန်နှုန်းနှင့်ပတ်သက်၍ အောက်ပါတို့ အနက် မည်သည်မှာ မှန်သနည်း။**
A. အွန္တရာယ်ကင်းစွာမောင်းနှင်ရေး အမြန်နှုန်းမှာ အခြေအနေအမျိုးမျိုး ပေါ်တွင် မူတည်သည်
B. ဖြည်းဖြည်းမောင်းနှင်ခြင်းသည် အမြဲတမ်း အွန္တရာယ်ကင်းသည်။
C. သတ်မှတ်အမြန်နှုန်း အကန့်အသတ်မှာ အမြဲတမ်း အွန္တရာယ် ကင်းသော အမြန်နှုန်း ဖြစ်သည်
D. အရှိန်မြှင့်မောင်းနှင်ခြင်းသည် အမြဲတမ်း အွန္တရာယ်များသည်

89. **ရှေ့ဦးရှိသော လမ်းမကြီးမှာ ဖြစ်ပေါ်လာသောတစ်စုံတစ်ရာ အတွက် ပြင်ဆင်ရန် သင်သည် -**
A. လမ်းမကြီးတစ်ခုလုံးနှင့် လမ်းဘေးပတ်လည်ကို အမြဲမပြတ် ကြည့်သင့်သည်
B. အချိန်တိုင်း ရှေ့တည့်တည့်ကို စိုက်ကြည့်သင့်သည်
C. ဘရိတ်နင်းခုံတွင် ဘယ်ခြေဖွဖွတင်လျက် မောင်းနှင်သင့်သည်
D. လမ်းမကြီးအလယ်ဗဟိုဘက်သို့ အာရုံစိုက်သင့်သည်

90. **အဝေးပြေးလမ်း အမြန်နှုန်းမှာ၊ ခြောက်သွေ့သောလမ်းမကြီးမှာ အွန္တရာယ်ကင်းသော နောက်လိုက်အကွာအဝေးမှာ အနည်းဆုံး -**
A. သင့်ရှေ့က ကားမှ 3 စက္ကန့် အကွာအဝေးခန့် ခွာ၍ နောက်ကလိုက်ခြင်း
B. သင့်ရှေ့က ကားမှ 2 စက္ကန့် အကွာအဝေးခန့် ခွာ၍ နောက်ကလိုက်ခြင်း
C. သင့်ရှေ့က ကားမှ 4 စက္ကန့် အကွာအဝေးခန့် ခွာ၍ နောက်ကလိုက်ခြင်း
D. သင့်ရှေ့က ကားမှ ကား 2 စီး အကွာအဝေးခန့် ခွာ၍ နောက်ကလိုက်ခြင်း

91. **ယာဉ်ကြောပေါ်တွင် မောင်းနှင်နေစဉ် အရေးပေါ် (သို့မဟုတ် "ရုတ်တရက်") ရပ်တန့်မှုများ ပြုလုပ်ရန် လိုအပ်ချက်ကို သင် မည်သို့ ရှောင်ကြဉ်မည်နည်း။**
A. သင် ရှိနေကြောင်း အခြားသူများ သတိထားမိအောင် သင့်ကားကို ဟွန်းတီးပါ။
B. ရှေ့ကို ကြည့်ပြီး အွန္တရာယ်ကင်းစွာ နောက်ကလိုက်သည့် အကွာအဝေးကို ထိန်းထားပါ
C. ညာဘက်လမ်းကြောင်းမှသာ မောင်းနှင်ပါ
D. ယာဉ်သွားလာနေမှုထက် နေးကွေးစာ မောင်းနှင်ပါ

92. **ဘယ်ဘက်သို့ လာနေသော ကားတစ်စီးနှင့် ညာဘက်သို့ သွားနေသော စက်ဘီးစီးသူတစ်ဦးကို ရင်ဆိုင်တွေ့ရသည့်အခါ သင်သည် -**
A. လမ်းပခုံးပေါ်သို့ ဖြည်းဖြည်းမောင်းသင့်သည်
B. အလယ်မှ သွားသင့်သည်
C. ကားကို အလျင်ကျော်တက်ခွင့် ပေးပြီးမှ စက်ဘီးကို ကျော်တက်ခွင့် ပေးသင့်သည်
D. စက်ဘီးကို အလျှင်အမြန် ကျော်တက်သင့်သည်

93. **လာနေသည့်ယာဉ်မောင်းသည် သင့်လမ်းကြောင်းဆီသို့ ဦးတိုက်လာနေပါက သင်သည် -**
A. ညာဘက်သို့ ဦးတည်မောင်းနှင်၍ ဟွန်းတီးကာ အရှိန်မြှင့်သင့်သည်
B. ဘယ်ဘက်သို့ ဦးတည်မောင်းနှင်၍ ဟွန်းတီးကာ ဘရိတ်အုပ်သင့်သည်
C. ညာဘက်သို့ ဦးတည်မောင်းနှင်၍ ဟွန်းတီးကာ ဘရိတ်အုပ်သင့်သည်
D. သင့်လမ်းကြောင်း၏ အလယ်တွင်နေပြီး ဟွန်းတီးကာ ဘရိတ်အုပ်သင့်သည်

94. **သင့်ယာဉ်၏နောက်ဘီးသည် ဘယ်ဘက်သို့ ဘီးချော်ပါက သင်သည် -**
A. ဘယ်ဘက်သို့ ဦးတည်မောင်းနှင်သင့်သည်
B. ဘရိတ်ဖမ်းသင့်သည်
C. အရှိန်မြှင့်သင့်သည်
D. ညာဘက်သို့ ဦးတည်မောင်းနှင်သင့်သည်

95. **ယာဉ်တိုက်မှုဖြစ်ပွားရာတွင် ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်း အန္တရာယ်ကို လျှော့ချရန် သင် လုပ်ဆောင်နိုင် သည့် အထိရောက်ဆုံးအရာမှာ -**
A. ခါးပတ် ပတ်ပါ
B. ရက်သတ္တပတ် တစ်ပတ်လုံး မောင်းနှင်ခြင်းကို ကန့်သတ်ထားပါ
C. လမ်းကြောအများအပြားပါသော အဝေးပြေးလမ်းမပေါ် ညာဘက်လမ်းကြောင်းတွင် နေပါ
D. သင်၏ ယာဉ်မောင်းနှင်ချိန်ကို ညနေ 3:00 နာရီနှင့် ညနေ 6:00 နာရီကြား ကန့်သတ်ထားပါ

96. **ချောနေသော လမ်းမကြီးများတွင် မောင်းနှင်သောအခါ သင်သည် -**
A. ဖြည်းညင်းစွာ ကွေ့သင့်သည်
B. လမ်းကြောင်း အလျင်အမြန် ပြောင်းသင့်သည်
C. အလျင်အမြန် အရှိန်မြှင့်သင့်သည်
D. ဘရိတ် ဆောင့်နင်းသင့်သည်

97. **စိုစွတ်သည့်လမ်းပေါ်တွင် မောင်းနှင်ခြင်းနှင့်ပတ်သက်၍ အောက်ပါတို့အနက် မည်သည်မှာ မှန်သနည်း။**
A. သင် အလျင်အမြန်မောင်းနှင်သည်နှင့် သင့်ကားဘီးများ ထိရောက်မှု နည်းလာသည်
B. ရေသည် ဘီးကောင်းကောင်းရှိသောကားများကို မထိခိုက်စေပါ
C. ရေနက်လေ အန္တရာယ်နည်းလေ ဖြစ်သည်။
D. သင်၏ အမြန်နှုန်းကို လျော့လိုက်သည်နှင့်အမျှ လမ်း ပို၍ ချောလာသည်

98. **ချောသောလမ်းမကြီးများတွင် မောင်းနှင်သောအခါ သင်သည် -**
A. အခြားလမ်းကြောင်းများကို အသုံးပြုသင့်သည်
B. ခြောက်သွေ့သောလမ်းမကြီးများတွင် မောင်းနှင်သည့်အတိုင်း မောင်းနှင်သင့်သည်
C. နောက်မှလိုက်သည့် အကွာအဝေးကို တိုးချဲ့သင့်သည်
D. တံတားများ သို့မဟုတ် လမ်းဆုံများ ဖြတ်သန်းခြင်း ရှောင်ကြဉ် သင့်သည်

99. **စိုစွတ်သောလမ်းမကြီးများတွင် မောင်းနှင်သောအခါ သင်သည် -**
A. သတ်မှတ်ထားသည့် အမြန်နှုန်းအတိုင်း မောင်းနှင်သင့်သည်
B. သတ်မှတ်ထားသည့် အမြန်နှုန်းထက် အနည်းငယ် မြန်မြန် မောင်းနှင်သင့်သည်
C. သတ်မှတ်ထားသည့် အမြန်နှုန်းအောက် 5 မိုင်မှ 10 မိုင်အထိ မောင်းနှင်သင့်သည်
D. ရှေ့တွင်ရှိသော ယာဉ်နှင့် ကပ်လျက်လိုက်သင့်သည်

100. **စိုစွတ်သောလမ်းမကြီးများတွင် မောင်းနှင်သောအခါ သင်သည် -**
A. နောက်ကလိုက်သည့် အကွာအဝေးကို 5 စက္ကန့် သို့မဟုတ် 6 စက္ကန့်ထိ တိုးချဲ့သင့်သည်
B. နောက်ကလိုက်သည့် အကွာအဝေးကို 2 စက္ကန့်ထိ လျှော့ချသင့်သည်
C. နောက်ကလိုက်သည့် အကွာအဝေးကို မစိုးရိမ်သင့်ပါ
D. 4 စက္ကန့်အကွာ နောက်ကလိုက်သည့် အကွာအဝေးဥပဒေကို ထိန်းထားသင့်သည်

101. **လမ်းမကြီးများသည် အလျင်အမြန်အေးခဲတတ်သည် -**
A. ပြားနေသောအခါ
B. ကွေးကောက်နေသောအခါ
C. နေရောင်ခြည်အောက်က ရှိသောအခါ
D. အရိပ်အုပ်ဆိုင်းသောအခါ

102. **လမ်းမကြီးများ အလွန်ချောလာသည် -**
A. တစ်နာရီ သို့မဟုတ် ပိုမိုမိုးရွာသွန်းသောအခါ
B. မိုးရွာသွန်းပြီး နောက်တနေ့
C. မိုးသက်မုန်တိုင်းတိုက်ချိန် ပထမ 10 မှ 15 မိနစ်အတွက်
D. မိုးရွာသွန်းမှု ရပ်တန့်သွားပြီးချက်ချင်း

103. **ရေပေါ်ရှုပ်ပြေးခြင်းသည် အများအားဖြင့် -**
A. အလွန်အကျွံ ရပ်တန့်ခြင်းများကြောင်း ဖြစ်သည်
B. ရုတ်တရက် ရပ်တန့်ခြင်းများကြောင်း ဖြစ်သည်
C. ရုတ်တရက် ကွေ့ခြင်းများကြောင်း ဖြစ်သည်
D. အလွန်အကျွံ အရှိန်မြင့်ခြင်းကြောင်း ဖြစ်သည်

104. **ရေပေါ်ရှပ်ပြေးခြင်းကို -**

A. ရေတိမ်အတွင်း မောင်းနှင်ခြင်းဖြင့် ကာကွယ်နိုင်သည်
B. မြန်ဆန်စွာ မောင်းနှင်ခြင်းဖြင့် ကာကွယ်နိုင်သည်
C. နှေးကွေးစွာ မောင်းနှင်ခြင်းဖြင့် ကာကွယ်နိုင်သည်
D. ရေနက်အတွင်း မောင်းနှင်ခြင်းဖြင့် ကာကွယ်နိုင်သည်

105. **မြေထူသောအချိန်မှာ မောင်းနှင်သောအခါ သင့်အနေဖြင့် သင်၏ _____ ။**

A. အနိမ့်အောက်စိုက်ထွန်း ရှေ့မီးကို အသုံးပြုသင့်သည်။
B. အမြင့် အဝေးထွန်း ရှေ့မီးကို အသုံးပြုသင့်သည်။
C. ပါကင်မီးကို အသုံးပြုသင့်သည်။
D. အွန္တရာယ်ပြ ဖိတ်တုတ်မီးများကို အသုံးပြုသင့်သည်

106. **နေ့ချိန်အတွင်း မောင်းနှင်ခြင်းနှင့်နှိုင်းယှဉ်လျှင် ညအချိန် မောင်းနှင်ခြင်းသည် -**

A. အွန္တရာယ် နည်းသည်
B. အွန္တရာယ် လုံးဝမရှိ
C. အွန္တရာယ် များသည်
D. သင့်မျက်လုံးတွင် ဝိုလွယ်ကူသည်

107. **သင်အား _____ ဖြစ်စေသည့် အရာတစ်ခုခုသည် ယာဉ်တိုက်မှုကို ဖြစ်စေသည်။**

A. လမ်းမကြီးမှ သင့်မျက်လုံးများအား ဖယ်ခွာစေရန်
B. စတီယာရင်ကို သင့်လက်နှင့်လွှတ်စေရန်
C. မောင်းနှင်ခြင်းအလုပ်မှ သင့်အာရုံကို လွှင့်ပြေစေရန်
D. အထက်ပါအရာများအားလုံး

108. **အာရုံထွေပြားသည့်ယာဉ်မောင်းများသည် အောက်ပါတို့အနက် တစ်ခုကို အသုံးပြုတဲ့အခါ ယာဉ်တိုက်မှု အများဆုံးဖြစ်နိုင်ချေ ရှိသည် -**

A. စီဒီခွေ ဖွင့်ခြင်း
B. ရေဒီယို
C. ဆဲလ်ဖုန်း
D. အထက်ပါအရာများအားလုံး

109. **သင်သည် အချက်ပြများ သို့မဟုတ် ဝိတ်တံခါးများမရှိသည့် ရထားလမ်းတစ်ခုကို ဖြစ်သန်းနေသော ယာဉ်ကြောတွင် ရောက်ရှိနေသောအခါ -**

A. သင့်တွင် လမ်းအသုံးပြွှင့်ရှိသဖြင့် ရထား စစ်ဆေးရန် မလိုပါ
B. ရထားလမ်းကို နှေးကွေးစွာဖြတ်သန်းနေသော ယာဉ်မောင်းများ ကို သင် ဖြတ်ကျော်နိုင်သည်
C. သင့်အနေဖြင့် စတင်မဖြတ်သန်းမီးတွင် ရထားလမ်းကို မရပ်တန့်ဘဲ ဖြတ်သန်းသွားနိုင်သည့် နေရာလွတ်တစ်ခု ရှိမရှိ စစ်ဆေးရန် လိုသည်
D. အထက်ပါအရာများအားလုံး

110. **အနီရောင်ဖိတ်တုတ်မီး လင်းလက်နေပြီး ရပ်တန့်ရေးလက်တံ ထုတ်ထားသည့် ရပ်တန့်ထားသော ကျောင်းကားတစ်စီးဆီသို့ ချဉ်းကပ်လာသောအခါ သင်သည် -**

A. ကားမှ 5 ပေအကွာတွင် ရပ်တန့်ရမည်
B. ကလေးများရှိနေသည်ကို မြင်တွေ့ရမှသာ ရပ်တန့်ရမည်
C. ဆက်လက်မောင်းနှင်ရန် အွန္တရာယ်ကင်းပုံ ပေါ်လာသည့်အချိန် အထိ ရပ်တန့်ပြီး ဆက်လက်ရပ်တန့်နေရမည်
D. အနီရောင်ဖိတ်တုတ်မီးများ လင်းလက်ခြင်းရပ်တန့်ပြီး ရပ်တန့်ရေးလက်တံ ပြန်လည်ရုပ်သိမ်းသည့်အချိန်အထိ ရပ်တန့်ပြီး ဆက်လက်ရပ်တန့်နေရမည်

အခန်း 3 အဖြေသော့ချက်

1. C
2. D
3. C
4. A
5. B
6. C
7. A
8. C
9. C
10. A
11. B
12. C
13. B
14. A
15. A
16. A
17. A
18. A
19. A
20. A
21. A
22. C
23. C
24. A
25. D
26. D
27. A
28. D
29. A
30. A
31. C
32. D
33. C
34. A
35. D
36. C
37. C
38. D
39. A
40. D
41. A
42. A
43. C
44. A
45. C
46. B
47. A
48. B
49. C
50. A
51. A
52. A
53. C
54. B
55. B
56. C
57. B
58. C
59. D
60. D
61. A
62. C
63. D
64. D
65. A
66. B
67. B
68. A
69. D
70. D
71. C
72. D
73. A
74. B
75. D
76. A
77. A
78. C
79. D
80. B
81. A
82. D
83. D
84. D
85. A
86. A
87. D
88. A
89. A
90. C
91. B
92. C
93. C
94. A
95. A
96. A
97. A
98. C
99. C
100. A
101. D
102. C
103. D
104. C
105. A
106. C
107. D
108. D
109. C
110. D

အခန်း 4 -
ယာဉ်မောင်းမှတ်တမ်း အချက်အလက်များ

ဤအခန်းမှ သင်၏ ယာဉ်မောင်းမှတ်တမ်းနှင့်ပတ်သက်၍ အရေးကြီးအချက်အလက်များကို ထောက်ပံ့ပေးပါသည်။ PennDOT သည် ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ လိုင်စင်ရ ယာဉ်မောင်းအားလုံးအတွက် ယာဉ်မောင်းမှတ်တမ်းတစ်ခု ထိန်းသိမ်းထားပါသည်။ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရေးဌာနသည် ယာဉ်မောင်းတစ် ယောက်ချင်းစီနှင့်ပတ်သက်၍ ရဲနှင့် တရားရုံးများမှ ရရှိသော ပြစ်မှုများနှင့် ပြစ်ဒဏ်ကျခံမှုအမျိုးမျိုးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားပါသည်။ သင့်အနေဖြင့် ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက် www.dmv.pa.gov တွင် သင်၏ယာဉ်မောင်း မှတ်တမ်း မိတ္တူတစ်စောင်ကို ရယူနိုင်သည်။ သင့်အနေဖြင့် သင်၏လိုင်စင်နံပါတ်၊ မွေးသက္ကရာဇ်၊ လူမှုလုံခြုံရေးကတ် နောက်ဆုံးဂဏန်း လေးလုံးနှင့် သင်၏ အကြွေးဝယ်ကတ် အချက်အလက်များ ဖြည့်သွင်းရန် လိုအပ်ပါသည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် ပွိုင့်စနစ်

ပွိုင့်စနစ်၏ရည်ရွယ်ချက်မှာ ယာဉ်မောင်းအလေ့အကျင့်များ တိုးတက်လာစေရန်နှင့် ဘေးကင်းစွာ မောင်းနှင်စေရန်အတွက် ကူညီပေးရန်ဖြစ်သည်။ ယာဉ်မောင်းအား ယာဉ်မောင်းနှင်မှု ချိုးဖောက်ခြင်းအချို့ပြုလုပ်ထား၍ အပြစ်ရှိကြောင်း တွေ့ရှိသောအခါ ယာဉ်မောင်းမှတ် တမ်းထဲတွင် ပွိုင်းများကို ဖြည့်စွက်ပေးသည်။ PennDOT သည် ယာဉ်မောင်းမှတ်တမ်းတွင် ပွိုင့်ခြောက်ခု (6) သို့မဟုတ် ထို့ထက်ပို၍ ရရှိသောအခါ ပြုပြင်တည့်မတ်ရေး လုပ်ဆောင်ချက်ကို စတင်ဆောင်ရွက်ပေးပါသည်။

ပထမတစ်ကြိမ်၌ ယာဉ်မောင်းမှတ်တမ်းမှာ ပွိုင့်ခြောက်ခု (6) သို့မဟုတ် ထို့ထက်ပို၍ ရရှိသောအခါ ယာဉ်မောင်းသည် ရေးဖြေ အထူးပွိုင့်စာမေးပွဲတစ်ခုကို ဖြေဆိုရန် ရေးသားထားသော သတိပေးစာတစ်စောင်ကို လက်ခံရရှိမည်ဖြစ်သည်။ ယာဉ်မောင်းမှတ်တမ်းကို ပွိုင့်ခြောက်ခု (6) အောက်သို့ လျော့ကျထားပေးပြီး ဒုတိယအကြိမ်၌ ပွိုင့်ခြောက်ခု (6) သို့မဟုတ် ထို့ထက်ပို၍ ရရှိသောအခါ ယာဉ်မောင်းသည် ဌာနဆိုင်ရာ ကြားနာစစ်ဆေးမှုတစ်ခုသို့ တက်ရောက်ရမည်ဖြစ်သည်။ နောက်ထပ် ပွိုင့်ခြောက်ခု (6) သို့မဟုတ် ထို့ထက်ပို၍ ရရှိခြင်းသည် ထပ်လောင်းဌာနဆိုင်ရာ ကြားနာစစ်ဆေးခြင်းများ ရရှိသွားမည်နှင့်/သို့မဟုတ် သင်၏ယာဉ်မောင်းခွင့်ကို ဆိုင်းငံ့သွားမည်ဖြစ်သည်။

ဤပြဋ္ဌာန်းချက်များအပြင် အသက် 18 နှစ်အောက် လူတစ်ဦးသည် ပွိုင့်ခြောက်ခု (6) သို့မဟုတ် ထို့ထက်ပို၍ ရရှိပါက သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းထက် ကျော်၍ တစ်နာရီလျှင် 26 မိုင်နှုန်းမောင်းခြင်းကြောင်း ပြစ်ဒဏ်ချမှတ်ခံထားရပါက ထိုသူ၏ ယာဉ်မောင်းခွင့်ကို ဆိုင်းငံ့သွားမည်ဖြစ်သည်။ ပထမဆိုင်းငံ့မှုမှာ ရက်ပေါင်း 90 ကြာ ကာလတစ်ခု ဖြစ်မည်။ ထပ်လောင်းဖြစ်ပွားမှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ရက်ပေါင်း 120 ကြာ ဆိုင်းငံ့ခံရမည်ဖြစ်သည်။

သက်ဆိုင်ရာ ယာဉ်ကြောချိုးဖောက်မှုများအတွက် ပွိုင့်အရေအတွက် ပြသထားသည့် ဇယားကွက်တစ်ခုကို www.dmv.pa.gov ပင်ဆယ်ဗေးနီးယားပြည်နယ် ပွိုင့်စနစ် အချက်အလက်စာရွက် တွင် ရယူနိုင်ပါသည်။

အန္တရာယ်ကင်းစွာမောင်းနှင်ခြင်းအတွက် ပွိုင့် ဖယ်ရှားခြင်း

လူတစ်ဦးသည် 12 လအတွင်း ဆိုင်းငံ့ခြင်း သို့မဟုတ် ပြန်လည်ရုတ်သိမ်းခြင်း မခံရခြင်း သို့မဟုတ် ပွိုင့်ပေးရခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်း သို့မဟုတ် ယာဉ်မောင်းခွင့်ကို ပြန်လည်ရုတ်သိမ်းစေနိုင်သည့် မည်သည့်ချိုးဖောက်မှုကိုမဆို ကျူးလွန်ထားခြင်းမရှိလျှင် ထိုကာလတိုင်းအတွက် ယာဉ်မောင်းမှတ်တမ်းမှ သုံး (3) ပွိုင့် ဖယ်ရှားပေးသည်။ ယာဉ်မောင်းမှတ်တမ်းမှာ သုညအထိ လျော့ကျသွားပြီးသည် နှင့် 12 လ ဆက်တိုက် သုညပွိုင့်မှာ ရှိနေလျှင် ထပ်လောင်းပွိုင့် စုပုံရရှိလာမှုကို ပထမပွိုင့် စုပုံရရှိခြင်းအဖြစ် မှတ်ယူသွားမည် ဖြစ်သည်။

ဆိုင်းငံ့ခြင်းများနှင့် ပြန်လည်ရုတ်သိမ်းခြင်းများ

သင်သည် အောက်ပါယာဉ်ကြောချိုးဖောက်မှုများအနက် တစ်စုံ တစ်ရာကို ကျူးလွန်မိပါက သင်၏ယာဉ်မောင်းခွင့်ကို ဆိုင်းငံ့သွားမည် သို့မဟုတ် ပြန်လည်ရုတ်သိမ်းသွားမည်
(ဤသည်မှာ စရင်းတစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သည်) -

- မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာသုံးစွဲပြီး ယာဉ်မောင်းခြင်း
- ကားနှင့်ဆက်စပ်သည့် ရာဇဝတ်မှု
- ယာဉ်ဖြင့် လူသတ်ခြင်း
- နမော်နမဲ့ မောင်းနှင်ခြင်း
- အဝေးပြေးလမ်းများတွင် ပြိုင်ကားမောင်းခြင်း
- ရဲအရာရှိတားဆီးမှုမှ ထွက်ပြေးခြင်း
- သင်၏လိုင်စင် ဆိုင်းငံ့ထားချိန် သို့မဟုတ် ပြန်လည်ရုတ်သိမ်းထားချိန်တွင် မောင်းနှင်ခြင်း
- မည်သူမည်ဝါဖြစ်ကြောင်း မသိရှိစေရန် မီးမထွန်းဘဲ မောင်းနှင်ခြင်း
- သင်မောင်းနှင်နေသော ယာဉ်တစ်စီး ယာဉ်တိုင်မှုတစ်ခုဖြစ် သောအခါ ရပ်တန့်ရန် ပျက်ကွက်ခြင်း *(တိုက်ပြေးသည့် ပြစ်မှု)*
- 5 နှစ်တာကာလအတွင်း တရားဝင်ခွင့်ပြုထားသော ယာဉ်မောင်းလိုင်စင်မပါဘဲ ဒုတိယ သို့မဟုတ် ထပ်လောင်းယာဉ်မောင်းနှင်ခြင်းဆိုင်ရာ ပြစ်မှုတစ်ခုဖြစ်ခြင်း
- အနီရောင်မှိတ်တုတ်မီးများနှင့် ရပ်တန့်ရေးလက်တံထုတ်ထား သည့် ကျောင်းကားတစ်စီးအတွက် ရပ်တန့်ရန် ပျက်ကွက်ခြင်း *(ရက် 60 ဆိုင်းငံ့ထားခြင်း)*
- ရထားလမ်းဖြတ်သန်းဂိတ် သို့မဟုတ် အတားအဆီးနှင့်အညီ လိုက်နာရန် ပျက်ကွက်ခြင်း *(ရက် 30 ဆိုင်းငံ့ထားခြင်း)*

သင့်၏ယာဉ်မောင်းခွင့်ကို ဆိုင်းငံ့သွားမည်၊ ပြန်လည်ရုတ်သိမ်းသွားမည်နှင့်/သို့မဟုတ် စည်းကမ်းနှင့် မညီညွတ်၍ ပိတ်ပင် (အရေးယူမှု) သွားမည်ဆိုပါက အရေးယူမှု စတင်သည့်နေ့ကို စာရင်းပြုစု၍ သင့်ထံသို့ ရေးသားထားသော သတိပေးစာတစ်စောင့် အီးမေးလ်ပေးပို့သွားမည်။ သင်၏ယာဉ်မောင်းလိုင်စင်နှင့်/သို့မဟုတ် သင်မောင်း ခွင့်ပြုချက် သို့မဟုတ် ဓါတ်ပုံကတ်ကို ယာဉ်မောင်းလိုင်စင် ထုတ်ပေးရေးဌာနသို့ သတိပေးစာတွင် စာရင်းပြုစုထားသော အရေးယူမှု အကျိုးဝင်သည့်နေ့တွင် ပေးပို့ရမည် သို့မဟုတ် ယာဉ်မောင်းလိုင်စင်သိမ်းရန် ပြည်နယ်ရဲနှင့် ဒေသဆိုင်ရာရဲများကို အသိပေးအကြောင်းကြားသွားမည်။

ဆိုင်းငံ့ခြင်း၊ ပြန်လည်ရှုတ်သိမ်းခြင်းနှင့် စည်းကမ်းနှင့် မညီညွတ်မှုများ (အရေးယူမှုများ) အားလုံးသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် အသိအမှတ်ပြုပုံစံအား စွန့်လွှတ်လိုက်ရသည့်အချိန်ကို ထည့်သွင်းမစဉ်းစားဘဲ အရေးယူမှုသတိပေးစာတွင် ဖော်ပြထားသော အကျုံးဝင်သည့်နေ့တွင် စတင်မည်ဖြစ်သည်။ အရေးယူမှု အကျုံးဝင်သောနေ့မတိုင်မီ ဤအမျိုးအစားတစ်ခုခုကို စွန့်လွှတ်လိုက်ရခြင်းသည် အရေးယူမှုကို စောလျင်စွာ မစတင်စေပါ။ ဥပဒေအရ ယာဉ်မောင်း လိုင်စင် သို့မဟုတ် အသိအမှတ်ပြုပုံစံ ကို စွန့်လွှတ်ရမည်ဖြစ်သည်။ သင့်အနေဖြင့် အရေးယူမှုကို သင်နေထိုင်ရာနိုင်ငံမှ ပြည်သူ့အယူခံတရားရုံး (တရားမရေးရာဌာန) တွင် အသနားခံနိုင်သည်။ အယူခံဝင်ခြင်းကို ဌာနမှ သတိပေးစာ ပေးပို့သည့် နေ့မှစ၍ ရက်ပေါင်း 30 အတွင်း တင်ပြရမည်။ အရေးယူခြင်းကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အပြင် သင်၏ယာဉ်မောင်းခွင့် ပြန်လည်မရရှိမီ ပြန်လည်ရရှိရေးဆိုင်ရာ ပြဌာန်းချက်များအားလုံးကို ပြည့်စုံအောင်ဆောင်ရွက် ပေးရမည်။

သင်၏ယာဉ်မောင်းခွင့်ကို ပြန်လည်ရရှိပြီးနောက် အောက်ပါဖြစ်ရပ်များမှလွဲ၍ သင်၏ ယာဉ်မောင်းခွင့်ကို မဆိုင်းငံ့မီ မှတ်တမ်း တွင် ရှိနေခဲ့သော ပွိုင့်အရေအတွက်ကို ထည့်မတွက်ဘဲ သင်၏ ယာဉ်မောင်းမှတ်တမ်းမှ ပွိုင့် ငါး (5) ပွိုင့်သာ ဖော်ပြပေးသွား မည် -

- ဒုတိယအကြိမ် ပွိုင့် ခြောက် (6) ပွိုင့် စုပုံရရှိခြင်းအတွက် ကြားနာစစ်ဆေးမှုမှ ဖြစ်ပေါ်လာသည့် 15 ရက် ဆိုင်းငံ့ခြင်း
- ထုတ်ပြန်ချက်ကို တုံ့ပြန်ဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် ဆိုင်းငံ့ခြင်း

အာမခံမရှိဘဲ မောင်းနှင်ခြင်း

- ပင်ဆယ်ဗေနီးယားပြည်နယ်ဥပဒေအရ **မှတ်ပုံတင်တင်ထားသော သင်၏ယာဉ်တွင် မော်တော်ကားဆိုင်ရာ ပေးချေရမည့် အာမခံချက်ကို အချိန်တိုင်း သိမ်းထားရမည်။**
- အကယ်၍ PennDOT မှ သင်၏ယာဉ်မှာ ရက်ပေါင်း 31 ရက် သို့မဟုတ် ထိုထက်ပိုသည့်ကာလအတွက် အာမခံချက် မရှိဟု သိရှိသွားလျှင် သင်၏မှတ်ပုံတင်သွင်းခြင်းကို သုံးလ (3) အထိ ဆိုင်းငံ့သွားမည်ဖြစ်သည်။ ထို့အပြင် သင်သည် အာမခံချက်မရှိဘဲ ယာဉ်မောင်းနှင်ပါက သို့မဟုတ် ယာဉ်မောင်းနှင်ခြင်းကို ခွင့်ပြုထားပါက သင်၏ယာဉ် မောင်းခွင့်ကို သုံးလ (3) အထိ ဆိုင်းငံ့သွားမည်ဖြစ်သည်။
- သင်၏ယာဉ်မောင်းခွင့်နှင့် မှတ်ပုံတင်သွင်းခွင့်ကို ပြန်လည်ရရှိ ရန်အတွက် သင့်အနေဖြင့် အောက်ပါတို့ကို တင်ပြရမည် -
  - သင့်ယာဉ်မှာ လက်ရှိတွင် အာမခံထားကြောင်း ထောက်ခံချက်
  - ပြန်လည်ရရှိရေးအတွက် လိုအပ်သည့် စရိတ်များ

သင့်အား ရဲမှရပ်တန့်လျှင် လုပ်ဆောင်ရန်

တရားဥပဒေဝိုးဝိုးရေးအရာရှိများသည် ပင်ဆယ်ဗေနီးယားပြည် နယ် မော်တော်ကားဥပဒေကို ချိုးဖောက်၍ စွက်စွဲချက်တင်ခံ ထားရသော လူများထံ စာဖြင့်ရေးသားထားသည့် ယာဉ်ကြော ဆိုင်ရာ ကိုးကားချက်များ ထုတ်ပြန်ထားသည်။ သင်သည် ရပ်တန့်ချိန်၌ အရာရှိ၏ညွှန်ကြားချက်များကို လိုက်နာရမည်။ သို့မဟုတ်လျှင် အဖမ်းခံရနိုင်သည်။ ရဲအရာရှိသည် ၎င်းတို့၏ ယာဉ်များအပေါ်တွင် အနီရောင်မှိတ် တုတ်မီးနှင့် အပြာရောင်မီးများ ဖွင့်သည့်အခါ သင့်အား လမ်းဘေးချရပ်စေလိုသည်ကို သင် သိရှိမည်ဖြစ်သည်။ အချို့အခြေအနေများ၌ အမှတ်အသားမပါရှိသော ရဲကားကို အနီရောင်မှိတ်တုတ်မီးကို တပ်ဆင်ထားမည်ဖြစ်သည်။

မည့်သည့်အချိန်တွင်မဆို သင့်နောက်တွင် သင်၏ လုံခြုံရေးနှင့် အခြားသူများ၏လုံခြုံရေးအတွက် ရဲကား ရပ်ပါက ရဲမှ သင့်အား အောက်ပါတို့ကို လုပ်ဆောင်ရန် အကြံပြုမည် -

- သင်၏အကွေ့အချက်ပြမီးကို ဖွင့်ပြီး လမ်းမကြီးညာဘက် အစွန်နှင့် အတတ်နိုင်ဆုံးကပ်၍ အွန်ကရယ်ကင်းစွာ မောင်းနှင်ပါ။ သင့်ယာဉ်အား ယာဉ်ကြောနှင့်လွတ်ရာတွင် အွန်ကရယ်ကင်း စွာ ရပ်၍ ပါကင်းထိုးပါ။
- စက်နှင့်ရေဒီယိုကို ပိတ်၍ ကားတံခါးမှ ဆင်းပြီးလျှင် အရာရှိနှင့် စကားပြောဆိုနိုင်သည်။
- ညအချိန်ဖြစ်ပါက သင်၏ယာဉ်ကို ရပ်တန့်သည်နှင့်ချက်ချင်း အရာရှိ ချဉ်းကပ်မလာမီ ကားအတွင်းမီးကို ထွန်းပါ။
- သင်၏လျှပ်ရှားမှုများနှင့် ခရီးသည်များ၏ လှုပ်ရှားမှုများကို ကန့်သတ်ထားပါ - ယာဉ်ထဲတွင် မည်သည့်အရာမှ လက်လှမ်း မယူပါနှင့်။
- သင်သည် မည်သည့်သေနတ်အမျိုးအစားမဆို သယ်ဆောင်ယူလာပါက အရာရှိကို ချက်ချင်း သတိပေးပါ။
- သင်၏လက်များကို စတီယာရင်ပေါ်တွင် တင်ထားပြီး ခရီးသည်များအား ၎င်းတို့၏လက်ကို မြင်သာသည့်နေရာတွင် ထားရှိင်းပါ။
- သင့်ကားဆီ အရာရှိ ချဉ်းကပ်လာသည်နှင့် သင့်ကားတံခါးများကို ပိတ်ထားပြီး အရာရှိမှ ထွက်လာပါဟု အပြောပါက ယာဉ်ထဲတွင်သာ နေပါ။
- သင်သည် သင့်တင့်လျော်ညီစွာ ခါးပတ်ပတ်ထားကြောင်း အရာရှိ မြင်တွေ့သည်အထိ ခါးပတ်များကို ဆက်လက်ပတ် ထားပါ။
- အရာရှိမှ သင်၏ယာဉ်မောင်းလိုင်စင်၊ မှတ်ပုံတင်ကတ်နှင့် အာမခံကတ်များကို ပြန်ယူပါဟု မပြောမချင်းစောင့်ပါ။ အရာရှိအား သင့်၏ပိုက်ဆံအိတ်ကို မပေးပါနှင့် - တောင်းထားသည့် အရာများကိုသာ ပေးပါ။
- အမြဲ ယဉ်ကျေးစွာ ပြုမူပါ။ အရာရှိမှ သင်မှားခဲ့သည့်အရာများကို ပြောပါမည်။ သင်သည် သတိပေးခြင်းသာ ခံရနိုင်သည် သို့မဟုတ် သင့်အား ယာဉ်ကြောချိုးဖောက်မှုကို ကိုးကားပြောဆိုနိုင်သည်။ အကယ်၍ သင်သည် ကိုးကားပြောဆိုချက်ကို သဘောမတူပါ က တရားရုံး ကြားနာစစ်ဆေး ခံရမည်။ ထိုနေရာတွင် သင်၏ အကြောင်းပြချက်များကို တင်ပြနိုင်သည်။ ဖြစ်ပွားရာနေရာ၌ အရာရှိနှင့် အငြင်းအခုံပြောဆိုရန် သင်စိတ်မဝင်စားပါ။ အကယ်၍ သင်သည် အဆင့်အတန်းရှိရှိ ဆက်ဆံခြင်းမခံရ လျှင် ယာဉ်ရပ်တန့်ခြင်းဖြစ်ပွားသည့် တစ်ချိန်ချိန်၌ သင့်တော်သော ရဲဌာနသို့ ဆက်သွယ်သင့်ပြီး စီမံကွပ်ကဲသူတစ်ဦး တောင်းခံပါ။

ရဲကား မီးများမှာ အနီရောင်နှင့် အပြာရောင် ဖြစ်နိုင်ပြီး သို့မဟုတ်လျှင် အမှတ်အသားမပါရှိသောရဲကားများတွင် အနီရောင် တစ်မျိုးတည်း ဖြစ်နိုင်ကြောင်း မှတ်သားထားပါ။ ဤမီးအရောင်များအပြင် အဖြူရောင်မှိတ်တုတ်မီးများကို လည်း အသုံးပြုကြောင်း သင် မြင်တွေ့ကောင်း မြင်တွေ့နိုင်သည်။ **ယာဉ်မှာ အပြာရောင်မှိတ်တုတ်မီးများ တစ်မျိုးတည်းသာ လင်းလက်နေလျှင် ၎င်းမှာ ရဲကား မဟုတ်ပါ။** အကယ်၍ သင်သည် အနီရောင်နှင့် အပြာရောင်မှိတ်တုတ်မီးများ သို့မဟုတ် အနီရောင်မှိတ်တုတ်မီးတစ်ခုတည်းသာ မြင်တွေ့ရပြီး လမ်းဘေးကို ချရပ်ခိုင်းသောသူမှာ ရဲအစစ်အမှန် ဖြစ်ကြောင်း ဝေခွဲမရဖြစ်နေပါက သင်သည် အနီးဆုံး မီးရောင် ထိန်သည့်၊ လူများသည့် ဧရိယာသို့ မောင်းသွားနိုင်သော်လည်း ရပ်တန့်ရန်ခိုင်းခြင်းကို နားလည်ကြောင်း သင့်ကား၏မှိတ်တုတ် မီးများ ဖွင့်ပြီး အရှိန်လျှော့မောင်းကာ အသိအမှတ်ပြုရမည်။ သင်သည် အရာရှိထံ မှတ်ပုံတင်ကတ်ပြရန် တောင်းခံနိုင်သဖြင့် သင့်အား ရပ်တန့်သည့်သူမှာ ဝတ်စုံဝတ်ဆင်မထားလျှင် သို့မဟုတ် အမှတ်အသားမပါရှိသောယာဉ် ဖြစ်နေပါ က ထိုသို့ လုပ်ဆောင်နိုင်သည်။ အမှတ်အသားမပါရှိသောယာဉ်များမှ အရာရှိအများအပြား တို့သည် ရဲဝတ်စုံများ ဝတ်ဆင်ထားပြီး ရဲအရာရှိများတွင် အမြဲတန်း ဓါတ်ပုံပါမှတ်ပုံတင်ကတ်နှင့် တံဆိပ် ပါရှိပါသည်။

ယာဉ်တိုက်မှုများ

ယာဉ်တိုက်မှုတွင် သင် မပါဝင်လျှင် သို့မဟုတ် အရေးပေါ် အကူအညီ မရောက်ရှိသေးလျှင် ယာဉ်တိုက်မှုဖြစ်ပွားသည့် နေရာတွင် မရပ်တန့်ပါနှင့်။ ကားမောင်းနှင်ခြင်းတွင် အာရုံစူးစိုက်မှုထားပြီး လမ်းမကြီးပေါ် သို့မဟုတ် အနီးအနားတွင် ရှိနေနိုင်သည့် လူများကို ကြည့်၍ ဆက်မောင်းနှင်ပါ။ ရဲများ၊ မီးသတ်သမားများ၊ လူနာတင်ယာဉ်များ၊ ဆွဲယူသည့် ထရပ်ကားများနှင့် အခြားကယ်ဆယ်ရေး ယာဉ်များ လမ်းကို ဝိတ်မရပ်ပါနှင့်။

ယာဉ်တိုက်မှုတွင် သင်ရှိနေပါက အောက်ပါတို့ကို သင် လုပ်ဆောင်သင့်သည် -

1. သင့်ကားကို တိုက်ခိုက်သောနေရာ သို့မဟုတ် အနီးအနားတွင် ရပ်ပါ။ သင်၏ယာဉ်ကို လမ်းဘေးချရပ်နိုင်ပါက ယာဉ်ကြောပိတ်ဆို့မှု မဖြစ်အောင် လမ်းဘေးသို့ရွှေ့ပါ။ ကနဦး ယာဉ်တိုက်မှုဖြစ်ပွားခြင်းကြောင့် ယာဉ်ရပ်တန့်လိုက် သောအခါ သို့မဟုတ် အရှိန်လျှော့လိုက်သောအခါ ယာဉ်တိုက်မှုအများအပြား ဖြတ်တတ်သည်။

2. တစ်စုံတစ်ယောက် ထိခိုက်ဒဏ်ရာရလျှင် သို့မဟုတ် သေဆုံးရလျှင် ရဲကို ဖုန်းဆက်ခေါ်ဆိုပါ။ ယာဉ်မောင်းနှင်သူများ ထိခိုက်ဒဏ်ရာရရှိပြီး ရဲကို ဖုန်းခေါ်၍ မရနိုင်ပါမှ ယာဉ်တိုက်မှု ဖြစ်ပွားရာနေရာ သို့မဟုတ် အနီးအနားမှ မျက်မြင်သက်သေများ အကူအညီခေါ်ရမည်။

3. ယာဉ်တစ်စီးစီးကို ကားဖြင့်ဆွဲယူရန် လိုအပ်ပါက ရဲကို ခေါ်ပါ။

4. ယာဉ်တိုက်မှုတွင် ပါဝင်သော အခြားယာဉ်မောင်း(များ) မှ အောက်တွင် စာရင်းပြုစုထားသော အချက်အလက်များကို ယူပါ -
   - အမည်များနှင့် လိပ်စာများ
   - မှတ်ပုံတင် နံပါတ်များ
   - တယ်လီဖုန်း နံပါတ်များ
   - အာမခံ ကုမ္ပဏီ အမည်များနှင့် အာမခံပေါ်လစီ နံပါတ်များ

5. ယာဉ်တိုက်မှုတွင်ပါဝင်သော အခြားသူများနှင့် ယာဉ်တိုက်မှု မျက်မြင်သက်သေများ၏ အမည်များနှင့် လိပ်စာများကို ယူပါ။

6. ယာဉ်တိုက်မှုတွင် ရပ်ထားသည့်ယာဉ် ပါဝင်ပါက သို့မဟုတ် ပိုင်ဆိုင်မှု ထိခိုက်ပျက်စီးပါက ချက်ချင်းရပ်တန့်ပြီး ပိုင်ရှင်ကိုရှာပါ။ သင်သည် ပိုင်ရှင်ကိုရှာမတွေ့ပါက မြင်နိုင်သည့်နေရာတစ်ခုတွင် မက်ဆေ့ချ်တစ်ခု ချန်ထားပြီး ရဲကိုခေါ်ပါ။ ထိုမက်ဆေ့ချ်တွင် ယာဉ်တိုက်သည့်နေ့နှင့် အချိန်၊ သင့်အမည်နှင့် သင့်အားဆက်သွယ်ရနိုင်မည့် တယ်လီဖုန်းနံပါတ်တို့ ပါဝင်သင့်သည်။

7. ရဲမှ ယာဉ်တိုက်မှုကို စုံစမ်းစစ်ဆေးခြင်းမရှိခြင်းနှင့် တစ်စုံတစ်ယောက် သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါက သို့မဟုတ် ယာဉ်ကို ကားဖြင့် ဆွဲရမည်ဆိုပါက ယာဉ်မောင်း မတော်တဆထိခိုက်မှုဆိုင်ရာ အစီရင်ခံလျှောက်လွှာ (AA-600) ကို ငါးရက် (5) အတွင်း အောက်ပါသို့ လိပ်မှု၍ ပေးပို့ပါ -

   PA Department of Transportation
   Bureau of Highway Safety & Traffic Engineering
   P.O. Box 2047
   Harrisburg, PA 17105-2047

ကျေးဇူးပြု၍ မှတ်သားပါ -
ယာဉ်မောင်း မတော်တဆထိခိုက်မှုဆိုင်ရာ အစီရင်ခံလျှောက်လွှာ (AA-600) ရယူရန် ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက် www.dmv.pa.gov သို့ ဝင်ရောက်ပါ သို့မဟုတ် သင်၏ဒေသဆိုင်ရာ သို့မဟုတ် ပြည်နယ်ရဲဆီ ဆက်သွယ်ပါ။

ရဲဖမ်းခြင်းမှ ထွက်ပြေးခြင်း သို့မဟုတ် တိမ်းရှောင်ခြင်း

ယာဉ်မောင်းများ ရဲဖမ်းခြင်းမှ ထွက်ပြေးရန် သို့မဟုတ် တိမ်းရှောင်ရန် အားထုတ်သောအခါ နှစ်စဉ်နှစ်တိုင်း ယာဉ်တိုက်မှု 450 ခန့် ဖြစ်ပွားပြီး ပင်ဆယ်ဗေးနီးယားပြည်နယ် လမ်းမများပေါ်တွင် ကြီးမားသောထိခိုက်ဒဏ်ရာ သို့မဟုတ် သေဆုံးမှု 40 မှ 50 အထိ ဖြစ်စေသည်။

အကယ်၍ ရဲဖမ်းခြင်းမှ ထွက်ပြေးခြင်း သို့မဟုတ် တိမ်းရှောင် ရန် အားထုတ်ခြင်းကြောင်း ယာဉ်မောင်းကို ပြစ်ဒဏ်ပေးထားပါက ထိုပြစ်ဒဏ်မှာ ယာဉ်မောင်းခွင့် တစ်နှစ် ဆိုင်းငံ့ထားခြင်း၊ ဒေါ်လာ 500 ဒဏ်တပ်သည့်အပြင် တရားစရိတ်များနှင့် အခြား ကုန်ကျစရိတ်များ ကျခံရမည်ဖြစ်ပြီး ထောင်ဒဏ်လည်း ကျခံနိုင်သည်။

အရက်သေစာ မူးယစ်သောက်စား၍ သို့မဟုတ် မူးယစ်စေတတ်သောပစ္စည်း သုံးစွဲ၍ မောင်းနှင်ခြင်း

DUI (အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း) ကို မည်သည်တို့ ပါဝင်သနည်း။

အရက်သေစာ မူးယစ်သောက်စား၍ သို့မဟုတ် မူးယစ်ဆေးဝါး သုံးစွဲ၍ ကားမောင်းနှင်ခြင်းအတွက် ပြစ်ဒဏ်မှာ ပြင်းထန်သည်။ ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် သင်သည် တရားဝင် အရက်သေစာ သောက်သုံးနိုင်သည့်အရွယ် (21 သို့မဟုတ် ပိုအသက်ကြီးသူ) ဖြစ်လျှင် **သင့်သွေးထဲ အရက်ပါဝင်မှု အဆင့်မှာ .08 သို့မဟုတ် ထို့ထက် များနေပါက** "အရက်သေစာ သောက်စားထားစဉ်" ယာဉ်မောင်းခြင်းကို ဆင်ခြင်ရပါမည်။ သို့သော် သင်သည် မှုမမှန်မောင်းနှင်ခြင်း (နေးလွန်းခြင်း၊ မြန်လွန်းခြင်း၊ လမ်းကြောင်းကို ခွ၍ မောင်းခြင်း၊ နေရာကျယ် ကျယ်ကွေ့ခြင်း၊ အကြောင်းမရှိဘဲ ရပ်တန့်ခြင်း၊ ယာဉ်ကြောသင်္ကေတများနှင့် အချက်ပြမီးများကို လိုက်နာရန် ပျက်ကွက်ခြင်း စသည်တို့) အတွက် သင့်အား ရဲများမှ ရပ်တန့်ပါက သွေးထဲအရက်ပါဝင်မှု (BAC) အဆင့်နည်းသော် လည်း DUI ကြောင့်ပြစ်ဒဏ်ချမှတ်ခံရနိုင်သည်။

သင်သည် အသက် 21 နှစ်အောက်ဖြစ်လျှင် ပင်ဆယ်ဗေးနီးယား ပြည်နယ် ဥပဒေများမှ သင်၏ဓနာကိုယ်ထဲတွင် အရက် သိသိ သာသာရှိနေလျှင် သင့်အား ယာဉ်မောင်း နင်ခွင့် မပြုပါ။ သင်သည် အသက် 21 နှစ်အောက်ဖြစ်လျှင် သင်၏သွေးထဲ အရက်ပါဝင်မှုပမာဏမှာ .02 သို့မဟုတ် ပိုများပါက အရက်သေစာ သောက်သုံးပြီး မောင်းနှင် ခြင်းကို ဆင်ခြင်ရပါမည်။

ပင်ဆယ်ဗေးနီးယားပြည်နယ်၏ အကြွင်းမဲ့သဘောတူညီမှု ဥပဒေ (အရက် သို့မဟုတ် မူးယစ်ဆေးအတွက် ဓါတုစစ်ဆေးမှု)

အကြွင်းမဲ့သဘောတူညီမှု ဥပဒေသည် ယာဉ်မောင်းတစ်ဦး ဖြစ်သည့်အလျောက် သင့်အတွက် အထူးအရေးကြီးပါသည်။ ဓါတုစစ်ဆေးခြင်းပါဝင်သည့် ဥပဒေမှ ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ယာဉ်မောင်းနှင်ရန် သင့်အား လိုင်စင်ထုတ်ပေးထားသဖြင့် သင်သည် ထိုစစ်ဆေးမှုမျိုးကို ခံယူရန် သဘောတူထားကြောင်း ဖော်ပြသည်။ သင့်အား အရက်သေစာ သောက်စား၍ သို့မဟုတ် မူးယစ်ဆေး သုံးစွဲပြီး ယာဉ်မောင်းနှင်ခြင်းအတွက် ရဲမှ ဖမ်းဆီး၍ သင်သည် အာမှုတ်လေ သို့မဟုတ် သွေးထဲတွင် ဓါတုစစ်ဆေးမှုတစ်ခု (1) သို့မဟုတ် စစ်ဆေးမှုများကို ငြင်းဆန်ပါက သင်၏ ယာဉ်မောင်းနွင့်ကို အလိုအလျောက် တစ်နှစ် (1) ဆိုင်းငံ့သွားမည် ဖြစ်သည်။ ဤဆိုင်းငံ့ထားခြင်းမျိုးမှာ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းအတွက် ပြစ်ဒဏ်တစ်ခု သို့မဟုတ် စာရိတ္တ တည့်မတ်ရေး ကြားနာစစ်ဆေးမှု (ARD) ချမှတ်ထားသည့် ဆိုင်းငံ့မှုအပြင် နောက်တိုးဆိုင်းငံမှုတစ်ခု ဖြစ်သည်။

အကယ်၍ သင်သည် အရက်သေစာသောက်စားထားချိန်တွင် မောင်းနှင်ခြင်းမရှိဟု တွေ့ရှိရပါက အာမှုတ်လေ သို့မဟုတ် သွေးထဲတွင် ဓါတုပါဝင်မှုရှိမရှိ စစ်ဆေးမှုတစ်ခုကို ပထမအကြိမ် (1) ငြင်းဆန်ခြင်းအတွက် သင်၏ယာဉ်မောင်းခွင့်ကို တစ်နှစ် ဆိုင်းငံ့ထားမည်ဖြစ်သည်။ အကယ်၍ သင့်မှာ စစ်ဆေးမှုကို ငြင်းဆန်ပြီး DUI (အရက်သေ စာ၊ မူးယစ်ဆေးဝါးသောက်စား၍ မောင်းနှင်ခြင်း) အပြစ်ရှိ ကြောင်း တွေ့ရှိပါက သင်၏ယာဉ်မောင်းခွင့်ကို သင့်အား ဖမ်းဆီးချိန် BAC ပမာဏအရ နှစ်နှစ်ခွဲ (2 1/2) အထိ ဆိုင်းငံ့ထားနိုင်ပါသည်။ သင်သည် ဓါတုစစ်ဆေးမှုကို ငြင်းဆန်ပြီး ယခင်က DUI ပြစ်ဒဏ်တစ်ခု သို့မဟုတ် ဓါတုစစ်ဆေးမှုအတွက် ယခင်က ငြင်းဆန်ခဲ့ဖူးပါက သင်သည် ထိုငြင်းဆန်မှုအတွက် 18 လ ဆိုင်းငံ့ခြင်း ခံရနိုင်သည့်အပြင် DUI ပြစ်ဒဏ်တစ်ခုအတွက် ထပ်လောင်း 18 လ ခံရနိုင်ပြီး စုစုပေါင်း သုံးနှစ် (3) ဆိုင်းငံ့ခံရ မည်ဖြစ်သည်။

ဓာတုစစ်ဆေးမှုငြင်းဆိုခြင်းဆိုင်ရာ ပြန်လည်ထိန်းသိမ်းရေးစရိတ်

ဓါတုစစ်ဆေးမှု ပြုလုပ်ရန် ငြင်းဆိုသည့် ယာဉ်မောင်းများသည် ဓါတုစစ်ဆေးမှုငြင်းဆိုခြင်းဆိုင်ရာ ပြန်လည်ထိန်းသိမ်းရေး စရိတ် ပေးချေရန် လိုအပ်သည်။ ပထမပြစ်မှုအတွက် ဒေါ်လာ 500၊ ဒုတိယပြစ်မှုအတွက် ဒေါ်လာ 1,000 နှင့် တတိယာ သို့မဟုတ် နောက်ဆက်တွဲ ပြစ်မှုအတွက် ဒေါ်လာ 2,000 ဖြစ်သည်။ ဓါတုစစ်ဆေးမှုငြင်းဆိုခြင်းဆိုင်ရာ ပြန်လည်ထိန်းသိမ်းရေး စရိတ်မှာ ပင်ဆယ်ဗေးနီးယားပြည်နယ် မော်တော်ယာဉ် ဥပဒေ ပိုင်ဆိုင်ခွင့် 75 စာပိုဒ် 1960 အရ လိုအပ်သည့် ပြန်လည်ထိန်းသိမ်းရေးစရိတ်အပြင် ဖြစ်သည်။ ဓါတုစစ်ဆေးမှုငြင်းဆိုခြင်းဆိုင်ရာ ပြန်လည်ထိန်းသိမ်းရေး စရိတ်ကို လက်မှတ်ရေးထိုးထားသည့်ချက်လက်မှတ် သို့မဟုတ် ငွေသားဖြင့် ပေးချေရပါမည်။

ကြီးလေးသော ပြစ်ဒဏ်များ

ဤအရာသုံးခု (3) ခုအတွက် ပြစ်ဒဏ်များ ပို၍ ကြီးလေးပါသည် - သွေးထဲအရက်ပါဝင်မှု ပမာဏများနေခြင်း၊ အရက်သေစာ သောက်စား၍ မောင်းနှင်ခြင်းကြောင့် ရရှိသည့် ကြီးမားသော ဒဏ်ရာများနှင့် ထိခိုက်မှုများ ပိုမိုရှိခြင်းနှင့် DUI ကြောင့် ပြစ်ဒဏ်ကျခံရသည့် အကြိမ်အရေအတွက် များခြင်း

အောက်ပါ ဇယားသုံးခု (3) တွင် အရက်သေစာ သောက်စား၍ ယာဉ်မောင်းနှင်ခြင်းအတွက် ပြစ်ဒဏ်များကို မတူညီသော မူမမှန်မှုအဆင့်များအလိုက် အကျဉ်းဖော်ပြထားသည်။ ဤဇယားများတွင် ဖော်ပြထားသည့် ပြစ်ဒဏ်များအပြင် အရက်နှင့်ပတ်သက်၍ အဝေးပြေးလမ်းလုံခြုံရေးဆိုင်ရာ သင်တန်းကျောင်းသည် မူမမှန်မှုအဆင့်များအလိုက် ပထမ သို့မဟုတ် ဒုတိယပြစ်မှုများအတွက် သင်ကြားပြသရန် လိုအပ်သည်။ သွေးထဲအရက်ပါဝင်မှုပမာဏ မြင့်မားသော ပထမအကြိမ်နှင့် ထပ်ကာထပ်ကာ DUI ချိုးဖောက်သူများနှင့် ဓါတုစစ်ဆေးမှု ငြင်းဆိုခြင်းဆိုင်ရာ ချိုးဖောက်မှုကြောင့် မောင်းနှင်ခွင့်ဆိုင်းငံ့ခံ ထားရသည့် သူများသည့် စက်နှိုးရက်အတွက် မော်တော်ယာဉ် များတွင် တပ်ဆင်ထားသည့် အရက်သောက်စားမှုကို အာမှုတ်လေဖြင့် တိုင်းသည့်စနစ် ရှိရမည်ဖြစ်သည်။ ယာဉ်မောင်းနှင်ခွင့် ပြန်လည်ရရှိရန် တောင်းခံနေပြီး အရက် သောက်စားမှုကို အာမှုတ်လေဖြင့် တိုင်းသည့်စနစ် လိုအပ်ချက် ရှိသည့် သူများသည် ကန့်သတ်လိုင်စင် ထုတ်ပေးသည့် အခြေ အနေအရ မောင်းနှင်ရန်အတွက် အရက်သောက်စားမှုကို အာမှုတ်လေဖြင့် တိုင်းသည့်စနစ် တပ်ဆင်ထားသည့် မော်တော်ယာဉ်များ ရှိရန်လိုအပ်ပြီး ကန့်သတ်လိုင်စင်ကာလ အတွက် သို့မဟုတ် PennDOT လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ထုတ်ပြန်ရန်အတွက် ပိုင်ဆိုင်ထားသည့်၊ မှတ်ပုံတင် ထားသည့် သို့မဟုတ် မောင်းနှင်ရန်အတွက် မော်တော်ယာဉ် တစ်စီးမှ မရှိလျှင် မရှိသည့်အတိုင်း ဆက်လက်နေရမည်။ သင့်အနေဖြင့်လည်း မူမမှန်မှုအဆင့်များအလိုက် ပထမနှင့် နောက်ဆက်တွဲပြစ်မှုများအတွက် အရက်အလွဲသုံးစားမှု ဆိုင်ရာ စစ်ဆေးမှုနှင့် ကုသမှုကို ခံယူရန် လိုအပ်ကြောင်း တရားရုံးမှ ပြဋ္ဌာန်းထားသည်။ ထပ်လောင်း၍ တရားသူကြီးမှ ရပ်ရွာအကျိုးဆောင်ရွက်ရန် နာရီ 150 အထိ ချမှတ်နိုင်ပါသည်။

သင်သည် အသက် 21 နှစ်ရှိပြီး အရက်သေစာ (သင်၏ BAC မှာ .02 သို့မဟုတ် အထက်) သောက်စား၍ မောင်းနှင်ခြင်း ကြောင့် ပြစ်ဒဏ်ကျခံထားရပါက သင်၏ BAC ပမာဏမှာ ထိုပြစ်ဒဏ်များအတွက် သတ်မှတ်ထားသည့်ပမာဏထက် နည်းနေသော်လည်း သင်သည် ဇယား 2 တွင် ဖော်ပြထား သည့် ပြစ်ဒဏ်များကို ကျခံရမည်ဖြစ်သည်။

အကယ်၍ သင်သည် ဓနာကိုယ်ထိခိုက်ဒါဏ်ရာရခြင်း၊ သေဆုံးမှု သို့မဟုတ် ပိုင်ဆိုင်မှုထိခိုက်ပျက်စီးခြင်း ဖြစ်စေသည့် ယာဉ်တိုက် မှုတစ်ခုတွင် ပါဝင်နေပါက သင်၏ BAC ပမာဏမှာ ဇယား 2 "မြင့်မားနှုန်း" တွင် ဖော်ပြထားသည်ထက် လျှော့နည်းသော် လည်း ဇယား 1 "အထွေထွေ မူမမှန်မှု" တွင် ဖော်ပြထားသည် ကို ကျခံရမည့်အစား ဇယား 2 "မြင့်မားနှုန်း" တွင် ဖော်ပြထားသည့် ပြစ်ဒဏ်များကို ကျခံရမည်ဖြစ်သည်။

မူးယစ်စေတတ်သောပစ္စည်းသုံးစွဲပြီး ယာဉ်မောင်းနှင်သည့် မည်သူမဆိုနှင့် ဓါတုစစ်ဆေးမှုကို ငြင်းဆန်သော ယာဉ်မောင်းများသည် ဇယား 3 "အမြင့်ဆုံးနှုန်း" တွင် ဖော်ပြထားသည့် ပြဒဏ်များကို ကျခံရမည်ဖြစ်သည်။

မူမမှန်မှု မြင့်မားနှုန်းနှင့် အမြင့်ဆုံးနှုန်းများရှိ ပထမပြစ်ဒဏ် အတွက် သင့်ကို စာရိတ္တတည့်မတ်ရေး ကြားနာစစ်ဆေးမှု (ARD) အစီအစဉ်တွင် လက်ခံထားမည်ဖြစ်သည်။

ဇယား 1 - အထွေထွေ မူမမှန်မှု - .08 မှ .099 အထိ သွေးထဲ အရက်ပါဝင်မှု *(မှတ်သားရန် - ဤပြစ်ဒဏ်များသည် တရားဝင်အရက်သောက်သုံးနိုင်သည့် အရွယ် ယာဉ်မောင်းများနှင့် သက်ဆိုင်သည်။)*			
ပြစ်ဒဏ်	**ပထမပြစ်မှု**	**ဒုတိယပြစ်မှု**	**တတိယပြစ်မှု**
စီရင်ချက်	စောင့်ကြည့်ကာလ 6 လ	ထောင်ဒဏ် 5 ရက်မှ 6 လ	ထောင်ဒဏ် 10 ရက်မှ 2 နှစ်
ဒဏ်ငွေ	ဒေါ်လာ 300	ဒေါ်လာ 300 - ဒေါ်လာ 2,500	ဒေါ်လာ 500 - ဒေါ်လာ 5,000
လိုင်စင်	အရေးမယူခြင်း	12 လ ဆိုင်းငံ့ခြင်းနှင့် အရက် သောက်စားမှုကို အာမှုတ်လေ ဖြင့် တိုင်းသည့်စနစ် လိုအပ်ချက် 1 နှစ်	12 လ ဆိုင်းငံ့ခြင်းနှင့် အရက် သောက်စားမှုကို အာမှုတ်လေ ဖြင့် တိုင်းသည့်စနစ် လိုအပ်ချက် 1 နှစ်

ဇယား 2 - မြင့်မားနှုန်း - .10 မှ .159 အထိ ရှေ့ပွားထဲ အရက်ပါဝင်မ (မှတ်သားရန် - ဤဇယားသည် BAC ပမာဏ .02 သို့မဟုတ် အထက်ရှိသည့် အသက် 21 အောက် ယာဉ်မောင်းများ၊ BAC ပမာဏ .04 သို့မဟုတ် အထက်ရှိသည့် သယ်ယူပို့ဆောင်ရေး ယာဉ်မောင်းများ၊ BAC ပမာဏ .02 သို့မဟုတ် အထက်ရှိသည့် ကျောင်းကား ယာဉ်မောင်းများ၊ BAC ပမာဏ .08 မှ .099 ရှိသည့် ယာဉ်မောင်းများအပြင် ပြင်းထန်သော ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာ၊ သေဆုံးမှု သို့မဟုတ် ယာဉ် သို့မဟုတ် ပိုင်ဆိုင်မှု ပျက်စီးခြင်း ဖြစ်စေသည့် ယာဉ်တိုက်မှုတွင် ပါဝင်သည့် သူများနှင့်လည်း သက်ဆိုင်သည်။)			
ပြစ်ဒဏ်	**ပထမပြစ်မှု**	**ဒုတိယပြစ်မှု**	**တတိယပြစ်မှု**
စီရင်ချက်	ထောင်ဒဏ် 2 ရက်မှ 6 လ	ထောင်ဒဏ် ရက်ပေါင်း 30 မှ 6 လ	ထောင်ဒဏ် ရက်ပေါင်း 90 မှ 6 လ
ဒဏ်ငွေ	ဒေါ်လာ 500 - ဒေါ်လာ 5,000	ဒေါ်လာ 750 - ဒေါ်လာ 5,000	ဒေါ်လာ 1,500 - ဒေါ်လာ 10,000
လိုင်စင်	12 လ ဆိုင်းငံ့ခြင်းနှင့် အရက် သောက်စားမှုကို အာမှုတ်လေ ဖြင့် တိုင်းသည့်စနစ် လိုအပ်ချက် 1 နှစ်	12 လ ဆိုင်းငံ့ခြင်းနှင့် အရက် သောက်စားမှုကို အာမှုတ်လေ ဖြင့် တိုင်းသည့်စနစ် လိုအပ်ချက် 1 နှစ်	18 လ ဆိုင်းငံ့ခြင်းနှင့် အရက် သောက်စားမှုကို အာမှုတ်လေဖြင့် တိုင်းသည့်စနစ် လိုအပ်ချက် 1 နှစ်

ဇယား 3 - အမြင့်ဆုံးနှုန်း - .16 သွေးထဲ အရက်ပါဝင်မှုနှင့် အထက် (မှတ်သားရန် - ဤဇယားသည် မည်သည့် BAC ပမာဏရှိသည့်ဖြစ်စေ ဓါတုစစ် ဆေးမှုကို ငြင်းဆန်သော ယာဉ်မောင်းများနှင့် ဆေးဘက်ဆိုင်ရာအရ ညွှန်ကြားထားခြင်း မဟုတ်သည့် ဇယား I, II သို့မဟုတ် III ဆေးဝါးများ သောက်စား၍ အခြားမူးယစ်ဆေး နှင့် အရက် သို့မဟုတ် ရှူဆေးများကဲ့သို့ ဆေးဝါးများ ပေါင်းစပ်သုံးစွဲ၍ မောင်းနှင်ခြင်းအတွက် ပြစ်ဒဏ်ချခံထားသည့် ယာဉ်မောင်းများနှင့်လည်း သက်ဆိုင်သည်။)			
ပြစ်ဒဏ်	**ပထမပြစ်မှု**	**ဒုတိယပြစ်မှု**	**တတိယပြစ်မှု**
စီရင်ချက်	ထောင်ဒဏ် 3 ရက်မှ 6 လ	ထောင်ဒဏ် ရက်ပေါင်း 90 မှ 6 လ	ထောင်ဒဏ် 1 နှစ်မှ 5 နှစ်
ဒဏ်ငွေ	ဒေါ်လာ 1,000 - ဒေါ်လာ 5,000	ဒေါ်လာ 1,500	အနည်းဆုံး ဒေါ်လာ 2,500
လိုင်စင်	12 လ ဆိုင်းငံ့ခြင်းနှင့် အရက် သောက်စားမှုကို အာမှုတ်လေ ဖြင့် တိုင်းသည့်စနစ် လိုအပ်ချက် 1 နှစ်	18 လ ဆိုင်းငံ့ခြင်းနှင့် အရက် သောက်စားမှုကို အာမှုတ်လေ ဖြင့် တိုင်းသည့်စနစ် လိုအပ်ချက် 1 နှစ်	18 လ ဆိုင်းငံ့ခြင်းနှင့် အရက် သောက်စားမှုကို အာမှုတ်လေ ဖြင့် တိုင်းသည့်စနစ် လိုအပ်ချက် 1 နှစ်

သင်၏ပြစ်ဒဏ်တွင် အများဆုံးစောင့်ကြည့်ကာလ သို့မဟုတ် ထောင်ဒဏ် ခြောက်လ (6) ပြစ်ဒဏ် ပါဝင်လျှင် (သင်သည် ပမာဏတစ်ခုခုဖြင့် ပထမအကြိမ် ချိုးဖောက်သူ သို့မဟုတ် "အထွေထွေ မူမမှန်မှု" သို့မဟုတ် "မြင့်မားနှုန်း" ဖြင့် ဒုတိယအကြိမ် ချိုးဖောက်သူ) သင်၏ DUI ပြစ်မှုကို အဆင့်မသတ်မှတ်ထားသည့် အသေးအဖွဲအပြစ်အဖြစ် စွဲဆိုထားသည်။ အဆင့်မသတ်မှတ်ထားသည့် အသေးအဖွဲအပြစ် စွဲဆိုချက်ဆို သည်မှာ အမှုတစ်ခုကို ထောက်ပြနိုင်လျှင် တရာသူကြီးအဖွဲ့၏ စစ်ဆေးချက်ကို ကြားနားစရာမလိုပါ။

မူမမှန်မှု မြင့်မားနှုန်းနှင့် အမြင့်ဆုံးနှုန်းများဖြင့် ပထမပြစ်မှုတစ်ခု အတွက် သင့်ကို စာရိတ္တတည့်မတ်ရေး ကြားနာစစ်ဆေးမှု (ARD) အစီအစဉ်တွင် လက်ခံထားမည်ဖြစ်သည်။

သင့်ကို ARD အစီအစဉ်တွင် လက်ခံထားပါက သင်သည် -

- ARD အတွက် သင်၏လိုင်စင်ကို ရက်ပေါင်း 90 အထိ ဆုံးရှုံးရမည်။
- ခြောက်လ (6) အထိ တရားရုံး၏ကြီးကြပ်မှုအောက်တွင် နေရမည်။
- သက်ဆိုင်သည့် စရိတ်များနှင့် အခြားကုန်ကျစရိတ်များအပြင် ဒဏ်ငွေ ဒေါ်လာ 300 နှင့် 5,000 ကြား ပေးချေရမည်။
- အရက်နှင့် မူးယစ်ဆေးဝါး အကဲဖြတ်စစ်ဆေးရေး ခံယူရမည်။
- အရက်နှင့် မူးယစ်ဆေးဝါး ပြန်လည်ထူထောင်ရေး ကုသမှုကို ခံယူရမည်။
- အရက်နှင့်ပတ်သက်၍ အဝေးပြေးလမ်းလုံခြုံရေးဆိုင်ရာ သင်တန်းကျောင်းမှ 12 1/2 နာရီအချိန်တွင် ပါဝင်ရမည်။

လုံးဝလက်မခံခြင်း ဥပဒေ (အသက် 21 နှစ်အောက် DUI)

လုံးဝလက်မခံခြင်း ဥပဒေမှ သွေးထဲ အရက်ပါဝင်မှု ပမာဏ သိသိသာသာရှိပြီး ယာဉ်မောင်းနှင်နေသည့် အသက် 21 နှစ်အောက် လူငယ်များအတွက် ပြင်းထန်သောအကျိုးဆက်များကို သတ်မှတ်ပေးသည်။ ဤဥပဒေသည် အရက်သေစာ သောက်စားၗ် မောင်းနှင်မှု ကြောင့် တရားစွဲဆိုခံထားရသည့် လူငယ်များအတွက် (အသက် 21 နှစ်အောက်) သွေးထဲအရက်ပါဝင်မှု (BAC) ကို .08 မှ .02 အထိ လျှော့ချပေးသည်။

မည်သည့်အတွက်ကြောင့် လုံးဝလက်မခံရသနည်း။

ယာဉ်တိုက်မှုများသည် အမေရိကန်ပြည်ထောင်စုတွင် ဆယ်ကျော်သက်ရွက်များ သေဆုံးရသည့် နံပါတ်တစ် (1) အကြောင်းရင်းတစ်ခု ဖြစ်သည်။
ယာဉ်မောင်းနှင်ခြင်းတွင် တာဝန်အများအပြား ပါဝင်ပြီး လိုအပ်ချက်များ ဆက်တိုက်ပြောင်းလဲနေသည်။ အွန်လာရယ်ကင်းစွာ မောင်းနှင်ရန်အတွက် သင် သတိရှိရမည်။ ပတ်ဝန်းကျင်တွင် အမြဲပြောင်းလဲလာသောအချက်အလက် ဖြစ်ပေါ်လာခြင်းကို အခြေခံ၍ ဆုံးဖြတ်ချက်များ ချရမည်ဖြစ်ပြီး ထိုဆုံးဖြတ်ချက်များကို မူတည်၍ ကောင်းစွာမောင်းနှင်နိုင်မည် ဖြစ်သည်။ အရက်သေစာသောက်စားခြင်းသည် ဤအလုပ်တာဝန်များကို ဆောင်ရွက်ရန် မရှိမဖြစ်လိုအပ်သည့် စွမ်းရည်များကို ပျက်စီး စေပါသည်။

သင်သည် အသက် 21 နှစ်အောက်ဖြစ်ပြီး ပထမအကြိမ် DUI ကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းခံထားရပါက သင်သည် သတ်မှတ် သက်တမ်း နှစ်ရက် (2) မှ ရှောက်လ (6) အထိ ထောင်ကျခံရနည်းဖြစ်ပြီး သင်၏လိုင်စင်ကို တစ်နှစ်တိတိ ဆိုင်းငံ့သွားမည်ဖြစ် သည့်အပြင် ဒဏ်ငွေ ဒေါ်လာ 500 မှ ဒေါ်လာ 5,000 အထိလည်း ပေးချေနိုင်သည်။

အသက်မပြည့်သူများ အရက်သောက်သုံးခြင်း

သင်သည် အသက် 21 နှစ်အောက်ဖြစ်လျှင် အရက်ဝယ်ခြင်း၊ အရက်သောက်ခြင်း၊ အရက် လက်ဝယ်ထားရှိခြင်း သို့မဟုတ် သင်မောင်းနှင်နေသော ယာဉ်ထဲတွင် အရက်သေစာထားရှိခြင်းမှာ ဥပဒေနှင့် ငြိစွန်းပါသည်။ ထို့အပြင် သင်သည် အသက်မပြည့်သူတစ်ဦးဖြစ်ပါက သွေး၊ အာမှုတ်လေနှင့်/သို့မဟုတ် ကျင်ငယ်စစ်ဆေးခြင်းဖြင့် ဖမ်းဆီး ထိန်းသိမ်းထားခြင်းခံရမည်ဖြစ်သည်။ ဤစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် မိဘခွင့်ပြုချက် မလိုအပ်ပါ။ သို့သော် ဖမ်းဆီးချိန်တွင်ရဲများမှ သင်၏မိဘများကို အသိပေးအကြောင်းကြားမည်ဖြစ်သည်။ အသက်မပြည့်သူများ အရက်သောက်စားခြင်းအတွက် အနိမ့်ဆုံးပြစ်ဒဏ်မှာ တရားရုံးစရိတ်များအပြင် ဒဏ်ငွေ ဒေါ်လာ 500 ဖြစ်သည်။

တရားရုံးများမှ အရက်နှင့် သင်၏ပတ်သက်ဆက်နွယ်နေမှု အတိုင်းအတာကို ဆုံးဖြတ်ရန်အတွက် သင့်အား စစ်ဆေးအကဲ ဖြတ်ရန် လိုအပ်ပြီး သင့်အား အရက်ပညာပေးအစီအစဉ်၊ ညွှန်ကြားဆောင်ရွက်ရေး သို့မဟုတ် အကြံပေးရေး အစီအစဉ်ကို လည်း အောင်မြင်စွာ ပြီးဆုံးအောင် တက်ရောက်စေလိုပါသည်။

ကျန်ရှိ သည့် အကြောင်းအရာတစ်ခု: အသက် 21 အောက်အရွယ် မည်သူမဆို အရက်သောက်ခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။

အကျိုးဆက်များကို မစွန့်စားပါနှင့်။

လူငယ်များကို သိလျက်ဖြင့် ကြံ့ရွယ်၍ အရက်ဖြည့်ဆည်း ပေးပို့မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံနေရသော အရွယ်ရောက်သူများ၊ မိဘများပင်လျှင် ပထမအကြိမ်ပြစ်မှုအတွက် အနည်းဆုံး ဒဏ်ငွေ ဒေါ်လာ 1,000 နှင့် ထပ်လောင်းပြစ်မှုတစ်ခုစီအတွက် ဒေါ်လာ 2,500 ပေးဆောင်ရမည်ဖြစ်သည့်အပြင် ထောင်ဒဏ်တစ်နှစ် ကျခံရမည်ဖြစ်သည်။ အရွယ်ရောက်သူများသည် ၎င်းတို့၏နေအိမ်များတွင် အရက်လာသောက်သည့် မိတ်ဆွေများအတွက်လည်း တာဝန်ယူရမည်။ ဥပမာ - ပါတီတွဲတစ်ခုပြုလုပ်ကျင်းပရန်အတွက် သင့်အိမ်မှာ ဆယ်ကျော်သက်လူငယ် 17 ဦးကို စုရုံးပြီး အရက်သောက်နေခဲ့ ကြလျှင် သင်သည် ထိုပါတီတွဲအတွက် ဒေါ်လာ 41,000 ကုန်ကျစေမည်ဖြစ်သည်။ ပထမဆယ်ကျော်သက်လူငယ် အရက်သောက်သူအတွက် ဒေါ်လာ 1,000 ကျခံရမည်ဖြစ်ပြီး အခြား 16 ဦးအတွက် ဒေါ်လာ 2,500 စီ ကျခံရမည်ဖြစ်သည်။

ယာဉ်မောင်းလိုင်စင် တရားဝင်သဘောတူညီချက် (DLC)

DLC ဆိုသည်မှာ နိုင်ငံအနှံ့ တရားဥပဒေဈိုးမိုးရေးဆိုင်ရာ အားထုတ်မှုများကို အကောင်းဆုံးအသုံးချနိုင်ရန်အတွက် အဖွဲ့ဝင်ပြည်နယ်များနှင့် ကိုလံဘီယာခရိုင်အကြား တရားဝင် သဘောတူညီချက်တစ်ခု ဖြစ်သည်။ အဖွဲ့ဝင်ပြည်နယ်များကို အတည်ပြုရန်နှင့် ပြဋ္ဌာန်းရန် သန္ဓိဋ္ဌာန် ချထားသည့် DLC ၏ အဓိကပြဋ္ဌာန်းချက်များမှာ -

- "ယာဉ်မောင်းတစ်ဦး၏လိုင်စင်" အယူအဆ ဆိုသည်မှာ အခြား ပြည်နယ်တစ်ခုတွင် ယာဉ်မောင်းလိုင်စင် လျှောက်ထားမှုတစ်ခု ကို ပြုလုပ်ပေးသောအခါ အခြားပြည်နယ်တစ်ခုနှင့် သက်ဆိုင် သော ယာဉ်မောင်းလိုင်စင်ကို စွန့်လွှတ်ရန်လိုအပ်ကြောင်း အယူအဆ ဖြစ်သည်။
- "ယာဉ်မောင်းတစ်ဦး၏မှတ်တမ်း" အယူအဆ ဆိုသည်မှာ မွေးရပ်ပြည်နယ်တွင် ယာဉ်မောင်းနှင်ခွင့်အပြင် အခြားစီရင်ခွင့် နယ်မြေများတွင် ခေတ္တယာဉ်မောင်းခွင့် ရှိမရှိကို ဆုံးဖြတ်ရန် ပြည့်စုံသောယာဉ်မောင်းတစ်ဦး၏မှတ်တမ်းကို ယာဉ်မောင်း နေထိုင်ရာဒေသတွင် ထိန်းသိမ်းထားရန် လိုအပ်ကြောင်း အယူအဆ ဖြစ်သည်။
- အခြားပြည်နယ်ယာဉ်မောင်းများ၏ ယာဉ်နှင့်ပတ်သက်သည့် ပြစ်ဒဏ်ကျခြင်းများအားလုံးနှင့် ယာဉ်မောင်းလိုင်စင် ဆိုင်းငံ့မှု/ ပြန်လည်ရုတ်သိမ်းခြင်းအားလုံးအပြင် အခြားသင့်တော်သည့် အချက်အလက်များအား မွေးရပ်ပြည်နယ် လိုင်စင်ထုတ်ပေး ရေး အေဂျင်စီသို့ သတင်းပေးပို့ခြင်း။
- အခြားပြည်နယ်များတွင် ကျူးလွန်သည့်ပြစ်မှုများကို မွေးရပ် ပြည်နယ်တွင် ကျူးလွန်သည့်ပြစ်မှုများကဲ့သို့ စီရင်ဆောင်ရွက် လျက် ယာဉ်မောင်းများ၏ ဝတ်စုံနှင့် ကြိုတင်ခန့်မှန်းနိုင်သော ကုသမှု အာမခံချက်။

အောက်ပါပြစ်မှုများကို အဖွဲ့ဝင်ပြည်နယ်တစ်ခုတွင် ကျူးလွန်ခဲ့ပါက ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ဖြစ်ပျက်ခဲ့သည့် ပြစ်မှုတစ်ခုကဲ့သို့ မှတ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ မော်တော်ယာဉ် ဥပဒေ ပြဋ္ဌာန်းချက်များအရ သင့်လျော်သည့်အရေးယူမှုကို ချမှတ်သွားမည်ဖြစ်သည် -

- ယာဉ်မောင်းနှင်ခြင်းမှ ဖြစ်ပေါ်လာသည့် လူသေမှု သို့မဟုတ် ပေါ့ဆလူသတ်မှု (စာပိုဒ် 3732)။

- ယာဉ်မောင်းအား အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ခြင်းမရှိအောင် ဖြစ်စေသည့် ပမာဏအထိ အရက်သေစာ သို့မဟုတ် မူယစ်ဆေးဝါး သောက်စားၗ် ယာဉ်မောင်းနှင်ခြင်း (စာပိုဒ် 3802)။
- ရပ်တန့်ရန် ပျက်ကွက်ခြင်းနှင့် သေဆုံးမှု သို့မဟုတ် အခြားသူ တစ်ဦးကို ထိခိုက်အန္တရာယ်ဖြစ်စေသည့် ယာဉ်မတော်တဆ တိုက်ခိုက်မှုတွင် အကူအညီပေးရန် ပျက်ကွက်ခြင်း (စာပိုဒ် 3742)။
- ယာဉ်တစ်စီးအသုံးပြု၍ ကြီးလေးသောရာဇဝတ်မှုတစ်ခုခု ကျူးလွန်ခြင်း (ရာဇဝတ်မှု ဥပဒေနှင့် အန္တရာယ်ဖြစ်စေသော မူးယစ်ဆေး အက်ဥပဒေ ပြစ်မှုများ)။

အခြားပြည်နယ်တစ်ခု၏ထုတ်ပြန်ချက်ကို တုံ့ပြန်မဆောင်ရွက် ခြင်းသည် သင်၏ပင်ဆယ်ဗေးနီးယားပြည်နယ် ယာဉ်မောင်းခွင့်ကို ထုတ်ပြန်ချက်တွင် ဖော်ပြထားသည့် တည်နေရာ အတွက် တုံ့ပြန်မှုတစ်ခု မလုပ်မချင်း အကန့်အသတ်မရှိ ဆိုင်းငံ့ခြင်း ဖြစ်နိုင်သည်။

အခန်း 4 ပြန်လည်သုံးသပ်ရေး မေးခွန်းများ

1. ဤပြည်နယ်တွင် အနည်းဆုံး အရက်သောက်စားနိုင်သည့် အရွယ်မှာ _____ နှစ် ဖြစ်သည်။

A. 9
B. 20
C. 21
D. 18

2. အရက်ဝယ်ယူရန် မှတ်ပုံတင်ကတ်အတုသုံးသည့် အသက် 16 နှစ်အောက် ကလေးငယ်များသည် -

A. ၎င်းတို့၏ 16 နှစ်မြောက်မွေးနေ့မှ စတင်၍ ယာဉ်မောင်းနှင်မှု ဆိုင်းငံ့ခွင့်ကို ရရှိမည်
B. ၎င်းတို့၏ 21 နှစ်မြောက် မွေးနေ့ မရောက်မချင်း ယာဉ်မောင်း စာမေးပွဲ ဖြေဆိုခွင့်မရှိ။
C. ၎င်းတို့၏ 16 နှစ်မြောက်မွေးနေ့မှ စတင်၍ ယာဉ်မောင်းနှင်မှု ဆိုင်းငံ့ခွင့်ကိုရရှိမည်
D. အရက်နှင့်ပက်သက်၍ ဘေးအန္တရာယ်ကင်းရှင်ရေး အသိပေးသင်တန်းသို့ပို့ဆောင်သွားမည်

3. အသက် 21 နှစ်အောက် လူငယ်တစ်ဦး အရက်သောက်၍ မော်တော်ယာဉ် မမောင်းနှင်သော်လည်း ပထမအကြိမ် ပြစ်မှုအတွက် ပြစ်ဒဏ်မှာ -

A. ရက်ပေါင်း 90 ယာဉ်မောင်းလိုင်စင် ဆိုင်းငံ့ခြင်းနှင့် ဒဏ်ငွေ ဒေါ်လာ 500 အထိ ပေးချေရမည်
B. စောင့်ကြည့်ကာလ 6 လ
C. ထိန်းသိမ်းရေးစခန်းတွင် ပြစ်ဒဏ်ချခြင်း
D. ယာဉ်မောင်းမှတ်တမ်းတွင် ပွိုင့်များပေးခြင်း

4. အာမှတ်လေ၊ ဘွေးနှင့် ဆီးစစ်ဆေးမှု ပြုလုပ်ရန် မိဘသဘောတူညီချက် -

A. မလိုအပ်ပါ
B. မိဘတစ်ဦးဆီမှသာ လိုအပ်သည်
C. အသက် 16 နှစ်အောက် ကလေးငယ်များအတွက် လိုအပ်သည်
D. မိဘနှစ်ဦးစလုံးထံမှ လိုအပ်သည်

5. အသက် 21 နှစ်အရွယ်ရှိ မည်သည့်လူငယ်တိုင်းမဆို အရက် _____ သည် တရားဥပဒေနှင့် ဆန့်ကျင်သည်။

A. ကြော်ငြာအဝတ်အစား ဝတ်ဆင်ခြင်း
B. ရှိစေခြင်း
C. သောက်သုံးခြင်း
D. တည်ခင်းခြင်း

6. အသက် 21 နှစ်အရွယ်ရှိ မည်သည့်လူငယ်တိုင်းမဆို အရက် _____ သည် တရားဥပဒေနှင့် ဆန့်ကျင်သည်။

A. ကြော်ငြာအဝတ်အစား ဝတ်ဆင်ခြင်း
B. ပိုင်ဆိုင်ခြင်း
C. တည်ခင်းခြင်း
D. ရှိစေခြင်း

7. အသက် 21 နှစ်အရွယ်ရှိ မည်သည့်လူငယ်တိုင်းမဆို အရက် _____ သည် တရားဥပဒေနှင့် ဆန့်ကျင်သည်။

A. တည်ခင်းခြင်း
B. ကြော်ငြာအဝတ်အစား ဝတ်ဆင်ခြင်း
C. ရှိစေခြင်း
D. သယ်ယူပို့ဆောင်ခြင်း

8. အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းအတွက် ပြစ်ဒဏ်တစ်ခုမှာ -

A. 5 နှစ် ယာဉ်မောင်းလိုင်စင် ဆိုင်းငံ့ထားခြင်း
B. ဒါဏ်ငွေ ဒေါ်လာ 100.00
C. အရက်နှင့်ပတ်သက်၍ အဝေးပြေးလမ်းလုံခြုံရေးဆိုင်ရာ သင်တန်းကျောင်း တက်ရောက်စေခြင်း
D. ထောင်ဒဏ် 12 နာရီ ချမှတ်ခြင်း

9. သင်သည် အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းအတွက် အဖမ်းခံရပြီး သွေးစစ်ဆေးမှုကို ငြင်းဆန်ပါက သင် ရရှိမည်မှာ -

A. မူးယစ်ဆေး အကြံပေး ကုသုမှု
B. ထောင် တစ်ရက် ချမှတ်ခြင်း
C. ယာဉ်မောင်းလိုင်စင် ဆိုင်းငံ့ထားခြင်း
D. ဒဏ်ငွေ ဒေါ်လာ 300.00

10. ရဲမှ သင့်ကို သွေး၊ အာမှုတ်လေ သို့မဟုတ် ထီးစစ်ဆေးမှု တစ်ခုပြုလုပ်ရန် လိုအပ်ပါက သင်သည် -

A. သင်နှစ်သက်သည့် စစ်ဆေးမှုကို ရွေးချယ်နိုင်သည်
B. သဘောတူညီချက်ဖောင်တွင် လက်မှတ်ထိုးရမည်
C. အသက်မပြည့်ပါက ငြင်းဆန်နိုင်သည်
D. စစ်ဆေးမှုကို ခံယူရမည် သို့မဟုတ်ပါက သင်၏လိုင်စင် ဆိုင်းငံ့ခံရမည်

11. သွေးထဲအရက်ပါဝင်မှု မည်သည့်ပမာဏတွင်ရှိသည်ဖြစ်စေ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းဆိုင်ရာ ပထမ ပြစ်ဒဏ်ချမှတ်မှုအတွက် သင်သည် -

A. သင်၏လိုင်စင်ကို 5 နှစ်အထိ ဆုံးရှုံးနိုင်သည်
B. အရက်သောက်ပြီး မောင်းနှင်ခြင်းအန္တရာယ်များနှင့်ပတ်သက်၍ အများပြည်သူပညာပေးရေးသင်တန်းတစ်ခုကို တက်ရောက်ရန် လိုအပ်သည်
C. ကန့်သတ်သက်မွေးဝမ်းကြောင်းဆိုင်ရာ လိုင်စင်နှင့် မောင်းနှင်ရန် လိုအပ်သည်
D. ဒဏ်ငွေ ဒေါ်လာ 300 ပေးချေရမည်

12. အသက် 21 အောက်ရှိပါက သင်၏သွေးထဲအရက်ပါဝင်မှု အောက်ဖော်ပြပါ ပမာဏတစ်ခုရှိနေလျှင် အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း ကို ဆင်ခြင်ရမည် -

A. .08% သို့မဟုတ် အထက်
B. .10% သို့မဟုတ် အထက်
C. .05% သို့မဟုတ် အထက်
D. .02% သို့မဟုတ် အထက်

13. သင်သည် အသက် 21 အောက်အရွယ် ဖြစ်ပြီး အရက်သေစာ သောက်စား၍ မောင်းနှင်ခြင်းအတွက် ပြစ်ဒဏ်ကျခံရပါက သင်သည် ပထမအကြိမ် အတွက် လိုင်စင် _____ ဆိုင်းငံ့ခြင်းခံရမည်။

A. ရက် 60
B. ရက် 30
C. 6 လ
D. 1 နှစ်

14. သင်သည် အသက် 21 အောက်ဖြစ်ပြီး နိုင်ငံသားကတ် သယ်ဆောင်မှုကြောင့် ပြစ်ဒဏ်ကျခံထားရပါက သည်သည် ဒဏ်ငွေ ဒေါ်လာ 500 ပေးဆောင်ရန် လိုအပ်ပြီး သင်၏လိုင်စင် ကို ရက်ပေါင်း 90 ဆိုင်းငံ့သွားမည်ဖြစ်သည်။

A. သင်၏သွေးထဲ အရက်ပါဝင်မှု (BAC) မှာ .02% သို့မဟုတ် အထက် ဖြစ်လျှင်
B. သင် ယာဉ်မမောင်းခဲ့ပင်လျှင်
C. ဖမ်းဆီးချိန်၌သာ ယာဉ်မောင်းနှင်ခဲ့လျှင်
D. သင်၏သွေးထဲ အရက်ပါဝင်မှု (BAC) မှာ .02% သို့မဟုတ် အထက် ရှိပြီး ဖမ်းဆီးချိန်၌သာ ယာဉ်မောင်းနှင်ခဲ့လျှင်

15. လုံးဝလက်မခံခြင်း ဥပဒေသည် အရက်သေစာ သောက်စား၍ မောင်းနှင်မှုကြောင့် တရားစွဲဆိုခံထားရသည့် အသက် 21 အောက်အရွယ် ယာဉ်မောင်းများအတွက် _ သွေးထဲအရက်ပါဝင်မှု (BAC) ကို .08% မှ _____ အထိ လျှော့ချပေးသည်။

A. .02%
B. .05%
C. .07%
D. .00%

16. သင်သည် ရဲအရာရှိတစ်ဦး ရပ်တန့်ခြင်းကိုခံရပါက သင်သည် -

A. သင်၏ထိုင်ခုံခါးပတ်ကို မဖြုတ်ဘဲ ကားတံခါးမှန်ကို အောက်သို့ ချထားသင့်သည်
B. သင်၏ကားဆီ အရာရှိမရောက်မီ ရုံးစာရွက်စာတမ်းများကို အသင့်ထုတ်ထားသင့်သည်
C. စတီယာရင်တွင် လက်တင်ပြီး ကားထဲမှ နေ၍ သင့်ထံ အရာရှိ ချဉ်းကပ်အလာကို စောင့်နေသင့်သည်
D. ကားမှ ထွက်၍ ရဲစီးလာသည့် ကင်းလှည့်ကားဆီသို့ လမ်းလျှောက်သွားပါ

အခန်း 4 အဖြေသော့ချက်

1. C
2. A
3. A
4. A
5. C
6. B
7. D
8. C
9. C
10. D
11. D
12. D
13. D
14. B
15. A
16. C

အခန်း 5 -
ဥပဒေများနှင့် ဆက်နွယ်အကြောင်းအရာများ

ဤအခန်းမှ သင် သိရှိရန် လိုအပ်သည့် လတ်တလော ပင်ဆယ် ဗေးနီးယားပြည်နယ် ဥပဒေများ သို့မဟုတ် အခြားဆက်စပ် ယာဉ်မောင်းဥပဒေများနှင့် ပတ်သက်သည့် အချက်အလက်များ ကို ထောက်ပံ့ပေးပါသည်။
ပင်ဆယ်ဗေးနီးယားပြည်နယ် ဥပဒေများအတွက် အချက်အလက် ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ www.dmv.pa.gov သို့ ဝင်ရောက်ပြီး သတင်းအချက်အလက် ဗဟိုဌာနအောက်ရှိ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရွေးချယ်ပါ။

အမည် သို့မဟုတ် လိပ်စာ ပြောင်းလဲမှုအတွက် အသိပေးရန် လိုအပ်ခြင်း

သင့်အမည် သို့မဟုတ် လိပ်စာ ပြောင်းလဲထားပါကနှင့် သင်သည် ပြည်နယ်မှ ထွက်ခွာသွားလျှင်ပင် ပင်ဆယ်ဗေးနီးယားပြည်နယ် မော်တော်ယာဉ် ဥပဒေ စာပိုဒ် 1515 နှင့်အညီ ပြောင်းလဲသည့်နေ့မှ 15 ရက်အတွင်း PennDOT ကို အသိပေးအကြောင်းကြားရမည်ဖြစ်သည်။ သင်၏ပြောင်းလဲထားသည့် လိပ်စာကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ် www.dmv.pa.gov သို့ ဝင်ရောက်၍ဖြစ်စေ သို့မဟုတ် ကျွန်ုပ်တို့၏ အသုံးပြုသူ ခေါ်ဆိုရေးစင်တာ ဖုန်း 717-412-5300 သို့ ခေါ်ဆို၍ အကြောင်းကြားနိုင်ပါသည်။ ပင်ဆယ်ဗေးနီးယားပြည်နယ် မော်တော်ယာဉ် ဥပဒေသည် ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် မနေထိုင်သည့် သူတစ်ဦးဦးအား ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်းကို တာဝီးပေးပါသည်။ ဥပဒေအရ သင်သည် ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်တစ်ဦးဖြစ်ပါက ဤလျှောက်လွှာ မှ သင်၏လိပ်စာပြောင်းလဲမှုကို သင်၏စီရင်စု မဲဆန္ဒရှင် မှတ်ပုံတင်ရုံးသို့ အကြောင်းကြားရန် ခွင့်ပြုပေးသည်။ သင်သည် ပြောင်းလဲမှု/ ပြင်ဆင်မှု/အစားထိုးမှု (လျှောက်လွှာ DL-80) အတွက် ဝက်ဘ်ဆိုဒ်တွင် ရရှိသည့် သယ်ယူပို့ဆောင်ရေး ယာဉ်မောင်းလိုင်စင်လျှောက်လွှာကို ဖြေဆိုခြင်းဖြင့် သင်၏အမည်ကို ပြောင်းလဲနိုင်သည်။ သင့်အား အချက်အလက်အသစ်များပါဝင် ပြင်ဆင်ထားသည့် ယာဉ်မောင်းလိုင်စင် ကတ်တစ်ကတ်ကို ထုတ်ပေးသွားမည်ဖြစ်သည်။ ဤကတ်ကို သင်ယာဉ်မောင်းလိုင်စင်နှင့်အတူ သယ်ဆောင်ရပါမည်။ သယ်ယူပို့ဆောင်ရေးမဟုတ်သည့် ယာဉ်မောင်းများအတွက် ဝန်ဆောင်ခ မရှိပါ။

ထိုင်ခုံခါးပတ် ဥပဒေ

ပင်ဆယ်ဗေးနီးယားပြည်နယ် မော်တော်ယာဉ် ဥပဒေပါ စာပိုဒ် 4581 နှင့်အညီ ပင်ဆဲဗေးနီးယားပြည်နယ် ဥပဒေတစ်ရပ်မှာ -

- ယာဉ်များ၊ လိုက်ထရပ်ကားများနှင့် မော်တော်ကားအိမ်များမှ ယာဉ်မောင်းများနှင့် ရှေ့ခုံတွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များအားလုံး ထိုင်ခုံခါးပါတ် ဝတ်ဆင်ရပါမည်။
- သင်သည် အသက်ရှစ်နှစ် (8) သို့မဟုတ် အသက် 18 နှစ်အောက် ခရီးသည်များကို သယ်ယူပို့ဆောင်ပေးနေရပါက ၎င်းတို့သည် ယာဉ်၏ မည်သည့်နေရာတွင် စီးနင်းလိုက်ပါနေသည့်ဖြစ်စေ ထိုင်ခုံခါးပါတ် ဝတ်ဆင်ရမည်ဖြစ်သည်။
- သင်သည် အသက် 18 နှစ်အောက် ယာဉ်မောင်းတစ်ဦးဖြစ်ပါ က ခရီးသည်များသည် ယာဉ်ပေါ်တွင် ပါလာသည့် ထိုင်ခုံခါးပါတ်အရေအတွက်ထက် မကျော်လွန်စေရ။

သင်သည် ဥပဒေအရ ခါးပါတ်ဝတ်ရန် လိုအပ်သည်။ သင်၏ထိုင်ခုံခါးပါတ်ကို ဝတ်ဆင်ရန် ကောင်းသည်။

လူများစွာတို့သည် ယာဉ်တိုက်မှုဖြစ်ပွားရာတွင် ယာဉ်၏ မျက်နှာပြင်များနှင့် မရှိုက်မိအောင် ၎င်းတို့၏လက်များနှင့် ခြေများကို အသုံးပြုနိုင်ကြောင်း ယုံကြည်ကြသော်လည်း သူတို့ ယုံကြည်ချက် မှားပါသည်။ ယာဉ်တိုက်မိရာတွင် သင်၏ယာဉ်ကို ရပ်တန့်သော်လည်း သင်၏ခန္ဓာကိုယ်မှာ ကားကိရိယာခွက် သို့မဟုတ် လေကာမှန်နှင့် ဆောင့်မိသည့်အထိ သင်သွားနင်နေသည့် အမြန်နှုန်းအတိုင်း ဆက်လက်ရွှေ့လျားနေသည်။ ယာဉ်တိုက်မှုအများအပြားတွင် ခရီးသည်များနှင့် ယာဉ်မောင်း များ၏ ခန္ဓာကိုယ်များသည် အရှိန်အများအပြားဖြင့် ယာဉ်၏ အတွင်းဘက်မျက်နှာပြင်များနှင့် ဆောင့်မိသည်။ ၎င်းသည် သန်မာထားကျိုးသည့်လက်မောင်းများနှင့် ခြေများကို တောင် ကျိုးကြေစေသည်။ တစ်နာရီ မိုင် 30 နှုန်းဖြင့် ဆောင့်မိခြင်းသည် သုံးလွှာအဆောက်အအုံအဖျားမှ မြေကြီးပေါ် ပြုတ်ကျသည့် အားနှင့် တူညီသည်။ သို့အတွက်ကြောင့် သင့်ကိုယ်သင် သင်၏လက်မောင်းများဖြင့် ထိန်း၍ မရနိုင်ပါ။ ခါးပါတ်မတပ်ဆင်ထားသည့် ယာဉ်မောင်းတစ်ဦး သို့မဟုတ် ခရီးသည်တစ်ဦးသည် တစ်နာရီ 12 မိုင်နှုန်းဖြင့် နေးကွေးစွာ သွားလာနေသော်လည်း ထိုအကျိုးဆက်ကြောင့် သေဆုံးနိုင်သည်။

ထိုင်ခုံခါးပတ်များသည်သာ သင်၏ခန္ဓာကိုယ်ကို ဘေးကင်းစွာ အရှိန်လျော့ပေးနိုင်သည်။ သင့်တွင် ယာဉ်တိုက်မှုများ ဖြစ်ပွားပြီးနောက် သင်၏ခန္ဓာကိုယ် ကို ရပ်တန့်ရန် အချိန် တစ်စက္ကန့်၏ 1/50 သာ ရှိသည်။ လမ်းမောင်းများနှင့် ခြေများသည် ထိုကဲ့သို့ မြန်မြန် မလုပ်ဆောင်နိုင်ပါ။ သို့သော် ထိုင်ခုံခါးပါတ်များ လုပ်ဆောင်နိုင်သည်။ ထိုင်ခုံခါးပါတ်များမှ မာကြောသည့် ကားကိရိယာခွက်၊ စတီယာရင် သို့မဟုတ် လေကာမှန်များထက် ပို၍ညင်သာစွာ အရှိန်လျော့နိုင်ပါသည်။ ယာဉ်တိုက်ချိန်အတွင်း ချည်နှောင်ထားသည့် ထိုင်ခုံခါးပါတ်မှ ရင်ဘတ်၊ တင်ပဆုံများနှင့် ပခုံးများကဲ့သို့ ကြီးမားသော၊ ပိုသန်မာသော သင့်ခန္ဓာကိုယ်အပေါ် ရုတ်တရက် အရှိန်လျော့ကျမှုကို ဖြစ်စေပါသည်။ လေအိတ်များသည် ပို၍ကြီးမားသော "ယာဉ်မှောက်ခြင်း" ဆိုင်ရာ အကျိုးများကို ပေးပါသည်။ သို့သော် လေအိတ်ရှိလျှင်ပင် ထိုင်ခုံခါးပါတ် ဝတ်ဆင်ထားရမည် ဖြစ်သည်။

ထိုင်ခုံခါးပါတ်များသည် သင့်အား ယာဉ်၏အတွင်းဘက်တွင် ရှိနေစေသည်။ သင်သည် သင်၏ယာဉ်ပေါ်မှ လွှင့်စဉ်သွားပါက သေဆုံးနိုင်သည့် အခွင့်အလမ်းများမှာ 25 ဆအထိ ပိုများပါသည်။ လွှင့်စဉ်ကျခြင်းဆိုသည်မှာ အများအားဖြင့် လေကာမှန်မှ တဆင့် မာကျောသော -တစ်နေနေရာသို့ ကျရောက်ခြင်း ဖြစ်သည်။ ယာဉ်တိုက်မှု အဟုန်များသည် သင့်အား ပေ 150 (ယာဉ် 15 စီးအလျားခန့်) လွှင့်စဉ်သွားစေနိုင်ရန် လုံလောက်သည့် အဟုန် ရှိနိုင်ပါသည်။ သင်သည် လမ်းမပေါ်တွင် ကျရောက်ပါက သင် လဲနေစဉ်အတွင်း ယာဉ်များဖြတ်ကျော် (နင်းသွား) သွားနိုင်သည့် အခွင့်အရေး အမြင့်ရှိသည်။ လေကာမှန်မှ လွှင့်စဉ်ကျပြီး သေဆုံးခဲ့ရသည့် လူပေါင်း (5) အနက် လေးဦး (4) သည် ယာဉ်အတွင်းထဲမှာ ရှိနေခဲ့ပါက အသက်ရှင်သန်နေထိုင်နိုင်ခဲ့မည်ဖြစ်သည်။

ထိုင်ခုံခါးပါတ်များနှင့် လေအိတ်များသည် လူအသက်များကို ကာကွယ်ပေးသည်။ လူတိုင်း ခါးပါတ်ပါတ်ထားပြီး ကလေးငယ်များကို နောက်ခုံတွင် မှန်မှန်ကန်ကန် ချည်နှောင်ထားလျှင် အကောင်းဆုံးအထောက် အကူ ဖြစ်စေသည်။

ကလေး လုံခြုံရေးကားထိုင်ခုံ ဥပဒေ

ယာဉ်တိုက်မှုများသည် အမေရိကန်ပြည်ထောင်စုတွင် ကလေးများ သေဆုံးမှုနှင့် ထိခိုက်ဒါဏ်ရာရမှု အများဆုံး အကြောင်းရင်းတစ်ခု ဖြစ်သည်။ ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် နှစ်စဉ်နှစ်တိုင်း အသက် ငါးနှစ် (5) အောက် ကလေးငယ် 7,000 ခန့် ယာဉ်တိုက်မှုများတွင် ပါဝင်ကြသည်။

ကလေးခရီးသည် ကာကွယ်ရေး အက်ဥပဒေ 229 ပြဋ္ဌာန်းထား သည်မှာ

- အသက်လေးနှစ် (4) အောက် ကလေးငယ်များကို အစိုးရမှ အတည်ပြုထားသော ကလေးငယ်ခရီးသည် လုံခြုံရေးထိုင်ခုံ စနစ် (ကလေးလုံခြုံရေး ထိုင်ခုံ) မှာ ချည်နှောင်ထားရမည်ဖြစ် ပြီး ၎င်းတို့သည် ယာဉ်၏မည်သည့်နေရာ (ရှေ့ခုံ သို့မဟုတ် နောက်ခုံ) တွင် စီးနင်းသည်ဖြစ်စေ ယင်းခုံကို (အသစ်ထွက် ယာဉ်များတွင်ပါသည့် ယာဉ်၏ သော့အိမ်စနစ်) ယာဉ်နှင့် ထိုင်ခုံခါးပါတ်စနစ်ဖြင့် တုတ်နှောင်ထားရမည်ဖြစ်သည်။
- အသက်လေးနှစ် (4) နှင့် အသက်ရှစ်နှစ် (8) အောက် ကလေးငယ်များကို ၎င်းတို့သည် ယာဉ်၏မည်သည့်နေရာ (ရှေ့ခုံ သို့မဟုတ် နောက်ခုံ) တွင် စီးနင်းသည်ဖြစ်စေ အစိုးရမှ အတည်ပြုထားသော ကလေးလုံခြုံရေးခုံအမြင့်ကို ယာဉ်နှင့် ထိုင်ခုံခါးပါတ်စနစ်ဖြင့် တုတ်နှောင်ထားရမည်ဖြစ်သည်။ ကလေးလုံခြုံရေးခုံအမြင့်ကို ပေါင်ခွင်နှင့် ပခုံးခါးပါတ်များ နှင့်အတူ အသုံးပြုရပါမည်။
- အသက်ရှစ်နှစ် (8) နှင့် အသက် 18 နှစ်အောက် ကလေးငယ် များကို ၎င်းတို့သည် ယာဉ်၏မည်သည့်နေရာ (ရှေ့ခုံ သို့မဟုတ် နောက်ခုံ) တွင် စီးနင်းသည်ဖြစ်စေ ထိုင်ခုံခါးပါတ်ဖြင့် ချည်နှောင်ထားရမည်။
- ယာဉ်မောင်းများသည် ကလေးငယ်များအား အတည်ပြုထား သော ကလေးခရီးသည် လုံခြုံရေးထိုင်ခုံစနစ်နှင့် ချည်နှောင် ခြင်းနှင့် အသက် 18 နှစ်အောက် ကလေးငယ်များကို ချည်နှောင်ထားခြင်း ရှိမရှိ စစ်ဆေးရန် တာဝန်ရှိသည်။

ချိုးဖောက်သူများသည် ဒါဏ်တပ်ခံရမည်ဖြစ်ပြီး တရားစရိတ် ကုန်ကျမှုအားလုံးကို တာဝန်ယူရမည်ဖြစ်သည်။

အသက် 2 ထက် ငယ်သော ကလေးငယ်များကို ကားထိုင်ခုံ ထုတ်လုပ်ရေးကုမ္ဏီမှ သတ်မှတ်ထားသည့် အများဆုံး အလေးချိန်နှင့် ကားထိုင်ခုံ၏ အမြင့်ကန့်သတ်မှုများထက် ဖွံ့ဖြိုးကြီးထွားသည့်တိုင်အောင် အနောက်ဘက်ကို မျက်နှာမူ ထားသည့် ကားထိုင်ခုံနှင့် ချည်နှောင်ထားရမည်ဖြစ်သည်။ **လေအိတ်ရှိပါက ကားရှေ့ခုံတွင် အနောက်ဘက်ကို မျက်နှာမူ ထားသည့် ကလေးလုံခြုံရေးထိုင်ခုံ ဘယ်တော့မှ မတပ်ဆင်ပါ နှင့်။** ယာဉ်တိုက်မှုတစ်ခုတွင် လေအိတ်သည် ကလေးထိုင်ခုံနောက် ဘက်ကို အရှိန်အဟုန်ဖြင့် တိုက်လာနိုင်သဖြင့် ယင်းသည် နို့စို့ကလေးငယ်၏ဦးခေါင်းကို ပြင်းထန်သော ဒါဏ်ရာရရှိစေ ခြင်း သို့မဟုတ် သေဆုံးခြင်း ဖြစ်ပေါ်စေသည်။

အကယ်၍ သင်သည် ဥပဒေအရ အစိုးရမှ အတည်ပြုထားသော ကလေးလုံခြုံရေးထိုင်ခုံ သို့မဟုတ် ကလေးလုံခြုံရေးခုံအမြင့်များဖြင့် စီးနင်းရမည့် အသက်ရှစ်နှစ် (8) အောက် ကလေးငယ်များကို သယ်ယူပို့ဆောင်ပေးနေရပါ က ထိုင်ခုံကို ယာဉ်၏ခုံနှင့် မည်သို့ တင်းကျပ်စွာ ချည်နှောင်ရ မည်နှင့် ကလေးငယ်များကို ၎င်းတို့၏ ထိုင်ခုံများတွင် သက်သောင့်သက်သာရှိစွာ မည်သို့ တုတ်နှောင်ရမည်ကို သိရှိရန် သင်၏ယာဉ်ပိုင်ရှင်လက်စွဲစာအုပ်နှင့် ထိုင်ခုံနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များကို ဖတ်ပါ။

ကလေးငယ်များနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် လုံခြုံရေး အကြံပြုချက်များ

ယာဉ်နှင့်ပတ်သက်သော အပူလျှပ်ခြင်းကို ကာကွယ်ပါ

အပြင်အပူရှိန် မြင့်မားလာသည်နှင့် ကလေးငယ်များနှင့် အိမ်မွေးတိရစ္ဆာန်များ ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိစေနိုင်သည့် အွန္တရာယ်များ သို့မဟုတ် ပူလောင်သည့်ကားအတွင်း တစ်ဦးတည်း ချန်ထားခဲ့၍ သေဆုံးခြင်းသည်ပင်လျှင် မြင့်တက်နေပါသည်။ ယာဉ်တံခါးမှန်ကို နှစ်လက်မခန့် ချထားလျှင်သော်လည်း ယာဉ်များမှာ အပူရှိန် လျင်မြန်စွာတက်တတ်သည်။ အပြင်အပူ ရှိန်မှာ 80s ဖာရင်ဟိုက်အမှတ် နိမ့်နေလျှင် ယာဉ်အတွင်း အပူရှိန်သည် 10 မိနစ်အတွင်း သေစေနိုင်လောက်သည့် ပမာဏများသို့ ရောက်ရှိနိုင်သည်။

ဆိုးရွားသောအပူလျှပ်ခြင်းကို ရှောင်ကြဉ်ရန် ကာကွယ်ရေး အကြံပြုချက်များ

- ကလေးငယ်တစ်ဦး သို့မဟုတ် အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကို ကားတံခါးမှန်များ တချို့တဝက်ဖွင့်ထားလျှင်သော်လည်း ကားထဲတွင် ဘယ်တော့မှ မထားပါနှင့်။
- အစောင့်မရှိသောယာဉ်တစ်စီးထဲတွင် ကလေးငယ်များကို ဘယ်တော့မှ ကစားခွင့် မပြုပါနှင့်။
- သင်၏ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ ဆဲလ်ဖုန်း သို့မဟုတ် သင် လိုအပ်သည့် ပစ္စည်းတစ်ခုခုကို ကားနောက်ခုံတွင် ထားပါ။ သို့မှသာ ကားထဲတွင် ကလေးကို ထားခဲ့သည်ကို အသိပြုမိ မည်ဖြစ်သည်။
- ကြီးမားသောဝက်ဝံရုပ် သို့မဟုတ် အခြားအစာသွတ်ထားသော တိရစ္ဆာန်ရုပ်များကို ကားထိုင်ခုံ လွတ်နေလျှင် ထားပါ။ ကလေးကို ကားထိုင်ခုံတွင် နေရာချသည့်အခါ အမြင်အာရုံကို သတိပေးချက်အဖြစ် ပစ္စည်းများကို ရှေ့ထိုင်ခုံသို့ ပြောင်းပါ။
- အပူလျှပ်ခြင်း ကာကွယ်ရေးနှင့်ပတ်သက်၍ ထပ်လောင်းသတင်းအချက်အလက်များ ရရှိလိုပါက 1>https://www.safercar.gov/parents/InandAroundtheCar/heatstroke.htm သို့ ဝင်ရောက်ကြည့်ရှုပါ။

ဆောင်းရာသီ ကုတ်အင်္ကျီများနှင့် ကားထိုင်ခုံများ

အအေးဆုံးဆောင်းရာသီသို့ ရောက်ရှိလာသည်နှင့် မိဘများ သည် ကားဖြင့် ခရီးသွားနေချိန်အတွင်း ၎င်းတို့၏သားသမီးများ ကို နွေးထွေးစေရန်အတွက် ကြီးမားသောဆောင်းရာသီ ကုတ်အင်္ကျီများ ယူဆောင်လာပါသည်။ သို့သော် ထူထဲသော ဆောင်းရာသီ ကုတ်အင်္ကျီများသည် ကလေး၏ကားထိုင်ခုံ လုံခြုံရေးကို ယုတ်လျော့စေသည်။ ကုတ်အင်္ကျီများနှင့် အဝတ်အစားများအားလုံးသည် ယာဉ်တိုက် မှုတွင် ပိုဝင်သွားသော်လည်း ပို၍ထူထဲသော ဆောင်းရာသီ ကုတ်အင်္ကျီများသည် ဆိုင်းကြိုးကို သိသိသာသာ လျော့ရဲမှု ဖြစ်စေရန် ပိုဝင်နိုင်သည်။ ကားထိုင်ခုံသိုင်းကြိုးမှ ကလေးအား ကားထိုင်ခုံတွင် လုံခြုံအောင် ကာကွယ်ပေးသဖြင့် ယာဉ်တိုက်မှုတွင် အကောင်းဆုံးကာကွယ်မှုကို ပေးနိုင်ရန် ကလေး၏ခန္ဓာကိုယ် နှင့် တင်းကျပ်စွာ တပ်ဆင်ရမည်။ ကလေးငယ်များအတွက် ဆောင်းရာသီ လုံခြုံရေးအကြံပြုချက် များနှင့်ပတ်သက်၍ ထပ်လောင်း သတင်းအချက်အလက် ရရှိလိုပါက PennDOT ဝက်ဘ်ဆိုဒ် http://www.penndot.gov တွင် ဝင်ရောက်ကြည့်ရှုပါ။

လေအိတ်လုံခြုံရေး အချက်အလက်များ

- လေအိတ်များမှာ ဖြည့်စွက်ကာကွယ်ရေး ကိရိယာများ ဖြစ်သည်။ ပေါင်ခွင်နှင့် ပခုံးခါးပါတ်များကို အမြဲတမ်းဆင်သင့်သည်။ ထိုင်ခုံခါးပါတ်ကို သင်၏တင်ပါးဆုံကို ဖြတ်လျှက်နှင့် ပခုံးသိုင်းကြိုးကို သင်၏လည်ပင်းမှ ရင်ဘတ်ကို ဖြတ်လျှက် သင့်သောင့် သက်သာရှိစွာ ဝတ်ဆင်ထားပါ။
- ယာဉ်မောင်းနှင့် ရှေ့ခရီးသည် ထိုင်ခုံများကို အထူးသဖြင့် အရပ်တိုသူများအတွက် ဖြစ်နိုင်သမျှ နောက်သို့ ရွှေ့ထား သင့်သည်။ သင်သည် ဓါတ်ငွေ့နှင့် ဘရိတ်ခြေနင်းခလုတ်များ၊ ကားကိရိ ယာခွက်နှင့် စတီယာရင်တိုင်ရှိ ထိန်းချုပ်မှုများကို ရောက်ရှိ ရန်နှင့် ဖွင့်နိုင်ရန် သင်၏အရည်အချင်းကို အထိအခိုက်မခံဘဲ တတ်နိုင်သမျှ လေအိတ်အခန်းမှ အဝေးဆုံးတွင် ထိုင်သင့်သည်။ လေအိတ်ပွင့်လာသည့်အခါ အွန်လာရယ်ကင်းရှင်းရန်အတွက် သင်သည် စတီယာရင်မှ အနည်းဆုံး 10 လက်မ အဝေးတွင် ရှိနေသင့်သည်။
- စတီယာရင်ကို 9 နာရီနှင့် 3 နာရီ သို့မဟုတ် 8 နာရီနှင့် 4 နာရီ အနေအထားများအတိုင်း ကိုင်ထားပါ။ ၎င်းမှ လေးအိတ်ပွင့်လာလျှင် သင်၏လက်ကောက်ဝတ်များနှင့် လက်မောင်းများ ထိခိုက်ဒဏ်ရာ ရရှိခြင်း သို့မဟုတ် ကျိုးခြင်း သို့မဟုတ် သင့်မျက်နှာအား အရှိန်အဟုန်ပြင်စွာ ရိုက်ခြင်းမှ ကာကွယ်ပေးမည်ဖြစ်သည်။ သင်၏လက်မများကိုလည်း စတီယာရင်အတွင်းဘက်ကို ဆုပ်ကိုင်ထားခြင်းအစား အပေါ်မှာ သို့မဟုတ် အပြင်ဘက်မှာ ထားပါ။
- နောက်ဘက်သို့ မျက်နှာမူထားသည့် လုံခြုံရေးထိုင်ခုံများဖြင့် ထိုင်သည့် နို့စို့ကလေးများသည် ခရီးသည်ဘက် လေအိတ်ပါ သည့် ယာဉ်၏အရှေ့ခုံတွင် **ဘယ်တော့မှ** မစီးသင့်ပါ။
- အသက် 12 နှစ်အရွယ်နှင့် ယင်းအောက်ငယ်သော ကလေးငယ်များအားလုံးသည် နောက်ခုံတွင် စီးနင်းရမည်ဟု အကြံပြုထားပါသည်။ ၎င်းအတွက် အကြောင်းပြချက် နှစ်ခု (2) ခုရှိသည် - ပထမတစ်ခုမှာ ယာဉ်တိုက်မှု အများအပြားမှာ အရှေ့ပိုင်း ယာဉ်တိုက်မှုများ ဖြစ်သဖြင့် ကလေးငယ်များကို နောက်ခုံတွင် နေရာချထားခြင်းသည် တိုက်သည့်နေရာနှင့် ဝေးသည့်နေရာ သို့ ရွှေ့ပေးခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ကလေးငယ်များ သည် ၎င်းတို့၏ထိုင်ခုံများတွင် လှုပ်လိလှုပ်လက်နေသဖြင့် ရှေ့ခုံတွင် ထားလျှင် လေအိတ်အပိုင်းနှင့် အလွန်နီးကပ်လွန်း ပြီး ယာဉ်တိုက်မှုအတွင်း လေအိတ်ပွင့်လာချိန်တွင် ၎င်းတို့ကို ထိခိုက်ဒါဏ်ရာ ရရှိနိုင်သည့် အလားအလာတွင် ထားခြင်းနှင့် တူသည်။

မသန်စွမ်းမှုများရှိသည့် အမေရိကန်လူမျိုးများ အက်ဥပဒေ (ADA)

မသန်စွမ်းမှုများရှိသည့် အမေရိကန်လူမျိုးများ အက်ဥပဒေ 1990 နှင့်အညီ လိုက်နာရန် PennDOT သည် ယာဉ်မောင်း လိုင်စင် စင်တာများနှင့် ဓါတ်ပုံလိုင်စင် စင်တာများအားလုံးကို ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ အသုံးပြုနိုင်အောင် ပြုလုပ်ထားပါသည်။ ထို့အပြင် အောက်ပါဝန်ဆောင်မှုများကို ဗဟုသုတနှင့် လက်တွေ့မောင်းနှင်ခြင်း စစ်ဆေးမှုကို ဖြေဆိုလိုသူများနှင့် အကြားအာရုံ သို့မဟုတ် စာဖတ်ပိုင်းတွင် ချို့ယွင်းချက်ရှိသူများ ရယူနိုင်ပါ သည်။

နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းနေသူများအတွက် စကားပြန်များ

PennDOT ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရေးဌာနမှ အကြား အာရုံချို့ယွင်းချက်ရှိနေသောသူများနှင့် ကိုယ်မှုအရာပြ ဘာသာစကားဖြင့် ဆက်သွယ်နေရသူများ၏ တောင်းဆံချက်အရ စကားပြန်တစ်ဦး ပံ့ပိုးပေးပါသည်။ ဤဝန်ဆောင်မှုကို ယာဉ်မောင်းဗဟုသုတနှင့်/သို့မဟုတ် လက်တွေ့မောင်းနှင်ခြင်းစစ်ဆေးမှုကို ဖြေဆိုလိုသူများ သို့မဟုတ် အထူးပွဲင့်စာမေးပွဲ ဖြေဆိုရမည့် ကာစတင်မာများ ရရှိနိုင်ပါသည်။

သင် စာမေးပွဲမဖြေဆိုလိုသည့် အချိန်မတိုင်မီ အနည်းဆုံး နှစ်ပတ် (2) အလိုတွင် PennDOT နှင့် ပထမအဆက်အသွယ် ပြုလုပ်ပါ။ PennDOT အနေဖြင့် သင်၏စိတ်ဝင်စားမှုအလိုက် အမှုအရာပြသော လူတစ်ဦး လုံခြုံစေရန် အကောင်းဆုံးကြိုးစား သွားမည်ဖြစ်သည်။

စကားပြန်တစ်ဦး ရရှိလာရန်အတွက် သင်သည်

1. စာမေးပွဲဖြေဆိုရန် ရက်ချိန်းပြုလုပ်ရန်အတွက် 717-412-5300 သို့ ခေါ်ဆိုပါ။ သင်သည် TDD ကို အသုံးပြုပါက 711 ကိုခေါ်သင့်သည်။ စာမေးပွဲကို မည်သည့်ယာဉ်မောင်းလိုင်စင် စင်တာတွင် ဖြေဆို လိုကြောင်းကို ဖော်ပြပြီး သင့်အနေဖြင့် စာမေးပွဲဖြေဆိုနိုင်သည့် အနည်းဆုံး နေ့စွဲ သုံးခု (3) ကို ပေးပါ။

စာမေးပွဲဖြေဆိုရန် ရက်ချိန်းပြုလုပ်ရာတွင် သင့်အနေဖြင့် ပင်ဆယ်ဗေးနီးယားပြည်နယ် ထပ်ဆင့်လွှင့်ဝန်ဆောင်မှုကိုလည်း အသုံးပြုနိုင်ပါသည်။ ဤဝန်ဆောင်မှုမှ TDD စနစ်ရှိသောသူတစ်ဦးနှင့် ၎င်းစနစ်မရှိ သော သူတစ်ဦးကြား တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုမှုကို ပံ့ပိုးပေးပါသည်။ ဤစနစ်သည် နားကြားနိုင်သည့်အဖွဲ့များနှင့် နားမကြားသည့် အဖွဲ့များကြား ဖုန်းခေါ်ဆိုမှုများကြား အပြန်အလှန်ပြောဆိုသူ အဖြစ် ဆောင်ရွက်ရန် အော်ပရိုက်တာတစ်ဦး အသုံးပြုပါသည်။ သင်တွင် TDD စနစ်တစ်ခုရှိပါက ပင်ဆယ်ဗေးနီးယားပြည်နယ် ထပ်ဆင့်လွှင့် ဝန်ဆောင်မှုသို့ ဝင်ရောက်ရာတွင် 1-800-654-5984 ကို အသုံးပြုသင့်သည်။ သင်သည် နားကြားနိုင်သည့် ဖုန်းခေါ်ဆိုသူတစ်ဦးအဖြစ် ဝန်ဆောင်မှုသို့ ဝင်ရောက်ပါက 1-800-654-5988 ကို အသုံးပြုသင့်သည်။ သင့်စာမေးပွဲအတွက် သင့်ကို အကူအညီပေးရန် စကားပြန် တစ်ဦး ငှားရမ်းထားသည့်အခါ သင်၏စာမေးပွဲနေ့စွဲကို အတည် ပြုရန် သင့်ဆီ ဖုန်းပြန်ခေါ်သွားမည်ဖြစ်သည်။

2. ရက်ချိန်းပြုလုပ်ရာတွင် သင် အသုံးပြုလိုသည့် ကိုယ်အမှုအရာ ပြ ဘာသာစကားတစ်ခုရှိပါက ဖော်ပြပေးသင့်သည်။ ရရှိနိုင်သည့် အမျိုးအစားများမှာ -

- အမေရိကန် ကိုယ်အမှုအရာပြ ဘာသာစကား (ASL)
- ကိုယ်အမှုအရာပြ ပုံသေအင်္ဂလိပ်စကား (SEE)
- အရိုးရှင်းဆုံး (Pidgin) ကိုယ်အမှုအရာပြ ဘာသာစကား (PSE)
- နှုတ်စကား စကားပြန်သူ (နှုတ်ခမ်းလှုပ်ရှားမှုကို ဖတ်သူ)

အခြားစစ်ဆေးရေး နည်းလမ်း

ဗဟုသုတဆိုင်ရာ စစ်ဆေးမှုကို ဖြေဆိုသူအချို့သည် စာဖတ် ခြင်း သို့မဟုတ် အချို့အကြောင်းအရာများမှာ အခက်အခဲရှိနိုင်သဖြင့် စာဖတ်နိုင်မည်မဟုတ်ပါ။ စစ်ဆေးမှုကို ၎င်းတို့အား ဖတ်ကြားပေးပါက အလွန်သက်သောင့်သက်သာ ရှိမည်ဖြစ်သည်။ တောင်းခံချက်အရ လူအသိုင်းအဝိုင်းအနှံ့ရှိ ယာဉ်မောင်း လိုင်စင် စင်တာများအားလုံးတွင် အသံဖြင့် စစ်ဆေးမှုများကို ပံ့ပိုးပေးပါသည်။

မသန်စွမ်းသူများအတွက် ယာဉ်ရပ်နားရာနေရာများ

ပင်ဆယ်ဗေးနီးယားပြည်နယ် ဥပဒေအရ လူတစ်ဦးသည် မသန် စွမ်းသူများအတွက် သတ်မှတ်ထားသည့် ယာဉ်ရပ်နားရာနေရာ တွင် တရားဝင် မရပ်နားမီ လုပ်ဆောင်ရန်လိုအပ်သည့် အခြေအနေ နှစ်ရပ် (2) ရှိပါသည်။

1. ရပ်နားထားသည့်ယာဉ်တွင် မသန်စွမ်းသူ သို့မဟုတ် မသန်စွမ်း စစ်မှုထမ်းဟောင်း မှတ်ပုံတင်နံပါတ်ပြား/ယာဉ်ရပ်နားကဒ်များ ကပ်ထားရပါမည်။

2. ယာဉ်ကို မသန်းစွမ်းသူ သို့မဟုတ် ပြင်းပြင်းထန်ထန် မသန်စွမ်း စစ်မှုထမ်းဟောင်းများ သယ်ယူပို့ဆောင်ရေးအတွက် မောင်းနှင် ပေးရပါမည်။

မသန်စွမ်းသူများအတွက် ယာဉ်ရပ်နားရာနေရာတွင် တရားမဝင် ရပ်နားထားသည့် မည်သည့်ယာဉ်ကိုမဆို ကားဖြင့် ဆွဲ၍ ထိုနေရာမှ ဖယ်ရှားသွားမည်ဖြစ်ပြီး ကားဖြင့်ဆွဲရသည့် ကုန်ကျစရိတ်များကို ပေးချေရမည့်အချိန်တွင် တောင်းခံသွားမည်ဖြစ်သည်။ ဤယာဉ်ရပ်နားခြင်းဆိုင်ရာ ချိုးဖောက်မှုသည် အသေးစားပြစ်မှု ဖြစ်သည်။ ဤပြစ်မှုကို ကျူးလွန်သူများကို ဒေါ်လာ 50 နှင့် ဒေါ်လာ 200 ကြား ဒါဏ်တပ်သွားမည်ဖြစ်သည်။

အမှိုက်ပစ်ချမှုဆန့်ကျင်ရေး ဥပဒေ

မည်သည့်အဝေးပြေးလမ်းမပေါ်တွင်မဆို၊ အခြားမည်သည့် အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်အဆောက်အအုံတွင်မဆို (ပိုင်ရှင်၏ ခွင့်ပြုချက်မရဘဲ) သို့မဟုတ် ဤလူအသိုင်းအဝိုင်း ရေပိုင်နက်အတွင်း သို့မဟုတ် ရေပေါ်တွင် ယာဉ်ပေါ်မှ မည်သည့်စွန့်ပစ်ဝတ္ထုများ၊ အမှိုက်သရိုက်များ၊ ပြာများ၊ အိမ်သုံးစွန့်ပစ်ပစ္စည်းများ၊ ဖန်သားများ၊ သတ္တုများ၊ အသုံးမဝင်ပစ္စည်းများ သို့မဟုတ် အမှိုက်များ သို့မဟုတ် အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ထိခိုက်ပျက်စီးစေသော အရာဝတ္ထုများ ချခြင်း၊ လွှင့်ပစ်ခြင်း သို့မဟုတ် ပစ်ချခြင်း သို့မဟုတ် ထိုပစ္စည်းများကို ချက်ချင်းမယယ်ရှားဘဲ ရှေ့ကအတိုင်း ခွင့်ပြုထားခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်နေသည်။ သင်သည် ယာဉ်မောင်းအနေဖြင့် မောင်းနေသော ယာဉ်တစ်စီး တွင် ရှိနေသည့် အခြားသူများ၏ အပြုအမူများကြောင့်ဖြစ်ပေါ် လာသော ချိုးဖောက်မှုများအပါအဝင် ဤဥပဒေကို ချိုးဖောက် ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ရာတွင် ဒါဏ်ငွေ ဒေါ်လာ 300 ပေးချေရမည်။

ယာဉ်လုံခြုံရေးနှင့် ဓါတ်ငွေ့ထုတ်လွှတ်မှုများ စစ်ဆေးခြင်း

သင်၏ယာဉ်ကို စစ်ဆေးခွင့်ပြုထားသောစနစ်တွင် 12 တစ်ကြိမ် လုံခြုံရေးစစ်ဆေးမှုများ ပြုလုပ်ရမည်။ ကပ်ထားသည့်သတိပေးစာပေါ်မှ နေ့စွဲမှ သင့်ယာဉ်ကို မည်သည့်အချိန်တွင် နောက်ထပ် စစ်ဆေးရမည်ကို ပြောပြပါသည်။ ယာဉ်တစ်စီးကို ၎င်း၏နောက်လာသည့် သက်တမ်းကုန်ဆုံးနေ့ မတိုင်မီ ရက်ပေါင်း 90 အထိ စစ်ဆေးနိုင်ပါသည်။ သင်၏ယာဉ်တွင် ပျက်နေသည့်ကိရိယာတစ်ခုကို ရဲအရာရှိမှ သတိပြုမိပါက ကိုးကားချက်ကို ရှောင်ကြဉ်ရန် သင်သည် ၎င်းကို ငါးရက် (5) အတွင်း ပြင်ဆင်ရန် လိုအပ်သည်။ နိုင်ငံအများအပြားတွင် သင်၏လုံခြုံရေးစစ်ဆေးမှုကို အပြီးသတ်မဆောင်ရွက်မီ သင့်ကား၊ အလုံပိတ်မော်တော်ယာဉ် သို့မဟုတ် အသေးစားကုန်တင်ယာဉ် (1975 ခုနှစ် သို့မဟုတ် နောက်ဝင်မော်ဒယ်) အတွက် ဓါတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်ရေးစနစ်ကိုလည်း စစ်ဆေးရပါမည်။ ဓါတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ စစ်ဆေးမှုများကို PennDOT မှ အတည်ပြုထားသော ပုဂ္ဂလိကိုင်ပိုင်လုပ်ငန်းများမှ ဆောင်ရွက် ပါသည်။ သင်၏စီရင်စုမှ ပြဌာန်းချက်များအကြောင်းကို သိရှိရန် ဓါတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ အသုံးပြုသူများ အရေးပေါ်လိုင်း 1-800-265-0921 သို့ ခေါ်ဆိုပါ။

ဘေးအန္တရာယ်ကင်းစွာ ဖြတ်သန်းခြင်းသည် ဥပဒေအရ ဖြစ်သည်။



1. မဖြတ်ကျော်မီ သင်သည် စက်ဘီးစီးသူအနီးတဝိုက်မှာ မောင်း၍ရနိုင်/မရနိုင်ကို ပထမဆုံးဖြတ်ရမည်။ လာနေသည့်ယာဉ်များကို သေချာစစ်ဆေးပါ။ ဖြတ်ကျော်သည့်အခါ အန္တရာယ်ကင်းစွာ ဖြတ်ကျော်နိုင်ရန်အ တွက် သင်၏ယာဉ်နှင့် စက်ဘီးကြားတွင် **အနည်းဆုံး လေးပေ (4) ခန့် ထားရှိရမည်ဖြစ်သည်။** လိုအပ်လျှင်၊ အန္တရာယ်ကင်းစွာ မြေလုပ်လိုလျှင် သင်၏ယာဉ်နှင့် စက်ဘီးအကြားတွင် လေးပေ (4) ခန့်အကွာအဝေးထားနိုင်ရန် ဗဟိုရှိ အဝါရောင်မျဉ်းနှစ်ကြောင်းကို ဖြတ်သန်းရန် သင့်အား ခွင့်ပြုထားသည်။

2. ဘယ်သို့မကွေ့ပါက ဖြတ်ကျော်သွားလာနေသောယာဉ်များ ထက် ပိုမိုနေးကွေးစွာသွားလာနေသော စက်ဘီးစီးသူများသည် လမ်းကြောဘေးညာဘက်သို့ကပ်၍ အခြားယာဉ်များ သွားနေသည့်ဘက်သို့ သွားရပါမည်။ သို့သော် ဤပြဌာန်းချက်ကို နှစ်ဘက်ယာဉ်အသွားအလာလမ်း ကြောင်းတွင် လမ်းကြောတစ်ခုစီသာရှိသည့် လမ်းမများတွင် သက်ညာခွင့်ပေးထားသည်။

3. သွားလာရာလမ်းကြောင်းတစ်ခုတည်းသာရှိသောအခါ စက်ဘီး စီးသူများသည် လမ်းမပေါ်တွင် အန္တရာယ်များကို ရှောင်ကြည် ရန် ရပ်တန့်ထားသော၊ ပါကင်ထိုးထားသောကားများမှ အန္တရာယ်ကင်းသည့် အကွာအဝေးမှလိုက်ပါခြင်းအပါအဝင် လမ်းကြောင်း၏ မည်သည့်အပိုင်းကိုမဆို အသုံးပြုနိုင်သည်။

4. ယာဉ်မောင်းများသည် လမ်းမရှေ့တည့်တည့်သို့ သို့မဟုတ် လမ်းပခုံးသို့ သွားနေသည့် စက်ဘီးစီးသူများ၏ လမ်းကြောင်း ထဲသို့ မကွေ့ရ။

5. သင်သည် စက်ဘီးစီးသူများကို လမ်းမပေါ်က ရှောင်ဖယ်ရန် အတင်းအဓမ္မမပြုရ။ ဤသို့ သင်လုပ်ဆောင်ပါက သင်သည် ဥပဒေချိုးဖောက်သည့် စွဲဆိုမှုများနှင့် ရင်ဆိုင်ရနိုင်သည်။

6. စက်ဘီးစီးသူများကို ယာဉ်မောင်းနှင်သူများအဖြစ် ယူဆထား သဖြင့် ယာဉ်ကြောဆိုင်ရာဥပဒေများအားလုံးကို လိုက်နာမည် ဟု မျှော်မှန်းထားသည်။ သို့သော် သူတို့သည် ဖော်ပြထားသည့် အနည်းဆုံး အမြန်နှုန်းထက် နိမ့်၍ သွားလာနိုင်သဖြင့် ယာဉ်ကြောနှောင့်နှေးမှုအတွက် ဆင့်ခေါ်သွားမည်မဟုတ်ပါ။ စက်ဘီးစီးသူများသည် လမ်းပခုံး သို့မဟုတ် လမ်းဘေးလမ်း ပေါ်တွင် မောင်းနှင်ရမည်။ သို့သော် ယင်းကို မဖြစ်မနေ လုပ်ဆောင်ရန် မလိုပါ။

အချက်အလက်ပိုမိုရရှိရန်အတွက် ပင်ဆယ်ဗေးနီးယားပြည်နယ် စက်ဘီးစီးနှင်သူများလက်စွဲစာအုပ် (PUB 380) ကို http://www.dot.state.pa.us/public/pubsforms/Publications/Pub%20380.pdf တွင် ရယူနိုင်သည်။

စက်ဘီးစီးသူများအတွက် ယှင်နေသောတံခါးများအွန္တရာယ်

ပွင့်နေသောယာဉ်တံခါးများသည် စက်ဘီးစီးသူများအတွက် အလွန်ပြင်းထန်သော ခြိမ်းခြောက်မှုကို ဖြစ်ပေါ်စေသည်။ ယာဉ်တံခါးကို ဖွင့်သောအခါ အောက်ပါတို့ကို ပြုလုပ်ကြပါရန် ယာဉ်မောင်းများနှင့် ခရီးသည်များအား အကြံပြုထားပါသည်။

1. နောက်ကြည့်မှန်ကို စစ်ဆေးပါ။
2. ဘေးကြည့်မှန်ကို စစ်ဆေးပါ။
3. အဝေးမှ လက်လှမ်း၍ တံခါးကို ဖွင့်ပါ (တံခါးနှင့် အဝေးမှ)



ၛင်းသည် နေသာလန်မှ စတင်ဖြစ်ပေါ်လာသဖြင့် "ဒတ်ရ်ဂ်လူမျိုး ဖွင့်နည်း" ဟု ခေါ်သည်။ ယင်းမှ သင့်ခန္ဓာကိုယ်ကို ကွေ့စေပြီး ထိုသို့ကွေ့ခြင်းမှ ချဉ်းကပ် လာသော စက်ဘီးစီးသူများကို ပိုမိုမြင်နိုင်သည်။ ၛင်းမှ ယာဉ်တံခါး အလျင်အမြန် ပွင့်လာခြင်းကိုလည်း တားဆီးပေးပါသည်။ ယင်းသည် စက်ဘီးစီးသူများကို ကာကွယ်ပေးသည်သာမက ချဉ်းကပ်လာနေသောမော်တော်ယာဉ်တစ်စီး ဝင်တိုက်၍ ပျက်စီးခြင်း သို့မဟုတ် ပြိုပျက်ခြင်းမှလည်း ကာကွယ်ပေးသည်။

စက်ဘီးစီးသူများသည် စက်ဘီးလမ်းပါသည့် သို့မဟုတ် မပါသည့် လမ်းနှစ်မျိုးစလုံးတွင် ကားတံခါးကို ရှောင်ကြဉ်ရန် ရပ်နားထားသော ကားများမှ အနည်းဆုံး သုံးပေခန့် ခွာ၍ စီးနင်းသင့်သည်။ သို့မှသာ စက်ဘီးစီးသူများသည် "တံခါးနယ်မြေ" အပြင်ဘက်မှာ ရှိနေမည်ဖြစ်ပြီး ပွင့်လာသောယာဉ်တံခါးများနှင့် ဝင်ဆောင့်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

စာရေးသားပေးပို့မှုဆန့်ကျင်ရေး ဥပဒေ

ဤဥပဒေသည် 2012 ခုနှစ် မတ်လ 8 ရက်နေ့တွင် အသက်ဝင် ပြီး ဤဥပဒေကို ချိုးဖောက်ခြင်းသည် ဒဏ်ငွေ ဒေါ်လာ 50 ပြစ်ဒဏ်ကျခံရမည့် အခြေခံ၊ အသေးစားပြစ်မှု ဖြစ်သည်။

ဥပဒေ သတ်မှတ်ခြင်း

- အပြန်အလှန်အကျိုးပြုသော ကြိုးမဲ့ဆက်သွယ်ရေးကိရိယာ (IWCD) ကို ကြိုးမဲ့ဖုန်း၊ တစ်ကိုယ်ရေသုံး လက်ကိုင်ဖုန်း၊ စမတ်ဖုန်း၊ ခရီးဆောင် သို့မဟုတ် သယ်ယူနိုင်သော ကွန်ပျူတာ သို့မဟုတ် စာရေးသားပေးပို့ခြင်း၊ ချက်ချက်မက်ဆေ့ချ် ပို့ခြင်း၊ အီးမေးလ်ပို့ခြင်း သို့မဟုတ် အင်တာနက် ကြည့်ရန်အတွက် အသုံးပြုနိုင်သော အလားတူကိရိယာများအဖြစ် သတ်မှတ်ထားသည်။
- စာသားအခြေပြု ပြောဆိုဆက်သွယ်ခြင်းကို စာသားမက်ဆေ့ချ်၊ ချက်ချင်းပေးပို့ မက်ဆေ့ချ်၊ အီးမေးလ် သို့မဟုတ် IWCD ဖြင့် ရေးသား သို့မဟုတ် လက်ခံနိုင်သည့် အခြားရေးသားဆက်သွယ်မှုများအဖြစ် သတ်မှတ်ထားသည်။
- ဤဥပဒေသည် ယာဉ်မောင်းများအား အပြန်အလှန်အကျိုးပြု သော ကြိုးမဲ့ဆက်သွယ်ရေးကိရိယာများ အသုံးပြုခြင်းကို တားဆီးထားသည့် ဒေသစည်းမျဉ်းစည်းကမ်းများနေရာတွင် အစားထိုးထားကြောင်း ရှင်းလင်းအောင်ဆောင်ရွက်ပါ။

ဤဥပဒေသည် IWCD ပစ္စည်းကို သိမ်းဆည်းရန် အာဏာမပေး ထားပါ။ စာရေးသားပေးပို့မှု တားဆီးခြင်းတွင် GPS ကိရိယာ အသုံးပြု ခြင်း၊ ယာဉ်တွင် ရှုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လျှပ်စစ်ပိုင်းဆိုင်ရာအရ ပေါင်းစပ်ထားသော စနစ် သို့မဟုတ် ကိရိယာ သို့မဟုတ် သယ်ယူပို့ဆောင်ရေး ယာဉ်၊ ဘတ်စ်ကား သို့မဟုတ် ကျောင်း ကားအများအပြားတွင် တပ်ဆင်ထားသည့် ဆက်သွယ်ရေး ကိရိယာများ အသုံးပြုခြင်း မပါဝင်ပါ။

အွန္တရာယ်ဖြစ်လာနိုင်သောအခြေအနေများကို သတိပေးသည့် ယာဉ်ကြောထိန်းချုပ်ရေး ကိရိယာများကို လိုက်နာခြင်း ဥပဒေ

ဤဥပဒေသည် 2012 ခုနှစ် စက်တင်ဘာလ 6 ရက်နေ့တွင် အသက်ဝင်ပြီး ရေလွှမ်းမိုးနေသည့် လမ်းမများကဲ့သို့ အွန္တရာယ် ဖြစ်လာနိုင်သောအခြေအနေများကြောင့် လမ်းမ သို့မဟုတ် အဝေးပြေးလမ်းကို ပိတ်ထားသော သင်္ကေတများ သို့မဟုတ် ယာဉ်ကြောထိန်းချုပ်ရေးကိရိယာများအနီးအနား သို့မဟုတ် ဖြတ်ကျော်၍ မောင်းနှင်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ကြောင်း ပြဋ္ဌာန်းထားသည်။ ဤဥပဒေကို ချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်မှာ သင်ဓ၏ယာဉ် မောင်းမှတ်တမ်းတွင် ပွိုင့် 2 ခု ရရှိမည့်အပြင် ဒဏ်ငွေ ဒေါ်လာ 250 ပေးဆောင်ရမည်ဖြစ်သည်။ ထို့အပြင် သင်ဓ၏လုပ်ဆောင်မှုများကြောင့် အရေးပေါ်တုံ့ပြန် လုပ်ဆောင်သူများ ခေါ်ရပါက ဒဏ်ငွေမှာ ဒေါ်လာ 500 အထိ မြင့်တက်သွားနိုင်ပြီး အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ကုန်ကျစရိတ်များအတွက် ပြန်လည်ပေးဆပ်ရမည့် တာဝန်ရှိသည်။

အခန်း 6 - ကိုးကားချက်များ

ဤအခန်းမှ အသုံးဝင်သောအချက်အလက်များ၊ လျှောက်လွှာ များ၊ ထုတ်ဝေမှုများနှင့် စာပေများနှင့်ပတ်သက်သည့် အကျဉ်းချုပ်ကိုးကားချက်ကို ပံ့ပိုးပေးသည်။

အသုံးပြုသူဆိုင်ရာ ဖုန်းခေါ်ဆိုရေး စင်တာ

ခရေတပ်ပါတယ်လီဖုန်းအသုံးပြုလျှင် ယာဉ်မောင်းနှင့် ယာဉ်ဝန် ဆောင်မှုများနှင့်ပတ်သက်သည့် အချက်အလက်များကို တစ်နေ့ 24 နာရီပတ်လုံး ရရှိနိုင်ပါသည်။
အသုံးပြုသူဝန်ဆောင်မှု ကိုယ်စားလှယ်များကို တနင်္လာနေ့မှ သောကြာနေ့အထိ မနက် 8 နာရီမှ ညနေ 5 နာရီအတွင်း ရရှိနိုင်သည်။

နေ့ကြီးရက်ကြီးအားလပ်ရက်များမှလွဲ၍ တိုက်ရိုက်အကူအညီ ရယူရန်အတွက် - 717-412-5300 TDD - 711

လက်တွေ့မောင်းနှင်ခြင်းနှင့် အထူးပွဲပြင့် စာမေးပွဲ ရက်ချိန်များ

အထူးပွဲပြင့် စာမေးပွဲနှင့် ကုယ်သွယ်လုပ်ငန်းနှင့် မသက်ဆိုင် သည့် လက်တွေ့မောင်းနှင်ခြင်း စစ်ဆေးမှု ဖြေဆိုရန်အတွက် ရက်ချိန်းများ ပြုလုပ်ရပါမည်။ သင်သည် လက်တွေ့မောင်းနှင်ခြင်း သို့မဟုတ် အထူးပွဲပြင့် စာမေးပွဲ ဖြေဆိုရန် အသင့်ဖြစ်သောအခါ ယာဉ်မောင်းနှင့် ယာဉ်ဝန်ဆောင်မှုများ ဝက်ဘ်ဆိုက် www.dmv.pa.gov မှတစ်ဆင့် သင်၏စစ်ဆေးမှုကို အွန်လိုင်းမှ စီစဉ်နိုင်သည်။ သင်သည် အင်တာနက် မရရှိနိုင်ပါက အားလပ်ရက်များမှအပ တနင်္လာနေ့မှ သောကြာနေ့အထိ မနက် 8 နာရီနှင့် ညနေ 5 နာရီကြား 1-800-423-5542 သို့ ခေါ်ဆို၍ သင်၏စစ်ဆေးမှုကို စီစဉ်နိုင်ပါသည်။

မှတ်ထားရန် - သင်သည် အသက် 18 နှစ်အောက်ဖြစ်ပါက သင်မောင်းခွင့်ပြု ချက် ရရှိပြီးနောက် ခြောက်လ (6) အထိ လက်တွေ့မောင်းနှင် ခြင်းစစ်ဆေးမှုကို ဖြေဆိုနိုင်မည်မဟုတ်ပါ။
သင်သည် ယာဉ်မောင်းနှင်မှု စွမ်းရည်တည်ဆောက်ရေး လိုအပ်ချက်များ ကို 65 နာရီ သင်ကြားရမည်။

ကုန်သွယ်ရေးယာဉ်မောင်းလိုင်စင်မဟုတ်သည့် (NON-CDL) ယာဉ်မောင်းလေ့ကျင့်ရေးကျောင်း စစ်ဆေးရေး အစီအစဉ်

PennDOT သည် ဈေးကွက်သတ်မှတ်ထားသည့်ကြေး အတွက် လက်တွေ့မောင်းနှင်ခြင်းကို စီမံအုပ်ချုပ်ရန် ယာဉ်မောင်းလေ့ကျင့်ရေးကျောင်း လုပ်ငန်းများကို အတည်ပြု ပေးထားပါသည်။ ယာဉ်မောင်းလေ့ကျင့်ရေးကျောင်း စစ်ဆေးသူများမှာ PennDOT မှ အတည်ပြုထားသူများဖြစ်ပြီး စစ်ဆေးမှုသည် PennDOT ယာဉ်မောင်းလိုင်စင် စင်တာတွင် သင် ဖြေဆိုမည့် စစ်ဆေးမှုနှင့် တူညီသည်။ 2>သင့် နယ်မြေအတွင်း ပါဝင်နေသည့်လုပ်ငန်းများနှင့်ပတ် သက်သည့် စာရင်းတစ်ခုကို www.dmv.pa.gov သို့ ဝင်ရောက်ကြည့်ရှုပါ။

အင်တာနက်ပေါ်ရှိ ဌာနဆိုင်ရာ လျှောက်လွှာများနှင့် ထုတ်ဝေမှုများ

အသုံးပြုများ သက်သောင့်သက်သာရှိစေရန်အတွက် ယာဉ်မောင်းလိုင်စင်နှင့် မော်တော်ယာဉ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ လျှောက်လွှာများ၊ ထုတ်ဝေမှုများ နှင့် အချက်အလက် စာရွက်များ ရရှိနိုင်ပြီး ၎င်းကို PennDOT ၏ ယာဉ်မောင်းနှင့် ယာဉ်ဝန်ဆောင်မှုများ ဝက်ဘ်ဆိုက် www.dmv.pa.gov တွင် တင်ပေးထားပါသည်။

ပြည်နယ်တခွင်နှင့် စီရင်စုနယ်မြေပြ မြေပုံများ

ပြည်နယ်တခွင်နှင့် စီရင်စုနယ်မြေပြ မြေပုံများနှင့်ပတ်သက် သည့် သတင်းအချက်အလက်များအတွက် အားလပ်ရက်များမှ အပ တနင်္လာနေ့မှ သောကြာနေ့အထိ မနက် 8 နာရီနှင့် ညနေ 4 နာရီကြား 1-717-787-6746 သို့ ခေါ်ဆိုပါ။

အခြားအချက်လက်များ

အမေရိကန်ပြည်ထောင်စု သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှာ အလိုလျောက်လုံခြုံရေးအရေးပေါ်လိုင်း 1-800-424-9393 တစ်ခု သို့မဟုတ် အင်တာနက် www.nhtsa.dot.gov တစ်ခု ရှိပါသည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် ခရီးသွားအချက်အလက်များ ဝန်ဆောင်မှု (511PA)

511PA မှ ယာဉ်ကြောနှောင့်နှေးမှု သတိပေးချက်များ၊ ရာသီဥတု ကြိုတင်ခန့်မှန်းချက်များ၊ ဒေသဆိုင်ရာ ခရီးသွား အချက်အလက်များနှင့် ပို့ဆောင်ရေးအေဂျင်စီများနှင့် အဓိက လေဆိပ်များအပါအဝင် 24 နာရီပတ်လုံး အချက်အလက် ဝန်ဆောင်မှုများကို အခမဲ့ ပံ့ပိုးပေးပါသည်။ ဝန်ဆောင်မှုကို ဆဲလ်လူလာဖုန်းများနှင့် ကြိုးတပ်ဖုန်းများဖြင့် 511 သို့ ခေါ်ဆို၍ သို့မဟုတ် အင်တာနက်စာမျက်နှာ www.511PA.com သို့ ဝင်ရောက်ကြည့်ရှု၍ ရယူနိုင်ပါသည်။ 511PA လမ်းကြောင်းကွန်ရက်တွင် ပင်ဆယ်ဗေးနီးယားပြည်နယ် Turnpike အပြင် Harrisburg မြို့၊ ဖီလာဒဲဖီးယားမြို့နှင့် Pittsburgh မြို့များရှိ အဓိကလမ်းမကြီးများအပါအဝင် ပြည်နယ်အကြားတွင် ရှိနေသည့် 1759 မိုင်ရှည် လမ်းမကြီးများ အားလုံး ပါဝင်သည်။ ဤကွန်ရက်တစ်ခုလုံးတွင် ပါဝင်သည့် ယာဉ်အချက်အလက် များမှာ ယာဉ်တိုက်မှုများ၊ ဆောက်လုပ်ရေး လုပ်ဆောင်ချက် များနှင့် ဆောင်းရာသီလမ်းအခြေအနေများကဲ့သို့ အပြစ်အပျက် မှတ်တမ်းများ ပါဝင်သည်။ ထို့အပြင် ပြည်နယ်အချင်းချင်းချိတ်ဆက်နေသည့် အဝေးပြေး လမ်းအများအပြားနှင့် မြို့ပြဧရိယာများအတွင်းရှိ အခြားအဓိက လမ်းမကြီးများအတွက် ပျမ်းမျှ ယာဉ်အမြန်နှုန်းများလည်း ရရှိနိုင်ပါသည်။ အသုံးပြုသူများသည် ဝက်ဘ်ဆိုက်မှတစ်ဆင့် ပေးထားသည့် အီးမေးလ်နှင့် စာရေးသားပေးပို့ခြင်းဖြင့် တစ်ကိုယ်ရေ ခရီးသွား လာရေး သတိပေးချက်များ ရယူရန် စာရင်းသွင်းနိုင်ပါသည်။ မောင်းနှင်နေချိန်အတွင်း 511PA သို့ ဖုန်းမဆက်ကြပါရန် ယာဉ်မောင်းများကို PennDOT မှ တိုက်တွန်းထားပါသည်။ ဖုန်းခေါ်ဆိုသူများသည် စနစ်သို့ ဖုန်းခေါ်ဆိုရန် သို့မဟုတ် ရှေ့ဆက်မသွားမီ ခရီးနှောင့်နှေးမှုများကို စစ်ဆေးရန် လမ်းဘေးသို့ ချရပ်သင့်သည်။

ကာဗွန်မိုနောက်ဆိုဒ် အဆိပ်မိခြင်း

ဓါတ်ငွေ့ဖြင့်မောင်းနှင်သော ယာဉ်များအားလုံး၏ အိပ်ဇောပိုက် မှ သေစေနိုင်သောအန္တရာယ်ဓါတ်ငွေ့ ကာဗွန်မိုနောက်ဆိုဒ် ထုတ်လွှတ်ပါသည်။ သင်သည် ကာဗွန်မိုနောက်ဆိုဒ် ဓါတ်ငွေ့အန္တရာယ်ကို မခံနိုင်ပါ။ သင်သည် အိပ်ငိုက်လာလျှင် သို့မဟုတ် အော့အန်ချင်လာလျှင် ကာဗွန်မိုနောက်ဆိုဒ် အဆိပ်မိကြောင်း ဖော်ပြသည်။

ကာဗွန်မိုနောက်ဆိုဒ် ဓါတ်ငွေ့နှင့် ထိတွေ့ခြင်းဆိုင်ရာ လက္ခဏာများ

- ပင်ပန်းနွမ်းလျခြင်း သို့မဟုတ် အားနည်းခြင်း
- မူးဝေခြင်း
- ခေါင်းကိုက်ခြင်း
- မူးဝေအော့အန်ခြင်းနှင့်/သို့မဟုတ် အော့အန်ခြင်း
- ရုတ်တရက်နှလုံးခုန်မမှန်ခြင်း
- မူမမှန်လေရှူခြင်း
- စိတ်ရှုပ်ထွေးခြင်း
- ချောင်းဆိုးခြင်း
- ရင်ဘတ်အောင့်ခြင်း

ယာဉ်များတွင် ကာဗွန်မိုနောက်ဆိုဒ် အဆိပ်မိခြင်းကို ကာကွယ်ရန် အကြံပြုချက်များ

- သင်၏ကား အိပ်ဇောစနစ်နှင့် အိပ်ဇောအစွပ်တို့သည် သင့်ကား အတွင်း ကာဗွန်မိုနောက်ဆိုဒ် အဆိပ်မိခြင်းကို ကာကွယ်ရာ တွင် အဓိကကျသဖြင့် ၎င်းတို့ကို ပုံမှန်စစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းပါ။ သင်၏ကား အိပ်ဇောစနစ်တွင် အပေါက်များ သို့မဟုတ် အခြား လိုအပ်မှုများ တွေ့ရှိပါက မော်တော်ကားကျွမ်းကျင်သူနှင့် ချက်ချင်း ပြသစစ်ဆေးပါ။
- ကားဂိုဒေါင်တံခါး ပိတ်၍ သို့မဟုတ် တဝက်ပိတ်၍ ကားဂိုဒေါင် ထဲတွင် ကား စက်မနှိုးပါနှင့်။ သင်၏ကားသည် ကားဂိုဒေါင်ထဲသို့ သွားနေပါက ကားဂိုဒေါင် တခါးကို အပြည့်အဝ ဖွင့်ပါ။
- သင်၏ကားမှာ သော့မဲ့ကားဖြစ်ပြီး ထပ်ခိုးကားဂိုဒေါင်တွင် ရပ်နားပါက ကားကို စက်ပိတ်ရန် ဘယ်တော့မှ မမေ့ပါနှင့်။
- နှင်းကျသည့်နေ့များတွင် သင့်ကား၏အိပ်ဇောပိုက်အဖျားကို အမြီစစ်ဆေးပြီး သင့်ကား၏အိပ်ဇောပိုက်အဖျားတွင် ပိတ်ဆို့နိုင်သည့် နှင်း သို့မဟုတ် ရေခဲကို ဖယ်ရှားပါ။
- သင်သည် ယာဉ်ကြောတွင် ပိတ်မိနေလျှင် သို့မဟုတ် စက်မနှိုး ထားသည့် ကားအတွင်း ထိုင်နေလျှင် ကားတံခါးကို တစ်စိတ်တစ်ပိုင်း ဖွင့်ပါ။
- သင်၏ကားတွင် ဘက်ထရီဖြင့် လည်ပတ်ထားသည့် ကာဗွန်မို နောက်ဆိုဒ်ဓါတ်ငွေ့ ရှာဖွေရေးကိရိယာကို တပ်ဆင်ရန် စဉ်းစားပါ။ နှစ်စဉ်နှစ်တိုင်း နွေဦးရာသီနှင့် ဆောင်းဦးရာသီ အချိန်ပြောင်းလာသောအခါ ဘက်ထရီများကို စစ်ဆေးပါ သို့မဟုတ် အစားထိုးပါ။
- သင်၏ကားတွင် ကာဗွန်မိုနောက်ဆိုဒ်ဓါတ်ငွေ့အဆိပ်ဖြစ်နေ သည်ဟု သံသယဖြစ်ပါက ကားကို ချက်ချင်း စက်ပိတ်ပြီး လေကောင်းလေသန့် ရယူကာ အရေးပေါ်ဆေးဝါးဆိုင်ရာ အထူးဂရုပြုမှု ချက်ချင်း ရယူရန်ရှာဖွေပါ။

ဆွေးနွေးမည့်အကြောင်းအရာ စာမျက်နှာ

ကလေး လုံခြုံရေးကားထိုင်ခုံ ဥပဒေ 90
ကိုယ်အင်္ဂါအစိတ်အပိုင်း လျှုဒါန်းမှု နားလည်သိရှိရေးဆိုင်ရာ ရန်ပုံငွေ 2
ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ သတ်မှတ်ချက် 2
ကျောင်းကားများ 58
ကျန်းမာရေးဆိုင်ရာ အကြောင်းရင်းများ 33
ကိုးကားချက်များ 94
ကုန်တင်ကားများ -
နောက်ဘက် ယာဉ်တိုက်မှုများ 58
ဘရိတ်အုပ်ခြင်း 58
ရှောင်ထွက်နိုင်သည့် ကုန်းလျှောလမ်းများ 58
ကုန်တင်ကားနောက်မှ လိုက်ခြင်း 57
အရှယ်အစားလွန် ဝန်ထုပ်ကြီးများ 58
ကုန်တင်ကားကို ကျော်တက်ခြင်း 56
ကုန်တင်ကား ကျော်တက်ခြင်း 57
အကွေ့များ 57
ကွေ့ခြင်း၊ ပေါင်းခြင်းနှင့် ဖြတ်သန်းခြင်း 44
ယာဉ်ကြောကို ဖြတ်သွားခြင်း 45
ဘယ်ဘက်နှင့် ညာဘက်အကွေ့များ 44
ယာဉ်ကြောနှင့် ပေါင်းခြင်း 46
ဖြတ်သွားခြင်း 46
ဗဟိုအကွေ့လမ်းကြောင်းမှ သို့မဟုတ် ယင်းလမ်းကြောင်းထဲသို့ ကွေ့ခြင်း 44
မီးနီတွင် ညာဘက်သို့ကွေ့ခြင်း 45
ဂငယ်ကွေ့များ 45
ကြည့်ရှုခြင်း -
အရှေ့ 37
နောက် 38
ဘေးဘက်များသို့ 38
ကာဗွန်မိုနောက်ဆိုဒ် အဆိပ်မိခြင်း 95
ချောသောလမ်းများ 40, 41
ချိန်းဆိုတွေ့ဆုံမှုများ -
လက်တွေ့မောင်းနှင်ခြင်း 5, 94
အထူးပွိုင်း စာမေးပွဲ 94
ခေါင်းပီးနေရာများကို ချိန်ညှိခြင်း 32
စက်ဘီးစီးသူများ 55, 56, 92, 93
စစ်ဆေးခြင်း၊ ယာဉ်လုံခြုံရေးနှင့် ဓါတ်ငွေ့ထုတ်လွှတ်မှုများ 92
စစ်ဆေးမှုများ -
အခြားစစ်ဆေးရေး နည်းလမ်း 92
သင် စစ်ဆေးမှု ကျရှုံ 6
သင် စစ်ဆေးမှု အောင်လျှင် 6
ဗဟုသုတ 5
လမ်းမ 5
စည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတများ 10
စတီယာရင် 60
စစ်မှုထမ်း 3
စစ်မှုထမ်းဟောင်းများ သတ်မှတ်ချက် 2
ဗိုလ်တက်နေသော ပလက်ဖောင်းများ 40, 41
ဆောင်းရာသီလမ်းများ၊ ချောနေခြင်း 41
ညအချိန် မောင်းနှင်ခြင်း 39

ဆွေးနွေးမည့်အကြောင်းအရာ စာမျက်နှာ

ဌာနဆိုင်ရာ လျှောက်လွှာများနှင့် ထုတ်ဝေမှုများ 94
တာယာများ -
ပေါက်ခြင်း 62, 63
ထင်ထင်ရှားရှားမြင်နိုင်သည့် အခြေအနေများ -
မြူ 42
နှင်း 42
ဓါတ်ငွေ့ထုတ်လွှတ်မှုများ၊ ယာဉ်လုံခြုံရေး စစ်ဆေးခြင်း 92
နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းနေသူများအတွက် စကားပြန်များ 91
နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းနေသူများအတွက် စကားပြန်များ 91
နိုင်ငံခြားယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူများ 3
နေရာ စီမံခန့်ခွဲခြင်း 35
နေရာလွတ်ထားခြင်း -
အရှေ့ 35
နောက် 37
"လေးစက္ကန့်ဥပဒေ" 35
ဘေးဘက်များသို့ 36
နောက်ဆုတ်ခြင်း 38
နေ့နေ့သွားနေသည့် ယာဉ်အပေါ် တို်ပြန်မှုများ 43
နင်း-ရေခဲ ဖယ်ရှားခြင်း 41
နင်းရှင်းယာဉ်များ 60
ပလက်ဖောင်း -
ဘီးကျွံခြင်း 63
သတ်မှတ်ခြင်းများ 22
ပင်ဆယ်ဗေးနီးယာပြည်နယ်၏ ဖွဲ့ဂုဏ်စနစ် 79
ပြည်နယ်ချင်းဆက် အဝေးပြေလမ်းမ နံပါတ်စနစ် 20
ပြည်နယ်တခွင်နှင့် စီရင်စုနယ်မြေပြ မြေပုံများ 94
ဖြတ်သွားခြင်း -
အထွေထွေ 46
မဖြတ်ကျော်ရ 47
လမ်းကြောနှစ်ခုရှိ လမ်းမတွင် 46
ညာဘက်သို့ 47
ဘရိတ် မမိခြင်း 62
ဘရိတ်အုပ်ခြင်း 58, 60
ဘတ်စ်များ 56
ကျောင်းကားများ 58
ဘီးချော်ခြင်း 61
မသန်စွမ်းမှုများရှိသည့် အမေရိကန်လူမျိုးများ အက်ဥပဒေ (ADA) 91
မမြင်နိုင်သည့် နေရာများ 37
မျက်မမြင် လမ်းလျှောက်သွားလာသူများ 9
မူးယစ်စေတတ်သောပစ္စည်း -
အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်း (DUI) 81
မူးယစ်ဆေးဝါးများနှင့် ယာဉ်မောင်းခြင်း 34, 81
မြူ 42
မြင်းဆွဲယာဉ်များနှင့် မြင်းစီးသူများ 59
မှန်များ 31
မော်တော်ဆိုင်ကယ်များ/စက်တပ်ခြေနင်းစက်ဘီးများ၊ လမ်း မျှဝေသုံးစွဲခြင်း 55
မျှော်မှန်းချက် 3, 33
ယာဉ်ကြော ပြောင်းလဲခြင်း 38

ဆွေးနွေးမည့်အကြောင်းအရာ	စာမျက်နှာ
ယာဉ်မောင်းလိုင်စင် အမျိုးအစားများ	**4**
ယာဉ်တိုက်မှုများ	**34, 81**
ယာဉ်ကြောကို ဖြတ်သွားခြင်း	**45**
ယာဉ်မောင်းဆိုင်ရာ အကြောင်းရင်းများ	**32**
အရက်နှင့် မောင်းနှင်ခြင်း	33
ရောဂါများနှင့် ဆေးဘက်ဆိုင်ရာ အခြေအနေများ	33
ယာဉ်မောင်းစဉ် အာရုံပျံ့လွင့်ခြင်း	32
မူးယစ်ဆေးဝါးများနှင့် ယာဉ်မောင်းခြင်း	34
ကျန်းမာရေးဆိုင်ရာ အကြောင်းရင်းများ	33
အကြားအာရုံ	33
သတိလက်လွတ်ဖြစ်ခြင်း	32
အိပ်ရေးပျက်ခြင်း	32
မျှော်မှန်းချက်	33
ယာဉ်မောင်းလိုင်စင် တရားဝင်သဘောတူညီချက် (DLC)	**84**
ယာဉ်မောင်းလိုင်စင်/သင်မောင်းခွင့်ပြုချက် -	
ယာဉ်မောင်းလိုင်စင် အမျိုးအစားများ	4
သက်ငယ်ယာဉ်မောင်းများ၏ လိုင်စင်ဆိုင်ရာ အချက်အလက်များ	3
သက်ငယ်သင်မောင်း ခွင့်ပြုချက်ဆိုင်ရာ အချက်အလက်များ	3
မည်သည့်အမျိုးအစားကို သင် လိုသနည်း။	4
ယာဉ်မောင်းလိုင်စင်/သင်မောင်းခွင့်ပြုချက် -	
လိုအပ်သူများ	3
ယာဉ်မောင်းနှင်ရေးဆိုင်ရာ အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းခြင်း	
အရှိန်မြှင့်ခြေနင်းပြား ကပ်နေချိန်	62
ဘရိတ် မစီးခြင်း	62
ရုတ်တရက် ဘရိတ်အုပ်ခြင်း	61
ဘရိတ်အုပ်ခြင်း	58
ပလက်ဖောင်းပေါ် သို့ ဘီးကျွံကျခြင်း	63
ရေလွှမ်းမိုးနေသည့် လမ်းမများ	61
ဟွန်းအသုံးပြုခြင်း	44
ရေပေါ်ရှပ်ပြေးခြင်း	41
အချက်ပြမီး အသုံးပြုခြင်း	44
ဘီးချော်ခြင်း	61
ချော်နေသော မျက်နှာပြင်များ - လမ်းမအခြေအနေများ	40
နှင်းနှင့် ရေခဲ	41
စတီယာရင်	60
တာယာပေါက်ခြင်း	62
ရှေ့တွင် ယာဉ်ချဉ်းကပ်လာနေခြင်း	64
စိုစွတ်နေသော ပလက်ဖောင်းများ	40
ယာဉ်မောင်းမှတ်တမ်း အချက်အလက်များ	**79**
ယာဉ်ရပ်နားခြင်း	**52**
မသန်စွမ်းသူများအတွက် နေရာများ	92
အပြိုင်ယာဉ်ရပ်နားခြင်း	6, 52, 53
ယာဉ်မောင်းနှင်ရန် သင်ကြားခြင်း	**31**
ယာဉ်ကြော ပေါင်းဆုံခြင်း	**46**
ယာဉ်မောင်းနှင်ခြင်းကြောင့်ဖြစ်သည့် ဒေါသအား ကိုင်တွယ်ဖြေရှင်းခြင်း	**60**
ယာဉ်မောင်းထိုင်ခုံကို ချိန်ညှိပါ	**31**
ယာဉ်မောင်းခွင့်ကို ဆိုင်းငံ့ထားခြင်းနှင့် ပြန်လည်ရုတ်သိမ်းခြင်း	**79**

ဆွေးနွေးမည့်အကြောင်းအရာ	စာမျက်နှာ
ယာဉ် -	
စက်ဝိုင်းများ၊ အဝိုင်းများ	49
တစ်ချိန်တွင် ယာဉ်ကြောအခြေအနေများကို ကိုယ်တွယ်ဖြေရှင်းခြင်း	**40, 41, 42**
အနေ့သွားယာဉ်	43
ယာဉ်သွားလာမှု	43
ယာဉ်ကြောမီးများ (အချက်ပြမီးများကို ကြည့်ပါ)	
ယာဉ်စစ်ဆေးမှုများ၊ မောင်းနှင်ရန်ပြင်ဆင်ခြင်း	**31**
ရထားလမ်းဖြတ်သန်းရေး အချက်ပြမီး	**9**
ရထားလမ်းဆုံများ	**55**
ရထားလမ်းကြက်ခြေခတ် သင်္ကေတ	**10**
ရေပေါ်ရှပ်ပြေးခြင်း	**41**
ရေပေါ်ရှပ်ပြေးခြင်း	**41**
ရဲဖမ်းခြင်းမှ ထွက်ပြေးခြင်း သို့မဟုတ် တိမ်းရှောင်ခြင်း	**81**
ရိမ့် ရပ်တန့်လျှင် လုပ်ဆောင်ရန်	**80**
ရေလွှမ်းမိုးနေသည့် လမ်းမများ	**61**
ရှေ့မီးများ	**39, 40**
ရှေ့မီး/လေကာမှန်ရေယက် ဥပဒေ	**42**
"ဝေးစတွန့်ဥပဒေ"	**35**
လမ်းညွှန် သင်္ကေတများ	**19**
လိပ်စာ၊ ပြောင်းလဲခြင်း	**89**
လေအိတ်လုံခြုံရေး အချက်အလက်များ	**91**
လမ်းဆုံများ -	
လမ်းဆုံများသို့ ချဉ်းကပ်လာခြင်း	47
ကရားလက်ကိုင်ပုံလမ်းများ	49
မည်သူက ဦးစားပေးရမည်ကို ညှိနှိုင်းခြင်း	47
အဝိုင်းများနှင့် ယာဉ်ကြောအဝိုင်းများ	49
ယာဉ်ကြောခွဲတမ်းအတွက် သင်္ကေတများနှင့် ပလက်ဖောင်းများ	48
ယာဉ်ကြောအချက်ပြမီးများနှင့် ရပ်တန့်ရေး သင်္ကေတများ	48
ဖြတ်သန်းသွားလာခြင်း	48
ဘယ်ကွေ့ခြင်း	48
ညာကွေ့ခြင်း	48
လမ်း၊ အခြေအနေများ -	
ရေလွှမ်းမိုးနေသည့် လမ်းမများ	61
ရေပေါ်ရှပ်ပြေးခြင်း	41
ချောသောလမ်းများ/မျက်နှာပြင်များ	40, 41
နှင်းနှင့် ရေခဲ	41
စိုစွတ်နေသော ပလက်ဖောင်းများ	40
လမ်းဆုံးများ၌ ဖြတ်မောင်းခြင်း	**47**
လမ်းလျှောက်သွားလာသူများ	**55**
မျက်မမြင်	9
အချက်ပြမီး	9
လုံးဝလက်မခံခြင်း ဥပဒေ (အသက် 21 အောက် DUI)	**84**
လူမှုဖွဲ့လုံရေးနံပါတ် အချက်အလက်များ	**3**
သတိလက်လွတ်ဖြစ်ခြင်း (ဇင်းသည် ယာဉ်မောင်းနှင်ခြင်းကို မည်မျှထိ သက်ရောက်သနည်း)	**32**
သတိပေး သင်္ကေတများ	**13**
သင်မောင်းခွင့်ပြုချက် -	
သင်မောင်းခွင့်ပြုချက်တစ်ခုအတွက် လျှောက်ထားခြင်း	1
သက်ငယ်သင်မောင်း ခွင့်ပြုချက်ဆိုင်ရာ အချက်အလက်များ	3
သက်ငယ်ယာဉ်မောင်းများ၏ လိုင်စင်ဆိုင်ရာ အချက်အလက်များ	3

ဆွေးနွေးမည့်အကြောင်းအရာ စာမျက်နှာ

သင်၏ထိုင်ခုံ၏ပတ်ကို မြဲမြဲအောင်ပတ်ပါ. 31

သင်္ကေတများ -

- လမ်းညွှန် သင်္ကေတများ 19
  - ထွက်ပေါက်နံပါတ်များ 19
  - အဝေးပြေးလမ်း/အမြန်လမ်း 19
  - ပြည်နယ်ချင်းဆက် အဝေးပြေလမ်းမ နံပါတ်စနစ် 20
  - မိုင်အချက်ပြ အညွှန်းများ 20
  - လမ်းကြောင်း အညွှန်းများ 21
  - ဝန်ဆောင်မှု 21
  - ကျွမ်းလုံညီခရီးသည်များအတွက် စီမံထားသည့် လမ်းညွှန် 21
- စည်းကမ်းပိုင်းဆိုင်ရာ သင်္ကေတများ 10
- သတိပေး သင်္ကေတများ 13
  - လမ်းကြောင်းဖော်ပေးသည် ကိရိယာများ 19
  - လျှပ်စစ်မီးမြား ဘုတ်ပြားများ 19
  - အွန်လာယ်ဖြစ်လာနိုင်သောအခြေအနေများကို သတိပေးသည့် ယာဉ်ကြောထိန်းချုပ်ရေး ကိရိယာများကို လိုက်နာခြင်း ဥပဒေ 93
  - လမ်းမနှင့်ကပ်ရပ် အရာဝတ္ထုများ 17
  - အလုပ်နယ်မြေ 18

သက်ငယ်ယာဉ်မောင်းများ၏ လိုင်စင်ဆိုင်ရာ အချက်အလက်များ 3

သက်ငယ်သင်မောင်း ခွင့်ပြုချက်ဆိုင်ရာ အချက်အလက်များ 3

သင့်ကားကိုမြင်နိုင်သော နေရာတွင် ထားပါ။ 37

ဟွန်းကိုအသုံးပြုခြင်း 44

အကွေ့အကောက်များကို ဖြတ်မောင်းခြင်း 51

အချက်ပြနေခြင်း -

- အရေးပေါ် အချက်ပြများကို အသုံးပြုခြင်း 44
- လမ်းပြောင်းသောအခါ 44
- အရှိန်လျှော့ သို့မဟုတ် ရပ်တန့်သောအခါ 43

အချက်ပြမီး (ယာဉ်ကြော) -

- မှိတ်တုတ်မီးလင်းနေခြင်း 8
- လမ်းကြောင်းအသုံးပြုထိန်းချုပ်ရေး 8
- မီးများနှင့် မြားများ 7
- ပျက်နေသော မီးပွိုင့်များ 8
- လမ်းလျှောက်သွားလာသူ 9
- ရထားလမ်းဆုံများ 9
- ကုန်းလျှောလမ်း အချက်ပြ 8
- ကျောင်းနယ်မြေ 9

အခြားအချက်လက်များ 94

အခြားယာဉ်မောင်းများအား သင့်ဆန္ဒများကို ဆက်သွယ်အသိပေးခြင်း 43

အခြားစစ်ဆေးရေး နည်လမ်း 92

အွန်လာယ်ကင်းစွာ မောင်းနှင်ခြင်းအတွက် ပွိုင့်ဖယ်ရှားခြင်း 79

အမည်ပြောင်းလဲခြင်း 89

အမြန်နှုန်း -

- စီမံခန့်ခွဲခြင်း 38
- ဖော်ပြထားသောကန့်သတ်မှုများ 38

အရေးပေါ် ယာဉ်များ 59

အရေးပေါ် အခြေအနေဦးစားပေး ဥပဒေ 59

အရေးကြီးသော ယာဉ်မောင်းနှင်မှုအမှားများ 34

အရက်နှင့် မောင်းနှင်ခြင်း 33

အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်း (DUI) 33, 34, 81

ဆွေးနွေးမည့်အကြောင်းအရာ စာမျက်နှာ

အရှိန်မြှင့်ခြေနင်းပြား ကပ်နေချိန်. 62

အရှိန် စီမံခန့်ခွဲခြင်း 38

အလုပ်နယ်မြေများ 18, 54

- လမ်းကြောင်းဖော်ပေးသည် ကိရိယာများ 19
- အလုပ်နယ်မြေ သင်္ကေတများ 18

အိုင်းပုံ လမ်းဆုံများ 49

အိုင်းများ 49

အဝေးပြေးလမ်းမများနှင့် လမ်းဆုံလမ်းမကြီးများကို ဖြတ်မောင်းခြင်း -

- အဝေးပြေးလမ်းမကြီးအတွင်းသို့ ဝင်ရောက်ခြင်း 52
- အဝေးပြေးလမ်းမကြီးများမှ ထွက်ခွာခြင်း 52
- အဝေးပြေးလမ်းမများပေါ်တွင် မောင်းနှင်ခြင်း 52

အသက်မပြည့်သူများ အရက်သောက်သုံးခြင်း 84

အသုဘ ယာဉ်တန်းများ 64

အသုံးပြုသူဆိုင်ရာ ဗုန်းခေါ်ဆိုရေး စင်တာ 94

အာမခံမရှိဘဲ မောင်းနှင်ခြင်း 80

အင်တာနက် 92

မတော်တဆမှုများ *(ယာဉ်တိုက်မှုများကို ကြည့်ပါ)*

ဥပဒေများ -

- မသန်စွမ်းမှုများရှိသည့် အမေရိကန်လူမျိုးများ အက်ဥပဒေ (ADA) 91
- အမှိုက်ပစ်ချမှုဆန့်ကျင်ရေး 92
- စက်ဘီး 92
- ကလေး လုံခြုံရေးကားထိုင်ခုံ 90
- ကလေးငယ်များနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် လုံခြုံရေး အကြံပြုချက်များ 90
- ယာဉ်မောင်းလိုင်စင် တရားဝင်သဘောတူညီချက် (DLC) 84
- အရက်သေစာ မူးယစ်သောက်စားရ၍ သို့မဟုတ် မူးယစ်စေတတ်သောပစ္စည်း သုံးစွဲ၍ မောင်းနှင်ခြင်း 81
- ရှေ့မီး/လေကာမှန် ရေယက်များ 42
- အကြွင်းမဲ့သဘောတူညီမှု (အရက် သို့မဟုတ် မူးယစ်ဆေးအတွက် ဓါတုစစ်ဆေးမှု) 82
- အာမခံမရှိဘဲ မောင်းနှင်ခြင်း 80
- အမည် သို့မဟုတ် လိပ်စာ 89
- အွန်လာယ်ဖြစ်လာနိုင်သောအခြေအနေများကို သတိပေးသည့် ယာဉ်ကြောထိန်းချုပ်ရေး ကိရိယာများကို လိုက်နာခြင်း ဥပဒေ 93
- အမိုးဖွင့်ကုန်ကားပေါ်မှ ခရီးသည်များ 59
- အမည် သို့မဟုတ် လိပ်စာ ပြောင်းလဲမှုအတွက် အသိပေးရန် လိုအပ်ခြင်း 89
- မသန်စွမ်းသူများအတွက် ယာဉ်ရပ်နားရာနေရာများ 92
- ထိုင်ခုံ၏ပါတ် 89
- နှင်း/ရေခဲ ဖယ်ရှားခြင်း 41
- အရေးပေါ်အခြေအနေဦးစားပေး 59
- စာရေးသားပေးပို့ခြင်း 93
- အသက်မပြည့်သူများ အရက်သောက်သုံးခြင်း 84
- လုံးဝလက်မခံခြင်း (အသက် 21 အောက် DUI) 84

၎င်းတို့ Thompsons’ အဖွဲ့ကို မည်သည့်အခါမှ မေ့မည် မဟုတ်ပါ

Thompsons လည်း မေ့မည်မဟုတ်ပါ

အသက် 21 နှစ်အောက် လူငယ်တစ်ဦးကို ဘီယာ၊ ဝိုင်၊ ဝိုင်အရက် သို့မဟုတ် အရက်ပေးသော သို့မဟုတ် ရောင်းချသော မည်သည့်အရွယ်ရောက်လူကြီးများမဆို ပထမတိုက်ကျွေးသည့် ကလေးငယ်အတွက် ထောင်ဒဏ် တစ်နှစ်နှင့် အနည်းဆုံး ဒဏ်ငွေ ဒေါ်လာ 1,000 နှင့် နောက်ကလေးငယ်တစ်ဦးစီအတွက် ဒေါ်လာ 2,500 ကျခံရမည်ဟု ဥပဒေမှ ပြဋ္ဌာန်းထားသည်။

သင်၏ကိုယ်ရင်းသား သို့မဟုတ် သမီးကို အရက်တိုက်ခြင်းသည်လည်း တရားဥပဒေနှင့် ဆန့်ကျင်သည်။ သင် အမှားတစ်ခု မကျူးလွန်မီ ကျွန်ုပ်တို့၏ အခမဲ့လက်ကမ်းစာ "တာဝန်သိ မိဘ" ရယူရန် ဖုန်းခေါ်ပါ သို့မဟုတ် စာရေးပေးပို့ပြီး ၎င်းကို ဖတ်ရှုပါ။

ဒေါင်းလုတ်ဆွဲယူနိုင်သော PDF တစ်စောင်သည်လည်း အွန်လိုင်း - http://www.lcb.state.pa.us/webapp/Education/Materials/Materials_Order_form.asp တွင် ရရှိနိုင်ပါသည်။

ဂုဏ်သည် သင့်အနေဖြင့် အချိန်ကြာကြာ မှတ်သားထားရမည့် အကြောင်းအရာတစ်ခုဖြစ်ရမည်ဟု ကျွန်ုပ်တို့ အာမခံပါသည်။



Pennsylvania Liquor Control Board
Northwest Office Building
Harrisburg, PA 17124

Pennsylvania Chapter
American Academy of Pediatrics

Commonwealth of Pennsylvania
Department of Transportation

မှတ်သားရန် အရေးကြီးသည့် စကားများ

သင်၏လိုင်စင်ကို ရရှိသောအခါ ဤအရေးကြီးသော စကားများကို မှတ်သားပါ

ၸင်းတို့မှာ အသက်ကယ် ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် တစ်ရှူး အစားထိုးကုသမှုများကို စောင့်မျှော်နေသည့် ထောင်ပေါင်းများစွာသော သူတို့အတွက် အရေးကြီးသည့် စကားများ ဖြစ်သည်။ အခြားသူများအား မျက်ကြည်လွှာအစားထိုးကုသမှုမှ တစ်ဆင့် အမြင်အာရုံ ပြန်လည်ရရှိစေရန်၊ လှူဒါန်းထားသောအရေပြားဖြင့် အပူလောင်ကွက်များကို ပိုမိုလျင်မြန်စာ ကုသပေးရန် သို့မဟုတ် အရိုးအစားထိုးကုသပြီး နာကျင်မှုမရှိ လမ်းလျောက် သွားလာနိုင်ရန် အကူအညီဖြစ်စေသောစကားများ ဖြစ်သည်။

အသက်တစ်ချောင်းကို ကယ်ဆည်ရန် ကိုယ်အင်္ဂါအစိတ်အပိုင်း နှင့် တစ်ရှူး လှူဒါန်းမှုအား "လှူဒါန်းမည်" ဟု ပြောဆိုလျှက် ကယ်ဆည်ရန် ရွေးချယ်ထားသည့်သူများသည် လိုင်စင်ပေါ်တွင် အလှူရှင်အဖြစ် သတ်မှတ်ခြင်းကို ထုနိပ်ထားရမည်ဖြစ်ပြီး အလှူရှင်ကတ်တွင် လက်မှတ်ထိုးထားသင့်ပါသည်။ အခြားသူများကို ကူညီရန် ဆုံးဖြတ်ထားသည့် အရေးကြီးသည့် ဆုံးဖြတ်ချက်ကို မိသားစုနှင့် သူငယ်ချင်းများ သိရှိရန်အတွက် လှူဒါန်းလိုသည့်ဆန္ဒကိုလည်း ၸင်းတို့အား ပြောပြထားသင့်သည်။

ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် တစ်ရှူး လှူဒါန်းမှုနှင့်ပတ်သက်၍ အကျဉ်းချုပ် အချက်အလက်အချို့

- ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုနှင့် တစ်ရှူးလှူဒါန်းသူသည် လူ 8 ဦးကို ကယ်ဆည်နိုင်ပြီး လူ 75 ဦးကျော်ကို ကူညီနိုင်သည်။
- အသက်အရွယ် သို့မဟုတ် ဆေးဝါးသမိုင်းကို ထည့်မတွက်ဘဲ မည်သူမဆို အလှူရှင်တစ်ဦးဖြစ်ရန် လက်မှတ်ထိုး ဝင်ရောက် နိုင်သည်။
- အမေရိကန်ပြည်ထောင်စုရှိ အမိကဘာသာရေးအဖွဲ့များအား လုံး ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် တစ်ရှူးလှူဒါန်းမှုကို ပံ့ပိုးပေးပြီး လှူဒါန်းမှုကို အခြားသူများအပေါ် ၌ နောက်ဆုံး ပြုအပ်သော ချစ်ခြင်းမေတ္တာသင်္ကေတနှင့် စေတနာဖြစ်ကြောင်း မှတ်ယူကြသည်။
- ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် တစ်ရှူးလှူဒါန်းခြင်းအတွက် အလှူရှင်များ သို့မဟုတ် ၸင်း၏မိသားစုများကို တစ်ပြားမှ မကုန်ကျစေပါ။

- အချက်အလက်ပိုမိုသိရှိလိုပါက donatelifepa.org သို့ ဝင်ရောက်ကြည့်ရှုပါ

ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် တစ်ရှူး အလှူရှင်ကတ် ရရှိရန်အတွက် အာက်ပါသို့ ဖုန်းခေါ်ဆိုပါ -

ပင်ဆယ်ဗေးနီးယားပြည်နယ် အရှေ့ပိုင်းတွင်

အသက်လက်ဆောင် အလှူရှင် အစီအစဉ် 1-888-DONORS-1

ပင်ဆယ်ဗေးနီးယားပြည်နယ် အနောက်ပိုင်းတွင်

ကိုယ်အင်္ဂါအစိတ်အပိုင်း ပြန်လည်ကောင်းမွန်လာရေး စင်တာ
နှင့် ပညာရေး (CORE).....1-800-DONORS-7

ထပ်လောင်းကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် တစ်ရှူးရင်းမြစ်ဆိုင်ရာ အချက်အလက်များအတွက် အောက်ပါသို့ ဖုန်းခေါ်ဆိုပါ -

ပင်ဆယ်ဗေးနီးယားပြည်နယ် ကျန်းမာရေးဌာန.....1-877-PAHEALTH